မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

(ကျမ်းစာအမှတ်-၃၉)

ပဉ္စပကရဏ အဋ္ဌကထာ

ပဋ္ဌာနအဋ္ဌကထာဘာသာဋီကာ

နှင့်

မူလဋီကာနိဿယ

သာသနာရေး ဦးစီးဌာနသို့
အရှင်ကောဝိဒမှ
လှူဒါန်းပါသည်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၄၊ ကောဇာ-၁၃၄၂၊ ဒီဇင်ဘာလ-၁၉၈၀၊

အမရပူရ

မဟာဂန္ဓာရုံ-ဆရာတော်

အရှင်ဇနကာဘိဝံသ

၏

(ကျမ်းစာအမှတ်-၃၉)

ပဉ္စကရဏ အဋ္ဌကထာ

ပဋ္ဌာနအဋ္ဌကထာဘာသာဋီကာ

နှင့်

မူလဋီကာနိဿယ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၄၊ ကောဇာ-၁၃၄၂၊ ဒီဇင်ဘာလ-၁၉၈၀၊

၂၄၇တရ

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ၏

အဘိဓမ္မာကျမ်းစာများ
အားလုံးပြီးစီးခြင်း

၁။ အခြေပြုသင်္ဂြိုဟ်

၂။ သင်္ဂြိုဟ်ဘာသာဋီကာ

၃။ ဝီထိနှင့် သုံးချက်စုဘာသာဋီကာ

၄။ ကိုယ်ကျင့်အဘိဓမ္မာ

၅။ ဋီကာကျော်နိဿယ

၆။ အဋ္ဌသာလိနီ ဘာသာဋီကာနှင့်
မူလဋီကာနိဿယ ၄-တွဲ

၇။ သမ္မောဟဝိနောဒနီ ဘာသာဋီကာနှင့်
မူလဋီကာနိဿယ ၃-တွဲ

၈။ ပဉ္စပကရဏဘာသာဋီကာ (၅-တွဲ)

(က) ဓာတုကထာ ဘာသာဋီကာနှင့် မူလဋီကာနိဿယ

(ခ) ပုဂ္ဂလပညတ်ဘာသာဋီကာနှင့် မူလဋီကာနိဿယ

(ဂ) ကထာဝတ္ထုဘာသာဋီကာနှင့် မူလဋီကာနိဿယ

(ဃ) ယမိုက်ဘာသာဋီကာနှင့် မူလဋီကာနိဿယ

(င) ပဋ္ဌာနဘာသာဋီကာနှင့် မူလဋီကာနိဿယ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန အတွက်
ဠက္ခာသယ ပုံနှိပ်တိုက်တွင် ဦးသန်းမောင်
မှတ်ပုံတင်အမှတ် (၀၇၈၄)က ပုံနှိပ်၍
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင် (၀၂၅၂၇)က
ထုတ်ဝေသည်။

စဉ်ဆက်သာသနာ တည်စေသော်

အကယ်၍သာ–

မြတ်ဗုဒ္ဓါသည် လူ့ရွာထင်ရှား မပွင့်ငြားက ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ မသိရ များလှအပြစ်တွေ။

ယခုသော်ကား–

ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော် ညွှန်ကြား မြတ်ဘုရားကြောင့် ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံ ဘဝ သိကြရ များလှကျေးဇူးပေ။

ဂန္ဓာရုံရှင် တို့သခင်သည်–

ရှင်တော်ဗုဒ္ဓ ဟောဖော်ပြသည့် ဓမ္မဒေသနာ အဖြာဖြာကို များစွာဗိုလ်လူ သိစိမ့်ဟူ၍ ဆူဆူကျမ်းစာ ဘာသာဋီကာနှင့် စာဝါအမျိုးမျိုး ကမ္ဗည်းထိုးခဲ့၊ နောင်ကျိုးကိုမျှော် တို့ဆရာ တော်၏ ဉာဏ်တော်စေစား နှလုံးသားမှ ကိုးစားလောက်ဘွယ် ကျမ်းသွယ်သွယ်တို့ မကွယ်မပျောက် စဉ်ထွန်းတောက်ဖို့ မြားမြောက်ကျေးဇူး အထူးထူးကို ညွတ်နူးရည်လျက် တို့ ဆောင်ရွက်သည်။ ။စဉ်ဆက်သာသနာတည်စေသော်။

ဣဒံ နော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ၏
အဘိဓမ္မာ အဋ္ဌကထာ ဘာသာဋီကာ
အဖွင့်ကျမ်းများ ပြီးဆုံးခြင်း

ထုတ်ဝေသူတို့၏ ကျမ်းဦးအမှာ

အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် အရှင်ဇနကာဘိဝံသ ဆရာတော်သည် ရဟန်း၁၀·ဝါ ရစကပင် ကျမ်းစာများရေးသားပြုစုခဲ့ရာ ဗုဒ္ဓအဘိဓမ္မာကျမ်းစာများကိုလည်း သင်စာ ကြည့်စာ အဖြစ်ဖြင့် ရေးသားပြုစုတော်မူခဲ့ပါသည်။

၁၂၉၃–ခုနှစ်တွင် အခြေပြု သင်္ဂြိုဟ်ကျမ်း, ၁၂၉၈–ခုနှစ်တွင် သင်္ဂြိုဟ်ဘာသာဋီကာ, ၁၃၀၀–ပြည့်နှစ်တွင် ဝိထိနှင့် သုံးချက်စုဘာသာဋီကာ,ကိုယ်ကျင့်အဘိဓမ္မာ, ၁၃၂၂–ခုနှစ်တွင် ဋီကာကျော်နိဿယ အစရှိသောအဘိဓမ္မာအခြေပြု ကျမ်းစာများကို ရေးသားတော်မူခဲ့ပါသည်။

ပိဋကတ်တော် သင်ရိုးဖြစ်သော အဘိဓမ္မာ၇–ကျမ်းကိုလည်း ဓမ္မသင်္ဂဏီပါဠိတော်အဖွင့်, အဋ္ဌသာလိနီဘာသာဋီကာနှင့် မူလဋီကာနိဿယ ၄·တွဲကို ပါဠိတော်နိဿယပါ ထည့်သွင်း၍ ၁၃၂၇–ခု တော်သလင်းလတွင် အပြီးရေးသား၍ ဝိဘင်းပါဠိတော်အဖွင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာဘာသာဋီကာနှင့် မူလဋီကာနိဿယ ၃–တွဲကို ၁၃၃၅–ခု တန်ခူးလတွင် ရေးသားပြီးစေခဲ့ပါသည်။ ဓာတုကထာ, ပုဂ္ဂလပညတ်,ကထာဝတ္ထု, ယမိုက်,ပဋ္ဌာန်းကျမ်းစာပါဠိတော် ၅–ကျမ်းအတွက် ပဉ္စပကရဏအဋ္ဌကထာ ဘာသာဋီကာနှင့် မူလဋီကာနိဿယကို ၁၃၃၉–ခု ဝါခေါင်လတွင် ရေးသားပြီးဆုံးစေခဲ့

ပါသည်၊ ကျမ်းစာအတွဲပေါင်း ၁၂-တွဲရှိ၍ ၁၂-နှစ်ကျော်မျှ ရေးသားတော်မူခဲ့ရပါသည်။

ထိုသို့ရေးသားခဲ့ရာတွင် ကျမ်းစာများ၏ နိဒါန်း, နိဂုံးတို့ကို ကိုယ်တိုင်ရေးသား၍ ပြန်လည်စစ်ဆေးနိုင်ခွင့်လည်း ရှိခဲ့ပါသည်။ ယခု ပဉ္စပကရဏသာသာဋီကာကျမ်းမှာမူ ပြန်လည်စစ်ဆေးနိုင်ခွင့်လည်းမရ၊ နိဒါန်းများပင်ရေးသားနိုင်ခြင်းမရှိဘဲ ကျမ်းစာပြီးစီးရုံမျှ ဘဝနတ်ထံပျံလွန်တော်မူသည့်နှစ် ပျံလွန်တော်မမူမီ ဝါခေါင်လတွင်မှပြီးဆုံး၍ ၎င်းနှစ်နတ်တော်လတွင်ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ထို့ကြောင့် ကျမ်းစာရိုက်နှိပ်ရာ၌ အထူး ကြိုးစားအားထုတ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ချို့ယွင်းမှုများရှိနိုင်ပါသည်။ ချို့ယွင်းမှုများတွေ့ခဲ့သော် သာသနာတော်အတွက်ရှေးရှု၍ သင့်တော်သောအကြံဉာဏ်များပေးခြင်း, ကိုယ်တိုင်ပြုပြင်ခြင်းဖြင့် ဖတ်ရှုလေ့လာတော်မူကြ၍ ကြေနပ်တော်မူကြရန် ခွင့်ပန်အပ်ပါသည်။

အဘိဓမ္မာနိဒါန်းများ

ယခု ဤ ပဋ္ဌာနဘာသာဋီကာကျမ်းသည် ပဉ္စပကရဏဘာသာဋီကာ၏ နောက်ဆုံးကျမ်းလည်းဖြစ်၊ အဘိဓမ္မာ ၇-ကျမ်း၏ နောက်ဆုံးကျမ်းလည်းဖြစ်သဖြင့် ကျမ်းပြုစုတော်မူခဲ့သော ဆရာတော်ဘုရားသည် အဘိဓမ္မာကျမ်းများကို အဘယ်ကြောင့် အပင်ပန်းခံ၍ အသက်ထက်မြတ်နိုးစွာ ကြိုးစားအားထုတ်တော်မူသွားသည်ကို၎င်း၊ အဘိဓမ္မာကျမ်းများကို ပို့ချ သင်ယူနေကြခြင်းဖြင့် ပရိယတ္တိ သာသနာတော်မြတ်ကြီးသာမက ပဋိပတ္တိ သာသနာတော်မြတ်ကြီးကိုပါ ထိန်းသိမ်းရာရောက်၍ သင်ယူ ပို့ချသူ အရှင်မြတ်တို့မှာလည်း လက်ငင်းကိုယ်တွေ့ တရားထူး ရရှိနိုင်မည်ကိုရည်ရွယ်တော်မူပုံကို ရှင်းလင်းစွာ အာရုံပြုနှလုံးသွင်းနိုင်ကြစေရန် အောက်ဖော်ပြပါ ဆရာတော်၏ အဘိဓမ္မာကျမ်းစာများမှ နိဒါန်း, နိဂုံးများကို တထိုင်တည်း လေ့လာနိုင်ကြရန် အပြည့်အစုံ ဖော်ပြပေးလိုက်ပါသည်။

အ ရှင် ဇ န က ာ ဘိ ဝံ သ ၏

အမှတ်(၂)ကျမ်းစာ အဓော်ပြုသင်္ဂြိုဟ်

အချီနိဒါန်း

" အဓေြပါဒ၊ သင်ဦးစဥ်၊ ချနည်းမကျယ်၊ မိပ္ပါယ်ကောင်းစွာ၊ လိုရုံသာဖြင့်၊ အပ်ရာမသည်း၊ နားထွင်းနည်းသို၊ ညှံ့ဖြည့်မွေမွေ၊ တရွေရွေလျှင်၊ တနေ့တထူး၊ ကျေးဇူးချွတ်၊ ကျမ်းရိုးငင်လျက်"

အရှင်မဟာရဋ္ဌသာရ။

နားထွင်းနည်း။ ။မည်သည့်ကျမ်းစာမဆို ရှေးဦးစွာ အဓေြပျိုးစဥ် "ဋ္ဌိကာက ဘယ်နည်း၊ ဆရာ့ဆရာတို့ကဘယ်လို၊ မိမိအဆိုက ဘယ်အသုံး"ဟု စကားလုံးပြောင်ပြောင်နှင့် တဖောင်ဖောင် မပြောသေးဘဲ၊ ခက်ခဲ နက်နဲသော အဓိပ္ပာယ်များကို မြှုပ်ထားလျက် လွယ်ကူသော အနက်အဓိပ္ပာယ်ကိုသာ လက်ထပ်ကျန သင်ပြသင့်ပေသည်။ ဥပမာ– နားထွင်းရာ၌ သိမ်မွေ့သေးငယ်သော အပ်ကလေးဖြင့် ထွင်းပြီးမှ တဖြေးဖြေး ချဲ့ကာချဲ့ကာ စိန်နားကပ်ကြီး ပန်ဆင်သာအောင် ကျယ်လာစေသကဲ့သို့ ထို့အတူ လွယ်ကူသော အနက်အဓိပ္ပာယ်မျိုးတို့ဖြင့် အဓေြပျိုးပါလျက် တဖြည်းဖြည်း ကျမ်းရိုးထိမိလျက် လေးနက်သောအဓိပ္ပာယ်များကိုပင် လွယ်ကူသည်ဟု ထင်မြင်လာပါလိမ့်မည်။

စန်းပွင့်သောသင်္ဂဟ။ ။ဤကဲ့သို့သောအကြောင်းအရာကို ကောင်းစွာမျှော်မြင်တော်မူသော အရှင်အနုရုဒ္ဓါထေရ်မဟာသည် အဘိဓမ္မာဆိုင်ရာငယ်အဓေြပါဒ ရနိုင်လောက်အောင်ရည်မှန်း၍ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ကြိုးပမ်းစီရင်တော်မူခဲ့ပေသည်၊ ထိုသင်္ဂြိုဟ်ကျမ်းသည် ယခုအခါ ဤမြန်မာနိုင်ငံနှင့်သီဟိုဠ် အင်္ဂလန် စသောနိုင်ငံများတွင် အပြစ်ကင်းစင်သော ယုဝတီပမာ အဘိဓမ္မာလေ့လာသူတို့၏ စက္ခုဥ္ဌကြည့်ရှုတိုင်း ရွှင်လန်းသဖြင့် စန်းပွင့်လျက်ရှိ၏။ (သီဟိုဠ် အက္ခရာဖြင့် နိဿယအဓိပ္ပာယ်နှင့်တကွရှိ၏၊ ယစ်မျိုးမင်းကြီးဦးရွှေဇံအောင်(အမ်အေ)သည် အင်္ဂလိပ်လိုပြန်ထားသဖြင့် အင်္ဂလန်မှာလည်း ထင်ရှားလျက် ရှိပေသည်။)

မိမိတို့တာဝန်။ ။ထိုမျှလောက် တွင်ကျယ်လျက်ရှိသော သင်္ဂြိုဟ် ကျမ်း၌ စည်းကမ်းကျနစွာ လုပ်အောင် ပြင်ဆင်ဘို့ရာ မိမိတို့တာဝန်သာ ဖြစ် သောကြောင့် ခေတ်နှင့်လျော်စွာ ဆင်ပြင်ဘို့ရန် စဉ်းစားသောအခါ ၁- အခြေပြုသူတို့နှင့်သာ ထိုက်တန်သော နိဿယ ရှပ်ခွဲ ပါဠိလျောက် အဓိပ္ပါယ် တခဏ်း၊ ၂- သင်္ဂြိုဟ်ပါဠိနှင့်ဆက်စပ်၍ အခြေရပြီးသူတို့သာသိမှတ်ထိုက် သော အဓိပ္ပာယ်အလေးအနက်တို့က တခဏ်း ဤသို့ ၂-ခဏ်းမျှ ပေါ်ထွက် လာပေသည်။

အခြေပြုဘို့။ ။ထို ၂-ခဏ်းတွင် အခြေမရသေးသူတို့အတွက်မှာ လေး နက်သောအဓိပ္ပာယ်တို့ကို ကြည့်ရှုဘွယ်ရာမဟုတ်သေး၊ အခြေရပြီးသူတို့မှာ လည်း နိဿယ သရုပ်ခွဲ ပါဠိအလျောက် အဓိပ္ပာယ်တို့မှာ အပိုသာ ဖြစ်တော့ သည်၊ထို့ကြောင့် အခြေမရသေးသူတို့အတွက်မှန်း၍ အခြပြုသင်္ဂြိုဟ်ကျမ်းကို ပို့ချသောဆရာလည်း မပင်ပမ်း၊ သင်ယူသောတပည့်များလည်း ရှင်လန်း အောင် ယဉ်ဆန်းသောစည်းစနစ်တို့ဖြင့် နည်းအသစ်တည်ထွင်၍ စီစဉ်ဖွင့် ပြပေအံ့။

အခြေရပြီးဘို့။ ။အခြေရပြီးသူတို့အတွက် လေးနက်သော အဓိပ္ပါယ် ကိုကား မြန်မာဘာသာဖြင့် ကျနစွာဖွင့်ထားသော ဘာသာဋီကာ၌ တွေ့ရ ပါလိမ့်မည်၊ ဤအခြေပြုသင်္ဂြိုဟ်၌ အများ၏ အယူအဆနှင့်မတူမျှသော အချက်များကိုလည်း ထိုဘာသာဋီကာက ရှင်းပြပါလတ့်။

သောတူနံ ပါဒဘာဝါယ၊ အဘိဓမ္မတ္ထသင်္ဂဟံ။
မဏ္ဍလေဿံ သာဓိပ္ပါယေန၊ နိဿယေန သဒ္ဒါသုဘံ။

သောတူနံ၊ သင်ယူလေ့ကျက် ဆောင်ရွက်ကြလို စာသင်ပျို့တို့၏။ ပါဒ ဘာဝါယ၊ အရေးကျစ်လစ် အခြေဖြစ်ဘို့အကျိုးငှာ။ အဘိဓမ္မတ္ထသင်္ဂဟံ၊ အင်္ဂလိပ်လို သီဟိုဠ်သဏ္ဌာန် မြန်မာဟန်နှင့် နိုင်ငံလှည့်လည် အဘိဓမ္မတ္ထသင်္ဂဟ မည်သော ယုဝတီကို။ သာဓိပ္ပါယေန၊ ကျမ်းဂန်အဆို ပင်ကိုယ်အရှိ ထိမိ စဘွယ် အဓိပ္ပါယ်နှင့်တကွဖြစ်သော။ နိဿယေန၊ သဒ္ဒါမပျက် မြန်မာနက်ဟု ညက်ညက်ညောညော ချောမောသော နိဿယဖြင့်။ သဒ္ဒါသုဘံ၊ သူ့အပိုင်း

ဖြင့် ရှုတိုင်းတင့်အောင်။ မဏ္ဍွာသံ၊ အပြစ်လည်းကင်း ခေတ်နည်းသွင်း လျက် ရှင်းရှင်းယဉ်ယဉ် ဆင်ပြင်ပေအံ့သတည်း။

ရေးသားပုံအစီအစဉ်

ပုဒ်ဦး။ ။ဤအခြေပြု သင်္ဂိုဟ်ကျမ်း၌ ပါဠိ နိဿယ အဓိပ္ပါယ်ဟု အချုပ်အားဖြင့် ၃–ခန်းရှိ၏၊ ထိုတွင် ပါဠိကို ဆိုလိုရင်းအဓိပ္ပါယ်ပေါ်လွင် အောင် စာလုံးမဲကလေးများဖြင့် ခေါင်းတပ်၍ ရွတ်ဘတ်သည့်အခါ ဝိဘတ် အဆုံးအဆုံးမှာ ရပ်ဆိုင်းဘို့ အဖြတ်အပိုင်းသေသပ်စွာ တအုပ်သီးခြား စီစဉ် ထားသည်။

နိဿယ။ ။နိဿယကို အလွန်လွယ်ကူအောင် သဘောထား၍ အကျဉ်းဆုံးစီစဉ်ပါသော်လည်း အချို့အရာ၌သဒ္ဒါနက်မတိမ်မြုပ်စေလိုသော ကြောင့် "ယထာက္ကမံ–အကြင်အကြင်အစဉ်ရှိတိုင်း" စသောအနက်များမှာ ကျဉ်းသင့်သလောက် မကျဉ်းသာဘဲ ရှိရလေသည်။

အဓိပ္ပါယ်။ ။အဓိပ္ပါယ်ကိုကား ၁–သရုပ်ခွဲခြင်း၊ ၂–ပုဒ်တခု ဝါကျ တရပ်၏ ဆိုလိုရင်းအဓိပ္ပါယ်၊ ၃–လေ့ကျင့်ဘွယ်ရာ မေးခွန်းများဟု ၃–ခဏ်း ပိုင်းခြားထား၏၊ ရှေးတုန်းက အချို့သရုပ်ခွဲကြပုံမှာ ပါဠိကိုကျက် အနက်ကို ထင်စေပြီးနောက် သရုပ်အကောက်ကိုလည်း တမျိုးကြည့်ရှုရသဖြင့် အချိန် ကုန်လူပမ်း၍ စည်းကမ်းလည်းမကျချေ၊ ဤကျမ်း၌ကား ပါဠိကိုကျက်၍ အနက်ထင်လျှင် သရုပ်မြင်လောက်သော စည်းကမ်းကို အခဏ်းတိုင်း ညွှန်ပြ ထားသည်။

ဆောင်ပုဒ်။ ။တပုဒ်တဝါကျ၏ အဓိပ္ပါယ်ကို မသွယ်မဝိုက် တိုက်ရိုက် ကြီးပြထားသည့်အပြင် မှတ်သားချင်ဘွယ် မလွယ်ကူတတ်သောအချက်များ ၌ လင်္ကာဆောင်ပုဒ်တို့ဖြင့် တုတ်တုတ်တိုတို လိုရင်းကိုပြထားသည်မှာ အခြေ ပြုတို့ ဉာဏ်နှင့်အထူးလျော်ကန်ကြောင်းကို အများပင် ဝန်ခံကြပါလိမ့်မည်။

(အဓိပ္ပါယ်ဖွင့်ပြရာ၌ မူလကရှည်လျားနေပါမူ "ဝေဒနာဉာဏ ။ပေ။ စတုဝီသတိ"ဟု အလယ်မှ ပေယျာလမြုပ်ထားကြောင်းကို သိဘို့ရာ ။ပေ။ ဟူသောလက္ခဏာကို ပြထားသည့်ပြင် ဆောင်ပုဒ်များကိုလည်း"ဆောင်"ဟု ပြထားပါသည်။)

လေ့ကျင့်ခန်း။ ။လေ့ကျင့်ခန်း မေးခွန်းများကား တကျမ်းလုံး အခြေဖြစ်ဘိုရာ လွန်စွာအရေးကြီးသော သင်ခန်းစာတရပ်ဖြစ်၏။ စာသင်သားတို့ ဉာဏ်တိုးပွားအောင် ကြိုးစားကြံစည်စေလိုခြင်းကြောင့် အဖြေကို တိုက်ရိုက်မပြလိုက်သော်လည်း ဆိုခဲ့ပြီးအဓိပ္ပါယ်များကို သတိပြု၍ ကြည့်ရှုပါမူ အလွယ်တကူ ဖြေဆိုနိုင်ဘို့ အရေး၌ နှောင့်နှေးဘွယ် မရှိကြောင်းကိုလည်း ထပ်လောင်း၍ သတိပေးပါသည်။

ဆရာများအား မှာထားချက်

စာချဆရာသည် မိမိ၏တပည့်များကို သင်္ဂြိုဟ် လေ့လာစေပါလျှင် ကံ, ကတ္တား, ကရိဏ်း သမ္ပဒါန် စသော သဒ္ဒါဆိုင်ရာ ပညာ အတော်အတန် ရိပ်မိသူကို လေ့လာစေမှသာ လွယ်ကူစွာ လိုရာခရီးကို ပြီးစီးပေါက်ရောက်စေနိုင်ပါလိမ့်မည်။ ထိုမျှလောက်မရိပ်မိသေးသူကိုပို့ချမိလျှင် သဲကန္တာရကြီး ထဲ၌ နွားအိုကြီးဖြင့် ခရီးလှမ်းသူကဲ့သို့ အချိန်သာကုန်ခန်း၍ ပဲ်ပန်းကျိုးမနပ်ဘဲရှိရာ၏၊ဤအခြေပြုသင်္ဂြိုဟ်၌ ပါဠိ နိဿယ အဓိပ္ပါယ် လေ့ကျင့်ခန်း ဟု ၄-မျိုးရှိသည်တွင် ပဌမနေ့၌-

၁။ စာချဆရာက ပါဠိကို ဂဃဏန ဘတ်ပြ၍ တပည့်များကိုလည်း မိမိနှုတ်သံအတိုင်း အာဘတ်ခိုင်းပါ။

၂။ ထို့နောက် နိဿယအတိုင်း အနက်ကို တခေါက် ၂-ခေါက်မျှ ပို့ချပါ၊ (သူတို့ အလိုအလျောက် နိဿယနက် ထင်ခဲ့ပါစေ။)

၃။ နက်ဖန် ဒုတိယနေ့၌ ပါဠိကို စာအုပ်အလွတ် အပြန်ခိုင်း၍ ပါဠိ ကြည့်ပြီးလျှင် သွက်လက်စွာအနက်ထင်ပါစေ၊ (လက်ဆောင်ပုဒ် ပါလျှင် လက်ဆောင်ပုဒ်ကိုလည်း အပြန်ခိုင်းပါ။)

၄။ ထို့နောက် ဤစာအုပ်ပါ အဓိပ္ပါယ် များကို အလွတ်မပြောဘဲ နှုတ်ရင်းသောတပည့်ကို အဓိပ္ပါယ်တရပ်စီ တရပ်စီ အာဘတ်ခိုင်း၍ "ဘာဆိုကြောင်းကို နားလည်ကြသလား" ဟု မေးပါ၊ နားမလည် သေးလျှင် ပြောပြပါ၊ ဆိုင်ရာ အဓိပ္ပါယ်ကုန်လျှင် တနေ့အတွက် အဓိပ္ပါယ်ကိုပြန်၍ အာဘတ်ခိုင်းပါ။

၅။ အဓိပ္ပါယ်ပြီးလျှင် ပဌမနေ့တုန်းက ကဲ့သို့ ပါဌိကိုဘတ်ပြ အနက်ချပါ။

၆။ အနက်ချသောအခါ သန္ဓိပုဒ်စပ်ကို ပုဒ်ဖြတ်ပြ၍ ခက်ခဲသည့်နေရာများ၌ ဘယ်ပုဒ်က ဘယ်အနက်ကို ဟောသည်ဟု အစိတ် အစိတ်ပုဒ်အနက်ကိုလည်း ခွဲ၍ပြောလိုက်ပါ။

၇။ ဤကဲ့သို့ ၂-ရက် ၃-ရက်မျှပို့ချမိလျှင် လေ့ကျင့်ခဏ်း မေးခွန်းများပေါ်လာပါလတ့်၊ ထိုမေးခွန်းများကို တပည့်အားအဘတ်ခိုင်း၍ မေးလိုရင်းသဘောကို ပြောပြပါ။ အဖြေကို မပြောပါနှင့်။ သူဘာသာ ကြံစည်ခဲ့ပါစေ။

၈။ မေးခွန်းကများနေပါမူ တရက်အတွက် တက်စာဟုသဘောထား၍ ပဌမရက်၌ အဘတ်ခိုင်းကာ မေးခွန်း သဘောကိုသာ ပြောပြပြီးလျှင် နောက်တရက်မှ ဖြေဆိုပါစေ၊ မေးခွန်း နည်းလျှင်ကား မေးခွန်းအတွက် တရက်မကုန်စေဘဲ ရှေ့က အဓိပ္ပါယ်များကိုပြောပြီးရာနေ့မှာပင် ဖြေဆိုပါစေ။

၉။ ဖြေဆိုသည့်အခါလည်း စကားသုံး ညက်ညောအောင် ပြုပြင်ပေးပြီးလျှင် ရံခါလက်ရေးစာဖြင့် အဖြေခိုင်းပါ။

၁၀။ လေ့ကျင့်ခဏ်း မေးခွန်းများကို "ကြွန့်ကြွာသည်- အပိုဘဲ" ဟု သဘောထား၍ ခုန်ကျော်သွားပါလျှင် သင်္ဂြိုဟ် အခြေဖြစ်ဘို့နှင့် စာမေးပွဲများအတွက် တာဝန်မခံနိုင်ပါကြောင်း။

တိုက်တွန်းချက်။ ။အိုအိုစာသင်သားအပေါင်းတို့- ပိဋကကျမ်းစာတို့မည်သည် ဉာဏ်ကောင်းသူတို့သာ တတ်နိုင်ရာသည်မဟုတ် လုံ့လဝီရိယဖြင့် စိတ်ပါလက်ပါ မှန်မှန်ကြိုးစားပါလျှင် မည်သူမဆို တတ်သိနားလည်စမြဲပင်ဖြစ်၏၊ ယခုအခါ တနေ့လျှင် ၅-ဂါထာလောက်မျှသာ အရကျက်နိုင်သော စာချဆရာတော်ကြီးများကိုယ်တိုင်တွေ့မြင်ကြားသိရသည်မှာဝီရိယအစွမ်း၏ သက်သေခံပင် မဟုတ်ပါလော၊ တကယ့်အရေးကျလျှင် ဉာဏ်တခုကိုသာ အားကိုးလေ့ရှိသူတို့ အောက်တန်းကျ၍ လုံ့လဝီရိယရှင်တို့သာလျှင် အထက်

တန်းသို့ တက်လှမ်းနိုင်ကြပါသည်၊ ထို့ကြောင့် ဤကျမ်းကို လေ့လာကြသော စာသင်သားတို့သည်-

၁။ ပါဠိကို နှုတ်တက်ရွရွ ကျနအောင် ရစေခြင်း။
၂။ ပါဠိမြင်လျှင် အနက်ထင်နိုင်ခြင်း။
၃။ အထူးအားဖြင့် သံဂဟဂါထာ အနက်များကို အလွတ်ရအောင် ကျက်ထားခြင်း။
၄။ လက်ာဆောင်ပုဒ်များကို နှုတ်တက်ဆောင်ထားခြင်း။
၅။ လေ့ကျင့်ခဏ်းမေးခွန်းကို စာမတက်မီ မိမိတို့ စာတက်သော ခြင်း မေးကာဖြေကာ လေ့လာခြင်း။

ဤကဲ့သို့ကြိုးစားပါလျှင် မကြာခင် သာသနာ့ကြက်သရေဆောင်များ ဖြစ်ကြပါလိမ့်မည်။

အရှင်ဇနကာဘိဝံသ

အခြေပြုသင်္ဂြိုဟ် ကျမ်းပြီးနိဂုံး

စာရိတ္တသောဘိတ ဝိသာလကုလောဒယေန၊ စာရိတ္တကြွယ် လွန်တင့်တယ်၍ ကြီးကျယ်ဘိတောင်း မျိုးရိုးကောင်း၌ စွဲပိုက်သန္ဓေ တည်နေရခြင်းလည်း ရှိပေထသော။ သဒ္ဓါဘိဝုဍ္ဍ ပရိသုဒ္ဓဂုဏောဒယေန၊ သဒ္ဓါပျံ့သင်း လွန်သန့်ရှင်းသည့် သီတင်း သီလ စသည် အပေါင်း သူတော်ကောင်းဂုဏ် ပြည့်စုံတိုးပွားခြင်းလည်း ရှိပေထသော။ နမ္ဗပ္ဖယေန၊ နမ္ဗမည်သော ဒါယကာသည်။ ပရာနုကမ္ပ၊ သူများအတွက် သနားချက်ကို။ ပဏိဓာယ ၊စိတ်ဝယ်သွင်းမှု အရင်းပြု၍။ ယံပကရဏံ၊ အကြင် အဘိဓမ္မာ အဋ္ဌကထာလက်သန်း အကျဉ်းကျမ်းကို။ ပတ္ထိတံ၊ ရှိသေလေးမြတ် တောင်းပန်အပ်ပြီ။ တံပကရဏံ၊ ထို အဘိဓမ္မာ အဋ္ဌကထာလက်သန်း အကျဉ်းကျမ်းသည်။ ပရိနိဋ္ဌိတံ၊ ဝန်းကျင်ပတ်ကုံး ကပတ်ဖုံးလျက် နိဂုံးအရောက်ပြီးမြောက်ခဲ့ပေပြီ။

ကျမ်းဆရာ၏တောင်းတချက်။ ။တုံ၊ တောင်းတချက်ကို ပြဆိုဦးအံ့။ ဝိပုလေန၊ သဒ္ဓါဆန္ဒ ဝီရိယသနှင့် လုံ့လခိုင်ခိုင် မြိုင်ဆိုင်လှစွာသော။ တေနပုညေန၊ နေ့စဉ်မှန်မှန် ကျမ်းဂန်ကိုပြု ထိုကောင်းမှုကြောင့်။ ညောဓိဝါသံ၊ ပဉ္စင်းရှင်ကံရှင် သမ္မာရှင်တို့ အစဉ်အုပ်စီး သီတင်းသုံးရာလည်း ဖြစ်ပေထသော။ ဥဒိဓတာဒိတံ၊ ကျွန်းလုံးထင်ပေါ် အကျော်အမော်လည်း ဖြစ်ပေထသော။ မူလသောမံ၊ မူလသောမ မည်ရဝိုက်ချီး ကျောင်းတိုက်ကြီးကို။ အာယုဂန္တံ၊ ယုဂ်လေးကြိမ်သုံး ကမ္ဘာဆုံးသည့်တိုင်အောင်။ ဘိက္ခူ၊ နောင်လာနောက်သား ရဟန်းတော်အများတို့သည်။ ပညာဝဒါတဂုဏာသောဘိတလဇ္ဇီ၊ ပညာမြင့်တုံ အကျင့်ဂုဏ်ဖြင့် စွယ်စုံတင့်ချွန် လဇ္ဇီသူမွန်တို့ချည်းသာ။ (ဟုတ္တာ၊ ဖြစ်၍။) ပုညဝိဘဝေါဒယမင်္ဂလာယ၊ ကောင်းမှုစည်းစိမ် အရှိန်ပွားတိုး မင်္ဂလာအကျိုးငှာ။ မညန္တူ၊ အမြဲမပြတ် သတိချပ်လျက် အမှတ်တရ စောင့်ရှောက်ရစ်ကြ ပါစေကုန်သတည်း။

ကျမ်းပြီးနိဂုံး။ ။စာရိတ္တသောဘိတစသော ပဌမဂါထာဖြင့် ရေးသားပုံ၊ရန် တောင်းပန်သူ ဒါယကာနှင့်တကွ ကျမ်းပြီးကြောင်းနိဂုံးကို ပြ၏။ စာရိတ္တသောဘိတ ဝိသာလ ကုလောဒယေန၊ (စာရိတ္တ၊ စာရိတ္တသီလ။

အမျိုးကောင်းများ၏ အကျင့်။ သောဘိတ၊ တင့်တယ်သည်ဖြစ်၍။ ဝိသာလ၊ ကြီးကျယ်သော။ ကုလ၊ အမျိုးကောင်း၌။ ဥဒယ၊ ဖြစ်ခြင်း) ဤစကားဖြင့် "ကျမ်းပြုပါရန် တောင်းပန်သူဒါယကာသည် အကျင့်အားဖြင့် တင့်တယ်၍ စည်းစိမ်ဥစ္စာ ကြွယ်ဝသော မျိုးရိုးကောင်းမှ ဖြစ်သူတည်း။ (အညံ့စားတည်းက မဟုတ်)"ဟု ပြသည်။

သဒ္ဓါဘိဝုဍ္ဎ ပရိသုဒ္ဓ ဂုဏောဒယေန၊ (သဒ္ဓါဘိဝုဍ္ဎ၊ တိုးတက်သော သဒ္ဓါတရား။ ပရိသုဒ္ဓဂုဏ၊ စင်ကြယ်သော သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပဂုဏ်။ ဥဒယ၊ ဖြစ်ခြင်း။) ဤစကားဖြင့် "အမျိုးအဆွေ ကောင်းရုံသာမက သူတော်ကောင်း ဥစ္စာ ၇-ပါးနှင့် ပြည့်စုံကြောင်း ကိုလည်း" ပြသည်။

နမ္ဗဝှယေန၊ ဤကျမ်းကိုတောင်းပန်သူ၏အမည်ကို "နမ္ဗ"ဟု ခေါ်၏။ "အမျိုးဂုဏ် အကျင့်ဂုဏ်နှင့်ပြည့်စုံသော ဒကာနမ္ဗ တောင်းပန်အပ်သဖြင့် ဤကျမ်းကို စီရင်ခဲ့ရာ ယခုအခါ ပြီးစီးအောင်မြင်ပေပြီ" ဟူလို။

ကျမ်းဆရာ၏ တောင်းတချက်။　။ပုညေနကတေန- စသော ဒုတိယ ဂါထာဖြင့် "မိမိနေရာ မူလသောမကျောင်း တိုက်ကြီးကို လဇ္ဇီသူမွန် ပညာဝန်အဆက်ဆက်တို့ မပျက်ကွက်အောင် အမှတ်တရ စောင့်ရှောက်ရစ်ကြပါစေ"ဟု တောင်းတသည်။

မူလသောမံ၊ ဤ စကားဖြင့် အရှင် အနုရုဒ္ဓါထေရ်၏ သီတင်းသုံးရာ ကျောင်းတိုက်နာမည်ကိုပြသည်။ "မူလသောမ၊တုမူလသောမ"ဟု ကျောင်းတိုက်၏နာမည်ကို အမျိုးမျိုးပြောဆိုကြ၏။ ဤကျမ်း၏အယူကို ဘာသာဋီကာနိဒါန်း မှရှု။

ဓညာဓိဝါသံ၊ (ဓည+အဓိဝါသ) ကျောင်းတိုက်ကြီးကို ပုညရှင်ကံရှင် သမ္ဘာရှင်တို့ အုပ်စိုးနေထိုင်ကြကြောင်းကို ပြသည်။

အာယုဂန္တံ၊ (အာ+အပိုင်းအခြား၊ ယုဂကတ တြေတ ဒွါပရ ကလိ ဤယုဂ်လေးပါး၊ အန္တအဆုံး) "ယုဂ်လေးကြိမ်ကုန်သုံး၍ ကမ္ဘာဆုံးသည့်တိုင်အောင် ဟူလို။ (အာယုဂန္တ၊ အသက်ဆုံးသည့်တိုင်အောင်"ဟု စွဲသုံးကြသည်မှာ သက္ကတသီဟိုဠ်တို့အသုံးကို မလေ့လာခြင်းကြောင့်သာတည်း။

ပညာဝဒါတ၊ ပေ။ လဇ္ဇီ၊ ပညဝဒါတ။ (အဝဒါတပညာ၊ သြဒါတပညာ) ဖြူစင်သောပညာ။ ဂုဏသောဘိတ၊ အကျင့်ဂုဏ်ဖြင့်တင့်တယ်သော။ လဇ္ဇီ၊ မကောင်းမှုမှ ရှက်သူတို့ ဤစကားဖြင့် မူလသောမ ကျောင်းတိုက်ကြီးကို လဇ္ဇီအဆက်ဆက်တို့ အမှတ်တရ စောင့်ရှောက်ရစ်ကြပါစေ။ ထိုသို့ စောင့်ရှောက်ရသဖြင့် ကြက်သရေမင်္ဂလာ တိုးပွားနိုင်ပါသည်ဟု ပြသည်။

အခြေပြုနိဂုံး

သောတူနံ ပါဒဘာဝါယ၊ အဘိဓမ္မတ္ထသင်္ဂဟော။
မဏ္ဍိတော သာဓိပ္ပါယေန၊ နိဿယေန မယာ သုတော။
တောသယန္တော မနော သောတု၊ ငနာနံ ဉာဏသံဟိတံ။
မောဒယံ ဇောတတံ ကလ္လံ၊ ကရံ ဘိဓမ္မပါဒကံ။
ယဒိ အရေညာ ဥပ္ပဇ္ဇေထ၊ ဣတောပိ သုခသမ္မတော။
တယောကာသံ ပဒါနာယ၊ အယံ အန္တရမာယတံ။

(ဤအခြေပြု သင်္ဂြိုဟ်ကျမ်းသည် စာသင်သားတို့၏ ဉာဏ်နှင့်ယှဉ်သော စိတ်ဓာတ်ကို ကျေနပ်စေလျက် အဘိဓမ္မာ၏ အခြေပါဒကိုပြုပြီးလျှင် ယခုခေတ်တွင်း၌ ထွန်းလင်းတောက်ပပါစေ။ ဤကျမ်းထက် သိလွယ်သော အခြေပြုတမျိုး ပေါ်ပေါက်လာသောအခါ၌ ယိုလာလတ့်သော အခြေပြုကျမ်းသစ်၏ ထွန်းလင်းတောက်ပခွင့်ကို ပေးဘို့ရာ ဤအခြေပြုကျမ်းက ရှောင်တိမ်းကွယ်ပရစ်ပါစေ ဟူလို။)

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာကို တန်ဆာဆင်ထားသော
အခြေပြုသင်္ဂြိုဟ် ပြီးပြီ။

အရှင်ဇနကာဘိဝံသ၏ အမှတ်(၄) ကျမ်းစာ
သင်္ဂြိုဟ်ဘာသာဋီကာ အချီနိဒါန်း

ဇာနိတဗ္ဗံ ပဇာနာတိ၊ ဒေသိတဗ္ဗံပိ အာသယံ။
ဒေသကော ယေန ဉာဏေန၊ ဒေသေတု တဿ တေဇသာ။

ဒေသကော၊နည်းမှန်လမ်းကျ ဟောညွှန်ပြသည့် ဒေသကထွဋ်ဒေါင် ဘုရားရှင်သည်။ ယေနဉာဏေန၊ အပေါင်းဂုဏ်အင် ကြောင်းစုံလင်မှ အကြင်ဖြစ်ပေါ် သဗ္ဗညုဉာဏ်တော်ဖြင့်။ဇာနိတဗ္ဗံ၊သိဘွယ်အများ ဉေယျဓမ်တရားကို။ ပဇာနာတိ၊ သိမ်းကြုံးကုန်စင် သိမြင်နိုင်ပေ၏။ ဒေသိတဗ္ဗံပိ၊ ဟောပြစဘွယ် သွယ်သွယ်များဖြင့် သိမြင်နိုင်ပေ၏။ အာသယံ၊ သိန်းသန်းကုဋေများဝေနေ၏ ထွေထွေဆန္ဒ အဇ္ဈာသယကိုလည်း။ ပဇာနာတိ၊ ဣန္ဒြေနုရင့် ခွဲဝေချင့်၍ အသင့်ပိုင်ပိုင် သိမြင်တော်မူနိုင်၏။ တဿဉာဏဿ၊ ပါရမီအပေါင်း ဆင့်ဆင့်လောင်းသဖြင့်အကောင်းဆုံးဖြစ်သော ထိုသဗ္ဗညုတဉာဏ်တော်၏။တေဇသာ၊အစွမ်းသုံးဘော် တန်ခိုးတော်ဖြင့်။ဒေသေတု၊ ကျမ်းဂန်အတွက် လမ်းမှန်တွက်အောင် နှစ်သက်ဘွယ်ကာ ညွှန်ပြတော်မူပါပေ၏။

ပါရမီသုံးဆယ် စွန့်ဘွယ်ငါးဖြာ စရိယာသုံးရပ်တို့ကို မပြတ်ဆင့်ဆင့် ဖြည့်ကျင့်တော်မူပြီးမှ ဗုဒ္ဓစင်စစ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် ဉေယျဓမ်တရားအားလုံးကို သိမ်းကြုံးကုန်စင် သိမြင်တော်မူနိုင်ခြင်းဟူသော အစွမ်းကို ဉေယျဓမ်တရား အများအပြား တွင်လည်း တရားတမျိုးတမျိုး၌ ဟောပြနိုင်သော အခြင်းအရာ အဖြာဖြာသော တရားဆင်နည်းကို နည်းအဖုံဖုံ အစုံအလင် သိမြင်နိုင်ခြင်း ဟူသော အစွမ်း၊ ဝေနေယျသတ္တဝါတို့၏ အဇ္ဈာသယစိတ်အကြိုက်ကို နှိုက်နှိုက်ချွတ်ချွတ် သိမြင်တော်မူနိုင်ခြင်းဟူသော အစွမ်း၊ ဤအစွမ်းသုံးပါးနှင့် ပြည့်စုံတော်မူပေရကား ဝေနေယျတို့၏ အဇ္ဈာသယတို့ ဆင်ခြင်တော်မူကာ သင့်တော်ရာ တရားကို သင့်လျော်သောနည်းလမ်းဖြင့် သင့်တင့်အောင်ဆင်ပြင်၍ ဟောပြတော်မူသည့်အခါ တယောက် နှစ်ယောက်ကို မဆိုထားဘိ သိန်းသန်းကုဋေ အသခ်ျေသော ပရိသတ်များပင် တထိုင်တည်းဖြင့် အပြီးတိုင်ရောက် နိဗ္ဗာန်ပေါက် သိရှိကြရပေသည်။ ထို့ကြောင့် ဘုရားရှင်၏သဗ္ဗညုတဉာဏ်တော်သည်

ကမ္ဘာသူကမ္ဘာသားတို့ အပေါ်မှာ လွန်စွာ အကျိုးများသော ဉာဏ်တော်ကြီးပေတည်း။

ပါရမီအကျိုးရကို ပဋမမျှော်မြင်၍ ဘုရားရှင်၏ တာဝန်တော်လက်စကို ဆက်လက်ရွက်ဆောင်ကြရသော ကျမ်းပြုစာချဓမ္မကထိကအပေါင်း သာဝက သူတော်ကောင်းတို့ မှာလည်း ထို သဗ္ဗညုတဉာဏ်တော်၏လည်း အစွမ်း သုံးပါးကိုအတုယူကာ ရေးသားပို့ချ ဟောပြရမည့်ကျမ်းစာတို့၌ စွမ်းအား ရှိသမျှ လေ့လာပြီးဖြစ်ခြင်း၊ ထိုကျမ်းစာတို့၌ ဆင်နည်းပြင်နည်း အသီး သီးကို နည်းအဖုံဖုံ အတော်စုံအောင် စဉ်းစားပြီးဖြစ်ခြင်း၊ကြည့်ရှုနာယူမည့် ပုဂ္ဂိုလ်များ၏ အဇ္ဈာသယစိတ်အကြိုက်ကို အလိုက်သိခြင်းဟူသော အစွမ်း သတ္တိ ၃-ပါးကို ထိုက်တန်သလောက် ရရှိမှသာ ထိုကျမ်းစာ ထိုတရားက အများ၏အားကိုပွားတိုးစေနိုင်မည်ဖြစ်၍ ဤသင်္ဂြိုဟ် ဘာသာဋီကာကို စီစဉ် ခိုက်မှာလည်း သဗ္ဗညုတဉာဏ်တော်စွမ်းကိုကြည်ညိုရသဖြင့် ထိုဉာဏ်တော်စွမ်း အတုကလေးမျှရပါရစေ ရဘို့ရန် ညွှန်ပြတော်မူပါစေ ခလို။

ကျယ်ဝန်းသော အဘိဓမ္မာ။ ။ထိုအစွမ်း ၃-ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာ အဘိဓမ္မာဒေသနာတော်သည် လွန်စွာ ကျယ်ဝန်း၏၊ ယခုကာလ ဆွမ်းတရားဟောသကဲ့သို့ တထိုင်တည်း တခနမျှ ဘုရားရှေ့နှုတ်တော်ဖြင့် ထုတ်ဘော်ဟောပြအပ်သော တရားတော်သည်ပင် ဒီဃနိကာယ် မဇ္ဈိမနိကာယ်ကြီးတို့ အလား ရှည်လျားတော် မူသေး၏၊ တာဝတိံသာနတ်ပြည်၌ ဝါတွင်း ၃-လပတ်လုံး ဟောပြတော်မူအပ်သော ဒေသနာတော်မှာ မည်မျှကျယ်ဝန်းဘွယ် ရှိသည်ဟု ခန့်မှန်းချက်ဂဏန်းကို ကုန်ခန်းစေလေတော့သည်၊ ယခုအခါ သင်ယူပို့ချနေရသော အဘိဓမ္မာသည် ဘုရားရှင်က အရှင်သာရိပုတြာအားဟောပြ၍ အရှင်သာရိပုတြာကတဆင့် လင်းနို့ဘဝ၌ အဘိဓမ္မာအထုံရခဲ့ကြသော တပည့်ရဟန်း ၅၀၀-အား မကျယ် မကျဉ်း စီစဉ်ပို့ချအပ်သော ဒေသနာတော် ပင်တည်း၊ ထိုဒေသနာတော် သည်ပင် အဘိဓမ္မာ၌ အခြေမရ သူတို့အတွက် မဟာသမုဒ္ဒရာဝယ် ယုန် သူငယ် မထောက်နိုင်သကဲ့သို့ ရှိရလေသည်။

အဘိဓမ္မတ္ထသင်္ဂဟ။ ။ထိုကဲ့သို့ အဘိဓမ္မာဒေသနာတော်၏ ကျယ်ဝန်းပုံနှင့်တကွအခြေပါဒ မရသေးသူတို့ ထောက်တည်ရာ မရနိုင်ကြပုံကို အလုံးစုံ မျှော်မြင်တော်မူသော အရှင် အနုရုဒ္ဓါသည် အဘိဓမ္မာ ဒေသနာတော်၏ လိုရင်းအချက် အနက် အဓိပ္ပါယ်ကို အကျဉ်းချုပ်အားဖြင့် သိနှင့်ဘို့ရန် ရည်သန်တော်မူပြီးလျှင် အဘိဓမ္မာသင်္ဂဟဟူသော အဋ္ဌကထာငယ်တကျမ်းကို ကြိုးပမ်းစီရင်တော်မူခဲ့လေပြီ၊ ထိုအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကား စာသွားစာလာ လွန်စွာညက်ညောသည့်ပြင် အဘိဓမ္မာ ဒေသနာတော်ကို အကျဉ်းချုပ်ငုံမိသဖြင့် အလင်္ကာကျမ်းအလို ဩဇာဂုဏ်ရှိ၍ အဆီအနှစ် ပြည့်သော ကျမ်းဟု ဆိုထိုက်ပါပေသည်။ ထို့ကြောင့်ပင် အဘိဓမ္မာလေ့လာသူတိုင်းက ဝိုင်းဝန်း၍ လက်ခံကြရကား မြန်မာ ယိုးဒယား သီဟိုဠ် အင်္ဂလိပ်အက္ခရာများဖြင့် အမျိုးမျိုးဆင်ပြင်ကာ ကမ္ဘာကိုလှည့်လည်နိုင်ခဲ့ပေသည်။

ကျမ်းဆရာ့ ကာလ။ ။ထိုကဲ့သို့ ကမ္ဘာကလက်ခံနိုင် လောက်အောင် စီမံတော်မူစွမ်းသော ကျမ်းပြုဆရာ အရှင် အနုရုဒ္ဓါအား နောက်ခေတ် နှောက်ခါ သာသနာအရှိန်သေး၍ မှိန်မှေးမှ ထွက်ပေါ်လာသည် မဟုတ်၊ သာသနာသက္ကရာဇ် ၉၀၀-ကျော် အဓိပတိပုဂ္ဂိုလ်တို့ ထွန်းပေါ်တုန်းအခါကပင် ပေါ်ထင်ရှားခဲ့သော ဆရာတော် တပါးပေတည်း။ ရှင်းပြဦးအံ့၊ အရှင်ဗုဒ္ဓဒတ္တသည် ဗုဒ္ဓဝံသအဋ္ဌကထာ ဝိနယဝိနိစ္ဆယ အဘိဓမ္မာဝတာရ အဋ္ဌကထာတို့ကို စီရင်၍ အရှင်အနုရုဒ္ဓါက ပရမတ္ထဝိနိစ္ဆယ နာမရူပပရိစ္ဆေဒ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာတို့ကိုစီရင်သည်။ (အဘိဓမ္မ ဂဏ္ဌိပဒကိုလည်း စီရင်သည်ဟု ယူကြသေး၏၊ ထို ၂-ပါးကား ဆရာတူတပည့် ဖြစ်သတတ်၊ အခါတပါး၌ မိမိတပည့် ၂-ပါး၏ ကျမ်းစာကို ရှုစားတော်မူရသော ဆရာတော်သည် "ဗုဒ္ဓဒတ္တ၏ကျမ်းစာတို့သည် ရွှေငွေစသောရတနာများကိုအပြည့်ထည့်သွင်း၍ လုံခြုံစွာပိတ်ထားအပ်သော ရတနာတိုက်နှင့်တူ၏။ အနုရုဒ္ဓါ၏ ကျမ်းစာကား ထိုရတနာများကို အပြည့်သွင်း၍ ဖွင့်ထားအပ်သောရတနာတိုက်နှင့်တူသည်"ဟု မိန့်တော်မူသတတ်၊ အရှင်ဗုဒ္ဓဒတ္တကား အရှင်မဟာဗုဒ္ဓဃောသနှင့် တကာလတည်း၌ ထွန်းကားသော ပုဂ္ဂိုလ်ဟု အများပင် ယူဆကြလေသည်၊ သို့ဖြစ်၍ အရှင်မဟာဗုဒ္ဓဃောသတို့ ထွန်းကားရာ အချိန်အခါမှာပင် အရှင်အနုရုဒ္ဓါလည်းကာလတူဖြစ်စေ အနည်းငယ်နှောင်းသော

အခါ၌ဖြစ်စေ ထွန်းကားခဲ့သော ပုဂ္ဂိုလ်တပါး ပေတည်းဟု မှတ်ယူသင့်လေသည်။

ကျမ်းဆရာ့ဒေသ

"သေဋ္ဌေ ကဉ္စိဝရေ ရဋ္ဌေ၊ ကာဝိရနဂရေ ဝရေ။
ကုဒလေ သဥ္ဍာတဘူတေန၊ ဗဟုဿုတေန ဉာဏိနာ။"

ဟူသော ပရမတ္ထဝိနိစ္ဆယနိဂုံးဂါထာအရ အရှင်အနုရုဒ္ဓါသည် ကဉ္စိတိုင်း ကာဝီရမြို့တွင် ဖွားမြင်သော ပုဂ္ဂိုလ်တည်းဟု သိသာပြီ၊ ထိုကဉ္စိတိုင်းကား ဝ္လန္ဒိယတောင်ပိုင်း မဒရပ်နယ်၌တည်ရှိ၏၊ ထိုအရပ်သည် ထိုစဉ်အခါက ဗုဒ္ဓသာသနာ များစွာ ထွန်းကားရာအရပ် ဖြစ်ဟန်တူ၏၊ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦများ ယခုတိုင်ပင် တွေ့ရှိနိုင်သေးသည်သာမက အရှင် ဗုဒ္ဓဃောသသည်ပင် ထိုဒေသ၌ သီတင်းသုံးတော်မူကြောင်း-

"အာယာစိတော သုမတိနာ၊ ဘဒန္တဇောတိပါလေန။
ကဉ္စိပုရာဒိသု မယာ၊ ပုဗ္ဗေ သဒ္ဓိံ ဝသန္တေန။"

ဟူသော အင်္ဂုတ္တရဋ္ဌကထာ နိဂုံးဂါထာဖြင့် ထင်ရှားပေသည်၊ ဤသို့ ဝ္လန္ဒိယတောင်ပိုင်း၌ ဗုဒ္ဓသာသနာ ထွန်းကားခိုက် ဖြစ်ပါသော်လည်း ဗုဒ္ဓဘာသာဝင်မဟုတ်သောမင်းတို့၏ အုပ်စိုးခြင်းကများသောကြောင့် ၎င်း၏ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာဝင်မင်းတို့ သာသနာကို ချီးမြှောက်လျက်ရှိခြင်း ကြောင့်၎င်း၊ ဝ္လန္ဒိယတောင်ပိုင်းအစွန်းနှင့် သီဟိုဠ်ကျွန်း မြောက်အစွန်းမှာ လွန်စွာနီးကပ်လျက် ရှိသောကြောင့်၎င်း၊ ဝ္လန္ဒိယတောင်ပိုင်းသား ဖြစ်ကြသော ကျမ်းတတ်ပုဂ္ဂိုလ်တို့သည် သီဟိုဠ်ကျွန်းသို့ ကြွရောက်၍ သာသနာတော်ကို ချီးမြှောက်တော်မူကြရာဝယ် အရှင် အနုရုဒ္ဓါလည်း အာဝင်အပါ ဖြစ်၍ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကို စီရင်သည့်အခါ အနုရာဓမြို့တွင် (ယခု ဟလာဝတဒိတြိတ်တွင်) ပါဝင်သော မူလသောမ ကျောင်းတိုက်တွင် သီတင်းသုံးတော်မူခိုက်ဖြစ်လေသည်။ (ထိုမူလသောမ ကျောင်းတိုက်ကား ယခုအခါ ကျောင်းတိုက်မဟုတ်တော့ဘဲ မုန်နင်သရမ်"မည်သော နတ်ကွန်း အဖြစ်ဖြင့် တည်ရှိသတတ်။)

မူလသောမအမည်။ ။အရှင်အနုရုဒ္ဓါ၏ ကျောင်းတိုက်နာမည်ကို မူလသောမဟုရင်း၊ တုမူလ သောမဟုရင်း အမျိုးမျိုး မှတ်ယူကြ၏၊ ထိုကဲ့သို့ ကွဲပြားခြင်း၏အရင်းကား “ပုညေန တေနံတု မူလသောမ” ဟူသော နိဂုံးဂါထာပင်တည်း၊ ထို ၂-မျိုးတွင် တုမူလသောမဟုယူဆသူတို့က တုမူလသဒ္ဒါသည် မဟာ၏ပရိယာယ် အကြီးအကျယ်ဟူသော အနက်ဟောဖြစ်၏” တုမူလသောမ=ကြီးကျယ်သော သောမတိုက်ကြီး”ဟု ဆိုလိုသတတ်၊ သို့သော် သက္ကတအဘိဓာန်၌ တုမူလဟုမရှိ၊တုမုလဟုရှိ၍ ထိုတုမူလသဒ္ဒါသည် မဟာ၏ပရိယာယ်မဟုတ်၊ ဗျာကုလ= နောက်ရှက်ရှုပ်ထွေးဟူသော အနက်ဟောဟုလာ၏၊ “အတ္တေ ဝတ္တတိ သဒ္ဒေါ တုမူလော ဘေရဝေါ မဟာ” ဟူသော ဝေဿန္တရဇာတ်၌လည်း တုမူလသဒ္ဒါအပြင် မဟာဟုလည်း တိုက်ရိုက်ပါရှိသေးရကား ထို တုမူလ သဒ္ဒါသည် မဟာ၏ပရိယာယ် မဟုတ်ကြောင်း ကောင်းကောင်းကြီးထင်ရှားပြီ၊ အရှင်အနုရုဒ္ဓါ၏ဂါထာများ၌ ဈာန မေကေက မန္တေတု, ဆဓာနာမံတု နာမသ”စသည်ဖြင့် တုနိပါတ်ကို ဝါစာသိလိဋ္ဌအရာ၌ သုံးစွဲလေ့ရှိရကား ဤ “ပုညေနာနေန တုမူလသောမံ” ပါဌ်၌ တုနိပါတ်လည်း ထိုဝါစာသိလိဋ္ဌအတွက် သုံးစွဲခြင်းသာဖြစ်ရာသောကြောင့် ရင်းသိဟိုဠ်ကျွန်းက အကြောင်းအရာများကို စာပေလိုက်စားသော ထိုကျွန်းပုဂ္ဂိုလ်များသာ သိဘွယ်ရှိ၍ ပရမတ္ထဝိနိစ္ဆယ သီဟဠနိဒါန်း၌ မူလသောမဟု ညွှန်ပြသောကြောင့်ရင်း မူလသောမ အမည်သာလျှင် အတည်ဖြစ်သင့်တော့သည်။

(မူလသောမအမည်ရခြင်း၏အကြောင်းကိုကား မညွှန်ပြကြချေ၊ အရင်းမူလအစဖြစ်သော သောမကျောင်းတိုက်ဟုဆိုသင့်၏၊ အချို့က “မူလအမတ်လှူဒါန်းအပ်သောကျောင်း သောမဒေဝီ လှူဒါန်းအပ်သောကျောင်းဟု ၂ ကျောင်းရှိသဖြင့် မူလသောမ အမည်ရသည်”ဟု ဆိုကြ၏။ သို့သော်သိုတိုက်၌ ၂ ကျောင်းသာမက ကျောင်းပရဝုဏ်ပေါင်းခြောက်ဆယ်ကြီးကျယ်စည်ကားသည်ဟု အဆိုရှိရကား ထိုအချို့စကားလည်း အခြေအမြစ်မရှိချေ။)

ရှေးဋီကာများ။ ။ထိုကဲ့သို့ အလွန်ရှေးကျ၍ ထက်မြက်သောပုဂ္ဂိုလ် တပါးစိ စီစဉ်ထားအပ်သော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာကို ပါဠိဘာသာဋီကာ အစောင်စောင်တို့ သင့်တင့်အောင်ဖွင့်ပြီး ဖြစ်သော်လည်း ပါဠိ

ကထာကိုပိုင်နိုင်စွာမလေ့လာသေးသော မြန်မာ တိုင်းဘွားတို့အတွက်မှာ ထို မာဂဓဋီကာတို့၌ အနက်ထင်ဘို့ရာ လွန်စွာ ဂရုစိုက်နေကြရသဖြင့် သဘာဝ အဓိပ္ပါယ်လယ်ပတ်ဘို့အရေး၌ နှောင့်နှေးကြန့်ကြာလျက်ရှိပေသည်၊ မြန်မာ ဘာသာဖြင့် စီစဉ်အပ်သော အဓိပ္ပါယ် အကောက်ကျမ်းများလည်း ရှိကြ ပေ၏၊ ထိုကျမ်းတို့ကား ကျမ်းရင်းစာသားကို အစဉ်အတိုင်း မဖွင့်ပြဘဲ စပ်မိစပ်ရာ ဗဟုသုတ မှတ်စုများကိုသာ လေးလေးစားစားရေးထားသဖြင့် ကျမ်းရင်းစာသားကို လက်ကိုင်ပြု၍ ကြည့်ရှုပို့ချ လေ့လာကြရသော ပုဂ္ဂိုလ် များအတွက်မှာမူ "ဆေးအတွက် ဝန်တက်"သလို ဖြစ်တော့၏။

ရှေးစနစ်နှင့် ခေတ်သစ်။ ။ထို့ပြင်– မြန်မာအဓိပ္ပါယ်ရေး အကောက် တို့၌ ခက်ဆစ်အဓိပ္ပါယ်နှင့် သရုပ်အကောက်များကို တကျမ်းထည်း ရော နှောက်ထားသဖြင့် ရှေးခေတ်က ရှေးစံနစ်အတိုင်းဆိုသော် "စုံပါပေသည်" ဟု ချီးမွမ်းဘွယ်ဖြစ်သော်လည်း ယခုခေတ်သစ်မှာ အဆင့်အတန်းခွဲ၍ သင် ပြမှ စည်းကမ်းကျသည်ဟု အယူရှိကြသော ခေတ်ဖြစ်ရကား ထိုရှေးစံနစ် အတိုင်း စီစဉ်အပ်သောကျမ်းစာများ၌ မူလအခြေပြုသူတို့နှင့်သာ သင့်တော် သောသရုပ်ခွဲတို့က အခြေရပြီးပုဂ္ဂိုလ်တို့ကို ရှောင်လွှဲစေပြီးလျှင် ခက်ဆစ် အဓိပ္ပါယ်များက အခြေမရသေးသူတို့ဉာဏ်ကို တွန်းကန်ဖိနှိပ်ထားသကဲ့သို့ ရှိသောကြောင့် ရှေးစံနစ်အရ စီစဉ်ထားအပ်သော ကျမ်းစာများကို ရှုစား လေ့လာသူတို့မှာ လေယာဉ်ပျံ မော်တော်ကားတို့ အကြား၌ လှည်းကြမ်း ကြီးကို စီးသွားသူ တို့ကဲ့သို့ များစွာ နှောင့်နှေးကြတော့မည်ဟု ထင်မြင် ကြပေသည်။

ဘာသာဋီကာ။ ။ထိုကဲ့သို့ ထင်မြင်မိသည်အားလျော်စွာ အခြေပြု သူတို့နှင့် လျော်ကန်အောင် စီမံအပ်ပြီးသော အခြေပြု သင်္ဂြိုဟ်ကို လေ့လာ ကြပြီး နောက်ဘာဆင့်တက်၍ခက်ဆစ်အဓိပ္ပာယ်များကိုအခြားရှုစားကြဘို့ရာ မာဂဓဋီကာများ ဖွင့်သကဲ့သို့ တိုင်းရင်းဘာသာဖြင့်ဖွင့်ပြရာ သင်္ဂြိုဟ်ဘာသာ ဋီကာဟူသောအမည်ဖြင့် မြန်မာဘာသာဋီကာသစ်တကျမ်းကို ကြိုးပမ်းလိုက် ရပေသည်။ ဤဋီကာကို စီစဉ်ရာဝယ် မာဂဓဋီကာတို့မှ မြန်မာဘာသာ ကူး ပြောင်းခြင်းမျှဖြစ်သော ပြီးစလွယ်စီစဉ်ခြင်းမျိုးမဟုတ်ဘဲ အထူးကြိုးကုတ်

အားထုတ်စီစဉ်ထားကြောင်းမှာ ထိုထိုအခဏ်းတွင်ပါဝင်သော အဓိပ္ပာယ်များဖြင့် ထင်ရှားပါလိမ့်မည်။

မှာထားချက်။ ။ဤ သင်္ဂြိုဟ်ဘာသာဋီကာ၌ အလွန်ခက်ပုံ မရသော သာဓကပါဠိများကို အနက်ပေးမည်မဟုတ်၊ သာဓကဟူသည် ယုတ္တိယုတ္တာ ရှိရုံမျှဖြင့် အားမရနိုင်သော ပညာရှိများအတွက် ထုတ်ပြရသော သက်သေများတည်း၊ ထို့ကြောင့် သာဓကကို အနက်မပေးသော်လည်း ပညာရှိများအတွက် ဝန်လေးရန်အချက်မရှိပေ၊ တချို့အရာ၌ကား သာဓကပါဠိကိုပင် မပြတော့ဘဲ စိစစ်လေ့ရှိသည့် ပညာရှိများ ကြေနပ်ဘို့ရာ သက်ဆိုင်ရာကျမ်းကိုသာညွှန်ပြ၍ ဂန္ထဂရုကို ရှောင်ရှားလျက် စာကိုသာ ခပ်ကျဉ်းကျဉ်းနှင့်လိုရာထိမိနိုင်ရန် ကြိုးစားသောသတိဖြင့် စီမံရပေသည်။

ယဒိဥတ္တံ အယုတ္တေတ္ထ၊ ပမာဒေန ဘမေနဝါ။
ဝဇ္ဇော မယာ ဒယာဝန္တော၊ သန္တော သံသောဓယန္တု တံ။

တွေ၊ ဤဘာသာဋီကာ အမည်သာသည့် မှီရာသိပ်သည်း နိဿယည်း၌။ ပမာဒေန၊ သတိကင်းပေါ့ မေ့လျော့ခြင်းကြောင့်သော်၎င်း။ ဘမေနဝါ၊ စိတ်စက်ချောက်ချား လွင့်ပါးခြင်းကြောင့်သော်၎င်း။ အယုတ္တံ၊ ဖောက်ပြန်ချို့ယွင်း ယုတ္တိကင်းသော။ ယံဝစော၊ အကြင်စကားကို။ မယာ၊ ငါသည်။ ယဒိဥတ္တံ၊ အကယ်ရေးသားဆိုမှားအပ်မိအံ့။ တံဝစော၊ ထိုသို့မှားလတ် စကားရပ်ကို။ ဒယာဝန္တော၊ ကရုဏာရှုမှု မေတ္တာပြု၍ ရှုလေ့ရှုထ ရှိတော်မူကြကုန်သော။ သန္တော၊ အဘိဇ္ဈာကင်း ဣဿာရှင်း၍ ဝမ်းတွင်းစိတ်ကောင်း သူတော်အပေါင်းတို့သည်။ သံသောဓယန္တု၊ မိမိစီရင် ကျမ်းအသွင်သို့ ပြင်ဆင်ပြုကာ ရှုနိုင်ကြပါစေသတည်း။

အရှင်ဇနကာဘိဝံသ

သင်္ဂြိုဟ်ဘာသာဋီကာ နိဂုံး

သိဒ္ဓိတ္ထု ဘော ဘာသာဋီကာ၊ ဒေသဘာသာယ သင်္ခတာ။
ဝဏ္ဏနာ အဘိဓမ္မတ္ထ၊ သင်္ဂဟဿ သုဒုလ္လဘာ။

အဘိဓမ္မတ္ထသင်္ဂဟဿ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုလက်သန်း အဋ္ဌကထာကျမ်း၏။ ဝဏ္ဏနာ၊ ဖွင့်ကြောင်းဖွင့်ရာ ဋီကာတမျိုး ဖြစ်သော။ သုဒုလ္လဘာ၊ ခေတ်နှင့်တန်အောင် အမှန်ပင်ရခဲလှစွာသော။ ဒေသဘာသာယ၊ မြန်ပြည်အားလုံး အများသုံးစကားဖြင့်။ သင်္ခတာ၊ တသန့်တသန့် အကန့်ကန့်လျက် ခွံ့ခွံ့ပီရရီ တည့်ကြည့်စွာ စီရင်အပ်သော။ ဘာသာဋီကာ၊ ဘာသာဋီကာ အမည်သာသည့် မိုရာသိပ်သည်း နိဿယည်းသည်။ သိဒ္ဓိတ္ထုဘော၊ ဝန်းကျင်ပတ်ကုံး ကမ္ဘတ်ဖုံး၍ နိဂုံးအရောက် ပြီးမြောက်ပေပြီတကား။

ယဒိ အညာ ဥပဒ္ဒဝေ၊ ဉ္စတောပိ သုခသမ္ဘတာ။
တဿောကာသံ ပဒါနာယ၊ အယံ အန္တရဓာယတံ။

ဉ္စတောပိ၊ အများမိုလောက် ခရီးရောက်၍ ပြီးမြောက်ခဲ့ရာ ဤဘာသာဋီကာထက်လည်း။ သုခသမ္ဘတာ၊ ကြည့်ရှုပို့ချ လွယ်ကူလှသဖြင့် အားရဘွယ်တောင်း အကောင်းဟုသမုတ်အပ်သော။ အညာ၊ အဘိဓမ္မတ္ထ သင်္ဂဟ၌ ဆင်ပြ ကျစ်လစ် ဋီကာသစ်တမျိုးသည်။ ယဒိဥပဒ္ဒဝေ၊ ပညာလိုက်စား နောက်နောက်သားတို့ ကြိုးစားရစ်သော် အကယ်၍ဖြစ်ပေါ်လာအံ့။ တဿ၊ ထိုသို့ဖြစ်ရစ် ဋီကာသစ်၏။ ဩကာသံ ပဒါနာယ၊ ထွန်းတောက်တင့်ရေး အခွင့်ပေးခြင်းငှာ။ အယံ၊ နှစ်ပေါင်းမြားမြောက် လွန်အားဆောက်မှ ထွန်းတောက်ထွက်လာ ဤဋီကာသည်။ အန္တရဓာယတံ၊ ရိုးရာမတဲ့ တိုးကာငဲ့၍ ကပ်ဖွဲ့မနေ ပျောက်ရစ်ပါစေသတည်း။

သမ္ဗုဇ္ဈာမိ ထေရာနံ၊ ယေသာဟံ သမ္ပဂ္ဂဟီတော။
ဇယံ ဇယံ ဇယန္တောဝ၊ သမ္ဗုဒ္ဓ သာသနန္ဓရော။

ယေသံ ထေရာနံ၊ အထက်ဝေဟင် နေအသွင်သို့ မြေပြင်ထင်ရှား အကြင်ဆရာတော်ဘုရားတို့သည်။ သမ္ပဂ္ဂဟိတော၊ အထူးစောင့်ရှောက် ချီးမြှောက်အပ်သည်ဖြစ်၍။ ဇယံ ဇယံ၊ အောင်သင့်အောင်ရန် စာတော်ပြန်ဟု တိုင်း

မြန်ထင်ရှားအောင်ပွဲများကို။ ဇယန္တာဝ၊ လာဘ်လည်းမကူ လူလည်းမပံ့ ခံ့ခံ့သိုက်မြိုက် အောင်လံစိုက်လျက်သာလျှင်။ အဟံ၊ ငါသည်။ သမ္ဗုဒ္ဓ သာသနန္တရော၊ဗုဒ္ဓမြတ်စွာ သာသနာကျိုး တိုးသင့်တိုးအောင် တမျိုးဆောင် ရပေ၏။ တောသံထေရာနံ၊ ကျေးဇူးတော်ရှင် ဂုဏ်အင်ကြီးမား ထို ဆရာ တော်ဘုရားတို့အား။ သမ္ပုဇ်ယာမိ၊ ကျမ်းစာရေးသား ကောင်းမှုများဖြင့် လေးစားကော်ရော် ပူဇော်ပါ၏။

ဤဘာသာဋီကာ ကျမ်းစာရှင်ကား ရွှေဘိုတောင်လက် သရိုင်ရွာတွင် ခမည်းတော် ဦးဇောတိ-မယ်တော် ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁-ခုနှစ် တပို့တွဲ လဆုတ် ၁၄-ရက်နေ့တွင် ဖွားမြင်ခဲ့၏၊ မြန်မာမင်းနှစ်ပါး၏ ရာဇဂုရုတံဆိပ် နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ၃-တန်ကို လက်ခံတော်မူကြရသော မဟာ ဝိသုဒ္ဓါရုံဆရာတော်နှင့် ထရံကာဆရာတော်ကြီးတို့၏ မြေး မြစ် ဖြစ်သည့်ပြင် မဟာဂန္ဓာရုံ ဆရာတော်ဘုရား၏ နောက်ဆုံး သဒ္ဓိဝိဟာရိက (ဥပဇ္ဈာယ်ယူ တပည့်)ပေတည်း၊ဤကျမ်းစာရှင်ကို အထူးစောင့်ရှောက်ခဲ့ပေသောကျေးဇူး တော်ရှင်ဆရာတော်တို့ကား သာသနာတော်ဝယ် အကျင့်သိက္ခာပရိယတ်ဂုဏ် အားဖြင့် ထင်ရှားတော်မူကြပေသည်၊ ထိုဆရာတော်များတွင်-

၁။ မန္တလေး ရွှေကျင်တိုက်ကြီး၌ ဓမ္မာစရိယဖြစ်တော်မူခဲ့သော သရိုင် ရွာ ပင်းကျောင်းဆရာတော်၊ ထိုဆရာတော်ကြီးသည် သက်ရှယ်တော် ရင့် ညောင်းသဖြင့် ပရိသတ်အပေါင်းကို လက်ထောက်တပည့်ကြီးအား လွှဲအပ် ထားပြီးပါလျက် ဤကျမ်းစာရှင် သူငယ်ကိုကား ကိုယ်တော်တိုင် ကြပ်မ၍ စာပြတော်မူပြန်သည်။

၂။ အရှင်ဉာဏာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (မန္တလေး သကျသီဟဘွဲ့တံဆိပ်ရ) မြောင်းမြို့ ပဇ္ဇောတာရုံဆရာတော်၊ ဤဆရာတော် သည် မန္တလေးမြို့တွင် သီတင်းသုံးတော်မူစဉ် အထက် အောက် ကျမ်းစာ များကို အခြေရစေတော်မူသည့်ပြင် စာအရေးအသားတတ်မြောက်စေခြင်း ငှာ ၁၄-နှစ်၁၅-နှစ်အရွယ်၌ ဂါထာစီကုံးစေခြင်း, ၁၆-နှစ်အရွယ်၌ပျို့,ကဗျာ လင်္ကာများကို လေ့လာစေခြင်းတို့ဖြင့် အရာရာ၌ တန်းစေ့လောက်အောင် စီစဉ်တော်မူကာ ၁၅-၁၆-၁၇-နှစ် အရွယ်တို့၌ အစိုးရပဌမပြန်ကို အကြီး

တန်းအထိ အောင်မြင်တော်မူစေပြီးလျှင် ပခုက္ကူသို့ စေလွှတ်တော်မူ၍ အဝေးမှ နည်းလမ်းညွှန်ပြတော်မူလျက် အကျနဆုံးဖြစ်အောင်စောင့်ရှောက်တော်မူပေသည်။

၃။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် (ယခု) ပဌမဆရာတော်။
၄။ ။ ၎င်း ဒုတိယဆရာတော်။
၅။ ညောင်ဦးမြို့ မဟာဝိသုဘာရာမတိုက် ဆရာတော် (ထိုစဉ်က ပခုက္ကူမြို့၌ သီတင်းသုံးတော်မူသည်။)

ဤဆရာတော် ၃-ပါးကား ၃-နှစ်တိုင်တိုင် ကိုယ်တိုင်စာဆိုစေ၍ ရဟန်း ၃·ဝါအရတွင် စာချအဖြစ်၌ ချီးမြှောက်တော်မူကြသည်၊ ထို ပခုက္ကူစာချအဖြစ်ဖြင့် ၄-ဝါမျှ ဆက်လက်နေထိုင်ပြီးနောက် ကျေးဇူးတော်ရှင် ဆရာမြတ်တို့ သီတင်းသုံးတော်မူရာ မဟာဝိသုတာရာမတိုက်တာကြီးကို ဝမ်းနည်းစွာဖြင့် မျက်နှာလွှဲခဲ့ရသည်။

၆။ ရဟန်း ၆-ဝါရ ၆·ဝါမြောက်တို့၌ သကျသီဟ အငယ်အကြီးတန်းများနှင့် အစိုးရ ပဌမကျော်တန်းကို အောင်မြင်ပြီးနောက် အဘယာရာမ ဆရာတော်၏ အချီးအမြှောက်ကိုခံယူလျက် သက္ကတကျမ်းစာကို လေ့လာစဉ် ၉-ဝါလွန်၍ ဆယ်ဝါမြောက်လတ်သော် အားထုတ်ခဲ့သော ဝီရိယဓာတ်ကြောင့် ခန္ဓာကိုယ်မခိုင်မြဲဘဲ ယိုင်လဲလုမျှ ရှိလေပြီ၊ "၃·နှစ်ထက်ပို၍ ဤလူ့ပြည်မှာ နေခွင့်ရပါတော့မလား" ဟု ယုံမှားမိတော့၏။

သို့ဖြစ်၍ မိမိလက်စကလေးများကျန်ရစ်စေတော့ဟု သဘောထားလျက် ၁၀-ဝါမြောက်မှာပင် ဤဘာသာဋီကာကို စတင်ရေးသားခဲ့၏၊ ပဌမတကြိမ် အကြမ်းပြီးသည့်အခါ ဉာဏ်အားလျော်စွာ ခန္ဓာကိုယ် စည်ပင်လာပြန်သဖြင့် ဒုတိယအကြိမ် (အခြားကျမ်းများကို ရေသားပုံချရင်း) အချောရေးပြန်ရာ ၁၂၉၇-ခု တပို့တွဲလဆုတ် ၁၄-ရက်နေ့တွင် ကောင်းစွာပြီးစီးပေပြီ၊ ဤကျမ်း အချောမပြီးခင်ပင် ရတနာ့ဂုဏ်ရည် ၂-ကြိမ်၊ အခြေပြု သဂြိုဟ် ၂-ကြိမ်၊ အခြေပြုသဒ္ဒါ ၁-ကြိမ် ရိုက်နှိပ်ပြီးစီးခဲ့ပြီ၊ ဤကျမ်းများကို စီစဉ်ရကြောင်း ကောင်းမှုပဋ္ဋိပတ် အကျင့်မြတ်ဖြင့် ထိုကျေးဇူးတော်ရှင် ဆရာအရှင်မြတ်

တို့အား ကျေးဇူးတို့ဆပ် လွန်လေးမြတ်လျက် ပျပ်ဝပ်ကော်ရော် ပူဇော်ပါသည်။

အဘိဝဍ္ဍုန္တုမေ ပညာ၊ သဒ္ဓါ သတိ သမာဓယော။
ပရက္ကမော လောကဿာဒ၊ မောစျတ္တာယ ပရံ ပရံ။

မေ၊ ငါ၏။ ပညာ၊ ဝဇီရစိန် ကဲ့အရှိန်သို့ ထိန်တလက်လက် ထက်မြက်သော ပညာသည်၎င်း။ သဒ္ဓါ၊ ယုံကြည်ဘွယ်ရန် ဝတ္ထုမှန်လျှင် ကေန်ဆုံးဖြတ် ယုံကြည်တတ်သော သဒ္ဓါသည်၎င်း။ သတိသမာဓယော၊ ကုသိုလ်ဖြစ်မြောင်တ် ကိစ္စရောက်ဘို့ တအောက်မေ့မေ့ အမလေ့တို့ တွေ့တွေ့ကြုံကြုံ မတုန်မလှုပ်သော သမာဓိတို့သည်၎င်း။ ပရက္ကမော၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ဆက်ဆက်ကြိုးကုတ် အားထုတ်နိုင်ကြောင်း လုံ့လကောင်းသည်၎င်း။ လောကဿာဒ မောစျတ္တာယ၊ လောကလူပေါင်း နှစ်မြို့ကြောင်းနှင့် အကောင်းဆုံးရည်သန် မောဓိဉာဏ်အကျိုးငှာ။ ပရံပရံ၊ တမြင့်ထဲမြင့် ဆင့်ကဲတင့်သည်ဖြစ်၍။ အဘိဝဍ္ဍုန္တု၊ တက်သစ်လဝန်း နေသစ်ထွန်းသို့ ရှန်းတဝေဝေ ဟိုးတက်ကြပါစေသတည်း။

သင်္ဂြိုဟ်ဘာသာဋီကာနိဂုံး ပြီးပြီ။

ဝီထိသုံးချက်စု နိဒါန်း အချီ

ဝီထိ အန္တရဂတံ နာထံ၊ နတွာ န ဝီထိဝါစနံ။
ဝီထိယာ ဝဏ္ဏယိဿာမိ၊ ဝါစေန္တု ဝီထိ ဝါစိနော။

စိတ်တို့၏ အစဉ်အတန်းကို စိတ်ဝီထိ,ရုပ်တို့၏ အစဉ်အတန်းကို ရုပ်ဝီထိ ဟူ၍ သာသနာတော်ဝယ် အတော်ထင်ရှား အသုံးများသော သိဘွယ်တရပ် ရှိ၏၊ ထိုဝီထိကို နားမလည်လျှင် များစွာသော ပါဠိတော် အဋ္ဌကထာဝယ် (အထူးအားဖြင့် ပဋ္ဌာန်းဆိုင်ရာဝယ်) ယောင်လယ်လယ် ဖြစ်ကြရသည်၊ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်သော ယောဂီပုဂ္ဂိုလ်များအတွက် အနိစ္စ ဒုက္ခ အနတ္တ ထင်မြင်နိုင်ဘို့အချက်မှာ ဤဝီထိများသာလျှင် အသက် ပမာဖြစ်၏၊ ထို့ကြောင့် သာသနာတော်၏ နှလုံး သည်းပွတ်ပမာ လွန်စွာ အရေးကြီးသော ဝီထိ၏ အကြောင်းအရာကို ကောင်းစွာနားလည်ထိုက်ကြ ပေသည်။

ထိုသို့ နားလည်ထိုက်သည့်အားလျော်စွာ စိတ်ဝီထိအတွက်ကို စဉ်းစား လျှင် အဘိဓမ္မတ္ထသင်္ဂြိုဟ် ဝီထိပိုင်းအဆိုမှာ လွန်စွာ ကျဉ်းမြောင်းလှသဖြင့် ပြည့်ဝစုံလင်သော မြန်မာလိုဆိုရိုးကို ရှေးဆရာတော်တို့ အမျိုးမျိုး စီစဉ် တော်မူခဲ့ကြသော်လည်း ရှည်မျောတော် မူလှသည့်အပြင် အဓိပ္ပါယ်စုံလင် အောင် မဘော်ပြသည့် အတွက်ကြောင့် အာဂုံနှုတ်တက် ဆောင်ရွက်ဘို့ရာ များစွာစိတ်မပါကြချေ၊ထို့ကြောင့် ရှေးဆရာတော်တို့၏ လက်ရိုးလက်ဆန်း ဝီထိအခဏ်းတို့ကိုမှီငြမ်းတခု လက်ကိုင်ပြုလျက်ရှုလိုက်တိုင်း သန့်ရှင်းအောင် မကျဉ်းမကျယ် အဓိပ္ပါယ်နှင့် တကွ ဝီထိဆိုရိုးကို စီစဉ်လိုက်ရပေသည်။

အမှာ။ ။ဝီထိပိုင်းဘာသာဋီကာကို လေ့လာအပြီးတွင် ဤဝီထိဆိုရိုး ကို တိုးတက်လေ့လာမှသာ စိတ်ဝီထိအတွက် လုံလောက်ပြီဟု တာဝန်ခံနိုင် ပါမည်၊ သို့အတွက် ဤဝီထိဆိုရိုးကို ညဝါလိုဆို၍ဖြစ်စေ နေ့ဝါလို ကြည့်ရှု ရွတ်အံ၍ဖြစ်စေ တနည်းနည်းဖြင့် နှုတ်တက်အောင် လေ့ကျက်နိုင်ကြပါစေ၊ ဝီထိပိုင်းဘာသာဋီကာဝယ် သဘာဝအဓိပ္ပါယ်ကို အသွယ်သွယ် ပြခဲ့ပြီးဖြစ်၍ ဤ၌ ဝီထိဆိုရိုးစကားနှင့် သက်ဆိုင်သော အဓိပ္ပါယ်များကိုသာ ပြထား ပါသည်။

အရှင်ဇနကာဘိဝံသ

ပဋ္ဌာန်း ၃-ချက်စု ဘာသာဋီကာ
ပလ္လင်ခံ

သယံ ဗုဒ္ဓေါ သမ္မာဓေသိ၊ ဓမ္မေပိ ဓမ္မ သတ္တိယော။
အဟော နော တာယ သုတတ္တံ၊ အဟော နော ဓမ္မစိန္တနံ။

ယောဇိနော၊ မကိုဋ္ဌရောင်လျှံ သျှောင်ပုံဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ အကြင်အောင်တော်မူ မြတ်ဘုရားသည်"ဓမ္မေပိ၊ရှေ့နောက်စဉ်လျက်ဖြစ်တိုင်းပျက်၍ ဆက်ဆက်မနှော တရားသဘောတို့ကိုရင်း။ဓမ္မသတ္တိယောပိ၊ တရားတိုင်း၏ ဓာတ်ခံပြည့်လျက် သတ္တိအင်အား စွမ်းပကားတို့ကိုရင်း။ သယံဗုဒ္ဓေါ၊ ဗောဓိမဏ္ဍိုင် ခမ်းဝါမြိုင်ဝယ် ကိုယ်တိုင်စထွင် သိမြင်တော်မူပြီးသည်ဖြစ်၍။သမ္မာဓေသိ၊ သိတန်သမျှ ဝေနေယျကို မြွက်ဟလှစ်ဘော် သိစေတော်မူခဲ့ပေပြီ။တာယဇိနသာ၊ အောင်မြေနက်သန် ဗောဓိမဏ်ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ ထိုအောင်တော်မူမြတ်စွာဘုရား၏။ သုတတ္တံ၊ တရားဓမ္မဩဝါဒကို ကြားရရှင်ပျော် သားသမီးတော်ဖြစ်ရခြင်းသည်။ အဟောနော၊ ကိုယ့်တွက်ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာခုနှယ် ဩော်-ဝမ်းမြောက်ဘွယ်ကြီးပါတကား။ ဓမ္မစိန္တနံ၊ ဓမ္မသက်သက် ရှေ့နောက်ဆက်၍ ဖြစ်ပျက်နေဟန် ကြောင်းကျိုးမှန်ကို ဖန်ဖန်ခွဲဝေ ကြံစည်၍နေရခြင်းသည်။ အဟောနော၊ ကိုယ့်သန္တာန်တွင်း ဉာဏ်ရောင်လင်း၍ ရှင်းကာ ရှင်းကာ ဩော်-အားရဘွယ်ကြီးပါတကား။

ယခုလက်ရှိ ကမ္ဘာလောကကြီး၌ ဗုဒ္ဓဘာသာ ဟိန္ဒူဘာသာ ခရစ်ယာန်ဘာသာ မဟာမေဒင်ဘာသာဟု ဘာသာကြီး ၄-ရပ်ထင်ရှားလျက်ရှိ၏။ ထိုဘာသာကြီး ၄-ရပ်ကို ကိုးကွယ်ကြသူ လူကြီးလူကောင်း သူတော်ကောင်းအခေါ်ခံသူတို့မှာ မိမိတို့ဘာသာ၏သခင် (ဘာသာကိုစထွင်ခဲ့သော)ဗုဒ္ဓရှင်တော်ကို ညွှန်ပြဘို့ရန်တာဝန်ရှိကြသည့်အလျောက် မြားမြောက်လှစွာသော အခြားဘာသာဝင် လူကြီးလူကောင်းတို့သည် မိမိတို့ ဘာသာ၏ သခင်ကို ထာဝရဘုရားရှင်ဟု ညွှန်ပြခဲ့ကြ လေသည်။ ထိုဘုရားရှင်တို့ ပညတ်အပ်ဟောပြောအပ်သော တရားတို့၌ ဗုဒ္ဓဘာသာ၏သခင် သဗ္ဗညု ဘုရားရှင်၏ တရားတော်များကဲ့သို့ "စက္ခုဝိညာဉ်ဖြစ်ပြီးနောက် သမ္ပဋိစ္ဆိုန်းစိတ် ပေါ်

လာသည်။ သမ္ဗုဒ္ဓိမ္ဗိန်းနောက် သန္တိရဏပေါ်လာသည်”စသည်ဖြင့် သိမ်မွေ့သော စိတ်အစဉ်၏အဖြစ်အပျက် အဆက်ဆက် နိယာမ ဓမ္မတာကိုလည်း ဖော်ပြခြင်း မရှိ၊ “မည်သည့် အကျိုးတခုဖြစ်ဘို့ရန် မည်မျှလောက်သော အကြောင်းအပေါင်းတို့က မည်ကဲ့သို့သောသတ္တိဖြင့် ပြုစီမံရသည်”ဟု ဟောတော်မူအပ် သော ပစ္စည်းတရားတို့ကိုလည်း ခွဲခြားချက်မရှိချေ။

အတိအလင်း ဘွင်းဘွင်းကြီးရေးသားရမည်ဆိုသော် ထိုအခြားဘာသာတရားတို့၌ ဖဿ ဝေဒနာ သညာ စသော သဘောရိုးကလေးများ၏ နာမည်လောက်မျှ မတွေ့ရပေ၊ ယခုခေတ်၌ လောကဓာတ်ပညာ လွန်စွာထွန်းကားလာစေကာမူ ထိုလောကဓာတ်ပညာဖြင့် (တိုက်ရိုက်မဟုတ်) မှန်းဆ၍ သိရသော ဓာတ်မှုန့်ကလေးမှာ(ATOM)ခေါ် အနုမြူကလေး သာတည်း၊ ထိုအနုမြူမှုန့်ကလေး၌ မည်သည့်ဓာတ်သဘောတွေ စုနေသည်ဟု သိဘို့အရေးမှာ လောကဓာတ်ပညာ၏ အရာမဟုတ်တော့ပြီ၊ သဗ္ဗညုဘုရားရှင်ကား “ထိုအနုမြူဓာတ်ထက်သေးသော ပရမာနုမြူမှုန့်ကလေး၌ အသေးဆုံးရုပ်ကလာပ်တွေပေါင်းစပ်လျက် ရှိ၏၊ ကလာပ်တခုတခု၌ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဟူသော ရုပ်ပေါင်းရှစ်ခုစုမိကာ သဟဇာတသတ္တိ အညမညသတ္တိ နိဿယသတ္တိ အတ္ထိသတ္တိ အဝိဂတသတ္တိတို့ဖြင့် အပြန်အလှန်ကျေးဇူးပြုလျက်ရှိကြသည်ဟု တာဝတိံသာနတ်ပြည်ငယ် နတ် ဗြဟ္မာတို့အလယ်မှာ လောကဓာတ် ပညာရပ် တို့ကို ကောင်းစွာ ပြတော်မူခဲ့ပေသည်။

အချုပ်အားဖြင့်ကား ထိုကဲ့သို့ ဘာသာအမျိုးမျိုး ရောယှက်ရှုပ်ထွေးနေသော ကမ္ဘာကြီးတွင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူဖြစ်လာရခြင်းသည် မိမိတို့အတွက် အလွန်ကံကောင်းလေစွ၊ ထိုဗုဒ္ဓရှင်တော်မြတ် ရွှေနှုတ်တော်ထွက် တရားအချို့ကို (ပဋ္ဌာန်း သတိပဋ္ဌာန် ဓမ္မစကြာ အနတ္တလက္ခဏသုတ် မင်္ဂလသုတ် ပရိတ်တော် စသည်ကို) မိမိတို့နှုတ်တွင်းသို့ သွင်းကာသွင်းကာ ရွတ်ဆိုနေရခြင်းသည် မိမိတို့အတွက်မှာ မင်္ဂလာ ကြက်သရေရှိလေစွ၊ မြို့ရွာအူသံ မဆူညံဘဲ လူသံတိတ်ချိန်ဝယ် ဆိတ်ငြိမ်သောကျောင်းကလေး၌ လေလေညင်းတို့ တသင်းသင်း လာတုန်းမှာ ငကမ္ဘာလုံး၏ ရုပ်,

နာမ် ဝီထိအစဉ်ကိုပဋ္ဌာန်းပစ္စည်းတင်၍ ဆင်ခြင်ကြည့်ရှုရသည့်အခါ မြဲသော အရာ ချမ်းသာအစစ် အနှစ်သာရ ဘာ‌းတခုမှရှာမရဘဲ "ဤအကြောင်းတရား ကြောင့် ဤအကျိုးတရား ဖြစ်ရသည်၊ ဤအကြောင်းတရား မရှိလျှင် ဤ အကျိုးတရားလည်း မရှိနိုင်တော့ပြီ"ဟု မိမိ၏ရုပ်နာမ်နှင့် တကွ ဟုတ်မှန် သောအချက်ကို နက်နက်နဲနဲမြင်နိုင်သောကြောင့် ဗုဒ္ဓရှင်တော့် မြတ်တရား တော်များကို စဉ်းစားကြံစည်၍နေရခြင်းသည် တကယ်တန်းနိဗ္ဗာန်လိုသူမှာ ချက်ချင်းရနိုင်ဘွယ်ရာအကြောင်း ဆုတမျိုးမျိုး မျှော်ကိုးသူတို့မှာ ပါရမီ ဓာတ်ခံ ရင့်သန်ဘွယ်ရာ အကြောင်းဖြစ်၍ သြော်-အလွန့်အလွန် ကောင်း မြတ်ပေစွ တကား။

ဤသို့လျှင် မိမိတို့မှာဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်းက ပဌမအဆင့်ကံကောင်း လှပြီဖြစ်၍ ဒုတိယတဆင့်တက်ကာ အခြားဘာသာ၌မပါရှိသော အဘိဓမ္မာ ရုပ်နာမ်ဝီထိအကြောင်းနှင့် ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်နည်းကို အသီးသီး ခွဲခြားစိတ်ဖြာနိုင်ပါမူ လွန်စွာ့လွန်စွာ အကျိုးများဘွယ်ရှိရကား ဤကျမ်း၌ ညွှန်ပြမည့် ဝီထိနှင့်သုံးချက်စုများကို "ရလျှင်ပြီးရော့"ဟု သဘောမထားဘဲ ထက်သန်သောဆန္ဒဖြင့် အဓိပ္ပါယ် ဆိုရိုးကုန်အောင် စုံလင်စွာလေ့ကျက်၍ တတိယတဆင့်တက်ပြီးလျှင် လေးနက်စွာစဉ်းစားနိုင်သော ပညာရှိ သူတော် ကောင်းကြီးများ ဖြစ်ကြပါစေသောဝ်။

အရှင်ဇနကာဘိဝံသ

၃-၉-၃၀၀

ဟေတုပစ္စယော။ ။ရေသောက် မြစ်လျှင် ယဲင်းသစ်ပင်ကို စိမ်းရှင်ညွန့်ဝေ စည်ပင်စေထ ထောက်ပံ့မသို့ သဟဇာတ ရုပ်နှင့်နာမ်ကို သန္ဓေပဝတ်မလွတ်စေရ သဘာဂတာ ဆဲ့နှစ်ဖြာတွင် ကောင်းစွာခိုင်ကြည် တည်သည်၏အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားပါ တကား။

အာရမဏပစ္စယော။ ။တောင်ဝှေးကြိုးတန်း သူမစွမ်းကို မပန်းရလေထိုင်ထစေသို့ စိတ်စေစလေးတန် နာမက္ခန်ကို ဖြစ်ဟန်တူစွာ ရှစ်သဘာတွင်ဆွဲထောက်ရာအာရုံ၏ အဖြစ်တည်းဟူသော အာရမဏသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံခြောက်ပါး ပစ္စည်းတရားပါတကား။

အဓိပတိပစ္စယော။ ။စကြာဘုန်းငှ များဗိုလ်လူကို ပြိုင်သူမရှိ စိုးအုပ်ဘိသို့ ဟသိမောဟ ကြဉ်ပသည့်ဇော လောဘမူလ အငှပုညာ ကြိယာသမ္ပယုတ် လောကုတ်ရှစ်အား ဆဲ့ခြောက်ပါးတွင် ကြီးမားလွှမ်းမိုး အစိုးရခြင်းဟူသော အဓိပတိသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဆန္ဒ ဝီရိယစိတ္တ ဝီမံသာဟူသော သဟဇာတာဓိပတိလေးပါး၊ ဒုက္ခသဟ မောဟကြဉ်စိတ် ရုပ္ပ နိဗ္ဗာန် နိဗ္ဗာန်ဟူသော အာရမဏာဓိပတိ ခြောက်ပါး ပစ္စည်းတရားပါ တကား။

အနန္တရပစ္စယော။ ။ပျော်စံနတ်ရွာ စကြာမင်းဖျား သားကြီးအားသို့ အခြားမဲ့နေ စိတ်နှင့်စေကို မကွေတူစွာ ခုနစ်ဖြာတွင် သမာနဇာတ ခြားမပြတ်ဘဲ ဖြစ်စေတတ်သော အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး အနန္တရပစ္စည်းတရားပါတကား။

သမနန္တရပစ္စယော။ ။စည်းစိမ်မမက် တောကြီးထွက်သည့် စက္ကဝတ်မင်းဖျား သားကြီးအားသို့ အခြားမဲ့နေ စိတ်နှင့်စေကို မကွေပြိုင်ဘက် ခုနစ်ချက်တွင် အောက်ထက်ယာဝဲ ဝေခွဲမရှိ မိမိတမူ တူသည့်အဖြစ် ဆောင်လစ်ပမာ ကောင်းမွန်စွာလျှင် သမာနဇာတ် ခြားမပြတ်ဘဲ ဖြစ်စေတတ်သော သမနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာ ၄-ပါး သမနန္တရပစ္စည်း တရားပါတကား။

သဟဇာတပစ္စယော။ ။အလင်းဖြစ်မှု ဆီမီးပြုသည့် တန်ဆောင်မာ သဟဇာတ နာမ်နှင့်ရုပ် ဘူတုပ္ပါဒ် သန္ဓေခါလည်း ဝိပါက်ဝတ္ထု ယှဉ်းခြောက်ခု အား တူပြားအဌ္ဌ သဘာဝတွင် တကွမကွဲ ဖြစ်စေခြင်းဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘုတ် ဝတ္ထုပါက သဟဇာတဘခြောက်ပါး ပစ္စည်းတရားပါတကား။

အညမညပစ္စယော။ ။သစ်သားသုံးခု ချင်းချင်းမသို့ ဥပကာရ ထောက်ပံ့လာသော နာမ်မဟာဘုတ် ဝတ္ထုနာမ်အား တူရှစ်ပါးတွင် ထောက်ထားလှန်ပင်း အချင်းချင်းဟူသော အညမညသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်မဟာဘုတ် ဝတ္ထုပါက အညမည သုံးပါး ပစ္စည်းတရားပါတကား။

နိဿယပစ္စယော။ ။သစ်ပင်အားမြေ ထောက်ပံ့ပေသို့ နှစ်တွေ့ရုပ်နာမ် သဟဇာတ်အားရင်း၊ စိတ္တကမ္မ ပဋ္ဌပုံဟန် သတ်ဝိညာဏ်အားရင်း၊ တူမှန်သဘာဆဲ့သုံးဖြာတွင်တည်ရာမှီရာဟူသော အမိဋ္ဌာနာကာရ နိဿယကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘုတ် ဝတ္ထုပါကဟူသော သဟဇာတ နိဿယခြောက်ပါး ပဝတ္တိစု ဆဝတ္ထုဟူသော ပုရေဇာတနိဿယခြောက်ပါး ပစ္စည်းတရားပါတကား။

ဥပနိဿယပစ္စယော။ ။မိုးနှင့်မကင်း စုံခပင်းကို မိုးတွင်းခြိမ့်အုံးထစ်ချုန်းမြည်ကြိုး ရွာသည့်မိုးသို့ သုံးမျိုးပြားလတ် စိတ္တုပ္ပါဒ်အား ဆဲ့လေးပါးတွင် အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ မောဟကြည်စိတ် ဋ္ဌနိပ္ဖန် နိဗ္ဗာန်ဟူသော အာရမဏူပ နိဿယ, ရှေးရှေးသော နာမက္ခန္ဓာဟူသော အနန္တရူပ နိဿယ, ဗလဝရုပ် စိတ္တုပ်ပညတ် ဟူသော နိဿယသုံးပါး ပစ္စည်းတရားပါ တကား။

ပုရေဇာတပစ္စယော။ ။အလင်းမှီနေ များ ဗိုလ်ခြေကို ကပွဲစေ့စွာ ပေါ်လာထွန်းပ နေနှင့် လ,သို့ နောက်မှဖြစ်လေ စိတ်နှင့်စေအား တူကိုးပါးတွင် ရှေးဖျားဖြစ်၍ ပစ္စုပ္ပန္နေ ပုရေဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ, နိပ္ဖန္နရုပ်ဟူသော အာရမဏ ပုရေဇာတ ၂-ပါး ပစ္စည်းတရားပါတကား။

ပစ္ဆာဇာတပစ္စယော။ ။ဂိဗ္ဘ ပေါတက သရီရအား အာဟာရဝယ် တာတွယ်အာသာ စေတနာသို့ ပုရေဇာတ ရုပ်ဓမ္မအား မျိုးလေးပါးတွင် နောက်ပါး၌ဖြစ်သဖြင့် ထောက်ပံ့ခိုင်မာ ပစ္ဆာဇာတသတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာရှိသော နောက်နောက် ပဉ္စဝေါကာ နာမ်ခန္ဓာလေးပါး ပစ္စည်းတရားပါ တကား။

အာသေဝနပစ္စယော။ ။နောက်နောက်မှန်လေး သာလွန်မွေးအောင် ရှေးရှေးထုံထား နံ့သာလားသို့ မခြားမပြတ် မျိုးဇာတ်တူစွာ ကုသလာ ကုသလ ကြိယသဘော နောက်နောက်ဇောအား တူခြောက်ပါးတွင် ခွန်အား ဟုန်ပြင်း ယူစေလျှင်း၍ ထုံခြင်းဟူသော အာသေဝနသတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇော သတ္တ စတ္တာ:လီသ အာသေဝနသုံးပါး ပစ္စည်းတရားပါတကား။

ကမ္မပစ္စယော။ ။သစ်ပင်တို့အား မျိုးစေ့လားသို့ ကြွင်းငြားတူလတ် သဟဇာတ်နှင့် ကဋတ္တာဝိပါက် ဤနှစ်ချက်အား တဆဲ့ငါးတွင် အားပါး ထုတ်ထ လုံ့လသည်းစွာ အမူအရာဟူသောကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ် စေတနာဟူသော သဟဇာတကမ္မ၊ အတိတ် ကုသိုလ် အကုသိုလ်ခစေတနာဟူသော နာနက္ခဏိက ကမ္မနှစ်ပါး ပစ္စည်းတရား ပါတကား။

ဝိပါကပစ္စယော။ ။ချမ်းရိပ်နားနေ သွန်းလေပြေသို့ မကွေ့ဖြစ်လတ် သဟဇာတ်အား မျိုးရှစ်ပါးတွင် အင်အားချိပန်း ငြိမ်းချမ်းစေလျက် ငြိမ် သက်ခြင်းဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာ ဟူသော ဝိပါကပစ္စည်းတရားပါ တကား။

အာဟာရပစ္စယော။ ။မယိမ်းမယိုင် ခိုင်စေသောအား ထောက်သည့် ကျားသို့ နှစ်ပါးသဟဇံ ရုပ်နှင့်နာမ်အားရင်း၊လေးတန်သန္တတိ သမုဋ္ဌာနိက ရုပ်အားရင်း၊ယထာက္ကမဒ္ဒါဒသမျိုးတူတွင်ဆောင်ယူထောက်ပံ့ခြင်းဟူသော အာဟာရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ စေတနာ ဝိညာဉ်ဟူသော နာမ်အာဟာရသုံးပါး၊ အဇ္ဈတ် ဗဟိ စတုသမုဋ္ဌာနိက ဩဇာ ဟူသော ရုပ်အာဟာရ ပစ္စည်းတရားပါတကား။

ဣန္ဒြိယပစ္စယော။ ။တပြည်တွင်း၌ ချင်းချင်းမဟန့် သီးမသန့်ဘဲ ခွဲခန့် ပိုင်စား မင်းအများသို့ သုံးပါးပြားလတ် သဟဇာတ်နှင့် ဓာတ်ပဉ္စဝိညာဏ ကမ္မဇရုပ်အား တူဆွဲငါးတွင် အခြားမသွေ မိမိသို့လိုက်စေခြင်း ဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယုက ပသာဒ ရုပ်ငါးခု ဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယသုံးပါး ပစ္စည်းတရား ပါတကား။

ဈာနပစ္စယော။ ။သစ်ပင်တောင်ငူ တက်မသူသည် အောက်လူတို့အား ပြောသည့်လားသို့ နှစ်ပါးရုပ်နာမ် သဟဇံအား ဆွဲတပါးတွင် ထင်ရှား တပ်ဘပ် ကပ်၍ရှုခြင်းဟူသော အာရမဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူးပြု ခြင်း လက္ခဏာရှိသော ပဉ္စဝိဉ်ကြည် စိတ်မှာ ယှဉ်သည့် ဈာနင်ခုနစ်ပါး ပစ္စည်းတရားပါ တကား။

မဂ္ဂပစ္စယော။ ။ထိုဤမှာသို့ ဆောင်ယူပို့သည့် ကူးတို့မသွေ သဟေတု ကတ် သဟဇာတ်အား ဆွဲသုံးပါးတွင် ဖြူစင်မည်းညစ် ဤအဖြစ်မှ ပြန်လစ် ဆူလှယ် ထုတ်ဆယ်ဆောင်ယူ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူး ဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆဲ့နှစ်ပါး ပစ္စည်း တရားပါတကား။

သမ္ပယုတ္တပစ္စယော။ ။စတုမဓု ရောသည့်တူသို့ လေးဘူနာမ်အား ခုနစ် ပါးတွင် ဒလးပါးအင်္ဂါ မကွာချင်းချင်း ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တ ပစ္စည်းတရားပါ တကား။

ဝိပ္ပယုတ္တပစ္စယော။ ။ခြောက်ထွေရသာ ပေါင်းရောပါသို့ သဟဇာရု ဝတ္ထုသန္ဓေ အစထွေသား သုံးမျိုးအားကို တူငြားသဘာ ဆွဲသုံးဖြာတွင် နာနာဘာဝ မယှဉ်ကြ ဟူသော ဝိပ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဉ္စဝေါကာရ ရူပသမုဋ္ဌာနိကစိတ်ဇ သန္ဓေဟဒယ စသော သဟဇာတဝိပ္ပယုတ် ပုရေဇာတဝိပ္ပယုတ် ပစ္ဆာဇာတဝိပ္ပယုတ် ဝိပ္ပယုတ်သုံး ပါးပစ္စည်းတရားပါ တကား။

အတ္ထိပစ္စယော။ ။မြေမြင့်မိုရ်သည် ထိုထိုစိမ်းရှင် မြက်သစ်ငင်အား ထင်ရှားရှိနေ လောက်ပံ့ပေသို့ တွက်ရေကုံတံ ရုပ်နှင့်နာမ်အား ဆွဲငါးပါးတွင် ထင်ရှားရှိခိုက် အထိုက်လျော်ထ ဥပတ္ထမ္ဘက သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ်ဟူသော သဟဇာတတ္ထိ ပုရေဇာတတ္ထိ ပစ္ဆာဇာတတ္ထိ အာဟာရတ္ထိ ဣန္ဒြိယတ္ထိငါးပါး ပစ္စည်းတရားပါတကား။

နတ္ထိပစ္စယော။ ။မိုက်မှောင် ဖြစ်စေ ငြိမ်းသေလေပြီး ဆီမီးပုံသွေး ဖြစ်ခွင့်ပေး၍ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်း တရားပါတကား။

ဝိဂတပစ္စယော။ ။နေရောင်ပျောက်ကင်း လရောင်လင်းသို့ ချုပ်ကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်းတရားပါတကား။

အဝိဂတပစ္စယော။ ။ငါတို့ပျော်ရာ မဟာသမုဒ္ဒ ရေအစုတ်သို့ မချုပ်တင်းလင်း မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းပါ တကား။

ဣတိ၊ ဤသို့။ စတုဝီသတိ ပစ္စယာ၊ နှစ်ဆဲ့လေးပါး အကြောင်းတရားတို့သည်။မဟာပကရဏေ၊ အနန္တ နယ သမန္တပဋ္ဌာန်း စာတော်ကျမ်း၌။ ဋ္ဌိတာ၊ ထင်ရှားမူသေ တည်ရှိကြပေကုန်၏။

ဒိဿန္တိ ဝါစနာ မဂ္ဂါ၊ ပစ္စယုဒ္ဒေသ ဝိထိယာ။
သိဗ္ဗိတ္တ ဘော တေသံ ဘာသာ-ဋီကာ ဘာသာဘိသင်္ခတာ။

ပစ္စယုဒ္ဒေသဝိထိယာ၊ ပဋ္ဌာန်းပစ္စယ ဥဒ္ဒေသနှင့် ထုတ်ပြတလမ်း ဝိထိခင်း၏။ ဝါစနာမဂ္ဂါ၊ ရှေးရှေးကလျှင် ပို့ချစဉ်ဖြင့် ခုပင်မခန်း စာစောင်ကျမ်းတို့သည်။ ဒိဿန္တိ၊ မြန်မာတိုင်းဖြစ် အဋ္ဌကထာသစ်သို့ စနစ်မူသေ ထင်ရှားကြပေကုန်၏။ တေသံ၊ ဝိထိနှစ်ခု သုံးချက်စုဟု ချမှုမခန်း ထိုစာစောင်ကျမ်းတို့၏။ဘာသာသိသင်္ခတာ၊ခေတ်နှင့်လျော်စွာ ကိုယ့်ဘာသာဖြင့် ကောင်းစွာတီထွင် စီစဉ်အပ်သော။ ဘာသာဋီကာ၊ ဘာသာဋီကာ အမည်သာသည့် မိုရာသိပ်သည်း နိဿယည်းသည်။သိဗ္ဗိတ္တဘော၊ ဝန်းကျင်ပတ်ကုံးကမ္ပတ်ဖုံး၍ နိဂုံးအရောက် ပြီးမြောက်ပေပြီတကား။

ယဒိ အညာ ဥပဇ္ဈေဿ၊ ဠတောပိ သုခသမ္ပတာ။
တဿော ကာသံ ပဒါနာယ၊ အယံ အန္တရဓာယတိ။

ဠတောပိ၊အများမိုးလောက် ခရီးရောက်၍ ပြီးမြောက်ခဲ့ရာ ဤဘာသာဋီကာထက်လည်း။ သုခသမ္ပတာ၊ ကြည့်ရှုပိုချ လွယ်ကူလှသဖြင့် အားရဘွယ်တောင်း အကောင်းဟုသမုတ်အပ်သော။ အညာ၊ ဝိထိနှစ်ခု သုံးချက်စု၌ ဖွင့်မှုကျစ်လစ် ဋီကာသစ် တမျိုးသည်။ ယဒိ ဥပဇ္ဇေထ၊ ပညာလိုလား နောက်နောက်သားတို့ ကြိုးစားရစ်သော် အကာယ်၍ ဖြစ်ပေါ် လာအံ့။ တဿာ၊ ထိုသို့ဖြစ်ရစ် ဋီကာသစ်၏။ ဩကာသံပဒါနာယ၊ ထွန်းတောက်တင့်ရေး အခွင့်ပေးခြင်းငှာ။ အယံ၊ နှစ်ပေါင်းမြားမြောက် လွန်အားဆောက်မှ ထွန်းတောက်ထွက်လာ ဤဋီကာသည်။ အန္တရဓာယတိ၊ ရှိးရာမတွဲ တိုးကာငဲ့၍ ကပ်ဖွဲ့မနေ ကွယ်ပျောက်ရစ်ပါစေသတည်း။

ဝိထိနှင့် သုံးချက်စု ဘာသာဋီကာ ပြီးပြီ။

နေတ္တိ အကောက်လင်္ကာ

စကားချီး

ပရိယတ္တိ သာသနဟိတ အသင်းကြီး၏ စာချတန်းစာမေးပွဲ၌ နေတ္တိ ဟာရတ္ထဒီပနီကိုဘာသာရပ်အစိတ်အပိုင်းအဖြစ်ဖြင့်ပြဋ္ဌာန်းထား၏၊ မိမိသည် မြန်မာစကားပြေဖြင့် ရေးသားအပ်သော ထိုနေတ္တိဟာရတ္ထဒီပနီကို အရကျက် ဘို့ရန် အလွန်တာဝန်လေးနေ၏၊ မရပြန်လျှင်လည်း ထိမိအောင်ဖြေဆိုနိုင်ဘို့ ခဲယဉ်းမည်ကို ဘွေးမိ၏၊ ထို့ကြောင့် ထိုအချိန်၌ မိမိအတွက် တပွဲတိုးမျှ အသုံးချဘို့ရာ ဆရာတော်ဦးဗုဓ်၏ နေတ္တိဟာရတ္ထဒီပနီ အဟောင်းကိုရင်း၊ ရွှေကျင်နိကာယ ဒုတိယ သာသနာပိုင် ဖြစ်တော်မူသော ဘေးတော်ဘုရား၏ ဒီပနီသစ်ကိုရင်း အမှီပြု၍ နေတ္တိအရကောက် လင်္ကာကို ရေးသားရပါ တော့သည်။

ထို့နောက် ထိုအရကောက်လင်္ကာကိုပင် သုံးစွဲလိုသော ပုဂ္ဂိုလ်တချို့ လည်း အဆင့်ဆင့်ရေးကူး၍ အသုံးပြုနေကြောင်းကို သိရ၏၊ သို့ဖြစ်၍ အတော်အတန် အသုံးကျနေသော ထိုလင်္ကာအကောက်ကို ယခုအချိန်၌ ပျောက်ပျက်သွားမည်မှာ နှမြောစရာဖြစ်နေရကား ထိုလင်္ကာ အကောက် ကိုပင် စကားပြေအဓိပ္ပာယ်ဖြင့် တန်ဆာဆင်၍ စက်တင် ပုံနှိပ်စေရပါတော့ သည်၊ ဤလင်္ကာကိုရေးသားခဲ့စဉ်က အဋ္ဌကထာဋီကာတို့ကိုလည်း ကြည့်ရှုခွင့် မရှိပါ၊ နေတ္တိအကောက် အကျယ်ကိုလည်း ကုန်အောင်မချုံးနိုင်ပါ၊စာမေးပွဲ ဖြေနိုင်ရုံလောက်ကိုသာ အလေးထား၍ ရေးသားခဲ့ခြင်း ဖြစ်သောကြောင့် အနည်းငယ် ချို့ယွင်းမှုတွေ့သော် ပြင်ဆင်၍ရင်း မစုံလင်သည်ကို လျစ်လျူ ရှု၍ရင်း ကြည့်ရှုသုံးစွဲကြလိမ့်မည်ဟု မြော်လင့်ပါသည်။

အရှင်ဇနကာဘိဝံသ

ဤမှာပြီးဆုံး။ ။ဤ ၁၆-ပါးသော ဝောဟာရတို့၏ အခြားမဲ့၌ နယနှင့် သာသနပ္ပဋ္ဌာနကိုလည်း ဆရာတော်တို့ ပြတော်မူကြသေး၏ ဤ၌ကား ဓမ္မာစရိယအတန်း စာမေးပွဲ၌ သုံးစွဲလောက်ရုံကိုသာ ရည်မှတ်၍ ရေးသားအပ်သောလက်ာဖြစ်သောကြောင့် ထိုနယ သာသနပ္ပဋ္ဌာန တို့ကို မပြတော့ဘဲ သောဠသဟာရ အဆုံးမှာပင် နိဂုံးအုပ်ရ ပါ တော့မည်။

သဘင်စာကား။ ။အတော်ရှေးကျသော မြန်မာမင်းများ လက်ထက်၌ပင် "စာတော်ပြန်သဘင်"ဟု သာသနာဝင်ပွဲလမ်းတရပ် သတ်မှတ် တည် ရှိခဲ့၏၊ ထိုစာပြန်ပွဲကို ထိုရှေးကပင် နှစ်သက် မနှစ်သက် ၂-ဘက် ကွဲပြားခဲ့၏၊ မနှစ်သက်ဘက်က အကြောင်းပြပုံမှာ-

(၁) စာအောင်ပုဂ္ဂိုလ် ဓမ္မာစရိယ စသောဂုဏ်ပကာသနနှင့် ထိုမှ ဆက် သွယ်သော လာဘသက္ကာရကို မြှော်မြင်၍ စာသင်မှုသည် စာသင် နည်း ၃-မျိုးတွင် ဘုရားရှင်မြစ်တားအပ်သော အလဂဒ္ဒူပမာ(မြွေ ဖမ်းမတတ်ဘဲ မြွေဖမ်းသောအလမ္ပာယ်ဆရာသည် မြွေကိုက်ခံရသကဲ့ သို့သော) စာသင်နည်းဖြစ်၍ အပြစ်ရှိခြင်း။

(၂) စာမေးပွဲ၌ ပြဋ္ဌာန်းအပ်သော ကျမ်းစာမျှကိုသာ (ထိုမျှကိုလည်း ပေါက်ပေါက်ရောက်ရောက်မဟုတ် မှတ်စုမှတ်ရာမျှကိုသာ) လေ့လာ နေရသဖြင့် ဘုရားဟော ပါဠိတော်နှင့် အဋ္ဌကထာတို့ကို အသား ကျကျ အဝါးဝအောင်မလေ့လာရခြင်း။

(၃) ပြဋ္ဌာန်းသမျှ ညဝါနေ့ဝါ ကျက်စာတို့ကို နှုတ်တက်ကျက်ရသဖြင့် လေနာခြင်း အားနည်းခြင်းမှစ၍ ရောဂါအမျိုးမျိုး ရတတ်သော ကြောင့် စာမေးပွဲ အောင်ပြီးသောအခါ ဂိလာနအလုပ်ဖြင့် အရိုး ထုတ်ရတတ်ခြင်း။ (လယ်တီဆရာတော်ဘုရားကြီးကမူ မန္တလေး၌ ထင်ရှားသေးစာပြန်ပွဲကြီးကို "လူသတ်ပွဲ" ဟုပင် အမွှန်းတင်တော် မူခဲ့သည်။) ဤသို့ စသည်ဖြင့် အကြောင်းပြကြသည်။

စာပြန်ပွဲကိုနှစ်သက်သောဘက်ကလည်း နှစ်သက်စရာအကြောင်း ပြကြ၏။

(၁) စာမေးပွဲမဝင်လျှင် စာကိုကောင်းစွာမသင်လိုကြ၊ စာမေးပွဲနှင့် ဖြားယောင်းမှသာ စာကိုကောင်းစွာသင်လိုကြသည်၊ထို့ကြောင့်စာမေးပွဲဝင်သင့်သည်၊ (ငယ်ရွယ်စဉ်က ဂုဏ်လာဘ်ကိုမြှော်မြင်၍ ဝင်စေကာမူ "ရေမပြည့်ခင် ဗောင်ဗင်ခတ်သောရေအိုးသည် ရေပြည့်ဖသာအခါ ဗောင်ဗင်မခတ်ငြိမ်ဝပ်သကဲ့သို့" စာတတ်သောအခါ သူ့အသိဉာဏ်က သူ့ကို ဆုံးမပါလိမ့်မည်တဲ့။

(၂) စာမေးပွဲမဝင်သော ပုဂ္ဂိုလ်သည် (များသောအားဖြင့်) ညဝါကို သိပ်မကြိုးစားလို၊ ယခုအခါ မြန်မာနိုင်ငံ၌ဆိုးရိုး ညဝါများကား အဘိဓမ္မာဘက်၌ နိုင်ငံခြားပြိုက်ဘက် ကင်းလောက်အောင် အသိဉာဏ်ကို ဆောင်နေ၏။

(၃) စာမေးပွဲမဝင်လျှင် (များသောအားဖြင့်) ဆန်းအလင်္ကာတို့၌ ကျွမ်းကျင်မည်မဟုတ်၊ထိုကျမ်းများကား အရေးအသား အဟောအပြောမှစ၍ အရာရာအသုံးဝင်လှ၏၊ ထို့ကြောင့် စွမ်းနိုင်၍ အချိန်ရသော စာသင်သားတိုင်း စာမေးပွဲကို ဝင်သင့်ကြသည်၊ ဤသို့ စသည်ဖြင့် နှစ်သက် ဘက်ကလည်း အကြောင်းပြကြပေသည်။

လက်ရှိအခြေ။ ။ဤသို့စာပြန်ပွဲကို နှစ်သက်-မနှစ်သက် ၂-ဘက်လုံးက အကြောင်းပြပုံမှာ ကိုယ့်အယူအဆနှင့်ကိုယ် အများအားဖြင့် ဖြစ်နိုင်ကြသည်ချည်းပင်တည်း၊ လက်ရှိအနေကို စဉ်းစားလျှင်ကား ရှေ့ပိုင်းတွင် စာပြန်ပွဲမဝင်ဘက်က အရေးအသား လက်စွမ်းလက်စနှင့် စာပေပို့ချနေသည်ကို များစွာတွေ့ရ၏၊ သို့သော် ယခုလက်ရှိအချိန်မှာမူ စာပြန်ပွဲမအောင်လျှင် ထိုပုဂ္ဂိုလ်အထံ၌ စာသင်လိုသူပင် နည်းပါးရုံသာမက ထိုပုဂ္ဂိုလ်၏အရေးအသားကိုလည်း လေးစားသော စာသင်သားများ နည်းပါးဘွယ်ရှိသောကြောင့် စာပြန်ပွဲဝင်ဘို့ရန် လမ်းညွှန်ရပါတော့သည်။

သို့ရာတွင် "စာပြန်ပွဲသက်သက်ကိုသာ ကြိုးစား၍ ကျမ်းရင်း စာသား၌ကား နိုင်နင်းသူ နည်းပါးလှ၏"ဟု စာချဆရာတော် အများပင် ညည်းညူရလောက်အောင်ဖြစ်ပျက်နေသော စာပြန်ပွဲမျိုးကိုကား စာ

ပြန်ပွဲလိုလားသော ဆရာတော်များကိုယ်တိုင်ကပင် ကျေနပ်ကြမည် မဟုတ်ပါ ထိုကဲ့သို့ စာအောင်မျိုးလည်း သာသနာ့အရေးအရာဝယ် ဘယ်နေရာမှ ထယ်ထယ်ဝါဝါ မရှိနိုင်ပါ၊ ထို့ကြောင့် စာပြန်ပွဲလည်း လက်မလွတ်စေရ၊ ကျမ်းရင်းစာသားကိုလည်း နိုင်နင်းအောင် အချိန် ခေတ်နှောင်းနှောင်းကျမှ စာမေးပွဲ ဝင်ကြဘို့ သတိပေးလိုပါသည်။

မိမိကား အစိုးရပဌမကြီးအောင်ပြီးနောက် ၇-နှစ်လောက် စောင့်ဆိုင်း၍ ပါဠိတော် အဋ္ဌကထာဋီကာတို့ကို အတော်လေ့လာပြီးမှ သကျသီဟ နှင့် အစိုးရပဌမကျော်ကို ဝင်ခဲ့ပါသည်၊ ထိုမျှ အချိန်စောင့်၍ ဝင်ခဲ့ သော်လည်း ဓာတုကထာလက်ာ နေတ္တိလက်ာများကို အရကျက်ဘို့ ရေးသားခြင်းစသော ဉာဏ် ဝီရိယအပြင် အောင်မြင်ဘို့ရာ ဘုရားကို ရည်မှန်း၍ ရေတော် ပန်းတော်လှူခြင်း၊ ဘုရားရှင်၏ အပ္ပရာဇိတ ပလ္လင်တော်ဝယ် အောင်မြင်တော်မူပုံကို အာရုံပြုခြင်း စသည်ဖြင့် ကံ အသစ်ကိုလည်းအထူးပြုခဲ့ပါသေးသည်၊ ပဌမကျော်ဝင်မည့်အချိန်က သက်တော်ထင်ရှား မြတ်ဘုရားကို တမ်းတ တိုင်တယ်သော "ဥုံ နမော တေ ဝိဇေတုံ မေ" စသောဂါထာနှင့် တေးထပ်ကလေးများ ယခုတိုင် ရနေပါသေး၏၊ (ဂါထာကို ရတနာ့ဂုဏ်ရည်အဆုံးမှာရှု၊) တေးထပ်ကလေးကား-

အောင်မြေပလ္လင် အောင်ပင်လှ၌ အောင်မြင်သပ ရန်သူပုန်၊အောင် ရှင်ဘုရာ့ အရဟံဂုဏ်ဝယ်၊ မကျန်အကုန်တေဇာနှင့်၊ ဝေဆာမြင်မြင့် ဆင်းယန့်လူတယ် သတင်းပြန့်ကြူ ဆင့်ကဲသာလို့တင့်။

မြင့်ဘဲသာလို့ မြင့်ရေးပေါ်အောင် အရှင့်မြေးတော် ကျော် ကျော်သနှင့်-

မလင့်တွေးမြော် တော်လျော်သင့်ဘို့ ကော်ရော်သဖြင့်အရှင့်ထံ။

အောင်ပန်းထွေထွေ ညောင်ရေတကောင်းနှင့် အောင်စေ အကြောင်း ခွင့်တောင်းအောင်ဆုပန်။

အပ္ပရာဇိတပလ္လင်ကျုံမှာ၊ အရှင့်သဏ္ဌာန် စိတ်စဉ်ညွှတ်လို့-ထိပ်တင် တမွတ် အလွတ်ဖြိုးကြွယ်စွာ မချွတ် ကိုးကွယ်ကာ၊ အောင်ပန်း ဆင့်ဆင့်ခိုင်ပွင့်ညှာကို၊ အနိုင်ကျင့်ကာယူစမ်းမယ်ဖျလေး။

မရှောင်တန်းဖြင့် နိုင်သင့်ရာကို အနိုင်ကျင့်ကာ ယူစမ်းမယ်ဖျလေး။

ထိုကဲ့သို့ ကံ ဉာဏ် ဝီရိယဖြင့်ကြိုးစား၍ အခြေခံရမှုစာပြန်ပွဲ ဂုဏ်စုကြောင့်ပင် ကျမ်းစာရေးသားရာ၌လည်း အထိုက်အလျောက် အထမြောက်သည်ဟု ယူဆပါသည်၊ ထို့ကြောင့် မိမိ၏ နောင်လာနောက်သား တူအရွယ်စာသင်သားတို့သည် မိမိလိုပင် နှစ်ရှည်ဆိုင်းငံ့ကာ အရာရာ အခြေရအောင်ကြိုးစားကြစေလိုပါသည်။

တပွဲတိုးမှူ။ ။ခြိမ့်ခြိမ့်သဲစေသောဝ်။ ။ထိုစာပြန်ပွဲများကို ဝင်နွှဲချိန်က တပွဲတိုးမျှရည်ရွယ်၍ (တယ်ထယ်ဝါဝါမဟုတ် ဖြစ်သလို)ရေးသားခဲ့ရသော နေတ္တိ အကောက်လင်္ကာသည်ဓမ္မာစရိယတန်းစာသဘင်ဝယ် ပါဝင်သော ဘာသာတစိတ် ဖြစ်ရကဲ့ား မိမိလိုပင် တပွဲတိုး နွှဲမည့်အရှင်တို့၏စိတ်ကို နှစ်သိမ့်စေလျက် ခြိမ့်ခြိမ့်သဲမျှ အောင်ပွဲရ၍ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းထမ်းနိုင်ကြပါစေဟု ရည်ညွှန်းပြုလျက် ယခုအခါ နိဂုံးအုပ်လိုက်ပါသည်။

နေတ္တိဟာရ လင်္ကာနှင့်စကားပြေ

ပြီးပြီ။

ဓာတုကထာဆောင်ပုဒ် အကောက်လက်ာ
စကားချီး

မန္တလေးမြို့ဝယ် သက္ကျသီဟ ဘုရားအတွင်း သေဋ္ဌေး ဦးသာညွှင်း၏ ဓမ္မာရုံကြီး၌ကျင်းပသောကြောင့် "သက္ကျသီဟစာပြန်ပွဲ" ဟု ထင်ရှားသော ပရိယတ္တိ သာသနဟိတအသင်းကြီး၏ စာသင်တန်းစာပြန်ပွဲကို ဝင်ရောက်ဖြေဆိုရမည့်အချိန်က ဤအကောက်လက်ာကိုရေးသားခဲ့ပါသည်၊ ထိုအချိန်၌ မိမိဖြစ်ပုံမှာ နောင်လာနောက်သားတို့ သတိပြုစရာဖြစ်၍ အကျဉ်းချုပ်ရေးပြပါဦးမည်။

မိမိသည် သာမဏေဘဝ၌ အစိုးရပဋ္ဌမကြီးတန်းကို ဖြေဆိုပြီးနောက် "အထက်ကျမ်းစာကို နိုင်နင်းအောင် ပခုက္ကူသွားရမည်" ဟု မြောင်းမြဆရာတော်၏အမိန့်အရ ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ရဟန်း ၃-ဝါ အထိ စာဆို၍ နောက်ထပ် ၃-ဝါ စာချပြီးမှ (ရဟန်း ၆-ဝါရ၍ အစိုးရပဋ္ဌမကြီး အောင်ပြီးနှစ်ကို ထောက်လျှင် ခုနစ်နှစ်လောက်ကြာမှ) သက္ကျသီဟ စာသင်တန်းကိုဝင်ဘို့ရန် ပခုက္ကူဆရာတော်များထံ ခွင့်ပန်ပါသည်။

ထိုအခါ ယခုအချိန်ကွယ်လွန်တော်မူပြီးသော ဆရာတော်ကြီးကအမိန့်ရှိတော်မူသည်မှာ "အင်း-ယယ်ဟာ ဇာတ်ကြီးထဲလိုက်ပြီး ဇာတ်ရည်ဝမှ အငြိမ့်ကတဲ့သူလို ဖြစ်နေပြီ"ဟူ၍၊ပါဠိတော်အဋ္ဌကထာတို့၌ အတော်အတန် အချည်အချင်းရှိမှ စာသင်တန်း စာမေးပွဲကို ဝင်ရသေးသလားဟု မိန့်တော်မူလိုရင်း ဖြစ်သည်၊ သို့ရာတွင် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်က အရင်းခံဖြစ်နေသဖြင့် အကြောင်းအားလျော်စွာ ကျေနပ်စွာ ခွင့်ပြုတော်မူလိုက်ပါသည်။

မန္တလေးရောက်သော်ကား "ပခုက္ကူ စာချဘုန်းတော်ကြီးတပါး သက္ကျသီဟ ဝင်လာသတဲ့ "ဟူသောဂယက်နှင့် "ပခုက္ကူ စာချပေမဲ့ မန္တလေးကတော့ ရမှာမဟုတ်ပါဘူး" ဟူသောဂယက်သံသည် မိမိအထံသို့ ပဲ့တင် ပြန်လာပါတော့သည်၊ ထိုသို့ ချီးမြှောက်မှုနှင့် ဖိနှိပ်ရန် ၂-မျိုးသော ပဲ့တင်သံသည် မိမိအား မပေါ့မဆ သတိရအောင် နှိုးဆွသကဲ့သို့ ဖြစ်နေတော့၏၊ မိမိယ်စဉ်ကစ၍ ကိန်းဝပ်နေသော ဝါဒလည်း "မိမိအား လိုလားသူများ၏

စိတ်ကို ကျေနပ်စေလျက် မလိုလားသူတို့၏ဖိနှိပ်မှုကို (အတုံ့မပြန်) အလုပ်ဖြင့်ခံမည်”ဟု ဖြစ်၏။ ထိုသို့ဖြစ်စေမှုလည်း စိတ်ရှိရုံမျှဖြင့်မပြီး မှန်မှန်ကြိုးကြိုးစားမှသာ ထမြောက် အောင်မြင်နိုင်ရကား....

“သော အပ္ပမတ္တော အကုဒ္ဓေါ၊ တာတ ကိစ္စာနိ ကာရယဲ။
ဝါယမသ္မသကိစ္စေသု၊ နာလသော ဝိန္ဒတေ သုခံ။
တတ္တော ဝေ တော ဝတ္တာပဒါ၊ သော၀ အနုသာသနီ။
အလံမိတ္တော သုခါပေတုံ၊ အမိတ္တာနံ ဒုခါယစ။

ဟူသော တေသကုဏဇာတ်တော်နှင့်အညီ ကြိုးစား ရမည်သာ ဖြစ်၏။

ထို့ကြောင့် ယခု နေရာ မဟာဂန္ဓာရုံတိုက်မှာပင် ၄-လခန့် အနားယူ၍ သကျသီဟ စာသင်တန်းစာများကို ကြိုးစားစဉ် ဓာတုကထာ ဆောင်ပုဒ်များ၏ “(စ)အရ ၂၆ (ဖော)အရ ၂-ပါး” စသောသင်္ချာများနှင့် သင်္ချေယျ အရကောက်တို့ကို မှတ်ဘို့ရာ လွန်စွာ တာဝန်ကြီးနေတော့၏၊ ထိုအချက်များကိုလည်း ရှေးမေးခွန်းဟောင်းများတွင် ပါဝင်လျက်ရှိရကား (ကျရှုံးမှုကိုမဆိုထားဘိ အောက်ကကျ ဂေဇက်ပါလာလျှင်ပင် ဆရာအရှင်များနှင့် အကျိုးလိုလားသော သီတင်းသုံးဘော်များအတွက် မျက်နှာပျက်ဘွယ် ဖြစ်နေသော မိမိမှာ)ပြဿနာချက်အားလုံးကို အပြည့်အစုံ လေ့လာပြီး ဖြစ်နှင့်အောင် ကြိုးစားရမည်ဖြစ်သောကြောင့် ထိုဆောင်ပုဒ်များ၏ အရကောက်ကို ဖြစ်သလိုလင်္ကာသွားဖြင့် အရဈေက်ဘို့ ရေးသားရပါတော့သည်။

ထိုစာမေးပွဲ ထမြောက် အောင်မြင်ပြီးနောက် အခါအခွင့် အလိုက် ဓာတုကထာချသည့်အခါ ထိုလင်္ကာများသည် အတော် အသုံးဝင်လာ၏။ ဝင်ပုံကား“ဒသာယတနာ သတ္တရသ ဓာတုယော” စသော ဥဒ္ဒါန်းဂါထာကို ရလျှင် တနယမှ တနယအကူး တခဏ်းမှ တခဏ်းအကူး၌ ထိုဂါထာနှင့် ထိုလင်္ကာကိုကြည့်၍ အကောက်စာအုပ် မကြည့်ဘဲ စစ်တတ်လာ၏၊ ဥပမာ-ဒုတိယ နယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုဒုတိယ နယ နိဒ္ဒေသ၌လည်း (“သနိဒဿန သပ္ပဋိဃ” စသည်ကို သတိထား၍) အဗ္ဗန္တရ ဗာဟိရ မာတိကာ နိဒ္ဒေသ ၂-ပါး ပြားကြောင်း အဗ္ဘန္တရ၌လည်း အာယတန နိဒ္ဒေသ

ဓာတုနိဒ္ဒေသ စသည် ပြားကြောင်း အာယတနနိဒ္ဒေသ၌လည်း (အာဓာတ် ဩဠာရိကဓာတ်ကဲ့သို့ သြဠာပေသာဒ စသည်ကြည့်၍) စက္ခာယတနနိဒ္ဒေသ စသည်ဖြင့် ၁၀-ပါး ပြားကြောင်း သိနိုင်၏။

ထို့ပြင် စက္ခာယတနနှင့် အလားတူပုဒ်ပေါင်း ၂၅-ပါးကား မည်သည့်ပုဒ်များဟု သိနိုင်သဖြင့် စက္ခာယတနတပုဒ်၏ ဆိုရိုးအတိုင်း စာအုပ်မကြည့်ဘဲ ထို၂၅ ပုဒ်ကို ဆိုရိုးကျအောင် ဆိုနိုင်၏၊ ဤသို့ အသုံးဝင်သဖြင့်လည်း စာချစာသင် တော်တော်များပင် သုံးစွဲနေရကား ထိုလက်ဟောင်းကလေး ပျောက်မသွားအောင် (လက်ဟော၏အဓိပ္ပာယ်ကိုပါ မဟာဂန္ဓာရုံတိုက်၏ စာချဘုန်းကြီးတပါးဖြစ်သော ဦးစန္ဒောဘာသ အစိုးဓမ္မာစရိယကို ရေးသားစီစဉ်စေကာ) စက်တင်ပုံနှိပ်စေရပါသည်။

အရှင်ဇနကာဘိဝံသ

အရှင်ဇနကာဘိဝံသ၏ အမှတ် (၆) ကျမ်းစာ
ကိုယ်ကျင့်အဘိဓမ္မာ၊ အချီနိဒါန်း

ပဇာ သဗ္ဗာ သုဿယန္တု၊ ဝုဋ္ဌဟန္တု သုမင်္ဂလာ။
ဒူသေန္တု ဒုဂ္ဂတိံ ဂါမိံ၊ ပူရေန္တု သဗ္ဗပါရမိံ။

ပဇာသဗ္ဗာ၊ ကိုယ်စီကိုယ်င ကိုယ့်ဒေသ၌ ပျော်ကြစပ်ရာ သတ္တဝါဟူသမျှ တို့သည်။ သုဿယန္တု၊ အိပ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေသတည်း။ သုမင်္ဂလာ၊ မင်္ဂလာကြက်သရေ ယှက်ဝေ လန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်၍။ ဝုဋ္ဌဟန္တု၊ ကောင်းစွာမိုးသောက် အလင်းရောက်လျက်ထမြောက်နိုးကြွားနိုင်ကြပါစေသတည်း။ ဒုဂ္ဂတိံ ဂါမိံ၊ အပါယ်ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို။ ဒူသေန္တု၊ သူတော်လက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေသတည်း။ သဗ္ဗပါရမိံ၊ အလေ‌ာင်းအလျာ ဖြည့်ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီ အပေါင်း အကျင့်ကောင်းကို။ ပူရေန္တု၊ တဆင့်ထက် တဆင့် ရင့်ထက်ရင့် အောင် မလင့်ပုံသေ ဖြည့်ကျင့်နိုင်ကြပါစေသတည်း။

ယခုခေတ်၏ အဖြစ်အပျက်ကို လေးနက်စွာစဉ်းစားသောအခါ များစွာ သော လူသတ္တဝါတို့၌ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မစိုရ်တရားများ ကွယ်ပျောက်၍ သွေ့ခြောက်နေသကဲ့သို့ထင်ရလေသည်၊ ထိုသူတို့၏ ခြောက် သွေ့သွေ့ အပူဓာတ်သည် သူတော်ကောင်းတို့၌ပင် အရှိန်ဟပ်သဖြင့် သွေ့ ခြောက်လုမတတ် ရှိရပေပြီ။

အပူဓာတ်ဆိုတာဘာလဲ။ ။ထိုအပူဓာတ် ဟူသည်လည်း တယောက်နှင့် တယောက် မညှာတာနိုင်အောင်ဖြစ်နေသော လောဘ ဒေါသ မာန်မာနနှင့် ဣဿာ မစ္ဆရိယ စသည်တို့ပင်တည်း၊ ထိုအပူဓာတ်သည် ယခုဘဝတွင်သာ ခြောက်စေသည်မဟုတ်၊ သံသရာတလျှောက် နောက်နောက် ဘဝ၌လည်း ခြောက်ကပ်စေလိမ့်မည်သာ၊ ထို့ကြောင့် ထိုအပူဓာတ်တွေကို ယခုဘဝက စွန့်နိုင်သမျှ ငြိမ်းသတ်လျက် မြင့်မြတ်သောစိတ်ထားဖြင့် မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မစိုရ်အဓာတ်ကို မပြတ်စိမ့်စိုအောင် ကြိုးစားသင့်ကြ ပေသည်။

သံသရာဆိုတာဘာလဲ။ ။"သံသရာတလျှောက်" ဟူသော စကားအရ "သံသရာဆိုတာ ဘာလဲ"ဟု စဉ်းစားဘွယ်ရှိ၏၊ သတ္တဝါတို့ တည်နေရာ ဤကမ္ဘာလောကကြီးကို "သံသရာ"ဟု ခေါ်သည်။ (သံ- ဆက်စပ်လျက်+သရ- ဖြစ်ခြင်း။)

လူ,နတ်,ဗြဟ္မာဆိုတာဘာလဲ။ ။စိတ် စေတသိက် ၂-ပါးကို နာမ်တရားဟု ခေါ်၏၊ ထိုနာမ်တရားနှင့် ရုပ်တရားတို့ပေါင်းစပ်၍ ဆက်ကာဆက်ကာ ဖြစ်ပျက်နေသော အစဉ်အတန်းကိုပင် လူ,နတ်,ဗြဟ္မာဟုရင်း၊ပုဂ္ဂိုလ်သတ္တဝါ ငါ, သူ, ယောကျာ်း, မိန်းမ(အထီး အမ)ဟုရင်း ခေါ်ကြရသည်။ စင်စစ်မှာ ရုပ်နာမ် ၂-ပါးကို ဖယ်ထားလိုက်လျှင် လူ, နတ်, ဗြဟ္မာ သတ္တဝါဟူ၍ သီးခြားမရှိတော့ချေ။

ရုပ်,နာမ်တို့ ဘာကြောင့် ဖြစ်ကြသလဲ။ ။ရုပ်,နာမ် တရား အစုတို့၏ ဆက်ကာ ဆက်ကာ ဖြစ်ပျက်နေခြင်း မှာလည်း အကြောင်းမဲ့ သက်သက် ဖြစ်ပျက်နေကြသည်မဟုတ်၊ မိမိတို့အပြင်ဘက်မှာ အမြဲ တွေ့ကြုံနေရသော အာရုံများနှင့် မိမိတို့သန္တာန်ဝယ် ရှေးရှေးကဖြစ်နှင့်သော ကံများကြောင့်သာ ရုပ်နာမ်တရားတို့ ဆက်လက်ဖြစ်ပွားနေကြသည်၊ ထို့ကြောင့် ရုပ်နာမ်ဖြစ်ဘို့ရာ အပြင်ဘက်က အာရုံအကြောင်း, ရှေးရှေးက ကံအကြောင်းဟု အကြောင်းနှစ်မျိုးရှိလေသည်။

အရေးကြီးသော အကြောင်း။ ။ထိုနှစ်မျိုးသော အကြောင်းတို့တွင် အပြင်ဘက်၌ တွေ့ကြုံကြရသော အာရုံအကြောင်းများသည် အတွင်းစိတ် အမျိုးမျိုးဖြစ်အောင် အရိပ်အရောင် ပြရုံမျှသာဖြစ်၍ အရေး မကြီးလှ၊ ကောင်းကောင်းဆိုးဆိုး အပြင်အာရုံမျိုးနှင့်တွေ့ရာဝယ် မိမိ၏အတွင်းစိတ် ကောင်းမွန်ဘို့သာ အရေးကြီးပေသည်။

ဆိုလိုရင်းကား- "မိမိတို့ အတွင်းစိတ်က အမြဲ ကောင်းမွန်နေပါမူ, နောက်နောက်ဘဝ၌ ဖြစ်သမျှရုပ်နာမ်တို့ အကောင်းအမွန်ချည်းသာ ဖြစ်ရပေမည်၊ တဘဝပြောင်းသော်လည်း စိတ်ကောင်း ရုပ်ကောင်း (လူ, နတ်, ဗြဟ္မာ သတ္တဝါအကောင်း)ချည်းဖြစ်ရမည်၊မိမိတို့၏အတွင်းစိတ်က ယုတ်မာဆိုးဝါးနေပါမူ (ရှေးရှေးတုန်းက စိတ်ကောင်းအတွက် ယခုဘဝကောင်း

လျက် ရှိနေပါသော်လည်း) နောက်နောက်ဘဝတို့၌ စိတ်ဆိုးရုပ်ဆိုး (ငရဲ, ပြိတ္တာ, တိရစ္ဆာန်မျိုး) ချည်းသာ ဖြစ်ရမည်”ဟု ဆိုလိုသည်။

ယောနိသောရှိမှစိတ်ကောင်းရ။ ။ယောနိသောရှိမှလည်း စိတ်ကောင်း နှလုံးကောင်းရနိုင်ပေမည်၊ တွေ့ရကြုံရကိစ္စ၌ သင့်တော်အောင် နှလုံးသွင်း လေ့ရှိမှုကို “ယောနိသော မနသိကာရ”ဟု ခေါ်၏။ ယ ခုကာလ၌ မနသိ ကာရကိုဖြုတ်၍ “ယောနိသော”ဟု ပြောကြသည်၊ ထိုကဲ့သို့ သင့်တော် အောင်နှလုံးသွင်းမှု (ယောနိသော) ရှိလျှင် အကုသိုလ်စိတ်(မကောင်းစိတ်) မဖြစ်ဘဲ စိတ်ကောင်းချည်းသာဖြစ်သည်၊ ယောနိသောမရှိလျှင် စိတ်ကောင်း ဖြစ်လောက်သော ကိစ္စများ၌ပင် စိတ်မကောင်းဖြစ်နေတတ်၏၊ ထို့ကြောင့် များစွာသော ရှင်လူ အပေါင်းတို့ စိတ်ကောင်းရဘို့ရာ “ယောနိသော” သာလျှင် အရေးကြီးဖြစ်ပေသည်။

အကြောင်းအာဆက်ဆက်။ ။ယောနိသောရှိခြင်း မရှိခြင်းတို့အကြောင်း များကား စာကောင်းပေကောင်း ကြည့်ရှုခြင်း မကြည့်ရှုခြင်း၊ ပညာရှိထံ နည်းခံခြင်း မခံခြင်းများတည်း၊ စာကောင်း ပေကောင်းကိုကြည့်ရှုလေ့ရှိသူ ပညာရှိသူတော်ကောင်းထံ နည်းခံလေ့ရှိသူ (ပညာရှိ သူတော်ကောင်းနှင့် ပေါင်းလေ့ရှိသူ)ဖြစ်လျှင် အကြားအမြင် တိုးပွား၏၊ ထိုသို့အကြားအမြင် တိုးပွားသူမှာ “ငါ့သန္တာန်၌ အမြဲ စိတ်ကောင်းဖြစ်စေမည်”ဟု အဓိဋ္ဌာန် ထားလျှင် တွေ့ရကြုံရအာရုံများ၌ ယောနိသောရှိတတ်၏၊ စာကောင်း ပေကောင်းများကိုလည်း မကြည့်ရှု ပညာရှိသူတော်ကောင်းထံလည်း နည်း မခံယူသူသည် အကြားအမြင်နည်းပါး၍ စိတ်ထားမတတ်ဘဲ ရှိလေသည်။

၁။ ထို့ကြောင့် တွေ့ရကြုံရကိစ္စစု၌ ယောနိသောရှိသဖြင့် သင့်တင့် အောင်နှလုံးသွင်းကာ အရာရာ၌ပြဟ္မစိုရ်တရားလက်ကိုင်ထားလျက် ကြီးမား သောစိတ်သဘောထားရှိသူ အပေါင်းအသင်းဆန့်သူ ဖြစ်စေလိုခြင်း။

၂။ ချမ်းသာရှင်မြူး ရာထူးဂုဏ်သိရ် စည်းစိမ်တိုးတက်နေသည်ဖြစ်စေ, တစုံတခု ပျက်စီးမှုကြောင့် ဆင်းရဲဒုက္ခ ရောက်နေရသည် ဖြစ်စေ, စိတ်နေ မပြောင်း စိတ်ကောင်းမပျက် စိတ်စက်တည်ကြည် တည်တည် တံ့တံ့နှင့် ခံ့ခံ့ကြီး နေနိုင်စေလိုခြင်း။

၃။ နောက်ဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝ တိုင်အောင်ဘဲပြောင်ပြောင် လက်လက်နှင့် အဆက်ဆက်တန်းမြင့်ဘို့ရာ ယခုဘဝကပင် ဒါန သီလစသော လက်လှမ်းမှီရာ ပါရမီကောင်းမှု ကုသိုလ်စုကို ကြိုးစားနေသူဖြစ်စေလိုခြင်း။

ဤ ၃-ချက်ကို အရင်းထား၍ များစွာသော လူအပေါင်းတို့ ကိုယ်ကျင့် ကောင်းဘို့ရာ ကိုယ်ကျင့်အဘိဓမ္မာဟူသော နာမည်ဖြင့် ကျမ်းသစ်တစောင် ဖန်တီးရပေသတည်း။

ထောက်မှန်ပေါ်တွင်၊ ကိုယ့်အသွင်ကို၊ ဆင်ပြင်လို့မူ၊ နေ့စဉ်ရှုသို့၊ ယခု ဤကျမ်း၊ မှန်လိုမှန်း၍၊ ရှုစမ်းစေချင်၊ ကိုယ့်ဖြစ်အင်ကို၊ ဆင်ခြင်လေကွဲ့၊ နေ့စဉ်တဲ့။

အချိန်ဒါန်း ပြီးပြီ။

ကိုယ်ကျင့်အဘိဓမ္မာ ကျမ်းပြီးနိဂုံး

ကိုယ့်တာဝန်။ ။ဤမျှလောက်သော စကားအစဉ်ဖြင့် ကိုယ်ကျင့်တရား သိဘွယ်များကို နားလည်လောက်ကြပေပြီ၊ တတ်သိ နားလည်မှုမှာ ကျမ်း စာ၏တာဝန်ဖြစ်၏၊ တတ်သိနားလည်သည့်အတိုင်း သတိထားမှု စောင့်စည်း မှု ကြိုးစားမှုတို့ကား ကျမ်းစာရှုသူတို့၏ တာဝန်ဖြစ်၏၊ "ယခုအခါ ကျမ်း စာ၏တာဝန် ကြေပွန်လောက်ပြီဖြစ်၍ ကျမ်းစာရှုသူတို့၏ တာဝန်သာ လို တော့သည်။"

အသိနှင့်ကိုယ်ကျင့်။ ။အသိသည်အသိသာ ကိုယ်ကျင့်မဟုတ်၊ သိတိုင်း မကျင့်လျှင် သိနေရုံဖြင့်အကျိုးမရ၊ ကျမ်းစာတို့သည် သိအောင်သာ ညွှန်ပြ နိုင်ကြ၏၊ ကျင့်၍မပေးနိုင်ကြ၊ ယခုကာလ စာပေလိုက်စားသူ အဆုံးအမ များများခံရသူတို့သည် အသိမနဲကြချေ၊သို့သော် ထိုသိသူများတွင် အထိုက် အလျောက်စောင့်စည်းသူ သတိထားသူကား အလွန်နည်းပါးလှ၏၊ထိုကဲ့သို့ လူစားတွေ ပေါများ၍နေသော ဤလောကကြီးဝယ် လူကောင်းသူကောင်း များပင် စိတ်ကောင်းထားဘို့ ခဲယဉ်းလေတော့သည်။

မှန်၏၊ ဒါနပြုရာမှာပင် ပကာသနံဒါနတွေ ပေါများရကား ဒါနအစစ်ပြုလိုပါလျက် ပတ်ဝန်းကျင်အခြေအနေကြောင့် မိမိလည်း ပကာသနဒါနကို ပြုရတော့သဖြင့် သူတော်ကောင်းစစ်စစ်တို့၏ သွားလမ်းကြောင်းဖြစ်သော ဒါနပါရမီလမ်းကို ဖြောင့်တန်းအောင် မလိုက်နိုင်တော့၊ ထိုပကာသနဒါနပြုသူများလည်း ပကာသန ဒါန၏ အကျိုးမရကြောင်း၊ (ရသော်လည်း အကျိုးနည်းကြောင်း)ကို သိကြ၏၊ သို့သော် ဂုဏ်ပကာသနကို မက်သော တဏှာ၏စနက်ကြောင့် သိပါလျက် မသိသူတို့၏ အလုပ်ကိုပင် လုပ်ကြလေတော့သည်။

ကျားစေဦးလဲအကြောင်း

ဟိတောပဒေသ၌ ကျားအိုကြီးစဉ်းလဲပုံကို ဝတ္ထုလုပ်၍ပြထားသည်မှာ အသိနှင့်ကိုယ်ကျင့် တခြားစီဖြစ်၍နေကြောင်း ထင်ရှားစေတော့၏၊ ကျားကြီးကား အတော်အိုနေပြီ၊ ရှေးကလို သားကောင်များကို လျင်လျင်မြန်မြန် မဖမ်းနိုင်တော့ချေ၊ သို့ဖြစ်၍ တနေ့သ၌ တောသွား တောလာတို့ ကြားလောက်အောင် ဟစ်အော်သည်မှာ–

"အို–အို ခရီးသွားတို့.... ဤရွှေလက်ကောက်ကို ယူလှည့်ပါကုန်။"

ထိုစကားကို ခရီးသွားတယောက်ကြား၍ အနားလာပြီးလျှင် "ဘယ်မှာလဲ ရွှေလက်ကောက်"ဟု မေးသဖြင့် ကျားအိုကြီးက လက်ကိုဖြန့်၍ ရွှေလက်ကောက်ကိုပြသောအခါ ခရီးသည်က "သူများအသက်ကို သတ်ဖြတ်စားသောက်လေ့ရှိသော အသင်၏အနား၌ ဘယ့်နှယ်လုပ်ပြီး အကျွမ်းတဝင် ယူဝံ့ပါမည်လဲ"ဟု ပြောလေသော်–

ကျားကြီးကပြောသည်မှာ– ကျွန်ုပ်ငယ်ရွယ်စဉ်က တရားကိုနားမလည်၍ သူများကိုသတ်ဖြတ်ခဲ့၏၊ ထိုသို့ သူများကို သတ်ခဲ့မိ၍ "ကာလဝိပါက်နောက်ပိုးတက်"သဖြင့် ကျွန်ုပ်သမီးနှင့်မယားဆုံးလို့ သံဝေဂဖြစ်နေတုန်းမှာ သူတော်စင်နှင့်တွေ့၍ "ယနေ့ကစပြီး အလှူဒါနပြုလျက် တရားကျင့်လော့"ဟု ဩဝါဒပေးခဲ့သောကြောင့် ထိုဩဝါဒအတိုင်း လိုက်နာနေထိုင်သူဖြစ်ပါတယ်၊ကျွန်ုပ်ရဲ့လက်သည်း ခြေသည်းနှင့်သွားများလဲ လျော့ကျကုန်သည်ဖြစ်၍ အဘယ်မှာ ကြောက်ရွံ့စရာ ရှိပါတော့မည်လဲ။

ကျွန်ုပ်မှာ လောဘဆိုလို့ အလွန်နည်းပါးနေပါပြီ၊ ကျွန်ုပ်၏လက်မှာရှိနေသော ဤရွှေလက်ကောက်ကို တစုံတယောက်အား ပေးချင်နေတာကိုကြည့်ပါတော့၊ သည်တော့ကာ– ကျွန်ုပ်က ဘယ်မှာသင့်ကိုသတ်ဖြတ်တော့မည်လဲ၊ ကျွန်ုပ်ကြားဘူးသောတရားစုမှာလဲ။

"သူများမယားကို ကိုယ်၏ မိခင်လို သဘောထား၍ သူများဥစ္စာကိုကျောက်ခဲသလဲများလိုသဘောထားပြီးလျှင် သတ္တဝါဟူသမျှတို့ကို ကိုယ်နှင့်မခြားအောင် စိတ်ထားနိုင်မှ ပညာရှိသူတော်ကောင်း"ဟု မိန့်ဆိုချက်ရှိလေတော့ ကျွန်ုပ်လို တရားသိသူတော်ကောင်း တယောက်က အဘယ်မှာ သူ့အသက်ကို သတ်ရက်တော့မှာလဲ၊ သို့ဖြစ်၍ "ဤရေအိုင်မှာ ရေဆင်းချိုးပြီးစင်စင်ကြယ်ကြယ်နှင့် ကျွန်ုပ်လက်ကောက်ကို အလှူခံပါ"ဟု ပြောလေသော်ထိုစကားကိုယုံကြည်သော ခရီးသွားသည် ရေချိုးရန် ဆင်းလျှင် ဆင်းချင်းညွန်နစ်လေ၏၊ ထိုအခါ သူတော်စင်ကျားကြီးက "ဟား ဟား ညွန်ထဲနစ်နေသူကို ကျွန်ုပ်ဆယ်ပါမယ်"ဟု ပြောပြောဆိုဆို အနားကပ်ကာ သတ်စားလေသည်။

ဤပုံဝတ္ထုကိုထောက်၍ အသိသည်အသိမျှသာဖြစ်ကြောင်း သိသလောက်ကိုယ်ကျင့်တရားမရှိလျှင် ကျကျနန ယုတ္တိ ယုတ္တာနှင့် စဉ်းလဲတတ်သဖြင့်မသိ၍ ဆိုးဝါးနေသူတို့ထက်ပင် ကြောက်ဘွယ်ကောင်းကြောင်းကို နားလည်ကာ ဤကျမ်းစာရှုသူတို့မှာ သိရုံနှင့်မပြီးကြဘဲ သိသည့်အတိုင်း ကိုယ်ကျင့်ကောင်းသူများချည်း ဖြစ်ကြစေလိုကြောင်းကို ဆုမွန်ကောင်းတောင်းလျက်ထပ်လောင်း၍ သတိပေးရပါသတည်း။

ကျမ်းစာမှတ်ထုံး ကမ္ပတ်ဖုံး၍ နိဂုံးအရာ အကျဉ်းမှာပိမ့် ခုခါမျက်မြင်လူရောရှင်တို့ ပြည်ခွင်နိဗ္ဗာန် ဝင်ဘို့ရန်ဟု မိဌာန်မနော စိတ်ကြံစောလည်းသဘောရင်းနစ် အတွင်းစစ်က သစ်သစ်လွင်လွင် မဖြူစင်သော် ခေမင်ရွှေပြည် ဝေးဦးမည်ကြောင့် ငါသည်ရင်း ငါ့အပေါင်းနှင့် ငါ့နှောင်ငယ်သားအစထား၍ တရားယူလို များလူဗိုလ်တို့ နဂိုရ်မြင့်မြင့် အလိုတင့်အောင်ကိုယ်ကျင့်အဘိဓမ္မာ ဤကျမ်းစာကို ကောင်းစွာစေ့ငု တွေ့တိုင်းရှု၍ စိတ်မှု

စုံလင် အကုန့်ပြင်မှ ဂုဏ်အင်ပြည့်မော် ဘေးလောင်းတော်တို့ ပျော်စံလေရာ ပြည်ခေမာဝယ် ရှစ်ဖြာရိပ်ဖြူ ဘိသိက်ယူလျက် နိဗ္ဗူနန်းမြင့် အောင်ခန်း ဖွင့်ဘို့ အောင်သင့်အောင်ကြောင်း အောင်တပ်ပေါင်းနှင့် အောင်မောင်း ဆော်ဟီး အောင်စည်တီးသည် အောင်ကြီးအောင်ရ မည်သာကို။

ကိုယ်ကျင့်အဘိမ္မောပြီးပြီ။

အရှင်ဇနကာဘိဝံသ၏အမှတ်(၂၄)ကျမ်းစာ
ဋီကာကျော်နိဿယနိဒါန်း

နတ္ဘာနာထံ ကရိဿာမိ၊ ဝိဘာဝနိယ ဝဏ္ဏနံ။
ဗျာချာနံ ဂုရုနံ မယှံ၊ ဝါစနာမဂ္ဂနိဿိတံ။

နာထံ၊ ဂုဏ်တော်ကိုမှတ် ရှိခိုးအပ်သည့် သုံးရပ်ရတနာ မြတ်ဆရာကို။ နတွာ၊ ကျမ်းပြီးလွယ်ကြောင်း ဆုမွန်ကောင်းကို တောင်းကာရည်စူး ရှိခိုးဦး၍။ ဂုရုနံ၊ ကျောက်ထီးတမျှ လေးစားရသည့် ငါ့ကျေးဇူးရှင် ဆရာသခင်တို့၏ရင်း။ မယှံ၊ ဆရာတို့နည်း နိဿယည်းကို မှီး၍နည်းယူကျမ်းပြုသူ၏ရင်း။ ဝါစနာမဂ္ဂနိဿိတံ၊ နှစ်ပေါင်းများ ဖြင့်ပို့ချစဉ်က ရေယဉ်သို့စီး ကောင်းစွာမှီးသော။ ဗျာချာနံ၊ နိဿယည်းဝယ် အဓိပ္ပါယ်ဖြင့် ချယ်လည်ကျစ်လစ် အကျယ်ဖြစ်သော။ ဝိဘာဝနိယဝဏ္ဏနံ၊ အဘိဓမ္မတ္ထဝိဘာဝနီ နာမည်ထင်ပေါ် ဋီကာကျော်၏ ခေါ်ဝေါ်တင့်ဆန်း ✎အဖွင့်ကျမ်းကို။ ကရိဿာမိ၊ ဆရာသီးသီး နည်းစုံမှီး၍ အပြီးတိထွင် စီရင်ပါအံ့သတည်း။

ဤနိဿယကိုစီစဉ်ရခြင်း

"အဘိဓမ္မတ္ထ ဝိဘာဝနီ"မည်သော ဤဋီကာကျော်သည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ်သော်လည်း သင်္ဂြိုဟ်ကျမ်းလာ သဘာဝဓမ္မတို့ကို သေချာစွာဖွင့်ပြသော ကျမ်း မဟုတ်ပါချေ။ အဘိဓမ္မာပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာဋီကာကျော် ကျမ်းဆရာမှာ တာဝန်မရှိပါပေ။ သို့သော် ဝါကျအနေအထား စာအရေးအသားကောင်းသော ကျမ်းစာဖြစ်သောကြောင့် မြန်မာနိုင်ငံ ဆရာအဆက်ဆက်တွင် ဤကျမ်းကို ဂရုတစိုက် သင်ယူပို့ချခဲ့ကြလေသည်။

မိမိလည်း ဤဋီကာကျော်ကို မလွဲသာ၍ ပို့ချရသောအခါ "ချနည်း နိဿယကစောင်အဖတ်တင်ရစ်စေတော့"ဟု သဘောထား၍ စာဆိုသော ပုဂ္ဂိုလ်များကို ရေးသားစေပါသည်။ မည်သည့် နိဿယမဆို နိဿယချည်း ရေးလျှင် တချို့အရာ၌ အဓိပ္ပါယ်သိဘို့ ခဲယဉ်းသောကြောင့် အဓိပ္ပါယ်ပါ ရေးလေ့ရှိသည့်အားလျော်စွာ ဤဋီကာကျော်နိဿယ၌လည်း ထိုက်သင့်သမျှ အဓိပ္ပါယ်ကိုရေးသားထားပါသည်။ သို့သော်အဘိဓမ္မတ္ထသင်္ဂြိုဟ်၏အဓိပ္ပါယ်

အကျယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြခဲ့ပြီးဖြစ်သောကြောင့် ထိုအဓိပ္ပါယ်များအတွက် သင်္ဂြိုဟ်ဘာသာဋီကာကို ညွှန်ပြလျက် ဋီကာကျော်၏အဓိပ္ပါယ်ကို ခပ်ကျဉ်းကျဉ်းဖော်ပြကာ သင်ယူပို့ချရာ၌ ပေါ့ပါး လွယ်ကူအောင် စီစဉ်ထားပါသည်။

၁၃၂၄ ခု၊ တပေါင်းလ။ အရှင်ဇနကာဘိဝံသ

ဋီကာကျော်နိဿယ-နိဂုံး

ကျမ်းပြီးနိဂုံး။ ။အဘိဓမ္မာ အဋ္ဌကထာနှင့် မူလဋီကာကို ပေါက်ရောက်အောင် မသင်ဘူးလျှင်ရင်း,အဘိဓမ္မာဉာဝါကို ဝိထိသုံးချက်စုနှင့်တကွ ကုန်အောင်မဆိုဘူးလျှင်ရင်း ဋီကာကျော်ရုံမျှဖြင့် အဘိဓမ္မာ ကျွမ်းကျင်သူ မဖြစ်နိုင်ဟုယူဆပါသည်။ အဘိဓမ္မာဉာဝါများနှင့် အဘိဓမ္မာပါဠိတော် အဋ္ဌကထာဋီကာတို့ကို သေချာစွာသင်ယူဘူးလျှင်လည်း ဤဋီကာကျော်ကို သင်ဘို့မလိုတော့ပါ၊ ထိုကြောင့် ဋီကာကျော်၏ အဖွင့်ကို ရေးသားလိုသော ဆန္ဒမရှိလှပါ၊ သို့ရာတွင် ယခုခေတ်စာသင်နည်းမှာ တကယ်တတ်သိဘို့ထက် စာမေးပွဲတွေအောင်ဘို့က ပဓာနလိုဖြစ်နေသောကြောင့် ထိုကဲ့သို့ ပုဂ္ဂိုလ်များသည် ဋီကာကျော်လောက်ကိုပင် ပြီးဆုံးအောင် မသင်ချင်ရကား "ထိုပုဂ္ဂိုလ်များအလွယ်တကူ သင်ယူနိုင်ကြပါစေတော့"ဟု သဘောထား၍ ပို့ချရင်းရေးသားခဲ့ရာ ၁၈-လခန့်ဖြင့် ပြီးဆုံး၍ ဝမ်းမြောက်ဝမ်းသာ နိဂုံးအုပ်နိုင်ပါသည်။

သိဋ္ဌိတ္တဘော ဘာသာဋီကာ၊ ဒေသဘာသာယ သခ်တာ။
ဗျာချာနာ အဘိဓမ္မတ္ထ၊ ဝိဘာဝနီယဝဏ္ဏနာ။

အဘိဓမ္မတ္ထဝိဘာဝနီယဝဏ္ဏနာ၊ အဘိဓမ္မတ္ထဝိဘာဝနီ အမည်တင့်ဆန်း ဤဋီကာကျမ်း၏ အဖွင့်ဖြစ်သော။ ဗျာချာနာ၊ နိဿယည်း အဓိပ္ပါယ် အသွယ်သွယ်ဖြင့် အကျယ်ဖွင့်ကြောင်း ခေတ်မှီကောင်းသော။ ဒေသဘာသာယ၊ကိုယ့်ပြည်ဒေသ ပြောနေကြသည့် မြန်မာ့ဆိုင်ရာ အမိဘာသာဖြင့်။ သခ်တာ၊ တသန့်တသန့် အကန့်ကန့်လျက် ခံ့ခံ့စီရရီတည်ကြည်စွာစီရင်အပ်သော။ ဘာသာဋီကာ၊ ဘာသာဋီကာ ခေါ်နိုင်ပါသည့် မှီရာသိပ်သည်း နိဿယည်းသည်လည်း။ သိဋ္ဌိတ္တဘော၊ ထောင်သုံးရာတွင် နှစ်ဆယ်နှင့်နှစ် သက္ကရာဇ်၏ တွက်စစ်မာသ ပြာသိုလဆွ် လုံးဝပေါက်ရောက် ပြီးမြောက်ပြန်ပြီ တကား။

အပြည့်အစုံရေးသားခြင်း။ ။ဤဋီကာကျော်နိဿယကို ပုံနှိပ်ချိန်မှာ အဋ္ဌသာလိနီနှင့် မူလဋီကာ၏ အဖွင့်များကိုရင်း, ပါစိတျာဒိအဋ္ဌကထာ၏ အဖွင့်ကိုရင်း ပို့ချရင်းရေးသားနေပါသည်၊ ထိုသို့ရေးသားနေသည်ကို သိရှိ

တော်မူသော မန္တလေးမြို့စာချဆရာတော်တပါးမိန့်တော်မူသည်မှာ "တပည့်တော်တို့ ကိုယ်တော်တို့က ကြံ့ကြံ့စည်စည် ပို့ချ ရေးသားနေသော်လည်း အများစု စာသင်သားတို့ကမူ ထိုထို ခက်ခဲသောအဓိပ္ပါယ်ကို သိဘို့ရန်ထက် စာမေးပွဲအောင်ဘို့အချက်ကိုသာ မှတ်ယူနေကြတော့သည်" ဟု ၎င်း၏၊ တပည့်တော်လည်း ထိုအကြောင်းကို ကောင်းစွာသိပြီး ဖြစ်ပါသည်။

ရည်မှန်းချက်။ ။တပည့်တော်၏ ရှေးရှေး မြန်မာဆရာတော် အဆက်ဆက်တို့သည် နောင်လာ နောက်သားတို့အတွက် မဓုဋီကာယောဇနာနှင့် နိဿယဂဏ္ဌိများကို စီစဉ်တော်မူခဲ့ကြ၏၊ ထိုမျှစာတို့ကို အမှီပြုရသောကြောင့် တပည့်တော်၏ ဆရာသမားများတိုင်အောင် ပါဠိတော် အဋ္ဌကထာတို့၌ ကျမ်းကျင်တော်မူကာ တပည့်တော်ကို သင်ပြတော်မူခဲ့ကြပေသည်၊ ယခုနှင့် နောင်အခါ၌လည်း စာမေးပွဲအောင်မှုကို ပဓာနမပြုလိုသော ဆန္ဒရှင်များ ရှိဦးမည်သာ၊ ထို ပုဂ္ဂိုလ်များအတွက် တပည့်တော်၏နိဿယနှင့် ဘာသာဋီကာတို့သည် မှီခိုစရာဖြစ်ရစ်ပါစေ-ဟူသောရည်ရွယ်ချက်ဖြင့်သာ ကြိုးကြိုးစားစား သာသနာ့ဝန်ကို ဆောင်ခြင်း ဖြစ်ပါသည်။

ယဒိ အညာ ဥပဇ္ဇေထ၊ ဋီကာပေါပိ သုခသမ္ဘတာ။
တယောကာသံ ပဒါနာယ၊ အယံ အန္တရဓာယတံ။

ဋီကာပေါပိ၊ အများမီးလောက် ခရီးရောက်၍ ပြီးမြောက်ခဲ့ရာ ဤဘာသာဋီကာထက်လည်း။ သုခသမ္ဘတာ၊ ကြည့်ရှုပို့ချ လွယ်ကူလှသဖြင့် အားရဘွယ်တောင်း အကောင်းဟုသမုတ်အပ်သော။ အညာ၊ ဝိဘာဝနီ မည်သာ ကျမ်းဋီကာ၏ မှီရာကျစ်လစ် အဖွင့်သစ်တမျိုးသည်။ ယဒိဥပဇ္ဇေထ၊ ပညာလိုလား နောက်နောက်သားတို့ ကြိုးစားရစ်သော် အကယ်၍ဖြစ်ပေါ်လာအံ့။ တဿာ၊ ထိုသို့ဖြစ်ရစ် အဖွင့်သစ်၏။ ဩကာသံ ပဒါနာယ၊ ထွန်းတောက်တင့်ရေး အခွင့်ပေးခြင်းငှာ။ အယံ၊ လပေါင်းမြားမြောက် လွန်အားဆောက်မှ ထွန်းတောက်ပေါ်တင့် ဤအဖွင့်သည်။ အန္တရဓာယတံ၊ ရှိးရာမတော့ တိုးကာငင့်၍ ကပ်ဖွဲ့မနေ ကွယ်ပျောက်ရစ်ပါစေသတည်း။

သမ္ပုဇ္ဇယာမိ ထေရာနံ၊ ယေသာဟံ သမ္ပဂ္ဂဟိတော။
သုသိက္ခိတော ဘိမ္မေပိ၊ ပတ္တော မှိ ပကတညုတံ။

ယေသံထေရာနံ၊ အထက်ခဝဟင် နေအသွင်သို့ မြေပြင်ထင်ရှား အကြင်ဆရာတော်ဘုရားတို့သည်။ သမ္ပဂ္ဂဟိတော၊ အထူးစောင့်ရှောက် ချီးမြှောက်အပ်သော။ အဟံ၊ ငါသည်။ အဘိဓမ္မေပိ၊ ဘုရားရှင်အရာ နက်နဲစွာသော အဘိဓမ္မာတရား၌လည်း။ သုသိက္ခိတော၊ ကောင်းစွာပို့ချ သင်ပြအပ်သည် ဖြစ်၍။ ပကတညုတံ၊ သဘောသကန် တရားမှန်ကို ကောန်သိမြင် ကျွမ်းကျင် သူ၏အဖြစ်သို့။ ပတ္တော အမှိ၊ ခေတ်အလျောက် လေးစားလောက်အောင် မဖောက်မသွေ ရောက်ရပေ၏။ တေသံ ထေရာနံ၊ ကျေးဇူးတော်ရှင် ဂုဏ် အင်ကြီးမား ထိုဆရာတော်ဘုရားတို့အား။ သမ္ပူဇယာမိ၊ကျမ်းစာရေးသား ကောင်းမှုအားဖြင့် လေးစားကော်ရော် ပူဇော်ပါ၏။

စတုစက္ကံ ဝတ္တိယာန၊ ယာနံ ဗလပရိဂ္ဂဟံ။
ယာနာယ အမတံ ပါရံ၊ ကသ္မံ ပုရိသကာရိယံ။

စတုစက္ကံ၊ သမ္ပတ္တိစက် လေးချက်စုပေါင်း စက်ခေါင်းလေးခုရှိထသော။ ဗလပရိဂ္ဂဟံ၊ ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ် အပ်ထသော။ ယာနံ၊ အသွားလျှင်လျှင် အများတင်လည်း အားအင်ခိုင်ဖြိုး မဂ္ဂင်တည်းဟူသော ယာဉ်ပုံတော်ကြီးကို။ ဝတ္တိယာန၊ မတိမ်းမစောင်း လည် စေကြောင်းဖြင့် ကောင်းစွာအစဉ် မောင်းကာနှင်၍။ အမတံပါရံ၊ ဤဘက်မှာ နေ အားလုံးသေလျက် ဟိုပြေရောက်မှ ဘေးကင်းရမည့် အမတခေါ် နေပြည် တော်သို့။ ယာနာယ၊ ကိလေသာဟူ ရန်သူပစ်ဖောက် ဗုံး အမြောက်တို့ မကြောက်မနား အရောက်သွားခြင်းငှာ။ ပုရိသကာရိယံ၊ ယောကျ်ားမှန်က ပြုရမည့် ကမ္ဘာ့လက်ရိုး လုံ့လမျိုးကို။ ကသ္မံ၊ ငါးဦးဗိုလ်ချုပ် အဖော် လုပ်၍ မဆုတ်ရစေ ပြုလုပ်ပေအံ့သတည်း။

ဋီကာကျော်နိဿယ ပြီးပြီ။

အရှင်ဇနကာဘိဝံသ၏ (၂၇) သတ္တမကျမ်းစာ
အဋ္ဌသာလိနီဘာသာဋီကာ

အခြေခံနိဒါန်း

သယံ ဗုဒ္ဓေါ သမ္မောဓေသိ၊ ဓမ္မေပိ ဓမ္မသတ္တိယော။
အဟော နေ့ာ တဿ သုတတ္တံ၊ အဟော နေ့ာ ဓမ္မစိန္တနံ။

ယောဇိနေ့ာ၊ ပါရမီတော်အား စွမ်းပကားဖြင့် ငါးပါးမာရ်နှင့် အကြွင်ဘုရားရှင်သည်။ ဓမ္မေပိ၊ ရုပ်နာမ် ၂-ချက် ဖြစ်တိုင်းပျက်သည့် အသက်မနေ့ာတရားသဘောတို့ကိုရင်း။ ဓမ္မသတ္တိယောပိ၊ တရားတိုင်း၏ ထင်ရှားရှိသည့်သတ္တိအင်အား စွမ်းပကားတို့ကိုရင်း။ သယံဗုဒ္ဓေါ၊ ဗောဓိမဏ္ဍိုင် ရိပ်သာမြိုင်ဝယ် ကိုယ်တိုင်စထွင် သိမြင်တော်မူသည်ဖြစ်၍။ သမ္မောဓေသိ၊ သိထိုက်သမျှ ဝေနေယျကို မြွက်ဟလှစ်ဘော် သိစေတော်မူခဲ့ပေပြီ။

တဿဇိနဿ၊ အောင်မြင်နက်သန် ဗောဓိမာန်ဝယ် အောင်လံစွင့်စွင့်လွင့်တလူလူ ထိုအောင်တော်မူ မြတ်စွာ ဘုရား၏။ သုတတ္တံ၊ တရားဓမ္မဩဝါဒဖြင့် နေ့ညရွှင်ပျော် သားတော် (သမီးတော်) ဖြစ်ရခြင်းသည်ကား။ အဟောနေ့ာ၊ ကိုယ့်တွက် ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာ ခုနှယ် ဩော်- ဝမ်း မြောက် ဘွယ် ကြီးပါ တကား။ ဓမ္မစိန္တနံ၊ ဓမ္မသက်သက်ကြောင်းကျိုးဆက်၍ ဖြစ်ပျက်နေဟန် အတန်တန်ကို ဖန်ဖန်ခွဲဝေ ကြံစည်၍နေရခြင်းသည်။ အဟောနေ့ာ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါတွေပျောက် အလင်းရောက်ဘို့ ဝမ်းမြောက်ရွှင်ပျော် ဩော်- အရတော်လေစွတကား။

ပါရမီတော်အား။ ။ဗုဒ္ဓမြတ်စွာကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာဖြင့် ချမ်းသာအေးမြနေလိုကြသော သာဝကအပေါင်း သူတော်ကောင်းတို့သည် ရှေးဦးစွာ ဗုဒ္ဓမြတ်စွာ၏ ပါရမီတော်များကို စဉ်းစားစိတ်ကူး၍ကြည်နူးစေသင့်ကြပါသည်၊ ဗုဒ္ဓမြတ်စွာသည် ပါရမီတော်တို့ကို ဆည်းပူးစုဆောင်းတော်မူစဉ်အခါ၌ ဂုဏ်ပကာသန လာဘ်လာဘနှင့် ဘဝစည်းစိမ်ကို တောင့်တတော်မမူပါ၊ ကိုယ်တော်တပါးတည်း၏ ချမ်းသာရေးကိုလည်း

မျှော်တွေးတော်မမူပါ၊ ကရုဏာတော်ကြီးမားလှသောကြောင့် သတ္တဝါတို့ကို ကယ်တင်နိုင်မည့်အရေးကိုသာ တွေးတော်မူခဲ့ပါသည်၊ ထိုသို့တွေးတော်မူကာ ဒါနစသည့် အလီလီသော ပါရမီများကို ဖြည့်ကျင့်တော်မူရာ၌ ယခုခေတ် အထက်တန်း သူတော်ကောင်းတို့ သော်မှ အတုလိုက်၍ မမှီနိုင်အောင် မြင့်ခေါင်ကြီးမားတော် မူပါပေသည်။

မှန်ပါသည်။ ။ဒါနပါရမီ ဖြည့်ကျင့်တော်မူရာ၌ သိဝိမင်း၏ မိမိမျက်လုံးကို ထုတ်၍လှူခြင်း ဝေဿန္တရာမင်း၏ သားတော် သမီးတော်ကိုလှူခြင်း မျိုးသည် ယခုခေတ်သူတော်ကောင်းတို့ ကြံစည်ဘို့မျှ ခဲယဉ်းလှသော ဒါနပါရမီဖြစ်ပါပေသည်၊ ဘူရိဒတ်နဂါးမင်း စမ္ပေယျနဂါးမင်းတို့၏ စည်းစိမ်ကြီးကိုစွန့်၍ အသက်ကိုမငဲ့ကွက်ဘဲ ဥပုသ်စောင့်ခြင်းမျိုးလည်း ယခုခေတ် သူတော်ကောင်းတို့ စိတ်ကူးရုံမျှ ခဲယဉ်းလှသော သီလပါရမီ ဖြစ်ပေသည်။

လသားအရွယ် ငယ်လှသေးသော တေမိမင်းကလေး ငရဲဒုက္ခရောက်ပုံကို ကိုယ်တွေ့ ကြုံခဲ့ရသောကြောင့် ငရဲဒုက္ခနှင့် အဆက်အသွယ် နီးကပ်လှသော ရှင်ဘုရင်ဘဝကိုပင် အရှုံကြီးရှုံကာ ရှင်ဘုရင်ဘဝမှ လွတ်ထွက်ဘို့ အရေးကိုသာ မျှော်တွေးလျက် တဆယ့်ခြောက်နှစ် ကြာအောင် အ,ဟန် ဆွံ့ဟန် နားပင်းဟန်ကို ဖွဲ့သန်သန် မိဋ္ဌာန်တော်မူခြင်းသည် ယခုခေတ် သူတော်ကောင်းတို့ အားကျဘွယ် ကောင်းလှသော အဓိဋ္ဌာန်နှင့် နေက္ခမ ပါမီတော်များ ဖြစ်ကြပါပေသည်၊ ခန္တီဝါဒီရသေ့၏ ကလာဗုမင်းက လက်, ခြေတို့ကိုဖြတ်စေရာ၌ ဒေါသလည်းမထွက် စိတ်အားလည်းမငယ်ဘဲ သည်းခံတော်မူနိုင်ခြင်းသည်လည်း အလွန်အားရဘွယ် ကောင်းသော ခန္တီပါရမီဖြစ်ပါသည်။

အဆင့်ဆင့်ရင့်လာပုံ။ ။ဒါနစသော ပါရမီတော်များကို ဖြည့်ကျင့်ရာ၌ အသက်ကိုစွန့်၍ ဖြည့်ကျင့်နိုင်လောက်အောင် မြင့်ခေါင်ကြီးမားသော ပရမတ္ထ ပါရမီတော်များသည် သာမန် ဒါန သီလ စသော နုသေးသော အခိုက်မှ အလယ်အလတ် ရင့်လာသော ဥပပါရမီ အဖြစ်သို့ရောက်၍ ထိုဥပပါရမီအခိုက်မှ တစထက် တစ တဘဝထက် တဘဝ တကမ္ဘာထက် တကမ္ဘာ ရင့်၍ရင့်၍ လာသော ပါရမီတော်များ ဖြစ်ကြပါသည်၊ ယခု

မျက်မြင်မှာပင် ဒါန,သီလစသော ကောင်းမှု၌ နှေးသူတို့ တွန့်ဆုတ်ကြပုံ ဥပုသ်ကိုမျှ မကျိုးအောင် မစောင့်နိုင်ကြပုံ အတော်အတန်ရင့်သူတို့ ဒါန ပြုရဲကြပုံ ဥပုသ်သီလ ရဟန်းသိက္ခာတို့ကို စောင့်ရှောက်ပုံအားဖြင့် အချင်း ချင်းကွာကြပုံကို စဉ်းစားကြည့်ပါမူ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကြာ အောင် အထုံရလာသော ဗုဒ္ဓလောင်းလျာ၏ ပါရမီတော်အတွက် အသက် စည်းစိမ်ကို စွန့်တော်မူနိုင်ခြင်း၌ သာမန်လူတို့၏ သာမန် ဒါန သီလ ဘာ ဝနာအတွက် အားစိုက်ရသလောက်မျှသာ အားစိုက်ရပါလိမ့်မည်။

ပါရမီရင့်သလောက်ပညာရင့်။ ။ဗုဒ္ဓမြတ်စွာလောင်းလျာသည် ပါရမီ တော်များကို ဖြည့်တော် မူရာ၌ ဉာဏ်ပညာ ရင့်သန်ဘို့ အရေးကိုသာ မျှော်တွေးတော်မူပါသည်၊ ထိုသို့ဉာဏ်ပညာ ရင့်သန်တော်မူလိုခြင်းမှာလည်း သတ္တဝါတို့အား လမ်းမှန်သို့ညွှန်ပြ၍ ကယ်တင်လိုသော ကရုဏာ ဆန္ဒတော် ကြောင့်ဖြစ်ပါသည်၊ထိုကြောင့် ပါရမီရင့်သလောက် ဉာဏ်တော်လည်း ရင့်၍ ရင့်၍လာရာ အနုတ္တလက္ခဏာကိုသိနိုင်သော သာသနာတော်နှင့် ကြုံကြိုက်ရာ အခါဝယ် အရိယာဖြစ်ဘို့နီးကပ်နေသော သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင် အထပ်ထပ်အခါခါ ရခဲ့ဘူးပါသည်၊ ထို့ကြောင့်ပင် ဘုရားဖြစ်ခါနီးဝယ် ပါရမီတော်လက်နက်ဖြင့် ဖြိုဖျက်ရမည့် ဒေဝပုတ္တမာရ် အပြင်ရန်ကိုရင်း အလွယ်တကူ အောင်မြင်တော် မူပါသည်။(မာရ်ငါးပါး အောင်မြင်တော် မူပုံကို ကစ္စည်းဘာသာဋီကာ ဇိနဝစနယုတ္တံဟိ သုတ်၌ ပြခဲ့ပါပြီ။)

သယံဗုဒ္ဓေါ။ ။ထိုကဲ့သို့ အပြင်မာရ် အတွင်းမာရ်အမျိုးမျိုးကို အောင် မြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် ကမ္ဘာလောကဝယ် သိမြင်ဘွယ်ဟူသမျှ ကိုလည်း တစမကျန် မှန်ကန်သည့်အတိုင်း အလုံးစုံကို အကုန်အစင် သိမြင် တော်မူပါသည်၊ ထိုသို့ သိမြင်တော်မူရာ၌ လူ,နတ်,ဗြဟ္မာ သတ္တဝါအားလုံး က "ပုဂ္ဂိုလ်သတ္တဝါ သူ,ငါ ရှိ၏၊ အသက်ကောင်, ဝိညာဉ်ကောင်, အတ္တ အကောင်ရှိ၏"ဟု သဘောတူမှတ်ထင်၍ နေကြသည်ကို "ပုဂ္ဂိုလ် သတ္တဝါ သူ,ငါမရှိ အသက်ကောင် ဝိညာဉ်ကောင် အတ္တကောင်မရှိ"ဟု အတိအလင်း ပယ်လှန်တော်မူ၍"ကုသိုလ် အကုသိုလ် အဗျာကတ"ဟု ခေါ်ရသော ရုပ်နှင့် နာမ်တို့သာ အစစ်အမှန် ကေန်ရှိ၏ဟု သိတော်မူပါသည်။

"ထိုရုပ်နှင့်နာမ်တို့သည် မည်သည့်တရားက မည်သည့်တရားကို မည်သို့သောသတ္တိဖြင့် ကျေးဇူးပြုကာ အခိုက်အတန့်မျှဖြစ်၍ ချက်ချင်းပျက်ရသော ဥဒယဝယမွှ ဖြစ်ပျက်သဘောတရားတို့သာဖြစ်ချေသည်"ဟု သိတော်မူရာ၌ မည်သည့်ဆရာသမား ထံမှ နည်းမခံပဲ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် အဆင့်ဆင့် ရင့်၍လာသော ဉာဏ်တော်၏ အစွမ်းပင် ဖြစ်ပါသည်၊ ထိုဉာဏ်တော်အစွမ်းကြောင့် ဗုဒ္ဓမြတ်စွာကို သမ္မာသမ္ဗုဒ္ဓ (သမ္မာ၊ အမှားမရှိ အမှန်အတိုင်းသာ။ သံ၊ ကိုယ်တော်တိုင်။ ဗုဒ္ဓ-သိတော်မူသော ဘုရား)ဟု ပညာရှိအများတို့ လေးလေးစားစား လက်ခံယုံကြည်ကြသည်။

သမ္မောဓေယိ။ ။မိမိသဘောအရာကို သူတပါးအား နားလည်အောင် ပြောပြဖို့မှာ လွယ်ကူသောအရာမဟုတ်ပါ၊ ပြောပြလိုသော စိတ်ဆန္ဒလည်း တချို့ပုဂ္ဂိုလ်၌မရှိပါ၊ ဗုဒ္ဓမြတ်စွာသည်ကား မေတ္တာ ကရုဏာ ကြီးမားတော်မူလှသောကြောင့် ကိုယ်တော်မြတ် သိအပ်ပြီးသောတရားတို့မှ သူတပါး သိထိုက်သောတရားတချို့ကို ဟောပြလိုသော စိတ်ဆန္ဒတော်လည်း ပြင်းပြတော်မူပါသည်၊ ထိုဆန္ဒတော် အလိုက် ဟောပြထိုက်သော သတ္တဝါနှင့်တွေ့လျှင် နားလည်အောင်လည်း ဟောပြတော် မူနိုင်ပါသည်၊ ဤအဘိဓမ္မာ၏ အစဖြစ်သော "ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ"ဟူသော အတိုချုပ်တရားတော် ၃-ပုဒ်ကို အကျယ်နည်းဖြင့် ဟောပြတော်မူသောအခါ ထိုအချိန်က နတ်, ဗြဟ္မာ အများပင် နားလည်ကြပါသည်၊ ယခုအချိန်မှာလည်း ထိုတရားတော်ကို မိမိတို့နားလည်ကြပါသည်၊ နားလည်ကြပုံကား–

"လူ"ဟုခေါ်ရသော မိမိသည်ပင် ခန္ဓာကိုယ်ကို စိုက်၍ ဆင်ခြင်သောအခါ "လူ"ဟု ညွှန်ပြစရာမရှိကြောင်းကိုရင်း၊ အဝိဇ္ဇာ တဏှာ အရင်းခံ၍ ရှေးကံက စီမံလိုက်သောကြောင့် အမိဝမ်းတိုက် သားအိမ်ငယ် ကိုယ်ခန္ဓာ၏ အရင်းခံအစဖြစ်သော ကာယဒသက (ကာယပသာဒနှင့်တကွ ရုပ်မှုန် ၁၀-ခုအပေါင်း) မိန်းမ ယောကျ်ားဟု ကွဲပြားခြင်း၏ အရင်းခံဖြစ်သော ဘာဝဒသက (ဘာဝရုပ်နှင့်တကွ ရုပ်မှုန် ၁၀-ခုအပေါင်း) စိတ်ဝိညာဉ်၏ တည်နေဘို့ရန် ဝတ္ထုဒသက (ဝတ္ထုရုပ်မှုန် ၁၀-ခုအပေါင်း) ဤသို့ကလာပ်မှုန် ၄-စည်း၊

(ရုပ်မှုန့်၃၀)မျှသာစတည်၍ ရုပ်ဘက်ဆိုင်ရာ နောက်ထပ်တိုးသော ရုပ်မှုန့် ကလေးများပေါင်းမိကာ ခန္ဓာဟုထင်မြင်ရသော ရုပ်မှုန့် ရုပ်မွှား ရုပ် ကလာပ်မှုန့် အစုအဝေးမျှသာ ဖြစ်ချေသည်ဟုရင်း။

ထိုရုပ်ကလာပ် ၃-စည်းမှ စတည်ချိန်ကပင် ရှေးကံကြောင့် ဉာဏ်ရှိသူ မရှိသူဟုခွဲခြားနိုင်သော ပဋိသန္ဓေ ဝိညာဉ်ဓာတ်သည် တွဲဘက် စေတသိက် များနှင့်အတူစတည်၍ ထိုစိတ်ချုပ်ပြီးနောက် ထိုကဲ့သို့သော စိတ်စေတသိက် အစုဟူသော နာမ်တရား အစဉ်အဆက်သာ ထပ်ကာထပ်ကာ ဖြစ်ပျက်နေ သည်ဟုရင်း၊ ရုပ်ခန္ဓာ၏ သွားရပ် ထိုင်လျောင်း ဣရိယာပုထ် ၄-ပါးပြောင်း မှုသည် ထိုအရင်းခံ နာမ်တရားကြောင့်သာ ဖြစ်သည်ဟုရင်း ရုပ်သေးစင် ပေါ်၌ မင်းသမီးမင်းသားအရုပ်သည် ကြိုးဆွဲသူက ပြုပြင်ပေးသောကြောင့် သွားရပ်ကခုန် ဗျာပါရရှိနေပုံကဲ့သို့ ဤရုပ်ခန္ဓာကိုယ်လည်း အတွင်းစိတ်၏ ပြုပြင်ပေးမှုကြောင့် သွားပုံ ရပ်ပုံ ထိုင်ပုံ လျောင်းပုံအားဖြင့် ဗျာပါရရှိနေ သကဲ့သို့ ထင်ရသည်ဟုရင်း ဤသို့စသည်ဖြင့် နားလည်ကြရပါသည်။

ဤသို့သော နားလည်မှုနှင့်တကွ "ပုဂ္ဂိုလ်သတ္တဝါ သူ,ငါမရှိ၊ အသက် ကောင်,ဝိညာဉ်ကောင်,အတ္တကောင်မရှိ၊ ဤရုပ်နာမ်တို့၏ အရင်းခံဖြစ်သော ကုသိုလ် အကုသိုလ်ကံလည်း အဝိဇ္ဇာ တဏှာဟူသော အမှောင်ဓာတ် အစေး ဓာတ် အကူအညီမပါလျှင် ဤရုပ် ဤနာမ် ဤခန္ဓာကိုယ်ကို မစီမံနိုင်၊ ထို့ကြောင့် အဝိဇ္ဇာ တဏှာ အနည်းငယ်သာကျန်တော့သော အနာဂါမ် ပုဂ္ဂိုလ်သည် ကံ၏အစွမ်းကြောင့် (ဘုံဘဝ၏ ထိပ်ဆုံးဖြစ်သော)နေဝသညာ နာသညာယတနဘုံ၌ ဖြစ်ရသောအခါ ရုပ်ခန္ဓာ မပါတော့ဘဲ စိတ်ဝိညာဉ် ကလေးတခုသာ (တွဲဘက် စေတသိက်များနှင့်အတူ) ပဋိသန္ဓေ စတည်၍ တဘဝလုံးလည်း စိတ်ဝိညာဉ်ကလေးတခုသာ ဆက်စပ် တည်နေတော့၏၊ အဝိဇ္ဇာ တဏှာ ကုန်ခန်း၍ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်အား ဤဘဝ၌ စီမံ လိုက်သောကံအရှိန်ကုန်သောအခါ အသစ်ဖြစ်သော ရုပ်နာမ်ခန္ဓာ အဆက် မရှိတော့ဘဲ ရုပ်နာမ်ချုပ်ငြိမ်းခြင်း ဟူသော သန္တိဓာတ် ဆက်စပ်ရစ်လေ တော့၏၊ ထိုသန္တိဓာတ်ကား မပျက်မစီး အမြဲလည်းတည်ရှိ၏ဟု အားရ ပါးရ နားလည်ကြရခြင်းမှာ ဗုဒ္ဓမြတ်စွာ၏ ကျေးဇူးတော် ကြောင့်သာ ဖြစ်ပါသတည်း။

အဟော နော တဿ သုတဏ္ဍံ။ ။လောက၌ မည်သူမဆို ဆရာကောင်းကို ရှာလိုကြ၏၊ ဗုဒ္ဓမြတ်စွာသည်ပင် ဘုရားဖြစ်တော်မမူမီက ဆရာကောင်းကို ရှာတော်မူခဲ့ပါသေး၏၊ ထိုဆရာတို့၏ တရားဖြင့် အားမရသေးသောကြောင့်သာ ကိုယ်တော်တိုင်ဉာဏ်အထူးရအောင် ကြိုးစားတော်မူခဲ့ပါသည်၊ ထိုသို့ ဆရာကောင်းဘို့အရေးမှာလည်း သေးငယ်သော ရှေးကံသည့် လမ်းမှန်အောင် မညွှန်ပြနိုင်ပါ၊ မိမိတို့ကား ပုဗ္ဗေစ ကတ ပုညတာ (အလွန်ကောင်းသော ရှေးကံ) သမ္ပတ္တိစက်က ဤဘဝမျိုးရအောင် တွန်းပို့လိုက်သောကြောင့် ထူးမြတ်သောတရားကို ဟော့ပြတော်မူနိုင်သော ဆရာတို့၏ဆရာ ဗုဒ္ဓမြတ်စွာ၏ သားကောင်း သမီးကောင်းဖြစ်သည်မှာ အလွန့်အလွန်ဝမ်းမြောက်ဘွယ်ကောင်းပါပေသည်။ မှန်၏၊ မိမိတို့သည် ယခုဘဝ၌ နေရာတိုင်းဝယ် စိတ်ကောင်းထားခြင်းမှ စ၍ ကောင်းသည်ထက် ကောင်းသောအတ္တသမ္မာပဏိဓိစက် ခလုတ်ကို နှိပ်လိုက်ရုံမျှဖြင့် တဘဝလည်းမက နှစ်ဘဝလည်းမက နိဗ္ဗာန်ထိအောင် သမ္ပတ္တိစက် အဆက်ဆက် လည်နေမည်မှာ သေချာလှပါသည်။

အဟော နော ဓမ္မစိန္တနံ။ ။ဗုဒ္ဓမြတ်စွာ၏တရားတော်များသည် စိတ်ပါလက်ပါ ကြားနာသင်ယူ၍ ကြံစည် စဉ်းစားနေရုံမျှဖြင့် စိတ်ချမ်းသာမှုကို ပေးနိုင်သည်၊ ထို့ထက်တိုးကာ ဝိပဿနာဉာဏ်ဖြင့် ကြံစည်နေပါမူကား ရုပ်နာမ်ခမ္မ အသစ်မလိုတော့ပဲ ဘဝဖန်ခါ သံသရာကြီးကို ငြိမ်းငွေ့လောက်အောင် နိဗ္ဗိဒါဉာဏ်ကို ဆောင်နိုင်ပါသည်၊ထို့ကြောင့် မြို့ရွာအူသံ မဆူညံဘဲ လူသံတိတ်ချိန်ဝယ် ဆိတ်ငြိမ်သော ကျောင်းသခ်မ်း ကလေး၌ လေအေးလေညှင်းတို့ တသင်းသင်းခတ်နေစဉ် ခန္ဓာကိုယ်တွင် ထင်ရှားရှိနေသော ရုပ်နာမ်၂-ပါး၏ ပဋ္ဌာန်းပစ္စည်း ကြောင်းကျိုးမှီး၍ အသီးသီး ဖြစ်ပျက်နေဟန်ကို ရုပ်ဝီထိ နာမ်ဝီထိအစဉ်ဖြင့် အဖန်ဖန် ဆင်ခြင်သုံးသပ်သောအခါ မမြဲသော အနိစ္စသဘောကိုရင်း၊ အပျက်အပျက်တွေကို မြင်ရသောကြောင့် မကောင်းဒုက္ခ သခ်ါရသဘောကိုရင်း၊ ဤခန္ဓာကိုယ်ကိုစိုးပိုင်သော အတ္တမရှိသောကြောင့်သာ (မပျက်စေလိုဘဲလျက်) ဖြစ်လေသမျှ ပျက်ရသည်ဟု အနတ္တသဘောကိုရင်း တွေးတောကြံစည်၍ နေရသည်မှာ နိစ္စသုခဖြစ်သော နိဗ္ဗာန်ကို အလျင် အမြန် မြင်ဘို့ အကြောင်း ဆုတမျိုးမျိုး တောင်းသူ

အတွက် အဆက်ဆက်ဉာဏ်ပညာရှင့်တို့ အကြောင်းဖြစ်၍ အလွန်ကောင်းပါ ပေသည်။

အဘိဓမ္မ ဓမ္မောနာမ၊ သုဋ္ဌုဂမ္ဘီရ ဝိတ္ထတော။
တဿာ အဋ္ဌကထာဋ္ဌီကာ၊ တာဒိသာ သဒ္ဒအတ္ထတော။

အဘိဓမ္မဓမ္မောနာမ၊ ရုပ်,နာမ် နှစ်ရပ် ပရမတ်ကို ဆတ်ဆတ်သိစေရာ အဘိဓမ္မာတရားတော်မည်သည်။ သုဋ္ဌုဂမ္ဘီရဝိတ္ထတော၊ အလွန်ခဲခက် အလွန် နက်၍ ဆက်ဆက်ခန့်ထယ် ပြန့်ကျယ်လှပေ၏။ တဿာ၊ထိုအဘိဓမ္မာခေါ် ပါဠိတော်၏။ အဋ္ဌကထာဋ္ဌီကာပိ၊ အနက် အဓိပ္ပါယ် အသွယ်သွယ်ကို ချယ်လှယ်ဖွင့်ပြ အဋ္ဌကထာ ကျမ်းဋီကာတို့ သည်လည်း။ သဒ္ဒအတ္ထတော၊ သဒ္ဒါရုပ်တွေ ပုဒ်အနေနှင့် မသွေလိုက်လျော အနက်သဘော အားဖြင့်။ တာဒိသာ၊ ထိုပါဠိနှယ် ခန့်၍ကျယ်သဖြင့် မလွယ်မကူ အလားတူပင် ဖြစ်ကြ ပေကုန်သတည်း။

အဘိဓမ္မ ဓမ္မ။ ။အဘိဓမ္မာပါဠိတော်၌ ဟောတော်မူအပ်သော တရား တော်များသည် အလွန်နက်နဲ ခက်ခဲကြပေကုန်၏၊ ဤဓမ္မသင်္ဂဏီပါဠိတော်၌ ပဌမဆုံးတွေ့ရသော "ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ" ဟူသော တရားတော်ကို စဉ်းစားကြည့်ပါ၊ ထိုပါဠိတော်ကို မိမိတို့ဘာသာ လို ပြန်ဆိုတတ်ရုံမျှဖြင့် မည်သည့်အဓိပ္ပါယ်ကိုမျှ မသိနိုင်ပါ၊ ဤနည်းအား ဖြင့် "ဟေတုပစ္စယော အာရမဏပစ္စယော"စသော ပဋ္ဌာန်းပါဠိတော်တိုင် အောင် ဘာသာပြန်နိုင်ရုံဖြင့် သဘောသကန် အမှန်မသိရဘဲ ခက်ခဲနက်နဲ ပုံကို စဉ်းစား၍ကြည့်ကြပါ။

ယိုမျှလောက် နက်နဲရခြင်းမှာလည်း သတ္တဝါတို့၏မှတ်ထင်နေကျ ပြော ဆိုနေကျဖြစ်သော "ပုဂ္ဂိုလ် သတ္တဝါ သူ ငါ" စသောအယူအဆကို ထွင်း ဖောက်၍ ရုပ်နာမ်ဟူသော အတွင်းရောက်အောင် ဟောပြတော်မူခြင်းကြောင့် သာ ဖြစ်ပါသည်၊ ထို အတွင်းသဘောကိုကား သတ္တဝါတို့သည် မှန်ကန်စွာ သိဘို့ကိုမဆိုထားဘိ အနမတဂ္ဂသံသရာဝယ် အတော်ပညာရှိဖြစ်ရာ ဘဝ၌ သော်မှ အမှန်းအတားမျှလောက်သာ သိနိုင်ခဲ့ကြပါသည်၊ ထိုမျှလောက် နက်နဲ၍ခက်ခဲသောကြောင့်ပင် အဘိဓမ္မာတရားတော်ကို နှစ်ပေါင်းများစွာ

လေ့လာကြသော နိုင်ငံခြားသားအချို့တို့သည် အဘိဓမ္မာ၏ အနှစ်သာရကို မရနိုင်သည့်အတွက် အဘိဓမ္မာတရားတော်ကို ဘုရားဟောမဟုတ်ဟုပင် ထင်မြင်ယူဆ၍ သုတ္တန်ပါဠိတော်၌ လာသော အဘိဓမ္မာသဘောများကိုလည်း တသုတ်နှင့်တသုတ် ရှေ့နောက်မညီဟု ဝေဖန်ကြကုန်ပါသတတ်။

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဂ ဓမ္မာနံ၊ နာမမတ္တံ နနာယတိ။

(ပရိဝါရ ပါဠိတော်)

အဋ္ဌကထာဋီကာ။ ။"အတ္ထ (အဋ္ဌ)- ပါဠိတော်၏အနက် အဓိပ္ပါယ်ကို+ကထာ - ဖွင့်ပြကြောင်းစကား" ဟူသော ဤအဋ္ဌကထာလည်း ထိုသဘောတရားများကို ဖွင့်ပြရသောကြောင့် နက်နဲခက်ခဲရတော့မည်မှာ ဓမ္မတာပင်ဖြစ်ပါသည်၊ ထို အဋ္ဌကထာ၏ မရှင်းသောအချက်များကို ထပ်ဆင့်၍ ဖွင့်ရသောဋီကာကား အဋ္ဌကထာထက်ပင် ခက်ခဲသကဲ့သို့ ထင်ရပါသည်၊ ဤအဋ္ဌသာလိနီကိုဖွင့်ရသော မူလဋီကာမှာမူ ဝါကျအသုံးအနှုန်း ကျစ်လစ်လှသောကြောင့် ပို၍ သင်ယူဘို့အရေး၌ တာဝန်လေးလျက် ရှိကြရပါသည်။

ဆက်ပါဦးအုံ့။ ။"အဋ္ဌကထာ"ဟူရာ၌ ယခုအခါ သင်ယူနေရသော အဋ္ဌသာလိနီ စသောအဋ္ဌကထာတို့သည် မူရင်းမဟုတ်ကြပါ၊ မူရင်းအဋ္ဌကထာမှာ အရှင်မဟာကဿပ စသောမထေရ်မြတ်တို့ ပဌမ သံဂါယနာတင်တော်မူစဉ်ကပင် ပါဝင်ခဲ့ပါသည်၊ယခုပို့ချနေကြသောအဋ္ဌကထာကား ထိုကျယ်ဝန်းလှသော ရှေးအဋ္ဌကထာကြီးကို အကျဉ်းချုံး၍ အရှင်ဗုဒ္ဓဃောသစီရင်အပ်သော အဋ္ဌကထာဖြစ်ပါသည်၊ ထိုသို့အကျဉ်းချုံး၍စီရင်စေကာမူ လိုရင်းဖြစ်သော အဖွင့်တို့ကိုကား အရှင်ဗုဒ္ဓဃောသသည် မပြုပြင်ပါ၊ ကျမ်းပြုပုဂ္ဂိုလ်များ၏ ထုံးစံအတိုင်း မိမိတို့လက်လှမ်းမှီရာ အဖြစ်အပျက် အကြောင်းအရာ ဝတ္ထုတို့ကိုသာ ထည့်သွင်းထားပါသည်။

ထို့ကြောင့် ကုသလသဒ္ဒါ၏ အနဝဇ္ဇသုခဝိပါက ဟူသောအဖွင့် ဓမ္မသဒ္ဒါ၏ နိဿတ္တနိဇ္ဇီဝ ဟူသောအဖွင့် ဤသို့စသောအဖွင့်များသည် ရှေးအဋ္ဌကထာကြီးမှပင် ပါဝင်ပြီးအဖွင့်များဖြစ်ကြပါသည်၊ ထိုအဖွင့်များ၏ ခက်ခဲနက်နဲ

ပုံကို ဘာသာပြန်ရုံဖြင့် မိမိတို့ကိုယ်တိုင် သဘောအမှန်ကို နားမလည်ခြင်းဖြင့် စဉ်းစားကြပါလေ၊ ထိုသို့နားမလည်နိုင်သောကြောင့်ပင် အဆက်ဆက် ဆရာသမားကောင်းတို့အထံ၌ နည်းခံ၍မသင်ယူဘဲ မိမိဘာသာလေ့လာသူတို့က အဘိဓမ္မာသဘောတွေကို ဘုရားဟောမဟုတ်ဟု စွပ်စွဲခြင်း၊ မည်သည့်တရားနှင့် မည်သည့်တရားသည် ဆန့်ကျင်၏ဟု ဝေဖန်ခြင်းမှာ သူတို့၏အသိဉာဏ်ကို ဖွင့်လှစ်ဖော်ပြခြင်းသာ ဖြစ်ပါသည်။

ဤမြန်မာနိုင်ငံ၌ကား ဆရာအစဉ်အဆက်ပင် နေ့အခါ၌ အဘိဓမ္မာသင်္ဂြိုဟ် စသော အခြေခံအဘိဓမ္မာကိုပို့ချ၍ ညဉ့်အခါ၌ သရုပ်ခွဲပေးခြင်း ဖဿ စသည်တို့၏ သဘောကိုပြောပြခြင်းဖြင့်၎င်း၊ မာတိကာအရကောက် စသော ညဝါတို့ကို ရုပ်ဝီထိ နာမ်ဝီထိနှင့် တကွ ပဋ္ဌာန်းအရကောက် တိုင်အောင် ပို့ချပေးခြင်းဖြင့်၎င်း၊ အဘိဓမ္မာပါဠိတော် အဋ္ဌကထာဋီကာတို့ကို ပို့ချပေးခြင်းဖြင့်၎င်း အဆင့်ဆင့် အဘိဓမ္မာတို့ကို နားလည်စေကြပါသည်။ ထိုသို့ အပြည့်အစုံသင်ယူမှသာ အဘိဓမ္မာ၏အရသာကို ကောင်းစွာသုံးစွဲရသဖြင့် ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မရှိ၊ ရုပ်နာမ်တို့သာ မိမိသဘောကို ဆောင်၍နေကြကြောင်းကို နားလည်နိုင်ပါသည်။

တသ္မာ တာ ဝါစယန္တေန၊ ဂုရုနံ နယနိဿိတာ။
တာသံပိ ယုဂဠာ ဗျာချာ၊ ဘာသာဋီကာ ကတာ မယာ။

တသ္မာ၊ ထိုသို့ဆိုင်ရာ ဘိဓမ္မာ၏ လွန်စွာခက်ခဲ နက်နဲကျယ်ဝန်းကုန်သည်၏ အဖြစ်ကြောင့်။ မယာ၊ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်း၍နေရာ ဤခန္ဓာသည်။ တာ၊ ပါဠိတော်ပါ အဋ္ဌကထာနှင့် ဋီကာမလပ် တရားမြတ်တို့ကို။ ဝါစယန္တေန၊ ဆရာတို့ထုံး နေ့စဉ်သုံးလျက် နှလုံးသန့်ရှင်း ပို့ချရင်းပင်။ ဂုရုနံ၊ ကျောက်ထီးတန္တု သဏ္ဍာန်ပြုဘို့ ဗိုလ်လူထိပ်ထား ရှေးရှေးဆရာတော်ဘုရားတို့၏။ နယနိဿိတာ၊ အနုမဝ ဂဏ္ဍိစုနှင့် ရှုဘွယ်နိဿယည်း နည်းစုံမှီးသော။ တာသံပိ၊ အဘိဓမ္မာ ဋ္ဌကထာနှင့် ဋီကာမူလ ထိုနှစ်ဝတို့၏လည်း။ ယုဂဠာ ဗျာချာ၊ ရှေ့ဆင့်နောက်ဆင့် စုံအဖွင့်ဖြစ်သော။ ဘာသာဋီကာ၊ အမိမြန်မာ ကိုယ့်ဘာသာဖြင့် ဋီကာဖွင့်နည်း နိဿယည်းကို။ ကတာ၊ နောင်လာ နောက်သား အကျိုးများဘို့ ကြိုးစားတီထွင် စီရင်အပ်ပါသတည်း။

, ဘာသာဋီကာ။ ။မိမိသည် ကျေးဇူးရှင်များ၏ထုံးစံအတိုင်း ပါဠိတော် အဋ္ဌကထာ (အဘိဓမ္မာအတွက် မူလဋီကာကိုပါ) တွဲဘက်ပို့ချသောအခါ နောက်ထပ်တဖန်ပြန်၍ ပို့ချနိုင်လောက်အောင် အသက်အရှယ် မကျန်တော့ ရကား ချ နက် နိသျယည်းနှင့် အဓိပ္ပါယ်တို့ကို ဘာသာဋီကာအဖြစ်ဖြင့် ကျန်ရစ်အောင် စီစဉ်လေ့ရှိပါသည်၊ ထို့ကြောင့် ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် အဋ္ဌသာလိနီ အဋ္ဌကထာမူလဋီကာတို့ကို တွဲဘက် ပို့ချသောအခါလည်း ထို နည်းအတိုင်းပင် စီစဉ်ရပါသည်။

စီစဉ်ပုံ။ ။ထိုသို့စီစဉ်ရာ၌ အနုဋီကာ မဓုဋီကာ ယောဇနာနှင့် ပြည် ဆရာ တော်၏နိသျယ မြို့ပြင်ပြီး ဂဏ္ဌိတို့ကိုပါ အချိန်ရသမျှကြည့်၍ရင်း၊ ပို့ချစဉ် စာဆိုပုဂ္ဂိုလ်တို့ကိုဖတ်စေ၍ရင်း စီစဉ်ပါသည်၊ထိုမျှလောက် ကြိုးကြိုးစားစား ပို့ချပြီးနောက် ရိုက်နှိပ်ချိန်မရောက်သေးမီ အထပ်ထပ်ကြည့်ရှုကာ ရိုက်နှိပ် ချိန်မှာလည်း ကိုယ်တိုင်ကြည့်ရှု၍ စာချဘုန်းကြီးများကိုလည်း ကြည့်ရှု ပြင် ဆင်စေပါသည်၊ ထိုမျှလောက် ကြိုးစားပါသော်လည်း အမှားအယွင်းကား ကင်းလောက်ပြီဟု ဝန်မခံနိုင်ပါ၊ အလွန်နက်နဲသော ကျမ်းစာဝယ် မိမိ၏ မထောက်မိခြင်း အမှတ်တမဲ့ဖြစ်ခြင်းတို့ကြောင့် ချွတ်ယွင်းချက်ကား ရှိပါ လိမ့်ဦးမည်၊ ထိုချွတ်ယွင်းချက်များအတွက် ပြင်ဆင်၍ ရှုစားကြပါရန် ခွင့် ပန်ပါသည်။

ယဒိဉတ္တံ အယုတ္တတ္ထ၊ ပမာဒေန ဘမေနဝါ။
ဝဇော မယာ ဒယာဝဌ္ဌော၊ သန္တော သံသောဓယန္တု တံ။

ရည်ရွယ်ချက်။ ။အဘိဓမ္မာကိုပို့ချသော ဆရာသည် အဋ္ဌကထာကိုသာ အဓိပ္ပါယ်ပြောခြင်းထက် အဋ္ဌကထာဖွင့်ချက်ကိုပါ ပါဠိတော်၌ သွင်း၍ ပြောခြင်းက သာ၍နားလည်စေနိုင်သောကြောင့် ပါဠိတော်ကိုပါ တွဲဘက် ပို့ချသင့်ပါသည်၊ အဋ္ဌကထာ၏ အဓိပ္ပါယ်များလည်း မူလဋီကာ၌ များစွာ ပါဝင်နေရကား မူလဋီကာမပါဘဲ အနက်အဓိပ္ပါယ်ပြောခြင်းထက် မူလဋီကာ ကို တွဲဘက်ပို့ချ၍ အဓိပ္ပါယ်ပြောခြင်းက သာ၍ရှင်းလင်းစေပါသည်။

အနက်ဉာဏ် အတော်အတန်ရှိပြီး ပုဂ္ဂိုလ်များသည် မူလဋီကာကို ဆိုနိုင် လောက်ပါသည်၊ မူလဋီကာကို အနက်ထင်အောင် လေ့လာပြီးသော ပုဂ္ဂိုလ်

သည် ဝိနည်း သုတ္တန် ဋီကာတို့ကို ကြည့်ရှုဘို့ရန် ဝန်မလေးတော့ပါ၊ ထိုသို့ အကျိုးများလှသည့်အတွက် တွဲဘက် ပို့ချစေလို သင်ယူစေလိုသောကြောင့် စာတအုပ်ထည်းဝဲယ် အဋ္ဌကထာဘာသာဋီကာ၏နောက်၌ မူလဋီကာ နိဿယ အခိပ္ပါယ်ကိုပါ တွဲဘက် စီစဉ်ထားပါသည်။

အရှင်ဇနကာဘိဝံသ

သာသနာသက္ကရာဇ်- ၂၅၀၀၊

ကောဇာသက္ကရာဇ်-၁၃၂၆။

ဘာသာဋီကာ နိဂုံး

ကျမ်းပြီးပုံ။ ။ဓမ္မသင်္ဂဏီပါဠိတော်နှင့်တကွ ဤအဋ္ဌကထာမူလဋီကာတို့ကို ပါရာဇိကကဏ္ဍ အဋ္ဌကထာပို့ချ၍အပြီး၌ ဆက်လက်၍ပို့ချခဲ့ရာ ၄-နှစ်ခန့်ကြာမှ ပြီးစီးပါသည်၊ ပို့ချစဉ်အခါဝယ် ဝီရိယသန်သန်ဖြင့် မှန်မှန် နေ့စဉ်ပို့ချ၍ ကာယသုခ မရခဲ့သော်လည်း "သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရ ပေပြီ၊ ထမ်းနိုင်ပေသည်" ဟု တွေးကာ အေးဆေးချမ်းမြ စိတ္တသုခကို ရခဲ့ပါ သည်၊ ရည်ရွယ်သလောက် ပြီးမြောက်ချိန်၌ကား ပီတိအစွမ်းကြောင့် ပဏီတ ရုပ်တွေ တကိုယ်လုံးဖြန်းကာ ကာယသုခသည်း ရပြန်ပါသည်။

သိဒ္ဓိတ္ထ ဘော ဘာသာဋီကာ၊ ဒေသဘာသာယ သခ်တာ။
ဝဏ္ဏနာ သဟဋီကာယ၊ အဋ္ဌသာလိနိယာ သုဘာ။

သဟဋီကာယ၊ ဆရာဆရာ့ မြွပို့ချသည့် မူလမည်သော ကျမ်းဋီကာနှင့် တကွဖြစ်သော။ အဋ္ဌသာလိနိယာ၊ အဋ္ဌသာလိနီ ကိုယ့်နာမည်ဖြင့် နှစ်ဆီ ပြည့်စွာ အဋ္ဌကထာ၏။ ဝဏ္ဏနာ၊ နိဿယအဓိပ္ပါယ် စုံအောင်ခြယ်၍ အရှယ် သင့်တန် အဖွင့်မှန်ဖြစ်သော။ သုဘာ၊ သဒ္ဒါမပျက် မြန်မာနက်ကြောင့် နှစ်သက်စဘွယ် လွန်တင့်တယ်သော။ ဒေသဘာသာယ၊ တိုင်းရင်းမြန်မာ အမိဘာသာဖြင့်။ သခ်တာ၊ တသန့်တသန့် အကန့်ကန့်လျက် ခွဲခွဲစီရရီ တည်ကြည်စွာ ဖွင့်ပြအပ်သော။ ဘာသာဋီကာ၊ ဘာသာဋီကာ အမည်သာ သည့် မှိုရာသိပ်သည်း နိဿယည်းသည်လည်း။ သိဒ္ဓိတ္ထဘော၊ ထောင့်သုံးရာ လွန် နှစ်ဆယ့်ခွန်ဝယ် လကွယ်ကာချဉ်း တော်သလင်းသက် ဆဲ့သုံးရက်၌ နှစ်သက် ရှင်ကြည် ပြီးမြောက်ပြန်ပြီတကား။

သမ္ပုဇယာမိ ထေရာနံ၊ ယေသာဟံ သမ္ပဂ္ဂဟိတော။
သိက္ခိတော ဂန္ထကာရေပိ၊ ပတ္တောမှိ ပကာဟညုတံ။

ယေသံထေရာနံ၊ အထက်ဝေဟင် နေအသွင်သို့ မြေပြင်ထင်ရှား အကြင် ဆရာတော်ဘုရားတို့သည်။ သမ္ပဂ္ဂဟိတော၊ အထူးစောင့်ရှောက် ချီးမြှောက် အပ်သော။ အဟံ၊ ငါသည်။ သိက္ခိတော၊ ရေးနည်းသားနည်း ပို့ချနည်း၌ သိပ်သည်းသေသပ် သင်အပ်သောအတတ်ရှိသည် ဖြစ်၍။ ဂန္ထကာရေပိ၊

ခုခေတ်နောက်သား အကျိုးများဘို့ ရေးသားကြိုးကုတ် ကျမ်းပြုခြင်းအလုပ်ဥ္ဆလည်း။ ပကတာညတ်၊ သဘောသကန် ရှေးထုံးစံကို အမှန်သိမြင် ကျမ်းကျင်သူ၏အဖြစ်သို့။ ပတ္တော အမို၊ ခေတ်အလျောက် လေးစားလောက်အောင်မဖောက်မသွေ ရောက်ရပေ၏။ တေသံထေရာနံ၊ ကျေးဇူးတော်ရှင် ဂုဏ်အင်ကြီးမား ထို ဆရာတော်ဘုရားတို့အား။ သမ္ဘူဇယာမိ၊ ကျမ်းစာရေးသားကောင်းမှုများဖြင့် လေးစားကော်ရော် ပူဇော်ပါသတည်း။

စတုစက္ကံ ဝတ္တိယာနံ၊ ယာနံ ဗလပရိဂ္ဂဟံ။
ယာ နာယ အမတံ ပါရုံ၊ ကဿံ ပုရိသကာရိယံ။

စတုစက္ကံ၊ သမ္ပတ္တိစက် ၄-ချက်စုပေါင်း စက်ခေါင်း ၄-ခုလည်း ပါရှိထသော။ ဗလပရိဂ္ဂဟံ၊ ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ်အုပ်ချုပ်အပ်ထသော။ ယာနံ၊ အသွားလျင်လျင် အများတင်လည်း အားအင်ခိုင်ဖြိုး မဂ္ဂင်တည်းဟူသော ယာဥ်ပျံတော်ကြီးကို။ ဝတ္တိယာနံ၊ မတိမ်းမစောင်း လည်စေကြောင်းဖြင့် ကောင်းစွာအစဥ် မောင်းကာနှင်၍။ အမတံပါရုံ၊ ဤဘက်မှာနေ အားလုံးသေလျက် ဟိုပြေရောက်မှ တေးကင်းရမည့် အမတခေါ် နေပြည်တော်သို့။ ယာနာယ၊ ကိလေသာဟူ ရန်သူပစ်ဖောက် ဗုံးအမြောက်တို့ မကြောက်မနား အရောက်သွားခြင်းငှာ။ ပုရိသကာရိယံ၊ ယောကျ်ားမှန်က ပြုရရမည့် ကမ္ဘာ့လက်ရိုး လုံ့လမျိုးကို။ ကဿံ၊ ငါးဦးဗိုလ်ချုပ် အဖော်လုပ်၍ မဆုတ်ရစေ ပြုလုပ်ပေအံ့သတည်း။

ဓမ္မသင်္ဂဏီပါဠိတော်၏ ကောက်နုတ်ချက် နိဿယ

တိုက်တွန်းချက်။ ။"အဋ္ဌကထာ"ဆိုသည်မှာ "ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြသော ကျမ်းစာဖြစ်သည်"ဟု စာသင် စာချပုဂ္ဂိုလ်အများပင် နားလည်ပြီးဖြစ်ကြပါသည်၊ ထို့ကြောင့် အရင်းခံပါဠိတော်၏ ဟောတော်မူလိုအပ်သော အချက်အလက်များကို နားလည်ဘို့ရန် အဋ္ဌကထာကိုသင်ယူရကြောင်း ထင်ရှားပါသည်၊ သို့ဖြစ်လျှင်"ပါဠိတော်ကို မသင်မချဘဲ အဋ္ဌကထာကိုသာ သင်ပြပို့ချခြင်းသည် အစစ်အမှန်သဘာဝ ဟုတ်ပါ၏လော"ဟုတွေးတောစရာ ဖြစ်လာပါသည်။

ဓမ္မသင်္ဂဏီ (၄)

ထို့ကြောင့် တပည့်တော်များ၏ ကျေးဇူးတော်ရှင် ပခုက္ကူ ဆရာတော်များသည် မည်သည့်အဋ္ဌကထာမဆို ပို့ချသောအခါ ပါဠိတော်ကို ပဓာနထား၍ ပို့ချလေ့ရှိကြပါသည်၊ ဤဓမ္မသင်္ဂဏီပါဠိတော်၏ အဋ္ဌကထာကိုရင်း၊ မူလဋီကာကိုရင်း တလဲစီဆိုရသော တပည့်တော်သည် နေ့စဉ်နေ့စဉ် ပါဠိတော်ဆိုသောပုဂ္ဂိုလ်၏ အထပ်ထပ် ပါဠိတော်ဆိုသံကို နားလျှံအောင် ကြားခဲ့ရပါသည်၊ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၏ ကောက်နုတ်ချက် နိဿယကို ဤဘာသာဋီကာ နောက်ဆက်တွဲအဖြစ်ဖြင့် ထည့်သွင်းလိုက်ရသည်မှာ ဗုဒ္ဓမြတ်စွာကို ပူဇော်ရာရောက်သည့်အပြင် ကျေးဇူးရှင်ဆရာတော်များကိုလည်း ကျေးဇူးဆပ်ရာ ရောက်သေးကြောင့် အလွန်ကျေနပ် ဝမ်းမြောက်စွာဖြင့် အမြန်ရေးသား၍ ထည့်သွင်းလိုက်ရပါသည်၊ သဘာဝအစစ်ကို လိုက်လိုသော စာချစာသင် အရှင်များလည်း ကြိုးစား၍ ပို့ချကြပါရန် တိုက်တွန်းတောင်းပန်ပါသည်။

တပည့်တော်တို့ ပရိယတ္တိသာသနာ့ဝန်ဆောင်များသည် တကယ့်ကို စိတ်ပါလက်ပါ ဆောင်နေရင်းပင် ပဋိပတ်သာသနာတော်ကိုလည်း ဆောင်လိုသောစိတ်များ ပြင်းပြလောက်အောင် တရားတော်က နှစ်စဉ်နှိုးဆော်၍နေပါသောကြောင့် မကြာမီ ပဋိပတ္တိသာသနာ့ဝန်ဆောင်များလည်း ဖြစ်နိုင်ပါသည်၊ ထိုသို့ ဖြစ်နိုင်သည်အထိ ကြိုးစားမိလျှင်ကား ဂတိကောင်းဘို့မျှမက မဂ်ဖိုလ်နိဗ္ဗာန်သည်ပင် ဟတ္ထဂတ ဖြစ်နေပါလိမ့်မည်။

သယံ ဗုဒ္ဓေါ သမ္ဗောဓေသိ၊ ဓမ္မေပိ ဓမ္မသတ္တိယော။
အဟောနော တဿ သုတတ္တံ၊ အဟောနော ဓမ္မစိန္တနံ။

အရှင်ဇနကာဘိဝံသ
၁၃၃၁၊
တပေါင်းလ။

သမ္မောဟဝိနောဒနီ ဘာသာဋီကာ
အခြေခံနိဒါန်း

ဓမ္မသင်္ဂဏိယံ ဓမ္မေ၊ သင်္ဂဏှေတွာန သင်္ဂဟ။
ဝိဘင်္ဂကောဝိဒေါ နာထော၊ ဝိဘင်္ဂံယံ ဝိဘာဇယိ။
တဿာပိ ဝဏ္ဏကထံ ဋီကံ၊ ဝိဘာဝ ဇောတာမိ သာဓုကံ။

ဝိဘင်္ဂကောဝိဒေါ၊ အကျဉ်းအတန်တန် ကျယ်ဝေဘန်ဘို့ ရွှေဉာဏ် မြော်မြင် ကျွမ်းကျင်တော်မူသော။ နာထော၊ လူ့ပြည်နတ်ရပ် လောက ဓာတ်ဝယ် နတ်နတ်ထွဋ်ထား မြတ်ဘုရားသည်။ ဓမ္မသင်္ဂဏိယံ၊ ရုပ်နာမ်ဓမ္မ ရေတွက်ပြသဖြင့် ဓမ္မသင်္ဂဏီခေါ် ပါဠိတော်၌။ ဓမ္မေ၊ ရုပ်နာမ်နှစ်ပါး ဓာတ် တရားတို့ကို။သင်္ဂဟ၊အသင်္ခတာ နိဗ္ဗာန်တိုင် ဆိုင်ဆိုင်ဥဿုံအားလုံးစုံအောင်။ သင်္ဂဏှေတွာန၊ အကျဉ်းအကျယ် အသွယ်သွယ်ဖြင့် ခြယ်လှယ်ကျန ရေတွက် ပြတော်မူပြီး၍။ယံဝိဘင်္ဂံ၊ ခန္ဓာအာယတန စသည်များပြား ဆယ့်ရှစ်ပါးဟု ခွဲခြားသင့်လျော် အကြင်ဝိဘင်းတရားတော်ကို။ ဝိဘာဇယိ၊ သုတ္တန်ဘိဓမ္မာ ပဉှာပုစ္ဆက နည်းစုံပြ၍ ကျနသိရန် ဝေဘန်ဟောပြတော်မူပြီ။ တဿအပိ၊ သိဘွယ်အလီလီ နှစ်အဆီကို စုံညီခွဲခြမ်း ကျမ်းဝိဘင်းခေါ် ထိုတရားတော် ၏လည်း။ ဝဏ္ဏကထံ၊ အနက်အဓိပ္ပါယ် ကျဉ်းအကျယ်ကို အလွယ်ပြရာ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာကိုရင်း။ဋီကံ၊ အဋ္ဌကထာတွင် လိုအံ့ထင်သော် အစဉ်ဖွင့်ရာ မူလဋီကာကိုရင်း။ သာဓုကံ၊ နှောင်းခေတ်သောတု မှိုင်ငြမ်းပြုဘို့ ရှုတိုင်းကောင်းစွာ လွန်သေချာအောင်။ ဝိဘာဇောတာမိ၊ နိဿယည်း အဓိပ္ပါယ် စုံအောင်ခြယ်လျက် သိလွယ်စေရန် ဝေဘန်ပါအံ့သတည်း။

တရားတော်၏ ဝိပုတ္တိရသ။ ။ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို အဆီ ညှစ်၍ အနှစ်ထုတ်သောအခါ နောက်ဆုံး၌ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် ဟူသော ဝိမုတ္တိအရသာရှိကြသည်သာ ဖြစ်၏။(ဝိမုတ္တိ၊ ကိလေ သာတို့မှလွတ်သော အရဟတ္တဖိုလ်၊) မှန်၏။

ဝိနည်း။ ။ဝိနည်းတရားတော်သည် ထိုတရားတော်အတိုင်း သီလသိက္ခာ ကို အပြည့်အဝ ဖြည့်ကျင့်နေသောပုဂ္ဂိုလ်အား သီလသိက္ခာမှတက်၍ သမာဓိ ပညာဘက်သို့ ရောက်သောအခါ ဝိမုတ္တိအရသာကို ပေးစွမ်းနိုင်၏။

သုတ္တန်။ ။သုတ္တန်တရားတော်သည်ကား တရားဦးအစ ဓမ္မစကြာတုန်းကပင် တဆယ့်ရှစ်ကုဋေသော ဝေနေယျတို့အား ဝိမုတ္တိအရသာကို ပေးတော်မူခဲ့ပြီ။

အဘိဓမ္မာ။ ။အဘိဓမ္မာတရားတော်သည်လည်း ရုပ်နာမ်၂-ရပ် ပရမတ်ကို တပ်အပ်ထင်ထင် သိမြင်စေနိုင်ရကား“ပုဂ္ဂိုလ်သတ္တဝါ သူငါမရှိ”ဟု ထိထိမိမိသိနိုင်သောအခါ အနုတ္တာနုပဿနာ ဘာဝနာအစွမ်းဖြင့် အလွယ်တကူ ဝိမုတ္တိအရသာကို ခံယူစေနိုင်၏။ ဤသို့လျှင် ဗုဒ္ဓမြတ်စွာ၏ တရားတော်များသည် တရားတော်ကို လိုက်နာသူတိုင်းအား ဝိမုတ္တိအရသာကို ခံစားစေနိုင်သော အစွမ်းသတ္တိရှိတော်မူကြသည်သာ ဖြစ်ကြပေသည်။

ဝိဘင်းပါဠိတော်။ ။ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာတရားတော်တို့တွင် ဤဝိဘင်းပါဠိတော်သည် တရားသိဘွယ် အသွယ်သွယ်ကို နည်းမျိုးစုံခြယ်လှယ်၍ သိလွယ်အောင် ဟောပြောရာဒေသနာတော် ဖြစ်၏၊ မှန်၏၊ ဤ ဝိဘင်းပါဠိတော်ဝယ် ခန္ဓဝိဘင်း အာယတနဝိဘင်း စသောအားဖြင့် တဆယ့်ရှစ်ရပ်ရှိသောကြောင့် သိဘွယ်တွေများလှ၏၊ ဝိဘင်းတရပ်တရပ်တွင်လည်း သုတ္တန်ပါဠိတော်များ၌ ဟောတော်မူပုံနည်းအားဖြင့် သုတ္တန္တဘာဇနီယ နည်းကိုလည်း ဟောတော်မူ၏၊ အဘိဓမ္မာသဘော သက်သက်အားဖြင့် အဘိဓမ္မာဘာဇနီယနည်းကိုလည်း ဟောတော်မူ၏၊ ဟောတော်မူအပ်ပြီးသော တရားတော်များကို ပြဿနာမေးသောအားဖြင့် ပဉှပုစ္ဆကနည်းကိုလည်း ဟောတော်မူပါသည်။

ဆရာအဆက်ဆက်နှစ်သက်ပုံ။ ။ထို့ကြောင့် သိလိုသောဆန္ဒဖြင့် သေချာစွာ သင်ယူလျှင် မသိနိုင်စရာမရှိလောက်အောင် ရှင်းလင်းတော်မူရကား ရှေးဆရာတော်အဆက်ဆက်တို့ နှစ်သက်ကြည်ညိုစွာ လေ့လာတော်မူခဲ့ကြဟန်တူပါသည်၊ ထို့ကြောင့် မိမိ၏ ကျေးဇူးရှင်ဖြစ်တော်မူသော မြောင်းမြဆရာတော်ဘုရားသည် ဝိဘင်းပါဠိတော်နှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ မူလဋီကာကို ပို့ချရင်းရေးနေပါကြောင်း လျှောက်သောအခါ အားရတော်မူလှ၍ “ကောင်းတာပေါ့ အလွန်ပြည့်စုံတဲ့ကျမ်းဘဲ” ဟု မိန့်တော်မူပါသည်၊ မိမိလည်း ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီး၌ စာဆိုစဉ်က ဤဝိဘင်းပါဠိတော်

၏ အဋ္ဌကထာအဖွင့် မူလဋီကာကို ကွယ်လွန်တော်မူပြီးသော မဟာရဋ္ဌဂုရု ဆရာတော်၏အထံ၌ ရှေးဦးစွာ စ၍ဆိုခဲ့ရပါသည်။

ခန္ဓဝိဘင်း။ ။ခန္ဓာ ၅-ပါး၏ အကြောင်းအရာကို အကျယ်ဝေဘန်ရာ ဒေသနာတော်ဖြစ်၏၊ ရုပ်နာမ် ၂-ပါးတွင် ရုပ်တရားအားလုံးကို "ရူပက္ခန္ဓာ" ဟု တပါးတည်းသာ ပြတော်မူ၍ နာမ်တရားစုကို ဝေဒနာက္ခန္ဓာ စသည်ဖြင့် ၄-ပါးခွဲကာ ပြတော်မူသောကြောင့် နာမ်တရား၌ တွေဝေကြသော နာမ သမ္မူဠ္ဌ ယောဂီပုဂ္ဂိုလ်များအတွက် အသိဉာဏ်ရှင်းလင်းစေနိုင်သော တရားတော်ဖြစ်သည်။

အာယတနဝိဘင်း။ ။အာယတန ၁၂-ပါး၏အကြောင်းအရာကိုအကျယ် ဝေဘန်ရာ ဒေသနာတော်ဖြစ်၏၊ ရုပ်နာမ် ၂-ပါးတွင် ရုပ်တရားကို အာယတန တဆယ့်တပါးနှင့် တဝက်သာခွဲပြ၍ နာမ်တရားအားလုံးကို အာယတန တပါးနှင့် တဝက်သာခွဲပြသောကြောင့် ရုပ်တရား၌တွေဝေသော ရူပသမ္မူဠ္ဌ ယောဂီပုဂ္ဂိုလ်များအတွက် အသိဉာဏ် ရှင်းလင်းစေနိုင်သော တရားတော် ဖြစ်သည်။

ဤ အာယတနဝိဘင်း၌ "စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ" စသည်ဖြင့် အာယတန ၁၂-ပါးလုံးကို ရှုဘို့ရာ ဝိပဿနာဘာဝနာကိုလည်း ဟောပြတော်မူ၏၊ "အသင်္ခတာဓာတု" စသည်ဖြင့် အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်ကိုလည်း ဟောပြတော်မူ၏၊ အဋ္ဌကထာ၌လည်း နိဗ္ဗာန်နှင့်စပ်၍ အယူ အမျိုးမျိုးကို ပြပြီးလျှင် အမှန်ရှိနေသောနိဗ္ဗာန်ကို နောက်ဆုံး၌ ပြတော်မူသည်။

ဓာတုဝိဘင်း။ ။ဓာတ် ၁၈-ပါး၏အကြောင်းအရာကို အကျယ်ဝေဘန်ရာ ဒေသနာတော်ဖြစ်၏၊ ရုပ်နာမ် ၂-ပါးတွင်ရုပ်ကို ဓာတ် ၁၀-ပါးနှင့်တပါးဝက် ခွဲပြတော်မူ၍ နာမ်ကိုဓာတ် ၇-ပါးနှင့် တပါးဝက်ခွဲပြတော်မူသောကြောင့် ရုပ်နာမ် ၂-ပါး၌ တွေဝေသော နာမရူပသမ္မူဠ္ဌ ယောဂီပုဂ္ဂိုလ်များအတွက် အသိဉာဏ်ရှင်းလင်းစေနိုင်သော တရားတော်ဖြစ်သည်၊ ထို့ကြောင့် ပြအပ်ပြီးသော ဝိဘင်း ၃-ရပ်တွင် တရပ်ရပ်ကိုမဟောလျှင် မပြည့်စုံသောကြောင့် ရုပ်နာမ် ၂-ပါးကို ဝိဘင်း ၃-ရပ်ဖြင့် ခွဲခြားဝေဘန်တော်မူကာ ယောဂီ အားလုံး၏ စိတ်နှလုံးကို ရွှင်ပြုံးကျေနပ်စေတော်မူပါသည်။

သစ္စဝိဘင်း။ ။ခန္ဓာ အာယတနဓာတ်တို့ကို အကျယ်ဝေဘန်၍ပြီးသော အခါ ထိုတရားတို့၌ စူးစိုက်သော ယောဂီ ပုဂ္ဂိုလ်တို့သည် ရုပ်နာမ် တို့၌ ပုဂ္ဂိုလ်သတ္တဝါ သူ ငါ မရှိကြောင်းကိုရင်း၊ အသက် ဇီဝ အတ္တ အကောင် မဟုတ်ကြောင်းကိုရင်း ကောင်းကောင်း သိမြင်နိုင်ကြပြီ၊ ထို့ကြောင့် ထို ဝိဘင်း ၃-ရပ် အပြီးတွင် အရိယာဖြစ်အောင် ဆောင် နိုင် သော ကြောင့် "အရိယသစ္စ"ဟု ထင်ရှားသော သစ္စာ ၄-ပါး တရားတော်ကို ဟောပြတော် မူသည်။ ဟောတော်မူပုံကား-

ဒုက္ခ-သမုဒယ။ ။ထိုသစ္စာ ၄-ပါးတွင် လောကီ ရုပ်နာမ် ခန္ဓာအစု၌ ငါဟုစွဲလမ်း ထိတ်လန့်သော သံဝေဂဉာဏ်ကိုရစေခြင်းငှာ "ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ"စသည်ဖြင့်ရင်း၊ "ဥဒယဗ္ဗယ ပဋိပီဠနဋ္ဌေန ဒုက္ခာ-အဖြစ်အပျက် ဒဏ်ကို အမြဲခံနေရသော သခါရဒုက္ခချည်း ဖြစ်သည်"ဟုရင်း၊ ဒုက္ခသစ္စာကို စတည်၍ ဟောတော်မူ၏၊ ဤ ဒုက္ခတွေကို မိမိခံနေရမည်မှာ မည်သူကမျှ ပြုလုပ်သောကြောင့်မဟုတ် မိမိ၏ တဏှာကြောင့်သာ ခံနေရသည်ဟု နား လည်၍ တဏှာကိုပယ်သတ်ဘို့ရာ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို ဒုတိယ ဟောတော်မူသည်။ (ဤသစ္စာ ၂-ပါကား လောကီသစ္စာတည်း။)

နိရောဓ-မဂ္ဂ။ ။တဏှာသမုဒယကြောင့် ဒုက္ခတွေဖြစ်ရ၊ ဒုက္ခဖြစ်ရသော ကြောင့် သုခကိုတောင့်တသော တဏှာသမုဒယဖြစ်ရ၊ သုခကလေးကိုရသော အခါ သုခကြီးကိုလိုချင်သော တဏှာသမုဒယဖြစ်ရပြန်၊ ထို့ကြောင့် တဏှာ သမုဒယကြီးလေဒုက္ခကြီးလေ၊ဤသို့အားဖြင့် ဒုက္ခတွေကိုသာမြင်ရ၍ ငြီးငွေ့ သောစိတ်သားဖြင့် အားငယ်နေကြသော ယောဂီပုဂ္ဂိုလ်တို့ကို သက်သာရာ ရစေခြင်းငှာ ဒုက္ခကုန်ဆုံးရာ နိရောဓသစ္စာကို တတိယမြောက် ဟောပြတော် မူပါသည်၊ ထိုနိရောဓသစ္စာကို ကြားရ၍ နိရောဓကိုသိဘို့ရန် အားသန်နေကြ သော ယောဂီပုဂ္ဂိုလ်တို့အား "ဤလမ်းကိုတက် ဤမဂ်ကိုပွားကြလော့၊ ဤ လမ်း၌ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူသော ချောမွေ့သောသီလ စခန်းလည်းရှိ၏၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟူသော တည်ငြိမ် သော သမာဓိစခန်းလည်းရှိ၏၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဟူသော နူးညံ့သော ပညာစခန်းလည်းရှိ၏၊ထို့ကြောင့်ဤလမ်းစလျှောက်စချင်း အကောင်းကိုချည်း

တွေ့ရမည်ဖြစ်သောကြောင့် ဤလမ်းကိုတက်၍ ဤမဂ်ကို တိုးပွားစေလျှင် ကောန်မုချ ဒုက္ခကုန်ရာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို တွေ့ရလိမ့်မည်”ဟု မိန့်တော်မူသည့်အလား ၄-ပါးမြောက်တွင် မဂ္ဂင်ရှစ်ဖြာ မဂ္ဂသစ္စာကို ဟော တော်မူပါသည်။ (ဤသစ္စာ ၂-ပါးကား လောကုတ္တရာသစ္စာတည်း။)

ဆောင်။ ။လောကီဘုံဝယ် သာယာဘွယ်ဟု တာတွယ်လေငြား ဝေနေမျှားကို တရားသံဝေ ရပစေဟု ထွေထွေဒုက္ခ ဦးစွာပြ၍၊ ဒုက္ခ သောင်းပြောင်း ဆင်းရဲ ပေါင်းလည်း အကြောင်းမဲ့စွာ မဖြစ်ရာရှင့် မဟာပြဟ္မာ့ ထာဝရဟု ဘုရာ့တသင်း မဖန်ဆင်းတည်း၊ ထန်ပြင်း သော့သွမ်း တဏှာစွမ်းကြောင့် ဘရမ်းဘတာ ဖြစ်ကြရာဟော သမု ဒယောတဲ့၊ သုံးလောကတွင် ဒုက္ခထင်၍ လွတ်ခွင်ထွက်ရာ ရတက်ဖြာ သော် သက်သာစေရန် အနေဖန်လျက် ခေမ်နိရောဓ သုံးကြိမ်ပြ၍၊ နိဗ္ဗာနနန်း ရောက်ဘို့မှန်းက ဤလမ်းဖြင့်တက် ဤမဂ်ကိုပွား မိန့်သည့် လားသို့ လေးပါးမြောက်ထင် မဂ်လမ်းထွင်သည် ဟောစဉ်လက်ရိုး ဆူဆူတည်း။

ဣန္ဒြိယဝိဘင်း။ ။တိုင်းပြည် တပြည်၌ အမတ်ကြီးတို့သည် မိမိဆိုင်ရာ ကိစ္စဝယ် လက်အောက်ငယ်သားတို့ကို မိမိအလိုသို့ လိုက်စေနိုင်ကြသကဲ့သို့ ထို့အတူ မိမိဆိုင်ရာလက္ခဏာဝယ် အတူဖြစ်ဘက်တရားတို့ကိုမိမိအလိုသို့လိုက် စေနိုင်လောက်အောင်အစိုးရသောသတ္တိကိုဣန္ဒြိယ(ဣန္ဒြေ)ဟုခေါ်၏၊ဥပမာ စက္ခုပသာဒသည် ရူပါရုံကိုမြင်ခြင်း လက္ခဏာရှိ၏၊ အတူဖြစ်ဘက် တရား တို့ကို ထိုမြင်ခြင်းကိစ္စ၌ မိမိအလိုသို့ လိုက်ပါစေနိုင်လောက်အောင် မြင်ခြင်း ကိစ္စဝယ် အစိုးရသောသတ္တိ ရှိသကဲ့သို့တည်း၊ ထို့ကြောင့် ရူပါရုံကိုမြင်ရာ၌ စက္ခုဣန္ဒြေ စွမ်းလျှင်စွမ်းသလောက် စက္ခုဣန္ဒြေအားသေးလျှင် အားသေးသည့် အလိုက်သာ စက္ခုဝိညာဏ်နှင့် စေတသိက်တို့က မြင်နိုင်ကြသည်၊ ဤဣန္ဒြိယ သတ္တိသည် တရားတိုင်း၌မရှိ၊ စက္ခုပသာဒစသောရုပ်တရား စိတ်သဒ္ဓါစသော နာမ်တရားတချို့၌သာ ရှိ၏၊ ဤသို့ ဣန္ဒြိယသတ္တိရှိသော တရားတို့ကိုသာ ထုတ်ပြတော်မူသော ဗုဒ္ဓမြတ်စွာ၏ဉာဏ်တော်ကို မှန်းမျှော်ကြည်ညိုရသော အခါ မိမိကိုယ်ကို ဗုဒ္ဓမြတ်စွာ၏ သာဝကဖြစ်ရသည့်အတွက် အလွန်နှစ်သက်

တက်ကြွသော ပီတိပဿဒ္ဓိ သဒ္ဓါ ပညာစသော တရားတော်များ တိုး၍တိုး၍ လာနိုင်ပါသည်။

သယံဗုဒ္ဓေါ သမ္မာဓေယိ၊ ဓမ္မေပိ ဓမ္မသတ္တိယော။
အဟော နော တဿ သုတတ္တံ၊ အဟော နော ဓမ္မစိန္တနံ။

ယောဇိနော၊ပါရမီတော်အား စွမ်းပကားဖြင့် ၄၂ပါးမာရ်နှင့် အကြင်ဘုရားရှင်သည်။ ဓမ္မေပိ၊ ရုပ်နာမ် ၂-ချက် ဖြစ်တိုင်းပျက်သည့် အသက်မနှော တရားသဘောတို့ကိုငှင်း။ ဓမ္မသတ္တိယောပိ၊ တရားတိုင်း၏ ထင်ရှားရှိသည့် သတ္တိအင်အား စွမ်းပကားတို့ကိုငှင်း။ သယံဗုဒ္ဓေါ၊ ဗောဓိမဏ္ဍိုင် ရိပ်သာမြိုင်ဝယ် ကိုယ်တိုင်စထွင် သိမြင်တော်မူသည်ဖြစ်၍။ သမ္မာဓေယိ၊ သိထိုက်သမျှ ဝေနေယျကို မြွက်ဟလှစ်ဖော် သိစေတော်မူခဲ့ပေပြီ။ တဿဇိနဿ၊ အောင်မြေနက်သန် ဗောဓိမဏ်ဝယ် အောင်လံ စွင့်စွင့် လွင့်တလူလူ ထိုအောင်တော်မူ မြတ်စွာဘုရား၏။ သုတတ္တံ၊ တရားဓမ္မ ဩဝါဒဖြင့် နေ့ညရှင်ပျော် သားတော်(သမီးတော်)ဖြစ်ရခြင်းသည်။အဟောနော၊ကိုယ့်တွက်ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာခုနှယ် ဩော်-ဝမ်းမြောက်ဘွယ်ကြီးပါတကား။ ဓမ္မစိန္တနံ၊ ဓမ္မသက်သက် ကြောင်းကျိုးဆက်၍ ဖြစ်ပျက်နေဟန် ဖန်ဖန်ခွဲဝေ ကြံစည်၍နေရခြင်းသည်။ အဟောနော၊ ပုဂ္ဂိုလ်သတ္တဝါ သူ့ငါ တွေပျောက် အလင်းရောက်ဘို့ ဝမ်းမြောက်ရှင်ပျော် ဩော်- အရတော်လေစွ တကား။

ပဋိစ္စသမုပ္ပါဒ ဝိဘင်း။ ။သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ဘို့ရာ အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ (ပဋိစ္စသမုပ္ပါဒ်)ဟုခေါ်၏၊ ဤပဋိစ္စသမုပ္ပါဒ်ကို ကောင်းကောင်းနားမလည်လျှင် ဗုဒ္ဓဘာသာဝင်ဟု အမည်ခံသော်လည်း ယောင်ဝါးဝါးသာ ဖြစ်နေစရာရှိ၏၊ ဤပဋိစ္စသမုပ္ပါဒ်၏ အကြောင်းအကျိုး ဆက်စပ်နေပုံကို နားလည်လျှင်ကား- "အကြောင်းရှိလျှင် အကျိုးရှိမည်သာ၊ အကြောင်းတရားတွေ မိမိသန္တာန်၌ မရှိတော့ဘဲ ချုပ်သွားလျှင် ဒုက္ခအမျိုးမျိုး အကျိုးဟူသမျှလည်း ချုပ်ရမည်သာ၊ အကြောင်းတရား အကျိုးတရားမှတပါး ပုဂ္ဂိုလ်သတ္တဝါ သူ့ငါ မရှိ"ဟု ပိုင်ပိုင်ကြီးသိနိုင်သောကြောင့် အနိစ္စ ဒုက္ခ အနတ္တဟုရှုရာ၌ အလွယ်

တကူပင် ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်ကို ရနိုင်လောက်ပါသည်၊ ထို့ကြောင့် သစ္စာ ၄-ပါးကို ဉာဏ်ဖြင့်ထင်ထင် သိမြင်ဘို့ရန် အထောက်အကူဖြစ်သော ပဋိစ္စသမုပ္ပါဒ ဝိဘင်းဒေသနာတော်ကို သစ္စဝိဘင်း၏အခြားမဲ့၌ ဟောတော်မူပါသည်။

သတိပဋ္ဌာနဝိဘင်း။ ။ဤတရားတော်ကား မိမိကိုယ်ခန္ဓာ၌ရှိသော ရုပ်ကာယ၌၎င်း ဝေဒနာ၌၎င်းစိတ်၌၎င်း၊ သညာသင်္ခါရဟူသော ဓမ္မတို့၌၎င်း သတိဖြင့်စိုက်၍ ဘာဝနာပွားသော အခါ မဂ်ဖိုလ် ရပုံကို ဟောပြသော ဒေသနာတော်ဖြစ်၏၊ ကာယကို သတိဖြင့် စိုက်၍ရှုရာ၌ "အတ္ထိဣမသ္မိံ ကာယေ ကေသာ လောမာ" စသည်ဖြင့် ရှေးက ဘုန်းတော်ကြီးများ ကျောင်း၌ကလေးအရွယ် ကျောင်းသားလူငယ်ဘဝမှစ၍ သင်ပြရိုးဖြစ်သော ကောဋ္ဌာသကမ္မဋ္ဌာန်းကိုလည်း ပြထားတော်မူ၏၊ ထို့ကြောင့် နောက်နောင်အခါ သာသနာဘာသာကို အသားကျပြုပြင်ရာ၌ မြန်မာဗုဒ္ဓဘာသာဝင်တို့ ပြန်၍ လေ့လာရမည့်သမားရိုးကျတရား အခြေခံနည်းမှန်တရားဖြစ်ကြောင်းကို သတိပြုသင့်ကြပါသည်။

သမ္မပ္ပဓာနဝိဘင်း။ ။လမ်းမှန်ကျကျ(မလွဲအောင်)အားထုတ်ကြောင်း ဝီရိယကို သမ္မပ္ပဓာန(သမ္မပ္ပဓာန်လုံ့လ)ဟုခေါ်၏၊ထိုလုံ့လဝီရိယသည်ဖြစ်ပြီး အကုသိုလ်ကိုလည်း နောက်ထပ် မဖြစ်အောင် ပယ်နိုင်၏၊ မဖြစ်သေးသော အကုသိုလ်ကိုလည်း မဖြစ်အောင်စောင့်စည်းနိုင်၏၊ မဖြစ်သေးသောကုသိုလ်ကိုလည်း ဖြစ်အောင်ကြိုးစားနိုင်၏၊ ဖြစ်ပြီးသောကုသိုလ်ကိုလည်း တိုးပွားအောင်ကြိုးစားနိုင်၏၊ထို့ကြောင့် ဤသမ္မပ္ပဓာန် လုံ့လဝီရိယသည် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသော အထက်တန်း ယောဂီများသာမက ပါရမီဖြည့်နေကြသော သူတော်ကောင်း များလည်း သတိထား၍ ကြိုးစားထိုက်သော ဝီရိယဖြစ်ပေသည်၊ မည်မျှပင် သတိကောင်း သော်လည်း ဤသမ္မပ္ပဓာန် ဝီရိယမပါလျှင် သာမန် သူတော်ကောင်းပင် မဖြစ်နိုင်ပါ၊ ထို့ကြောင့် သတိပဋ္ဌာနဝိဘင်း၏ အခြားမဲ့၌ ဤသမ္မပ္ပဓာန ဝိဘင်းကို ဟောတော်မူရပါသည်။

ဣဒ္ဓိပါဒဝိဘင်း။ ။ဣဒ္ဓိဟူသည် ပြီးစီးသော ထမြောက်အောင်မြင်သော ဈာန်မဂ်ဖိုလ်အကျိုးတည်း၊ ထိုအကျိုး၏အခြေခံအကြောင်းဖြစ်သော ဆန္ဒ

ဝီရိယ စိတ္တ ပညာ ဤ ၄-ပါးကို "ပါဒ"ဟု ခေါ်၏၊ ထိုဆန္ဒစသော ၄-ပါးသည် အဓိပတိပစ္စည်း တပ်လောက်အောင် ထက်သန်သော တရားများချည်း ဖြစ်ရသည်၊ဤသို့ ဆန္ဒကလည်း "ဆန္ဒရှိလျှင် ဘာမဖြစ်ဘဲရှိအံ့နည်း" ဟု ထက်သန်လျှင်ရင်း၊ ဝီရိယကလည်း "ဝီရိယရှိလျှင် မပြီးနိုင်သောအရာ အဘယ်မှာရှိအံ့နည်း"ဟု ထက်သန်လျှင်ရင်း၊ စိတ်ကလည်း "စိတ်ကြံလျှင် ခံနိုင်ရိုးလား"ဟု ထက်သန်လျှင်ရင်း၊ ပညာကလည်း "အရာရာ၌ စူးစမ်းတတ်သောဉာဏ်ရှိလျှင် အဘယ်မှာ ဈာန်မဂ်ဖိုလ်ကို မရဘဲ ရှိအံ့နည်း"ဟု ထက်သန်လျှင်ရင်း၊ ဈာန်မဂ်ဖိုလ်ဟူသော တန်ခိုးဣဒ္ဓိတရားတွေ ကေန်ပေါ်လာရပေမည်သာ၊ ထို့ကြောင့် သတိပဋ္ဌာန် သမ္မပ္ပဓာန်တို့ကို အခြေခံ၍ ကမ္မဋ္ဌာန်းကို ကြိုးပမ်းသော ယောဂီပုဂ္ဂိုလ်သည် ဤဣဒ္ဓိပါဒ် ၄-ပါးကို မိမိသန္တာန်၌ အခြေခံရှိဘို့လိုအပ်သောကြောင့် သမ္မပ္ပဓာနဝိဘင်း၏ အခြားမဲ့၌ ဣဒ္ဓိပါဒဝိဘင်းကို ဟောတော်မူပါသည်။

ဗောဇ္ဈင်္ဂဝိဘင်း။ ။ဗောဇ္ဈင်္ဂကို ပုဒ်ခွဲလျှင် "ဗောဓိ+အင်္ဂ"ဟု ဖြစ်၏၊ ဗောဓိ-သစ္စာ ၄-ပါးကို သိတတ်သောမဂ်ဉာဏ်၏+အင်္ဂ-အစိတ်အပိုင်းတရားစုကို "ဗောဇ္ဈင်္ဂ"ဟု ခေါ်ရ၏၊ မဂ်ကိုရကြောင်း ထိုတရားအပေါင်းဟူသည် သတိ ဓမ္မ ဝိစယ (ပညာ) ဝီရိယနှင့် ပီတိစသော တရားများတည်း၊ သတိ ပညာ ဝီရိယတို့သည် သတိပဋ္ဌာနဝိဘင်း စသည်၌ သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ်နာမည်ဖြင့် ပြအပ်ခဲ့သော တရားများဖြစ်သည်၊ ထိုတရားတို့သည် ယောဂီပုဂ္ဂိုလ်များအတွက် အလွန်ရှိထိုက်သောတရားများဖြစ်၏၊ မှန်၏။

သတိ ဓမ္မ ဝိစယ ဝီရိယ။ ။ယောဂီပုဂ္ဂိုလ်သည် မိမိအားထုတ်အပ်သော ကမ္မဋ္ဌာန်းအာရုံ၌ အမြဲ သတိစိုက်နေသော သတိသမ္ဗောဇ္ဈင်ကိုရင်း၊ ထိုသို့ သတိစိုက်ရင်းပင် ထိုတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ သဘောကို စဉ်းစား စိစစ်သော ဓမ္မဝိစယသမ္ဗောဇ္ဈင်(ဉာဏ်ပညာ)ကိုရင်း၊ ထိုသတိ ထိုဓမ္မဝိစယ တို့ကို နောက်မဆုတ်အောင် အားထုတ်နေသော ဝီရိယသမ္ဗောဇ္ဈင်ကိုရင်း မိမိသန္တာန်၌ ကောန်ဖြစ်စေရ၏၊ ထို ၃-ပါးတွင် တပါးပါးမျှ လစ်လပ်၍ မနေစေရပါ။

ပီတိပဿဒ္ဓိ။ ။ဤတရား ၃-ပါးဖြင့် နင်လားငါလား ကြိုးစားသော အခါ တကိုယ်လုံးစိမ့်၍နေလောက်အောင် ပီတိသမ္ဗောဇ္ဈင် ထင်ရှားလာ၏၊

(ထိုပီတိသည် ခါတိုင်းပါသော်လည်း မထင်ရှားသေးယခုလောကုတ္တရာစား မှ ထင်ရှားလာသည်၊ ရှေ့ဗောဇ္ဈင် ၃-ပါးကြောင့် ပီတိအကျိုး ထင်ရှားလာ သည်ဟု ဆိုလိုသည်၊) ပီတိသမ္ဗောဇ္ဈင် ထင်ရှားလာသော အခါ ယောဂီ ပုဂ္ဂိုလ်၏ ကိုယ်စိတ် ၂-ပါးလုံးပင် ကိလေသာအပူဝေး၍ ငြိမ်းအေးသော ပဿဒ္ဓိ သမ္ဗောဇ္ဈင် အကျိုး တရားလည်း ထင်ရှားလာ၏၊ ထိုအခါမျိုး၌ ယောဂီ၏စိတ်သည် တရားအာရုံမှမခွါနိုင်အောင် အလွန်သိမ်မွေ့နေသည်။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ယောဂိနော။
အမာနုသီ ရတိဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။

သုညာဂါရံ၊ မြို့ရွာအုသံ မဆူညံဘဲ လူသံ တိတ်ချိန် ဆိတ်ငြိမ်သော ကျောင်းသို့။ ပဝိဋ္ဌဿ၊ မခေါ်အပို ဖော်မလိုဘဲ တကိုယ်တည်းပင် ကပ်ဝင်၍ နေသော။ သန္တစိတ္တဿ၊ လောကီရေးရာ ဗျာပါမဖက် ငြိမ်သက်တိမတ် စိတ်ကောင်းစိတ်မြတ်ရှိသော။ ယောဂိနော၊ ကမ္မဋ္ဌာန်း၌ လုံးပမ်းကြိုးကုတ် အားထုတ်သောပုဂ္ဂိုလ်၏။ သမ္မာ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ ဝိပဿတော၊ ဖြစ်ပုံပျက်ဟန် အချက်မှန်ကို နက်သန်စေ့ငု ကြည့်ရှုလိုက်သည် ရှိသော်။ အမာနုသီ၊ ကာမဂုဏ်ထူထပ်သည့် လူနတ်မွေ့လျော် အပျော်မျိုးနှင့် မတူ သော။ ရတိ၊ ဘာဝနာဖြစ်ချက် မပစ်ရက်အောင် နှစ်သက်မွေ့လျော် ထူးကဲ သောအပျော်မျိုးသည်။ ဟောတိ၊ ဉာဏ်အဟုန်မြူး မကြုံဘူးအောင် အထူး အထွေ ဖြစ်ပေါ်၍လာတတ်ပေသတည်း။

သမာဓိဥပေက္ခာ။ ။ဤသို့ ပီတိပဿဒ္ဓိ အကျိုးတရားတို့ ထင်ရှားလာ သောအခါယောဂီပုဂ္ဂိုလ်၏စိတ်သည်ထိုဤအာရုံသို့မရွေ့ရှားဘဲထိုကမ္မဋ္ဌာန်း ၌ပင် အလွန်တည်ငြိမ်သော သမာဓိ သမ္ဗောဇ္ဈင်သည်၎င်း၊ သတိစသော တွဲဘက်တရားတို့ကို လွန်၍မသွား လျော့၍လည်း မနေအောင် အလယ် အလတ်၌ တည့်မတ်စွာရှုစားတတ်သော ဥပေက္ခာ သမ္ဗောဇ္ဈင်သည်၎င်း အဆင်သင့်ဖြစ်နေပေသည်။ ထို့ကြောင့် ဤဗောဇ္ဈင် ၇-ပါး မြတ်တရား သည် ယောဂီပုဂ္ဂိုလ်များအတွက် အလွန်လိုလားအပ်သော တရားဖြစ်သော ကြောင့် ဣဒ္ဓိပါဒဝိဘင်း၏ အခြားမဲ့၌ ဤဗောဇ္ဈင်ဝိဘင်းကို ဟောတော်မူ ရသည်။

မဂ္ဂင်္ဂဝိဘင်း။ ။နိဗ္ဗာန်ကိုအလိုရှိသော ယောဂီပုဂ္ဂိုလ်တိုင်း ဤတရားတို့ကို မိမိသန္တာန်၌ ရရှိအောင် ကျေနပ်ရာထိုက်သော (ကျေနပ်ရာရမည်ဖြစ်သော)တရားတို့ကို "မဂ္ဂ"ဟု ခေါ်၏၊ ထိုမဂ္ဂ၏ အစိတ်အပိုင်းတရားမျိုးကို မဂ္ဂ+အင်္ဂ(မဂ္ဂင်္ဂ)ဟု ခေါ်သည်၊ ဤမဂ္ဂင်တရားတို့သည် သစ္စဝိဘင်းတုန်းက "နိဗ္ဗာန်ဟူသော နိရောဓသစ္စာသို့ ရောက်ကြောင်းလမ်း"ဟု ဆိုအပ်ခဲ့သော မဂ္ဂသစ္စာပင်တည်း၊ နိဗ္ဗာန်ကိုအလိုရှိသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ကျေနပ်ဖြစ်စေရမည့် တရားဖြစ်သောကြောင့် ဤနေရာ၌ အကျယ် ဟောပြတော်မူရပြန်သည်။

ထင်ရှားစေအံ့။ ။ဘုရားရှင်လက်ထက်တော်တုန်းကပင် ဘုရားအခေါ်ခံ၍ မိမိဘို့အဆုံးအမဖြင့် ကိုယ်စီကိုယ်ငှ သာသနာရှိကြသော်လည်း ဤမဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားမရှိသော သာသနာဝယ် နိဗ္ဗာန်ကိုမြင်နိုင်သော သောတာပန်စသူတို့ မဖြစ်နိုင်ကြ၊ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားရှိသော ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌သာ သောတာပန်စသော အရိယာသူတော်စင်များ ဖြစ်နိုင်ကြပေသည်၊ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်လိုလားသော ယောဂီတို့ မတွေ့တွေ့အောင် ကျေနပ်ရာရမည့်တရားမွန်များ ဖြစ်ကြပေသည်။

ဈာနဝိဘင်း။ ။မဂ္ဂင်္ဂဝိဘင်းတိုင်အောင် တရားအမျိုးမျိုးဖြင့်ကြိုးစားသောယောဂီပုဂ္ဂိုလ်၏အကျိုးရဖြစ်သော ဈာန်တရားတို့ကို ပြတော်မူရာပါဠိတော်တည်း၊ထိုသို့ဈာန်အကျိုးကိုပြတော်မူရာ၌သီလ၄-မျိုးကိုရှေးဦးစွာကြိုးစားရပုံ၊ ထို့နောက် သတိသမ္ပဇဉ်ဖြင့် ကိစ္စတိုင်း၌ သတိမလပ်စေဘဲ ဉာဏ်ဖြင့် ကြပ်ကြပ်ဆင်ခြင်ရပုံ၊ ထို့နောက် ဆိတ်ငြိမ်ရာအရပ်သို့ဝင်၍ တရားအားထုတ်ရပုံ ဤအစီအစဉ်ကိုပါ ပြထားတော်မူသောကြောင့် ပေါ့ပေါ့ဆဆဖြင့် တရားအားထုတ်ရာ၌ (ပါရမီဖြစ်ဘို့ထက်ပို၍) တရားထူးရဘို့ ခဲယဉ်းကြောင်းကိုပါ သိစေတော်မူသည်။

အပ္ပမညာဝိဘင်း။ ။ထို့နောက်မဂ်ဖိုလ်နိဗ္ဗာန်ရဘို့ရန်ဆန္ဒပြင်းထန်သော ယောဂီသာမက ပါရမီရှင် သူတော်စင်တိုင်း နေ့စဉ် ပွားများထိုက်သော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဟူသောတရား ၄-ပါးကို ဟောတော်မူ၏၊ ထိုတရား ၄-ပါးကို မိမိသန္တာန်ဝယ် ဖြစ်စေရာ၌ မည်၍မည်မျှ သတ္တဝါ

တို့၌သာ မေတ္တာစသည်ကို ဖြန့်မည်ဟု အတိုင်းအရှည်ပမာဏ မထားရ၊ လူ တယောက်၌ပင် မည်သည့်အရပ်ကိုသာမေတ္တာပို့မည်ဟု အပိုင်းအခြား ပမာဏ မထားရ၊ ဤသို့ အပိုင်းအခြား ပမာဏမရှိသော သတ္တဝါအားလုံး၌ ဖြန့်ရ သောကြောင့် ပါဠိလို "အပ္ပမညာ" ဟုခေါ်ထား၏၊ ထိုတရား ၄-ပါးတို့၏ သူတော်ကောင်းတိုင်း၌ မဖြစ်မနေ ကေန် ဖြစ်စေထိုက်ပုံကို အကျဉ်းမျှ ပြပါ့မည်။

မေတ္တာ။ ။တဏှာချစ် သံယောဇဉ်ချစ် မဟုတ်ဘဲ သတ္တဝါတို့၌ စီးပွား ချမ်းသာ တိုးတက်စေလိုသော ချစ်ခြင်းကို "မေတ္တာ" ဟု ခေါ်၏၊ ဥပမာ- မိခင်၏ အငယ်ဆုံးသားကလေးကို ကြီးလာစေလို ချမ်းသာစေလိုရာ၌ မေတ္တာ စစ်စစ်ဖြင့် ချစ်နေခြင်းမျိုးကဲ့သို့တည်း၊ ထိုကဲ့သို့ မေတ္တာစစ်စစ် ချစ်နေသူ့ အပေါ်ဝယ် တရံတခါ သံယောဇဉ်အချစ် တဏှာအချစ်လည်းဖြစ်တတ်သေး ၏၊ မိမိစိတ်ကို မြင့်မြတ်စေလိုသော သူတော်ကောင်းသည် သတ္တဝါ အများ အပေါ်၌ မေတ္တာဓာတ်ပြည့်နေအောင် နေ့စဉ် ကြိုးစားရ၏၊ ယောဂီပုဂ္ဂိုလ် ဖြစ်လျှင်ကား သွား ရပ် ထိုင် လျောင်း ဟူသောဣရိယာပုထ် ၄-ပါး၌ မေတ္တာ စိတ်ဓာတ် မပြတ်အောင် သတိထား၍ ကြိုးစားရသည်။

ကရုဏာ။ ။သနားခြင်းသဘောကို "ကရုဏာ" ဟုခေါ်၏၊ ပင်ကိုယ်က သတ္တဝါတို့ကို ချမ်းသာစေလိုသော မေတ္တာရှင်သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ တမျိုးမျိုးဖြင့် ဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ ဆင်းရဲနေသော ဒုက္ခိတသတ္တဝါကို မြင်ရကြားရသောအခါ မိမိစိတ်မချမ်းသာလောက်အောင်ပင် ထိုသူ့အပေါ် ၌ သနားကြင်နာ ကရုဏာဖြစ်တတ်၏၊ ဥပမာ-သားကို အလွန်ချမ်းသာစေ လိုသောမိခင်သည် မကျန်းမမာ ဖျားနေသော ဒုတိယသားကိုမြင်တိုင်း တွေးမိ တိုင်း သနားကရုဏာ ဖြစ်နေသကဲ့သို့တည်း။

မုဒိတာ။ ။ဝမ်းမြောက်ခြင်း သဘောကို "မုဒိတာ" ဟု ခေါ်၏၊ပင်ကိုယ် က သတ္တဝါတို့ကို ချမ်းသာစေလိုသော မေတ္တာရှင်သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနေသော သုခိတသတ္တဝါကို မြင်ရ ကြားရသောအခါ ဝမ်းမြောက် ဝမ်းသာ မုဒိတာဖြစ်တတ်သည်၊ ဥပမာ- သားကို အလွန်ချမ်းသာစေလိုသော မိခင်သည်ကျန်းကျန်းမာမာ ပညာတတ်တတ်ဖြင့် လူလားမြောက်လာသော

တတိယသားကို မြင်ရသောအခါ ဝမ်းမြောက် ဝမ်းသာ မုဒိတာဖြစ်သကဲ့ သို့တည်း။

ဥပေက္ခာ။ ။အသင့်အားဖြင့် ရှုခြင်းသဘောကို "ဥပေက္ခာ" ဟု ခေါ်၏၊ မေတ္တာကဲ့သို့ ချစ်ခြင်းလည်းမဟုတ်၊ ကရုဏာကဲ့သို့ သနားခြင်းလည်း မထင်ရှား၊ မုဒိတာကဲ့သို့ ဝမ်းမြောက်ဝမ်းသာလည်း မရှိဘဲ သူ့အလုပ် သူ့ကိစ္စဖြင့် ချမ်းချမ်းသာသာ နေထိုင်သူအပေါ်၌ ကြောင့်ကြ ဗျာပါရ ကင်း၍ သန့်ရှင်းစွာ အသင့်အားဖြင့် ရှုသော ဥပေက္ခာဖြစ်တတ်ပေသည်၊ ဥပမာ- သူ့အလုပ်အကိုင်ကို ကျွမ်းကျင်စွာ လုပ်ကိုင်၍ ကြီးပွားနေသော စတုတ္ထသား ကြီးကို မြင်ရသောအခါ မိခင်သည် ထိုသားအတွက် ကြောင့်ကြ ဗျာပါရ မဖြစ်တော့ဘဲ အသင့်အားဖြင့် ရှုတတ်သော ဥပေက္ခာဖြစ်သကဲ့သို့တည်း။

ဗြဟ္မဝိဟာရ ၄-ပါး။ ။ဤမေတ္တာ စသောတရား ၄-ပါးဖြင့် နေခြင်းကို "ဗြဟ္မ-မြတ်သော+ဝိဟာရ-နေခြင်း" ဟု ခေါ်၏၊အဋ္ဌသာလိနီ ရူပါဝစရ ကုသိုလ် ဗြဟ္မဝိဟာရကထာ၌လည်း "ဤ ၄-ပါးသော ဗြဟ္မဝိဟာရတို့၏ အကျိုးကား ဝိပဿနာကိုအားထုတ်ရာ၌ လွယ်ကူခြင်းအကျိုးနှင့် ဘဝသမ္ပတ္တိ အကျိုးပင်ဖြစ်သည်" ဟု ဆို၏၊ ထို့ကြောင့် အပ္ပမညာ၄-ပါး ဗြဟ္မဝိဟာရ တရားတို့ကို ယောဂီပုဂ္ဂိုလ်တို့အတွက်ရင်း ပါရမီဖြည့်သူအတွက်ရင်း ခေါင်းဆောင်ပုဂ္ဂိုလ်အတွက်ရင်း "ရှုတိုင်းမွေးသော ပန်း ၄-ပွင့်" ဟု တင်စား၍ ခေါ်ခဲ့ကြသည်။

သိက္ခာပဒဝိဘင်း။ ။ထို့နောက် "ပါဏာတိပါတာ ဝေရမဏီ" စသော သိက္ခာပုဒ် ၅-ပါးကို အကျယ်ဝေဘန်၍ဟောတော်မူသည်၊ "သိက္ခာ" ဟူသည် သီလ သမာဓိ ပညာတည်း၊ ထိုထို အထက်သိက္ခာတို့ကို ရဘို့ရန် အခြေခံဖြစ်သောကြောင့် ယောဂီသူတော်စင်တိုင်း မစောင့်မနေရ ဧကန် လုံခြုံအောင် စောင့်ရ၏၊ ဤအခြေခံကောင်းမှ အထက်အထက် သီလ သမာဓိ ပညာတို့သို့ တက်နိုင်သည်၊ထို့ကြောင့် ဤသိက္ခာပဒဝိဘင်းကိုလည်း ဟောတော်မူရသည်။

ပဋိသမ္ဘိဒါဝိဘင်း။ ။ဤ ပဋိသမ္ဘိဒါဉာဏ် ၄-ပါးကို တချို့ပုဂ္ဂိုလ်သည် သောတာပန်ဖြစ်လျှင် ရ၏၊ တချို့ကား ရဟန္တာဖြစ်မှရသည်၊ ဤသို့ ယောဂီ ပုဂ္ဂိုလ်တို့၏ တရားအားထုတ်မှုကြောင့် သိအပ် ရအပ်သော ဉာဏ်အထူးများ ဖြစ်သောကြောင့် ဤနေရာ၌ ဟောတော်မူရပြန်သည်။

ဉာဏဝိဘင်း။ ။ဤ ါဝိဘင်း၌ ဉာဏ်အမျိုးမျိုးကို အကျယ်ဝေဘန်၍ ဟောတော်မူ၏၊ ဘုရားရှင်၏ ဒသဗလဉာဏ်တော်များလည်း ပါ၏၊ သတ္တဝါ တယောက်၌ ကုသိုလ်ကံတွေ များစွာ ပါရှိသော်လည်း ကာလဂတိ ဥပဓိ ပယောဂတို့က ဝိပတ္တိဖြစ်နေသောအခါ အကျိုးပေးခွင့်မရဘဲ သမ္ပတ္တိဖြစ်သော အခါမှ အကျိုးပေးခွင့်ရပုံကိုရင်း အကုသိုလ်ကံတွေ များစွာပါရှိသော်လည်း ကာလသမ္ပတ္တိ ဂတိသမ္ပတ္တိ ဥပဓိသမ္ပတ္တိ ပယောဂသမ္ပတ္တိနှင့် ကြုံသောအခါ မကောင်းကျိုးမပေးဘဲ ကာလစသည်တို့က ဝိပ္ပတ္တိ ဖြစ်သောအခါမှ မကောင်း ကျိုးပေးရပုံကိုရင်း ပါဠိတော်အသွားဖြင့် ထင်ရှားသိလောက်သည့်အပြင် အဋ္ဌကထာ၌ ဝတ္ထုသာဓကများကိုဖော်၍ ဖွင့်ပြထားသည်မှာ မည်သည့် ဘာ သာဝင်မဆို ဉာဏ်ကျက်စားဘို့ အလွန်ကောင်းသောတရားတော် ဖြစ်ပါပေ သည်၊ ထို့ကြောင့် ဤဉာဏဝိဘင်းကိုလည်း ဟောတော်မူရပေသည်။

ခုဒ္ဒကဝတ္ထုဝိဘင်း။ ။(ခုဒ္ဒက–ငယ်သော+ဝတ္ထု–တည်ရာအကြောင်း၊) ဇာတိမဒ–အမျိုးဇာတ်ကို အကြောင်းပြု၍ မာန်ယစ်ရာ၌ အမျိုးဇာတ်ဟူသော ဇာတိသည် မာန်ယစ်ခြင်း၏ တည်ရာအကြောင်းဝတ္ထုဖြစ်၏၊ ဤသို့စသည်ဖြင့် သေးသေးငယ်ငယ် သိဘွယ်တရားတို့၏ အကြောင်းဝတ္ထုများကို အကျယ် ဝေ ဘန်တော်မူရာ ပါဠိတော်ဖြစ်၏၊ ထို့ကြောင့် မာန်ယစ်ခြင်းဟူသော မဒ တရားကိုပင် ခတ္တိယဗြာဟ္မဏစသောအမျိုးဇာတ်၏ မြင့်မြတ်ပုံကို အကြောင်း ပြု၍ မာန်ယစ်ပုံ ဟန်ကြီးပန်ကြီးလုပ်ရပုံဟူသော ဇာတိမဒ၊ အနွယ်၏မြင့်မြတ် ပုံကို အကြောင်းပြု၍မာန်ယစ်ပုံဟူသောဂေါတ္တမဒ၊ ကျန်းမာသူ၏ မကျန်းမာ သူတို့အပေါ်၌ မာန်ယစ်ပုံ၊ အသက်ရှည်သူ၏ အသက်တိုသူတို့အပေါ်၌ မာန် ယစ်ပုံ၊ စိတ်တိုတတ်ပုံ ရန်ငြိုးဖွဲ့တတ်ပုံစသည်တို့ကို လောက၌ ဖြစ်တတ်သမျှ စုံအောင် အကျယ်ဝေဘန်၍ ပြတော်မူလိုသောကြောင့် ဤနေရာ၌ ဟော တော်မူရသည်။

ဓမ္မဟဒယဝိဘင်း။ ။(ဟဒယ–အတွင်း၌+ဓမ္မ–ခန္ဓာ စသောတရားများ) အခြားဝိဘင်းများကဲ့သို့ တရားတမျိုးသာမကဘဲ ခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ဟိတ် အာဟာရ ဖဿ ဝေဒနာ သညာ စေတနာ စိတ် ဟူသော တရားများကိုသွင်း၍အကျယ်ဝေဘန်ရာဖြစ်သောကြောင့်"ဓမ္မဟဒယဝိဘင်း"

ဟုခေါ်ရသည်၊ ဤဝိဘင်း၌ ထိုထိုဘုံသို့ ရောက်ကြောင်းကံကိုရင်း၊ ထိုထိုဘုံသားတို့၏ သက်တမ်းကိုရင်း ဝေဘန်ပြတော်မူ၏။

ဘာသာဋီကာ။ ။ဤပါဠိတော်၌ ခန္ဓာစသောတရားအမျိုးမျိုးကို နည်းအမျိုးမျိုးဖြင့် ဝေဘန်၍ပြတော်မူသောကြောင့်"အလွန်ပြည့်စုံတဲ့ကျမ်းဘဲ"ဟု မြောင်းမြဆရာတော် ချီးမွမ်းတော်မူသည့်အတိုင်း သိဘွယ်တရားများ စုံလင်ပေရကား ရှေးဆရာအစဉ်အဆက်တို့ မိမိကျေးဇူးရှင် ဆရာအရှင်များ လက်ထက်တိုင်အောင် ပါဠိတော်ကို အဋ္ဌကထာဋီကာတွဲ၍ ပို့ချတော်မူခဲ့ကြပါသည်၊ သို့သော် ယခုအခါ ထိုကဲ့သို့ပို့ချသောဆရာများ အလွန်နည်းပါးရကား ပို့ချလိုသော နောင်လာနောက်သားတို့ အလွယ်တကူ ပို့ချနိုင်ဘို့ရာ ဘာသာဋီကာဟူသောနာမည်ဖြင့် ပါဠိတော်အဋ္ဌကထာဋီကာတို့၏ အဓိပ္ပါယ်နှင့် တကွဖြစ်သော နိဿယကိုစီစဉ်ကာ ဆရာအရှင်တို့၏ ကျေးဇူးတော်ကို ပူဇော်ရပါသတည်း။

အရှင်ဇနကာဘိဝံသ
တပေါင်းလဆန်း(၁)ရက်
၁၃၃၅-ခု။

ဘာသာဋီကာနိဂုံး

ကျမ်းပြီးပုံ။ ။ဝိဘင်းပါဠိတော်နှင့်တကွ သမ္မောဟဝိနောဒနီ အဋ္ဌကထာမူလဋီကာတို့ကို ပို့ချရင်းရေးသားခဲ့ရာ၁၃-နှစ်နီးပါးကြာမှ ပြီးမြောက်ပါသည်၊ ပို့ချစဉ်အခါ နေ့စဉ်မှန်မှန် အပင်ပန်းခံရသောကြောင့် ကာယသုခ မရလှသော်လည်း သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းလိုသော အရည်အသွေးကို တွေးကာတွေးကာ စိတ္တသုခကိုရခဲ့ပါသည်၊ ကျမ်းစာ ပြီးဆုံး၍ နိဂုံးအုပ်ချိန်၌ကား ပီတိအစွမ်းကြောင့် ပဏီတရုပ်တွေ တကိုယ်လုံးပြန့်သဖြင့် ကာယသုခကိုလည်း သိသိသာသာ ရပြန်ပါသည်။

သိဇ္ဈိတ္ထ ဘော ဘာသာဋီကာ၊ ဒေသဘာသာယ သခ်တာ။
ဝဏ္ဏနာ သဟဋီကာယ၊ သမ္မောဟ ဝိနောဒနိယာ။

သဟဋီကာ၊ ဆံရာဆရာ့ မြဲပို့ချသည့် မူလမည်သာ ကျမ်းဋီကာနှင့်တကွ ဖြစ်သော။ သမ္မောဟဝိနောဒနိယာ၊ တွေဝေထန်ပြင်း မသိခြင်းကို ရှင်းလင်းပိုင်ပိုင် ပယ်ဖျောက်နိုင်သော ဂုဏ်သဘောကြောင့် သမ္မောဟဝိနောဒနီ နာမည်တင့်လှမ်း အဋ္ဌကထာကျမ်း၏။ ဝဏ္ဏနာ၊ နိဿယအဓိပ္ပါယ် စုံအောင်ခြယ်သဖြင့် အလွယ်သင့်တန် အဖွင့်မှန်ဖြစ်သော။ ဒေသဘာသာယ၊ တိုင်းရင်းမြန်မာ အမိဘာသာဖြင့်။ သခ်တာ၊ တသန့်တသန် အကန့် ကန့်လျက် ခံ့ခံ့စီရရီ တည်ကြည်စွာစီရင်အပ်သော။ ဘာသာဋီကာ၊ ဘာသာဋီကာ အမည်သာသည့် မိုရာသိပ်သည်း နိဿယည်းသည်လည်း။ သိဇ္ဈိတ္ထ ဘော၊ ထောင့်သုံးရာကယ် သုံးဆယ်နှင့်ငါး သကြန်ဘားသို့ ရောက်ငြားခါ ထူး လတာကူး သက်ဆုတ် ၄-ရက်၌ နှစ်သက်ရှင်ကြည် ပြီးမြောက်ပြန်ပြီ တကား။

သမ္ပုဇ္ဇယာမိ ထေရာနံ၊ ယေသာဟံ သမ္ပဂ္ဂဟိတော။
သိက္ခိတော ဂန္ထကာရေပိ၊ ပတ္တောမှိ ပကတညုတံ။

ယေသံထေရာနံ၊အထက်ဝေဟင် နေအသွင်သို့ မြေပြင်ထင်ရှား အကြင်ဆရာတော်ဘုရားတို့သည်။ သမ္ပဂ္ဂဟိတော၊ အထူးစောင့်ရှောက် ချီးမြှောက်အပ်သော။ အဟံ၊ငါသည်။ သိက္ခိတော၊ ရေးနည်းသားနည်း ပို့ချနည်း၌

သိပ်သည်းသေသပ် သင်အပ်သောအတတ် ရှိသည်ဖြစ်၍။ ဂန္ထကာရေပိ၊ ခုခေတ်နောက်သား အကျိုးများဘို့ ရေးသားကြိုးကုတ် ကျမ်းပြုခြင်း အလုပ်၌လည်း။ ပကတညုတံ၊ သဘောသကန် ရွေးထုံးစံကို အမှန်သိမြင် ကျွမ်းကျင်သူ၏အဖြစ်သို့။ ပတ္တော အမှိ၊ ခေတ်အလျောက် လေးစား လောက်အောင် မဖောက်မသွေ ရောက်ရပေ၏။ တေသံထေရာနံ၊ ကျေးဇူး တော်ရှင် ဂုဏ်အင်ကြီးမား ထို ဆရာတော်ဘုရားတို့အား။ သမ္ဘုဇယာမိ၊ ကျမ်းစာရေးသား ကောင်းမှုများဖြင့် လေးစားကော်ရော် ပူဇော်ပါ သတည်း။

စတုစက္ကံ ဝတ္တိယဋ္ဌာန၊ ယာနံ ဗလပရိဂ္ဂဟံ။
ယာနာသယ အမတံ ပါရံ၊ ကဿံ ပုရိသကာရိယံ။

စတုစက္ကံ၊ သမ္ပတ္တိစက် ၄–ချက်စုပေါင်း စက်ခေါင်း ၄-ခုလည်း ပါရှိထ သော။ ဗလပရိဂ္ဂဟံ၊ ရန်ပေါင်းခွင်းဖြို ငါးဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော။ ယာနံ၊ အသွားလျင်လျင် အများတင်လည်း အား အင်ခိုင်ဖြိုး မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို။ ဝတ္တိယာန၊ မတိမ်း မစောင်းလည်စေကြောင်းဖြင့် ကောင်းစွာအစဉ် မောင်းကာနှင်၍။ အမတံ ပါရံ၊ ဤဘက်မှာနေ အားလုံးသေလျက် ဟိုပြေရောက်မှ ဘေးကင်းရမည့် အမတခေါ် နေပြည်တော်သို့။ ယာနာသယ၊ ကိလေသာဟူ ရန်သူပစ်ဖောက် ပုံးအမြောက်တို့ မကြောက်မနား အရောက်သွားခြင်းငှာ။ ပုရိသကာရိယံ၊ ယောကျ်ားမှန်က ပြုရဲရမည့် ကမ္ဘာ့လက်ရိုး လုံ့လမျိုးကို။ ကဿံ၊ ငါးဦး ဗိုလ်ချုပ် အဖော်လုပ်၍ မဆုတ်ရစေ ပြုလုပ်ပေအံ့သတည်း။

မူလဋီကာနိဿယ နှင့် သမ္မောဟဝိနောဒနီဘာသာဋီကာ ပြီးပြီ။

မာတိကာ

အကြောင်းအရာ | စာမျက်နှာ

ပဋ္ဌာနအဋ္ဌကထာ ဘာသာဋီကာ

ဂန္ထာရမ္ဘအဖွင့်	၁
ပစ္စယုဒ္ဒေသအဖွင့်	၅
ပစ္စယနိဒ္ဒေသ	၅၅
၁။ ဟေတုပစ္စနိဒ္ဒေသအဖွင့်	၅၅
၂။ အာရမ္မဏ ။	၆၉
၃။ အဓိပတိ ။	၇၄
၄။ အနန္တရ ။	၇၈
၅။ သမနန္တရ ။	၈၂
၆။ သဟဇာတ ။	၈၂
၇။ အညမည ။	၈၆
၈။ နိဿယ ။	၈၆
၉။ ဥပနိဿယ ။	၈၇
၁၀။ ပုရေဇာတ ။	၉၄
၁၁။ ပစ္ဆာဇာတ ။	၉၆
၁၂။ အာသေဝန ။	၉၇
၁၃။ ကမ္မ ။	၁၀၀
၁၄။ ဝိပါက ။	၁၀၃
၁၅။ အာဟာရ ။	၁၀၄
၁၆။ ဣန္ဒြိယ ။	၁၀၆
၁၇။ ဈာန ။	၁၀၉
၁၈။ မဂ္ဂ ။	၁၁၁
၁၉။ သမ္ပယုတ္တ ။	၁၁၂
၂၀။ ဝိပ္ပယုတ္တ ။	၁၁၂

စား မာတိကာ

အကြောင်းအရာ စာမျက်နှာ

၂၁။ အတ္ထိ ။ ၁၁၅
၂၂။ နတ္ထိ ။ ၁၁၈
၂၃။ ဝိဂတ ။ ၁၂၀
၂၄။ အဝိဂတ ။ ၁၂၀

ပကိဏ္ဏက ဝိနိစ္ဆယကထာအဖွင့် ၁၂၀
ပုစ္ဆာဝါရ ၁၃၄
ပစ္စယာနုလောမအဖွင့် ၁၃၄
ပစ္စယ ပစ္စနီယအဖွင့် ၁၅၉
ပစ္စယာနုလောမ ပစ္စနီယအဖွင့် ၁၆၁
ပစ္စယ ပစ္စနီယာနုလောမအဖွင့် ၁၆၃

၁။ တိကပဋ္ဌာန်းအဖွင့် ၁၆၄
၁-ကုသလတိက်
၁-ပဋိစ္စဝါရအဖွင့် ၁၆၄
ပစ္စယာနုလောမ ဝိဘင်္ဂဝါရအဖွင့် ၁၆၄
ပစ္စယာနုလောမ သင်္ချာဝါရအဖွင့် ၁၇၃
ပစ္စယ ပစ္စနီယအဖွင့် ၁၉၂
ပစ္စယာနုလောမ ပစ္စနီယအဖွင့် ၁၉၈
ပစ္စယ ပစ္စနီယာနုလောမအဖွင့် ၁၉၉
၂-သဟဇာတဝါရအဖွင့် ၂၀၆
၃-ပစ္စယဝါရအဖွင့် ၂၀၈
၄-နိဿယဝါရအဖွင့် ၂၁၇
၅-သံသဋ္ဌဝါရအဖွင့် ၂၁၈
၆-သမ္ပယုတ္တဝါရအဖွင့် ၂၂၂
၇-ပဉှဝါရအဖွင့် ၂၂၄

အကြောင်းအရာ	စာမျက်နှာ
ပဋ္ဌာနဝါရ ဃဋနာ အနုလောမ ဂဏနာအဖွင့်	၂၆၈
ပစ္စနီယုဒ္ဒါရအဖွင့်	၃၀၃
ပစ္စနီယ ဂဏနအဖွင့်	၃၂၀
အနုလောမ ပစ္စနီယအဖွင့်	၃၃၆
ပစ္စနီယာနုလောမအဖွင့်	၃၄၁
၂-ဝေဒနာတိက်အဖွင့်	၃၅၃
၃-ဝိပါကတိက်အဖွင့်	၃၆၀
၄-ဥပါဒိန္နတိက်အဖွင့်	၃၆၄
၅-၂၂-သံကိလိဋ္ဌတ္တိကာဒိအဖွင့်	၃၆၆
၂-ဒုကပဋ္ဌာန်အဖွင့်	၃၇၂
၃-ဒုကတိက ပဋ္ဌာနအဖွင့်	၃၇၄
၄-တိကဒုက ပဋ္ဌာနအဖွင့်	၃၇၆
၅-တိကတိက ပဋ္ဌာနအဖွင့်	၃၇၇
၆-ဒုကဒုက ပဋ္ဌာနအဖွင့်	၃၇၈
၇-၁၂-ပစ္စနီယပဋ္ဌာန်းအဖွင့်	၃၈၀
၁၃-၁၈-အနုလောမ ပစ္စနီယပဋ္ဌာန်းအဖွင့်	၃၈၁
၁၉-၂၄-ပစ္စနီယာနုလောမ ပဋ္ဌာန်းအဖွင့်	၃၈၂

ပဋ္ဌာနမူလဋီကာနိဿယ

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ဂန္ထာရမ္ဘအဖွင့်		၃၈၉
ပစ္စယုဒ္ဒေသအဖွင့်		၄၀၀
ပစ္စယနိဒ္ဒေသအဖွင့်		
၁-ဟေတုပစ္စယနိဒ္ဒေသအဖွင့်		၄၇၁
၂-အာရမ္မဏပစ္စယ နိဒ္ဒေသအဖွင့်		၄၉၄
၃-အဓိပတိ ပစ္စယနိဒ္ဒေသအဖွင့်		၅၀၇
၄-အနန္တရ	။	၅၁၁
၅-သမနန္တရ	။	၅၁၅
၈-နိဿယ	။	၅၂၀
၉-ဥပနိဿယ	။	၅၂၁
၁၀-ပုရေဇာတ	။	၅၄၆
၁၁-ပစ္ဆာဇာတ	။	၅၄၉
၁၂-အာသေဝန	။	၅၄၉
၁၃-ကမ္မ	။	၅၅၀
၁၄-ဝိပါက	။	၅၅၁
၁၅-အာဟာရ	။	၅၅၁
၁၆-ဣန္ဒြိယ	။	၅၅၂
၁၇-ဈာန	။	၅၆၁
၁၈-မဂ္ဂ	။	၅၇၀
၁၉-သမ္ပယုတ္တ	။	၅၇၀
၂၀-ဝိပ္ပယုတ္တ	။	၅၇၇
၂၁-အတ္ထိ	။	၅၇၈
၂၂-၂၃-၂၄-နတ္ထိ ဝိဂတ အဝိဂတပစ္စယ နိဒ္ဒေသအဖွင့်		၅၈၀

အကြောင်းအရာ စာမျက်နှာ

ပစ္စယနိဒ္ဒေသ ပကိဏ္ဏက ဝိနိစ္ဆယကထာအဖွင့်	၅၈၁
ပုစ္ဆာဝါရ	
၁-ပစ္စယာနုလောမအဖွင့်	၅၉၇
၂-ပစ္စယ ပစ္စနီယအဖွင့်	၆၂၅
၃-အနုလောမ ပစ္စနီယအဖွင့်	၆၂၈
၁-ကုသလတ္တိက ၁-ပဋိစ္စဝါရအဖွင့်	
၁-ပစ္စယာနုလောမ ၁-ဝိဘင်္ဂဝါရ	၆၂၉
၁-ပစ္စယာနုလောမ ၂-သင်္ချာဝါရ	၆၆၆
ပစ္စယ ပစ္စနီယအဖွင့်	၆၇၃
ပစ္စယာနုလောမ ပစ္စနီယအဖွင့်	၆၇၅
ပစ္စယ ပစ္စနီယာနုလောမအဖွင့်	၆၇၈
၂-သဟဇာတဝါရအဖွင့်	၆၈၇
၃-ပစ္စယဝါရအဖွင့်	၆၉၀
၄-နိဿယဝါရအဖွင့်	၆၉၄
၅-သံသဋ္ဌဝါရအဖွင့်	၆၉၄
၆-သမ္ပယုတ္တဝါရအဖွင့်	၆၉၆
၇-ပဉှဝါရဝိဘင်္ဂအဖွင့်	၆၉၇
ပဉှဝါရဿနှာ အနုလောမဂဏနာ	၇၀၂
ပစ္စနီယုဒ္ဓါရအဖွင့်	၇၃၆
ပစ္စနီယဂဏနအဖွင့်	၇၅၁
နဟေတုမူလကအဖွင့် စသည်	
ပစ္စနီယာနုလောမအဖွင့်	၇၀၂
၁-ကုသလတိက်အဖွင့်	၇၃၆
၂-ဝေဒနာတိက်အဖွင့်	၇၅၁

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
၃-ဝိပါကတိက်အဖွင့်	၇၇၃
၄-ဥပါဒိန္နတ္တိကအဖွင့်	၇၇၄
၆-ဝိတက္ကတ္တိကအဖွင့်	၇၈၄
၈-ဒဿနေန ပဟာတဗ္ဗတ္တိကအဖွင့်	၇၈၈
ပုစ္ဆာဂဏနဂါထာများ	၇၈၈
ဘာသာဋီကာနိဂုံး	၇၉၈

ပဋ္ဌာနအဋ္ဌကထာ ဘာသာဋီကာ

နာနာပ္ပကာရပဋ္ဌာနာနိ၊ ဗောဓိဟာနေတ္တ မုနိနာ။
အနန္တနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။

ဧတ္ထ၊ ဤ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။

နာနာပ္ပကာရပဋ္ဌာနာနိ၊ ဟေတုအာရမဏ စသည်များစွာ အကြောင်းအရာတို့ကို။ဗောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူခဲ့လေပြီ။

အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ်တော်မူသော။ တံ အနန္တနယပဋ္ဌာနံ၊ မြားမြောင်ပေါရယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မောက် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။

ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာမို့ ကြုံလာသည့်ခိုက် ဦးဖြင့် တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

ပဋ္ဌာနအဋ္ဌကထာ ဘာသာဋီကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂန္ထာရမ္ဘအဖွင့်

[ယမိုက်ပါဠိတော်ကိုဖွင့်ပြပြီး၍ ပဋ္ဌာန်းပါဠိတော်ကိုဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် ဒေဝါတိဒေဝေါ စသည်ကိုမိန့်။] ဒေဝါတိဒေဝေါ၊ သမ္မုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ်တို့ကို အဘိညာစသောဂုဏ်တို့ဖြင့် သာလွန်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူထသော။ [အခြား အနက်များကို ဋီကာနိဿယ၌ ကြည့်ပါ။] ဒေဝ ဒါနဝပူဇိတော၊ သကြားအစရှိသောနတ်, ပဟာရာဒအစရှိသော အသုရိန်တို့သည် ပူဇော်အပ်တော်မူထသော။ သုဒ္ဓသံယမော၊ သန့်ရှင်း စင်ကြယ်သော ကိုယ်နှုတ်တို့ကို စောင့်စည်းကြောင်း ဖြစ်သော ကာယသံယမ ဝစီသံယမ ဟူသော ပါတိမောက္ခသံဝရသီလ, ဣန္ဒြေတို့ကို စောင့်စည်းကြောင်း ဖြစ်သော ဣန္ဒြိယသံဝရသီလ, စိတ်ကို စောင့်စည်းကြောင်းဖြစ်သော စိတ္တသံယမ ဟူသော သမာဓိလည်း ရှိတော်မူထသော။ မဟာဝီရော၊ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ ဣသိသတ္တမော၊ ဝိပဿီအစရှိသော ရှေးဘုရားရှင်တို့ကိုထောက်၍ ၇-ဆူမြောက် ဣသိ ဖြစ်တော်မူထသော။ [ဤအနက်ကို အနုဋီကာဖွင့်ထားသည်။] နာမရူပနိရောဓနော၊ အကြောင်းသမုဒယကို ချုပ်စေခြင်းအားဖြင့် ဝဋ်၌အကြုံးဝင်သော

နာမ်ရုပ်တို့ကို ချုပ်စေတော်မူပြီးထသော။ (ဘဂဝါ၊သည်။)[“ဘဂဝါသတ္တာမော”ဟု ဋီကာဆိုသောကြောင့် ဘဂဝါဟု ဝိသေသျထည့်၍ ပေးပါသည်။ ရှေးနိဿယ၌ကား “သတ္ထာ”ဟု ထည့်၏။]

ဒေဝါနံ၊ တသောင်းသော စကြဝဠာမှ စုဝေးရောက်လာ နတ်ဗြဟ္မာတို့အား။ ယမကံ၊ ယမကမည်သော။ ပကရဏံ၊ကျမ်းကို။ (တနည်း)ယမကံပကရဏံ၊ ယမိုက်ကျမ်းကို။ ဒေသယိတွာ၊ ပြီး၍။ အထ၊ ထိုယမိုက်ကျမ်းကို ဟောရာကာလမှ နောက်၌။အတ္ထတော၊ အနက်အဓိပ္ပါယ်အားဖြင့်ရင်း။ ဓမ္မတောစေဝ၊ ပါဠိတော်အားဖြင့်ရင်း။ ဂမ္ဘီရသာ၊ နက်နဲသော။ တဿ၊ ထိုယမိုက်ကျမ်း၏။အနန္တရံ၊ အခြားမဲ့၌။ သတ္တမံ၊ ၇-ကျမ်းမြောက်ဖြစ်သော။ အတိဂမ္ဘီရနယမဏ္ဍိတဒေသနံ၊အလွန်နက်နဲသောနည်းတို့ဖြင့်တန်ဆာဆင်အပ်သော ဒေသနာတော်ဖြစ်သော။ နာမေန၊ အမည်အားဖြင့်။ ပဋ္ဌာနံ၊ပဋ္ဌာနမည်သော။ ယံ (ပကရဏံ)၊ အကြင်ကျမ်းကို။ ဒေသေသိ၊ ဟောတော်မူပြီ။

ဣဒါနိ၊ ယမိုက်ကျမ်းကိုဖွင့်ပြပြီးရာယခုအခါ၌။တဿ၊ထိုပဋ္ဌာနမည်သောကျမ်း၏။ သံဝဏ္ဏနာက္ကမော၊ ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာအစဉ်သည်။ ယသ္မာ၊ ကြောင့်။ သမ္ပတ္တော၊ ကောင်းစွာရောက်ပြီ။ တသ္မာ၊ ထို့ကြောင့်။ (ကိုသို့ ပဋ္ဌာန်းကျမ်း၏အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာအစဉ်၏ ကောင်းစွာရောက်လာသည်၏အဖြစ်ကြောင့်။) နံ၊ ထိုပဋ္ဌာန်းကျမ်းကို။ ဝဏ္ဏယိဿာမိ၊ ဖွင့်တော့အံ့။ တံ၊ ထိုပဋ္ဌာန်းကျမ်း၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို။ သမာဟိတာ၊ ကောင်းစွာ အာရုံ၌ထားအပ်သော စိတ်ရှိကုန်သည်။ (ဟုတွာ)။ သုဏာထ၊နာယူမှတ်သား ဆောင်ထားကြကုန်လော့။ ဣတိ၊ သမယဒေသက စသည်ကိုဆိုရာစကားရပ် အပြီးသတ်တည်း။

အမှာ။ ။[သံ+အာပုဗ္ဗ ဓာဓာတ်သည် ထပနအနက်ဟောတည်း၊ ဓာ၌ အာကိုဣ,ဓကိုဟပြု “သမာဒဟီယတေတိ သမာဟိတံ (ကောင်းစွာ အာရုံ၌ထားအပ်သောစိတ်)သမာဟိတံ+ယေသန္တိ သမာဟိတာ”ဟု အဿတ္ထိ တဒ္ဓိတ်ဆင့်ပါ။]

ပစ္စယုဒ္ဒေသအဖွင့်

[နောက် "နာမာတိပိ ဝုတ္တံ"မှ ဟိကိုယူ၍ အနက်ပေးမည်။] ဟိ၊ ချဲ့။ (တနည်း) ဟိ၊ ပဋိညာဉ်မှတပါး ပဋိညာတ ပကရဏကို ဆိုဦးအံ့။ သမ္မာသမ္ဗုဒ္ဓေန ဟိ။ပေ။ ပဋ္ဌာနမဟာပကရဏံ နာမာတိ၊ဟူ၍။ (မယာ။) ဝုတ္တံ၊ ဆိုအပ်ပြီ။ (အဋ္ဌသာလိနီ၌ ဆိုအပ်ပြီ။)

တတ္ထ၊ ထိုစတုဝီသတိ သမန္တပဋ္ဌာန သမောဓာနံ ပဋ္ဌာန မဟာပကရဏံ နာမ ဟူသောပါဌ်၌။ စတုဝီသတိယာ၊ ၂၄-ပါးသော။ ယေသံ သမန္တပဋ္ဌာနာနံ၊ အကြင်သမန္တ ပဋ္ဌာန်းတို့၏။ ဝါ၊ အနုလောမစသော အလုံးစုံသော အသွိုအားဖြင့်ပဋ္ဌာနမည်သော တရားတို့၏။သမောဓာနဝသေန၊ အပေါင်း၏ အဖြစ်ကြောင့်။ တံ၊ ဤကျမ်းကို။ စတုဝီသတိ သမန္တပဋ္ဌာန သမောဓာနံ၊ ၂၄-ပါးသော သမန္တပဋ္ဌာန်းတို့၏အပေါင်းဖြစ်သော။ ပဋ္ဌာနမဟာပကရဏံ နာမာတိ၊ ပဋ္ဌာန်းကျမ်းကြီးမည်၏ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဓ်တေသန္တေ၀၊ထို ၂၄-ပါးသော သမန္တပဋ္ဌာန်းတို့၏ရင်း။ ဣမဿ ပကရဏဿစ၊ ဤကျမ်း၏ရင်း။ နာမတ္တော၊ ပဋ္ဌာနဟူသောနာမည်၏ အနက်ကို။တာဝ၊ပစ္စယုဒ္ဒေသကို မဖွင့်မီ ရှေးဦးစွာ။ ဝေ၊ ဤသို့ဆိုအပ်လတ္တံ့သော နည်းအားဖြင့်။ ဝေဒိတဗ္ဗော၊ သိထိုက်၏။ကေနဋ္ဌေန၊အဘယ်အနက်ကြောင့်။ပဋ္ဌာနံ၊ ပဋ္ဌာနမည်သနည်း။

သမ္မာသမ္ဗုဒ္ဓေန ဟိ·စသည်။ ။သမ္မာသမ္ဗုဒ္ဓေန ဟိမှစ၍ ပဋ္ဌာန မဟာပကရဏံ နာမ တိုင်အောင်သောစကားတို့သည် အဋ္ဌသာလိနီ အဋ္ဌကထာနိဒါန ကထာ၌ ဆိုအပ်ခဲ့သော စကားတို့တည်း။ နိသ်ယကို ထိုအဋ္ဌကထာဘာသာ ဋီကာ၌ရှုပါ။

အမှာ။ ။တဒနန္တရံ ပစ္စနီယာနုလောမမှို၌ နုလောမမှိုကို နုလောမေပိဟု ပြင်ပါ၊ စတုဝီသတိသမန္တပဋ္ဌာန သမောဓာန ပဋ္ဌာနမဟာပကရဏံ နာမ-၌ သမောဓာနကို သမောဓာနံ ဟုပြင်၍ "စတုဝီသတိ သမန္တပဋ္ဌာနသမောဓာနံ၊ ၂၄·ပါးသော သမန္တပဋ္ဌာန်းတို့ကို ပေါင်းစုရာဖြစ်သော။ ဣဒံ၊ ဤကျမ်းသည်။ ပဋ္ဌာနမဟာပကရဏံနာမ၊ ပဋ္ဌာန်းကျမ်းကြီး မည်၏" ဟု အနက် ပေးပါ။

၁။ ကေနဋ္ဌေန ပဋ္ဌာန်။ ။"တိကပဋ္ဌာနံ ဒုကပဋ္ဌာနံ စသည်ဖြင့် သုံးစွဲ တော်မူရာ၌ "ပဋ္ဌာန"ဟူသော နာမည်၏ အနက်ကား (ပဋ္ဌာနသဒ္ဒါဖြစ်ပေါ်

ဣတိ၊ ဤကားအမေးတည်း။ နာနပ္ပကာရပစ္စယဋ္ဌေန ၊ အထူးထူးသော အပြားရှိသော အကြောင်းပစ္စယ၏ အဖြစ်, တပါးတပါးလျှင် အထူးထူးသော အပြားရှိသော ပစ္စည်းတရားတို့၏ အဖြစ်ကြောင့်။ (ပဋ္ဌာနံ၊မည်၏။ ဣတိ၊ ဤကား အဖြေတည်း။)

ဟိ၊ချဲ့။ ပကာရော၊ ပအက္ခရာသည်။ ဝါ၊ ပ ဥပသာရသည်။ နာနပ္ပကာရတ္ထံ၊ အမျိုးမျိုးသော အပြားဟူသောအနက်ကို။ ဒီပေတိ၊ ပြ၏။ ဌာနသဒ္ဒေါ၊သည်။ ပစ္စယတ္ထံ၊ အကြောင်းပစ္စည်းဟူသောအနက်ကို။ (ဒီပေတိ)။ ဟိ၊မှန်။ ဌာနာဌာနကုသလတာတိ အာဒီသု၊ ဌာနာဌာန ကုသလတာ အစရှိသော ပါဠိရပ်တို့၌။ ပစ္စယော၊ အကြောင်းကို။ ဌာနန္တိ၊ ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ဣတိ၊ဤသို့။ နာနပ္ပကာရာနံ၊ အမျိုးမျိုးသောအပြား

လာခြင်း၏ အကြောင်းဖြစ်သော သဒ္ဒပ္ပဝတ္တိနိမိတ်ကား) အဘယ်ပါနည်း”ဟု မေးသည်။

၁။ နာနပ္ပကာရ ပစ္စယဋ္ဌေန။ ။ပစ္စယဋ္ဌ၌ အဋ္ဌ (အတ္ထ) သည် ဘာဝ အနက်ဟော။ [နာနပ္ပကာရပစ္စယတာတိ နာနပ္ပကာရ ပစ္စယဘာဝေါ။ ယော အဋ္ဌကထာယံ နာနပ္ပကာရပစ္စယဋ္ဌောတိ ဝုတ္တော၊ - အနု။] အဝိဇ္ဇာ ဟူသော တရားတပါးသည်ပင် ဟေတုပစ္စည်း သဟဇာတစသောပစ္စည်းအားဖြင့် အမျိုးမျိုးသော ပစ္စည်းဖြစ်နိုင်၏။ ဤသို့တရားတမျိုးတည်းက အမျိုးမျိုးပစ္စည်းဖြစ်နိုင်သည်ကိုလည်း “နာနပ္ပကာရပစ္စယတာ”ဟု ခေါ်၏။ ဟေတုပစ္စည်းဟူသော ပစ္စည်းတမျိုး၌ပင် ဟိတ် ၆ ပါးအားဖြင့် များ၏။ ဤသို့ ပစ္စည်းတမျိုး၌ပင် များသော တရားရှိနိုင်သည်ကိုလည်း “နာနပ္ပကာရ ပစ္စယတာ” ဟု ခေါ်၏။

ဋီကာ။ ။တတ္ထ ဧကေဿပိ ဓမ္မဿ ဟေတုအာဒီဟိ အနေကပစ္စယ ဘာဝတော ဧကေကဿ ပစ္စယဿ အနေကဓမ္မဘာဝတော စ နာနပ္ပကာရ ပစ္စယတာ ဝေဒိတဗ္ဗာ။ ဤဋီကာအဖွင့်ကို ထောက်၍ နာနပ္ပကာရ ပစ္စယတာ၌ “နာနပ္ပကာရာ၊ တပါးမက များသောအပြားရှိသော + ပစ္စယတာ၊ ပစ္စယသတ္တိ၊ (တရားတပါး၏ပင် များစွာသော ပစ္စယသတ္တိရှိခြင်း။) နာနပ္ပကာရာနံ၊ တပါးမက များသောအပြားရှိသော ဟိတ် ၆-ပါးစသော တရားတို့၏+ပစ္စယတာ၊ ဟေတုစသော ပစ္စယ၏အဖြစ်။ ဤသို့ အနက် ၂ မျိုး (ဝိဂ္ဂိုဟ် ၂ မျိုး) ပြုရသောကြောင့် နာနပ္ပကာရ ပစ္စယတာ၌ ဧကသေသနည်း သာမညနိဒ္ဒေသ နည်းမှတ်ပါ။

ရှိကုန်သော။ ပစ္စယာနံ အကြောင်းတို့၏။ဝသေန၊ စပ်သဖြင့်။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။ စတုဝီသတိယာ[1]၊ သော။ ဣမေသု ပဋ္ဌာနေသု၊ တို့တွင်။ဧကေကံ၊တပါးတပါးသည်။ ပဋ္ဌာနံနာမ၊မည်၏။ပ နံ၊ ကား။ ဣမေသံ ပဋ္ဌာနာနံ၊ ဤတပါးတပါးသော ပဋ္ဌာန်းတို့၏။ သမူဟ တော၊ အပေါင်း၏အဖြစ်ကြောင့်။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ တေံ ပကရဏံ၊ ကို။ ပဋ္ဌာနန္တိ၊ ဟူ၍။ဝေဒိတဗ္ဗံ၊ ၏။

(ဝုတ္တနယတော၊ ဆိုအပ်ပြီးသောနည်းမှ။) အပရော၊ တပါးသော။ နယော၊ နည်းကို။ (ဝေံ၊ ဤဆိုအပ်လတ့ံသောနည်းဖြင့်။ ဝေဒိတဗ္ဗော၊၏။) ကေနဋ္ဌေန ပဋ္ဌာနံ၊ နည်း။ ဣတိ၊ တည်း။ ဝိဘဇနဋ္ဌေန[2]၊ ဝေဘန်ရာ၏အဖြစ် ဟူသောအနက်ကြောင့်။ (ပဋ္ဌာနံ၊ မည်၏။ ဣတိ၊တည်း။)ဟိ၊မှန်။ ပညာ ပနာ၊အပြားအားဖြင့် သိစေခြင်း။ ပဋ္ဌာပနာ၊ အပြားအားဖြင့် ထားခြင်း။ ဝိဝရဏာ၊ ဖွင့်ခြင်း။ ဝိဘဇနာ၊ အကျယ်ဝေဘန်ခြင်း။ ဥတ္တာနီကမ္မံ၊ ပေါ် လွင်အောင်ပြုခြင်း။ ဣတိ၊ သို့။ အာဂတဋ္ဌာနသ္မိံ၊ လာသောပါဠိရပ်၌။

၁။ စတုဝီသတိယာ ။ပေ။ ပဋ္ဌာနံ။ ။အနုလောမနယ- စသော နယ ၄-ပါးတွင် နယတပါးတပါး၌ တိကပဋ္ဌာနစသောအားဖြင့် ၄-ပါးစီရှိရကား ၂၄-ပါးဖြစ်၏။ ထိုတွင် တပါးတပါးသည်ပင် နာနပ္ပကာရပစ္စယတာ အနက် ကြောင့် ပဋ္ဌာနအမည်ရ၏။ ထို ၂၄-ပါးသော ခုဒ္ဒကပဋ္ဌာနတို့၏ အပေါင်း ဖြစ်သောကြောင့် ကေဒေသူပစာရ (အဝယဝူပစာရ) အားဖြင့် ဤကျမ်းကြီး လည်း ပဋ္ဌာန မဟာပကရဏ အမည်ရသည်။ [ပါဠိတော်ဒေသနာ၏ပဋ္ဌာန အမည်ရပုံကိုကား နောက်၌ "တိကာနံ+ပဋ္ဌာနံ ဧတ္တ အတ္ထိတိ" စသည်ဖြင့် ပြလိမ့်မည်။]

၂။ ဝိဘဇနဋ္ဌေန။ ။ဤ ဒုတိယနည်း၌ ပဋ္ဌာပနာနှင့် ဝိဘဇနာကို ပရိယာယ်အဖြစ်ဖြင့် ဥပရိပဏ္ဏာသ သစ္စဝိဘင်္ဂသုတ်ပါဠိတော်၌ ဟောတော်မူ ခြင်းကြောင့် ဝိဘဇန အနက်ကို ပဋ္ဌာနပုဒ်၏အနက်ဟုဆို၏။ မွေသင်္ဂဏီ ပါဠိ တော်၌ လာသော ကုသိုလ်အစရှိသော တရားတို့ကို ဟေတုပစ္စယ စသော အားဖြင့် အကျယ်ဝေဘန်ရာတရားတော်ကို "ပဋ္ဌာန"ခေါ်သည်-ဟု မှတ်ပါ။ [တိကပဋ္ဌာန စသော တပါးတပါး၏ ပဋ္ဌာန အမည်ရပုံ အပေါင်းကျမ်းကြီး၏ ပဋ္ဌာနအမည်ရပုံမှာ ပဌမနည်းအတိုင်းသာတည်း။]

ဝိဘဇနဋ္ဌေန၊အကျယ်ဝေဘန်ခြင်းဟူသောအနက်၏အဖြစ်ဖြင့်။ပဋ္ဌာနံ၊ပဋ္ဌာန သဒ္ဒါသည်။ ဝါ၊ ပဋ္ဌာနသဒ္ဒါ၏ အနက်သည်။ ပညာယတိ၊ ထင်ရှား၏။ ဣတိ၊သို့။ ကုသလာဒီနံ၊ ကုသိုလ်အစရှိကုန်သော။ ဓမ္မာနံ၊တို့၏။ ဝါ၊တို့ကို။ ဟေတုပစ္စယာဒိဝသေန၊ ဟေတုပစ္စည်းအစရှိသော ပစ္စည်းတို့၏အဖြစ်ဖြင့်။ ဝိဘတ္တတ္တာ၊ ဝေဘန်အပ်ကုန်သည်၏ အဖြစ်ကြောင့်။ စတုဝီသတိယာ။ပေ။ ဝေဒိတဗ္ဗံ။

(ဝုတ္တနယတော၊မှ။) အပရော နယော(ဧဝံ ဝေဒိတဗ္ဗော)။ ကေနဋ္ဌေန ပဋ္ဌာနံ၊နည်း။ ဣတိ၊တည်း။ ပဋ္ဌိတဋ္ဌေန[၁]၊ မရပ်မတည်ရာ၏အဖြစ် ဟူသော အနက်ကြောင့်။ (ပဋ္ဌာနံ၊ မည်၏။ ဣတိ၊ တည်း။)ဂမနဋ္ဌေန၊ ဉာဏဂတိဖြင့် သွားရာ၏အဖြစ် ဟူသောအနက်ကြောင့်။(ပဋ္ဌာနံ၊ မည်၏။)ဣတိ အတ္ထော၊ နက်။ ဟိ၊မှန်။ ဂေါဋ္ဌာ၊ နွားခြံတို့သည်။ ပဋ္ဌိတဂါဝေါ၊ မရပ်မတည်သော နွားရှိကုန်၏။ ဣတိ၊ သို့။အာဂတဋ္ဌာနသ္မိံ၊၌။ ယေန ပဋ္ဌာနေန၊ အကြင် မရပ်မတည်ခြင်းဖြင့်။ပဋ္ဌိတဂါဝေါတိ၊ဟူ၍။ဝါ၊မရပ်မတည်သောနွားရှိကုန် ၏ဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ တံ၊ ထိုမရပ်မတည်ခြင်းဟူသည်။ အတ္ထတော၊ လိုရင်းအနက်အားဖြင့်။ ဂမနံ၊သွားခြင်းသည်။ ဟောတိ၊၏။ ဣတိ၊သို့။ နာတိဝိတ္ထာရိတနယေသု၊ အလွန်မချဲ့ထွင်အပ်သော နည်းရှိကုန် သော။ ဓမ္မသင်္ဂဏီအာဒီသု[၂]၊ ဓမ္မသင်္ဂဏီ အစရှိသောကျမ်းတို့၌။ အနိယံသင်္ဂမ

၁။ ပဋ္ဌိတဋ္ဌေန။ ။ဋ္ဌိတ၌ ဌာဓာတ်သည် ပ-ဥပသာရကြောင့် မရပ် မတည်ခြင်းအနက်ကို ဟော၏။ ထို မရပ်မတည်ခြင်းသည် သွားခြင်းပင်တည်း။ ထို့ကြောင့် ဂမနဋ္ဌေနာတိ အတ္ထော ဟု အဓိပ္ပါယ်ဖွင့်သည်။ "ယေန ပဋ္ဌာ နေန ပဋ္ဌိတဂါဝေါတိ ဝုတ္တော။ တံ (ပဋ္ဌာနံ) အတ္ထတော ဂမနံ ဟောတိ" ၌ ရင်း, ပဋ္ဌိတဂါဝေါကို "ဂတဂါဝေါ"ဟု ဋီကာဖွင့်ရာ၌ရင်း ဤနည်းအတိုင်း သဒ္ဒတ္ထ, အဓိပ္ပါယတ္ထခွဲပါ။

၂။ ဓမ္မသင်္ဂဏီအာဒီသု။ ။အာဒိဖြင့် ပုဂ္ဂလပညတ် ကထာဝတ္ထုတို့ကို ချန်၍ ဝိဘင်းဓာတုကထာ ယမိုက်ကျမ်းတို့ကိုသာ ရှေးဋီကာနိဿယ၌ယူ၏။ ပုဂ္ဂလပညတ် ကထာဝတ္ထုကျမ်းတို့၌ ကုသိုလ်စသည်တို့ကို အကျယ်မဝေဘန် သောကြောင့် ချန်ထားဟန်တူသည်။

နသာ °၊ မငြိကပ် လွတ်လွတ် လပ်လပ် သွားရခြင်းမရှိသော။ သဗ္ဗညုတ ညာဏာဿ၊သဗ္ဗညုတညာဏ်တော်၏။ ဟေတုပစ္စယာဒိဘေဒဘိန္နေသု၊ဟေတုပစ္စည်းအစရှိသော အပြားတို့ဖြင့် ပြားကုန်သော။ ကုသလာဒီသု၊ကုသိုလ်အစရှိသောတရားတို့၌။ဝိတ္ထာရိတနယလာဘတော၊ အကျယ်ချဲ့ထွင်ကြောင်းနည်းကို ရခြင်းကြောင့်။ နိဿင်္ဂဝ သေန၊မငြိမ္မကပ်သည်၏အဖြစ်ဖြင့်။ (တွေ့၊ဤ ပဋ္ဌာန်း ကျမ်း၌။ ပဝတ္တဂမနတ္တာ၊ ဖြစ်သောသွားခြင်း ရှိသည်၏အဖြစ်ကြောင့်။ (တနည်း) နိဿင်္ဂဝသေန၊ ဖြင့်။ ပဝတ္တဂမနတ္တာ ၊ဖြစ်သောသွားရာဌာန၏အဖြစ်ကြောင့်။[ဤသို့ ၂–နက်ပေးရပုံကို ဋီကာ၌ကြည့်ပါ။] စတုဝီသတိယာ၊ သော။ပေ။ ဝေဒိတဗ္ဗာ၊ ၏။

၁။ အနိဿင်္ဂမနဿ။ ။အနိဿင်္ဂ °+ဂမနံ ယဿာတိ အနိဿင်္ဂမနံ။ ယဿ၊ အကြင်သဗ္ဗညုတညာဏ်တော်၏။ အ+နိ+ဿင်္ဂ °၊ ကပ်ငြိခြင်းမရှိသည် မဟုတ်သော။ ဝါ၊ ကပ်ငြိခြင်းရှိသော။ ဂမနံ၊ ဉာဏဂတိဖြင့် သွားရခြင်းသည်။ အတ္ထိ၊ ဣတိ အနိဿင်္ဂမနံ (သဗ္ဗညုတညာဏံ)။

သဗ္ဗညုတညာဏ်။ ။အနီး၌ ချောက်ကမ်းပါးရှိသော လမ်းဝယ် အဟုန်ပြင်းပြင်းသွားသော ယောကျ်ားသည် လွတ်လွတ်လပ်လပ် မသွားနိုင်ဘဲ ကပ်သီးကပ်သပ်သွားနေရသကဲ့သို့ ထို့အတူ ဓမ္မသင်္ဂဏီ စသော ကျမ်းတို့၌ သဗ္ဗညုတညာဏ်တော်သည် အားရပါးရ လွတ်လွတ်လပ်လပ်မရှိ။ လမ်းမကြီး၌ ပြေးသွားရသော ယောကျ်ားသည် လွတ်လွတ်လပ်လပ်မငြိမကပ်ဘဲ သွားရသကဲ့သို့ ထို့အတူ ပဋ္ဌာန်းကျမ်းဟူသော လမ်းမကြီး၌ သဗ္ဗညုတညာဏ်တော်၏ သွားရခြင်းသည် မငြိမကပ် လွတ်လွတ်လပ်လပ်ရှိလှပေသည်။

မှတ်ချက်။ ။သဗ္ဗညုတညာဏ်တော်မှတပါး အခြားဉာဏ်များလည်း ပဋ္ဌာန်းတရား၌ ကျက်စားသွားလာနိုင်ကြပါ၏။ သို့သော် ပဋ္ဌာန်းကျမ်း၏ အခြား ဉာဏ်တို့ထက် ဉာဏဂတိ ပြင်းထန်သော သဗ္ဗညုတညာဏ်တော်၏ သွားရာဌာနအဖြစ်ကို ပြခြင်းအကျိုးငှာ "သဗ္ဗညုတညာဏဿ" ဟု အဋ္ဌကထာဆရာမိန့်၏။ [တတ္ထ အညေဟိ ဂတိမန္တေဟိ အတိသယယုတ္တဿ ဂတိမတော ဂမန ဌာနဘာဝဒဿနတ္ထံ သဗ္ဗညုတညာဏဿာတိ ဝုတ္တံ၊-ဋီကာ။]

တတ္ထ၊ ထိုအစိတ်အစိတ်ဖြစ်သောပဋ္ဌာန်း, အပေါင်းဖြစ်သော ပဋ္ဌာန်းတို့တွင်။ (တနည်း) တတ္ထ ^၁^၊ ထိုအနုလောမပဋ္ဌာန်း, ပစ္စနီယပဋ္ဌာန်းအစရှိသောပဋ္ဌာန်းတို့တွင်။ တာဝ၊ ပစ္စနီယစသည်တို့မှ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌေ၊) အနုလောမမှို၊ အနုလောမ၌။ ပဌမံ၊ ရှေးဦးစွာသော ပဋ္ဌာန်းသည်။ တိကဝသေန၊ တိက်နှင့်စပ်သဖြင့်။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ တိကပဋ္ဌာန်နာမ၊ တိကပဋ္ဌာန်းမည်၏။ တဿ၊ ထိုတိကပဋ္ဌာနဟူသောပုဒ်၏။ ပဒစ္ဆေဒေါ၊ ပုဒ်ဖြတ်ခြင်းကို။ (ပုဒ်ကိုပိုင်းဖြတ်၍ ရအပ်သော အနက်ကို။) (ဇဝံ ဇေဒိတဗ္ဗော)။ဧတ္ထ၊ ဤပဋ္ဌာန်း၌။တိကာနံ၊ ၃-ပါးအတိုင်းအရှည်ရှိသော တရားတို့၏။ ပဋ္ဌာနံ၊ အထူးထူးသော အပြားရှိသော အကြောင်း ပစ္စည်းသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ ဝါ၊ ထိုသို့တိကတရားတို့၏ နာနပ္ပကာရပစ္စယရှိရာ၏ အဖြစ်ကြောင့်။ (တံ၊ ထိုပဋ္ဌာန်းသည်။) တိကပဋ္ဌာနံ၊ မည်၏။ ဧတိဿာ ဒေသနာယ၊ ဤပဋ္ဌာန်းဒေသနာ၌။ တိကာနံ၊ တိက်တရားတို့၏။ နာနပ္ပကာရကာ၊ အထူးထူးသော အပြားရှိကုန်သော။ ပစ္စယာ၊ အကြောင်းပစ္စည်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ အတ္ထော၊ နက်။

ဒုတိယဝိကပ္ပေပိ ^၂^၊ ၌လည်း။ တိကာနံ၊ တိက်တရားတို့ကို။ ပဋ္ဌာနံ၊ အကျယ်ဝေဘန်ရာဒေသနာတည်း။ ဣတေ့ဝ၊ ဤအကြောင်းကြောင့်ပင်။

၁။ တတ္ထ အနုလောမမှို။ ။ပဋ္ဌာနပုဒ်၏ အနက်ကို ဖွင့်ပြပြီး၍ တိကပဋ္ဌာန စသော ပုဒ်တို့၏ အနက်ကို ဖွင့်ပြလိုသောကြောင့် "တတ္ထ အနုလောမမှိ" စသည်ကိုမိန့်။ တိက ပဋ္ဌာနံပုဒ်ကို ၃-နည်းဖွင့်ရာဝယ် ပဌမနည်း၌ အဋ္ဌကထာအတိုင်း "တိကာနံ ပဋ္ဌာနံ ဧတ္ထ အတ္ထီတိ တိကပဋ္ဌာနံ"ဟု သတ္တမီဗဟုဗ္ဗီဟိ ဝိဂ္ဂဟပြုပါ။ တိကာနံကိုလည်း "တီဏိ ပရိမာဏာနိ ဧတေသန္တိ တိကာ၊ ကုသလ, အကုသလ, အဗျာကတ စသောအားဖြင့် ၃-ပါးကုန်သော အတိုင်း အရှည်ရှိသော တရားတို့"ဟု အနုဋီကာ ဝိဂ္ဂဟပြုသည်။ "တိကဝသေန ဝုတ္တာ ဓမ္မာနံ"ဟု ဋီကာဖွင့်သည်ကား အဓိပ္ပါယတ္ထအဖွင့်တည်း။

၂။ ဒုတိယဝိကပ်။ ။ပဋ္ဌာနပုဒ်၏ ဝိဘဇနအနက်ကို ပြသောဒုတိယဝိကပ်၌ "တိကာနံ+ပဋ္ဌာနံတိ တိကပဋ္ဌာနံ"ဟု တပ္ပုရိသ်ပြု။ ပဋ္ဌာနံတေ့ဝဟု ဝေထည့်၍ ဖွင့်ခြင်းဖြင့် ပဌမဝိကပ်ကဲ့သို့ ဗဟုဗ္ဗီဟိမပြုရဟုကန့်သည်။ "ကုသလ

တိကပဋ္ဌာနံ၊ ၏။ ဟေတုပစ္စယာဒိဝသေန၊ ဟေတုပစ္စည်း အစရှိသည်တို့၏ အဖြစ်ဖြင့်။ တိကာနံ၊ တိက်တရားတို့ကို။ ဝိဘဇနာ၊ အကျယ်ဝေဘန်ရာတည်း။ ဣတိအတ္ထော၊ နက်။

တတိယဝိကပ္ပေ ၊ ၌။ ဟေတုပစ္စယာဒိဘေဒဘိန္နတာယ၊ ဟေတုပစ္စည်း အစရှိသော အပြားတို့ဖြင့် ပြားကုန်သည်၏အဖြစ်ကြောင့်။ လဒ္ဓဝိတ္ထာရာ၊ ရအပ်သော ကျယ်ဝန်းခြင်းရှိကုန်သော။ တိကာဝေ၊ တိက်တရားတို့သည် ပင်။ ပဋ္ဌာနံ၊ မငြိမကပ်မရပ်မတည် လှည့်လည်ရာတည်း။ တိကပဋ္ဌာနံ၊ တိက်တရားတို့သည်ပင် မငြိမကပ်မရပ်မတည် လှည့်လည်ရာ။ သဗ္ဗညုတညာဏဿ၊ ၏။ နိဿင်္ဂဂမနဘူမိ၊ မငြိမကပ် လွတ်လွတ်လပ်လပ် သွားရာမြေ တည်း။ ဣတိ အတ္ထော။ ဒုကပဋ္ဌာနာဒီသုပိ၊ ဒုကပဋ္ဌာန်းအစရှိသော ပဋ္ဌာန်း တို့၌လည်း။ ဧသေဝ နယော။ ဧဝံ သို့။ အနုလောမေ၊ ၌။ ဆပဋ္ဌာနာနိ၊ ၆-ပါးသော ပဋ္ဌာန်းတို့ကို။ ဝိဒိတွာ၊ ၍။ ပစ္စနီယာဒီသုပိ၊ ပစ္စနီယအစရှိ သည်တို့၌လည်း။ ဣမိနာဝုပါယေန၊ ဖြင့်ပင်။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။

ပန၊ ဆက်။ ယသ္မာ၊ ကြောင့်။ ဧတာနိ၊ ဤပဋ္ဌာန်းတို့ကို။ (ဝုစ္စန္တိ၌စပ်။) ဝါ၊ တို့သည်။ (ဟောန္တိ၌စပ်။) အနုလောမေ၊ အနုလောမဂုဏ်း(ဣတိ၌စပ်)

စသော တိကတရားတို့ကို ဟေတုပစ္စည်းစသော အပြားအားဖြင့် အကျယ်ဝေ ဘန်ရာ ဒေသနာတော်”ဟူလို။

အမှာ။ ။ရှေးနိဿယ၌ “ပဋ္ဌာနန္တေ ဝဝယ် “ပဋ္ဌာနမေတ္တ” ဟု ရှိလျှင် သာ၍ ကောင်းသည်”ဟု ဆို၍ အနက်တနည်း ပေးသေး၏။ သို့သော် ပဌမ ဝိကပ်၌ တေသာဒေသနာယ ဟုဖွင့်သကဲ့သို့ ဤ၌ “ တေသာ ” ဟု မထည့်ဘဲ ဖွင့်၏။ ဝိဘဇနာသဒ္ဒါကိုလည်း “ ဝေဘန်ရာဒေသနာ ” ဟု အာဓာရအနက် ပေးနိုင်ပါသည်။

၁။ တတိယဝိကပ်။ ။ပဋ္ဌိတ (ဂမန) အနက်ကိုပြသော တတိယဝိကပ်၌ ကား တိကာဝေ+ပဋ္ဌာနံတိကပဋ္ဌာနံ၊ တိကတရားတို့သည်ပင် သဗ္ဗညုတညာဏ် တော်၏ မငြိမကပ် သွားရောက်ရာအရပ်ဖြစ်သော ဒေသနာတော်” ဤသို့အာဝ ဓာရဏကမ္မဓာရဲ ဝိဂ္ဂဟပြုရသည်။ [တိကာ ဧဝ၌ ဧဝဖြင့် ပဌမဝိကပ် ဒုတိယ ဝိကပ်၌ ပြုအပ်သော သမာသ်တို့ကိုကန့်။] နိဿင်္ဂဂမနဘူမိ၌ ဘူမိဖြင့် ပဋ္ဌာန၌ အဓိကရဏသာဓနကိုပြ၏။ ပဋ္ဌာတိ တ္ထောတိ ပဋ္ဌာနံ၊ သဗ္ဗညုတညာဏ်တော်၏ မရပ် မတည် လှည့်လည်ရာ ဒေသနာတော်။

။ပေ။ ပစ္စနီယာနုလောမေ၊ ၎င်း။ ဣတိ၊ သို့။ သမန္တာ၊ အနုလောမစသော အလုံးစုံသောအဘိုအစုအားဖြင့် ။ ဆဆ၊ ၆-ပါး၆-ပါးတို့သည်။ ဟုတွာ၊ ၍။စတုဝီသတိ၊ ၂၄-ပါးသည်။ ဟောန္တိ။ တသ္မာ၊ ကြောင့်။ စတုဝီသတိ သမန္တပဋ္ဌာနာနီတိ၊ ၂၄ ပါးသော သမန္တပဋ္ဌာန်းတို့ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ ဣတိ၊ သို့။ စတုဝီသတိယာ၊ သော။ ခုဒ္ဒကပဋ္ဌာနသင်္ခါတာနံ၊ ငယ်သော ပဋ္ဌာန်းဟု ဆိုအပ်ကုန်သော။ [တိကပဋ္ဌာန်း စသည်ကို ခုဒ္ဒကပဋ္ဌာန်းဟုဆို သည်။] ဣမေသံ သမန္တ ပဋ္ဌာနာနံ၊ ဤအနုလောမစသော အလုံးစုံသော အဘိုအစုတို့ဖြင့် ဖြစ်သော တိကပဋ္ဌာန်းစသည်တို့၏။ သမောဓာနဝသေန၊ အပေါင်း၏ အဖြစ်ကြောင့်။ ဧတံ၊ ဤကျမ်းသည်။ စတုဝီသတိသမန္တပဋ္ဌာန သမောဓာနံ၊ ၂၄-ပါးသော သမန္တပဋ္ဌာန်းတို့၏ အပေါင်းဖြစ်သော။ ပဋ္ဌာနမဟာပကရဏံ နာမ၊ ပဋ္ဌာန်းကျမ်းကြီးမည်၏။ [သမန္တာ၏ အဖွင့်ကို ဋီကာ၌ ကြည့်ပါ။]

ပန၊ ဆက်။ တံ ဧတံ၊ ထိုပဋ္ဌာန်းကျမ်းကြီးကို။ (ဝုတ္တံ၌စပ်)ယေ တိကာ ဒယော၊ အကြင်တိက်အစရှိသည်တို့ကို။ နိဿာယ၊ ၍။နိဒ္ဒိဋ္ဌတ္တာ၊ ညွှန်ပြအပ် သည်၏ အဖြစ်ကြောင့်။ တိကပဋ္ဌာနန္တိ၊ တိကပဋ္ဌာန်းဟူ၍၎င်း။ ဒုကပဋ္ဌာ နန္တိ၊ ၎င်း။ပေ။ ဒုကဒုကပဋ္ဌာနန္တိ၊ ၎င်း။ ဝုတ္တံ၊ အပ်ပြီ။ တေ၊ ထိုတိက်အစ ရှိသည်တို့ကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ယေသံ ပစ္စယာနံ၊ အကြင် ပစ္စည်းတို့၏။ ဝသေန၊ စပ်သဖြင့်။ တေတိကာဒယော၊ ထိုတိက် အစရှိသည် တို့ကို။ ဝိဘတ္တာ၊ ဝေဘန်အပ်ကုန်ပြီ။ တေပစ္စယေ၊ တို့ကို။ ဒဿေတုံ၊ ငှာ။ အာဒိတော၊ အစ၌။ တာဝ၊ အစဉ်အတိုင်း။ အဿ၊ ထိုပဋ္ဌာန်းကျမ်းကြီး၏။ မာတိကာနိက္ခေပဝါရော နာမ၊ မာတိကာနိက္ခေပဝါရမည်သည်ကို။ ဝါ၊ ပစ္စည်းတို့၏ ခေါင်းစဉ်ကို ချထားရာဝါရမည်သည်ကို။ ဝုတ္တော၊ ဟော တော်မူအပ်ပြီ။ ပစ္စယဝိဘင်္ဂဝါရောတိပိ၊ ပစ္စယဝိဘင်္ဂဝါရဟူသော အမည် သည်လည်း။ ဝါ၊ ပစ္စည်းသရုပ်ကို အကျယ်ဝေဘန်ရာဝါရဟူသော အမည် သည်လည်း။ တဿေဝ၊ ထိုမာတိကာနိက္ခေပဝါရ၏ပင်။ နာမံ၊ အမည် တည်း။ သော၊ ထိုမာတိကာနိက္ခေပဝါရသည်။ ဥဒ္ဒေသ နိဒ္ဒေသတော၊ ဥဒ္ဒေသ နိဒ္ဒေသအားဖြင့်။ ဒုဝိဓော၊ ရှိ၏။ တဿ၊ ထိုနိက္ခေပဝါရ၏။ ဟေတု

ပစ္စယော ။ပေ။ အဝိဂတပစ္စယောတိ၊ ဟူသော။ အယံ၊ ဤပါဠိဥဒ္ဒေသသည်။ ဥဒ္ဒေသော၊ ဥဒ္ဒေသရပ်သည်။ ဥဒ္ဒေသော၊ တည်း။ဝါ၊ အကျဉ်းချုပ်ခေါင်းစဉ်တည်း။

တတ္ထ၊ ထိုဥဒ္ဒေသ၌။ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော)။ဟေတုစ [1]၊ ဟိတ်လည်းဟုတ်၏။ သော၊ ထိုဟိတ်ဟူသည်။ ပစ္စယော စ၊ ပစ္စည်းလည်းဟုတ်၏။ ဣတိ၊ ထို ၂-ပါးသော သတ္တိကြောင့်။ ဟေတုပစ္စယော၊ မည်၏။ ဟေတုသည်။ ဟုတ္ဝာ [2]၊ ၍။ ပစ္စယော။ ပစ္စည်းတည်း။ ဟေတုဘာဝေန၊ ဟိတ်၏

၁။ **ဟေတုစ။ပေ။ဟေတုပစ္စယော။** ။ဟေတုနှင့် ပစ္စယပုဒ်တို့ကို အနက်အရတူသော ဝိသေသနပုဗ္ဗပဒကမ္မဓာရဲပြု၏။ သို့သော် ဟေတုစ၌ ဟိတ်သည် ဟေတုပစ္စည်းသာမက, သဟဇာတစသော ပစ္စည်းလည်း ဖြစ်နိုင်၏။ [အယံ ဟိ ဟေတုဟေတုပစ္စယေနာပိ ပစ္စယော ဟောတိ။ သဟဇာတာဒိ ပစ္စယေနာပိ။-ဟေတု ပစ္စယ နိဒ္ဒေသ အဋ္ဌကထာ။] ထို့ကြောင့် ထိုသဟဇာတစသည်ကို တားမြစ်ဘို့ရာ "ဟေတု ဟုတွာ ပစ္စယော"ဟု အနက်ဖွင့်ရသည်။သို့သော် ထိုပါဌ်အတိုင်းဆိုလျှင် "ဟိတ်ဖြစ်၍ ကျေးဇူးပြုသောတရား"ဟု အနက် ထွက်သောကြောင့် ဟိတ် ၆-ပါးသည် ဟိတ်ဖြစ်၍သာ ကျေးဇူးပြုသည်မဟုတ်သေး, သဟဇာတစသည်ဖြစ်၍လည်း ကျေးဇူးပြုနိုင်ရကား ပဌမပြအပ်သောသဟဇာတစသည်တို့နှင့် ရောနှောခြင်းဟူသော အပြစ်မှ မလွတ်သေး။ထို့ကြောင့် "ဟေတုဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ"ဟု ဟေတု ဟုတွာ ပစ္စယောကို အဖြောင့်ဖွင့်ပြသည်။ [ဧတေနပိ သော ဒေါသော အာပဇ္ဇတိတိ ပုနာဟ- ဟေတုဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ၊-ဋီကာ]။

ဓမ္မဉီးအံ့။ ။ဟေတုဘာဝေန၌ ဘာဝသည် ဘာဝတဒ္ဓိတ်ထုံးစံအတိုင်း သဒ္ဒပ္ပဝတ္တိနိမိတ်အနက်ကို ဟော၏။ "ဟိနောတိ ပဝတ္တတိ ဖလံ ဧတသ္မာတိ ဟေတု" အရ အကျိုးပစ္စယုပ္ပန်တရား၏ ဖြစ်တည်ခဲ့ရာ အကြောင်း ဟူသည် "သုပ္ပတိဋ္ဌိတဘာဝသာဓနေ၊ အကျိုးတို့၏ ကောင်းစွာကည်သည်၏ အဖြစ်ကို ပြီးစေနိုင်သော"သတ္တိတည်း။ ထိုသတ္တိကား သဟဇာတစသည်၌ မရှိ။ထို့ကြောင့် သဟဇာတစသည်တို့နှင့် မရောနှောစေခြင်းအကျိုးငှာ "ဟေတုဘာဝေန ပစ္စယော"ဟု ဖွင့်၍ ထိုအဖွင့်သည် ဥဇုကတ္ထ(အဖြောင့်အနက်)ဟု သိစေလိုသောကြောင့် "ဝုတ္တံ ဟောတိ"ဟု ထည့်သည်။ [ဣဒံ ဝုတ္တံ ဟောတိ, စကားရှိက, ဥဇုက။]

၂။ **ဟုတွာကို ဘာဝေနဟု ဖွင့်နိုင်။** ။ဟုတွာကို "ဘာဝေန"ဟု ဖွင့်ရာ၌ ဟုတွာဝယ် တွာပစ္စည်းသည် "ကလာပါဒီသု ဘာဝတ္ထေ, တုနာတျာဒိဝိဓိယ

အဖြစ်ဖြင့်။ ပစ္စယော၊ ပစ္စည်းတည်း။ဣတိ၊ ဤအနက်သည်။ ဝါ၊ကို။ ဝုတ္တံ ဟောတိ။ အာရမဏ ပစ္စယာဒီသုပိ၊ အာရမဏပစ္စည်း အစရှိသောပစ္စည်း တို့၌လည်း။ ဧသေဝ နယော။[“အာရမဏဘူ တံ ပစ္စယောစာတိ အာရမဏ ပစ္စယော။ အာရမဏံ ဟုတွာ ပစ္စယော။ အာရမဏဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ”စသည်ဖြင့် ပစ္စည်းတိုင်း ဤနည်းချည်း မှတ်ပါ။]

တေ” ဟူသောသဒ္ဒဟ္တ ဘေဒစိန္တာ (၃၇၈) ဂါထာနှင့်အညီ တုန တွာန့တွာ ပစ္စည်းတို့သည် ဘောအနက်ဟောဟု ကလာပ်ကျမ်း မောဂ္ဂလ္လာန်ကျမ်းတို့၌ ဆို၏။ ထို့ပြင် “သင်္ကေတ ဟုတွာန နိဗ္ဗတ္တိ”၌ သင်္ကေတဝယ် ပဉ္စမီဝိဘတ်ကို ဆဋ္ဌီအနက်ဟောဟု ယူ၍ ဟုတွာန ကိုလည်း “ဘာဝေန”ဟု ဘေဒစိန္တာဋီကာ ဖွင့်သည်။ ထိုအလို “သင်္ကေတ၊ သကြား၏။ ဟုတွာန၊ အဖြစ်ဖြင့်” ဟု အနက် ပေးပါ။ ဤသို့ပေးသောအခါ သင်္ကေတ ဟုတွာန အရ သကြားဒြပ်ကိုမရဘဲ သကြား၏ ဖြစ်ကြောင်းဖြစ်ရာ ရသူ့ဌာနန္တရ စည်းစိမ်ဥစ္စာတို့ကို အရကောက် ရသည်။[ဒိန္နံ ပဋိစ္စ ဘာဝတ္တံ, ဆဋ္ဌျတ္ထေန ပဉ္စမာထဝါ၊- ၃၉၀· ဂါထာ။] ဤသို့ သဒ္ဒါကျမ်းတို့၌ ရှိသောကြောင့် ဟေတု ဟုတွာကို “ဟေတု ဘာဝေန” ဟု အဋ္ဌကထာဖွင့်ခြင်းသည် သဒ္ဒါထုံးစံအတိုင်းပင် ဖြစ်၏ ဟုမှတ်ပါ။

သတ္တိ သတ္တိမန္တ။ ။“ဟေတုပစ္စယော”ဟူသော ဥဒ္ဒေသဥ္ဌိရင်း၊ “ဟေတူ ဟေတုသမ္ပယုတ္တကာနံဓမ္မာနံ။ပေ။ ဟေတုပစ္စယေန ပစ္စယော” ဟူသော နိဒ္ဒေသ ဥ္ဌိရင်း ဟိတ် ၆-ပါးပစ္စည်းတရားတည်းဟူသော သတ္တိမန္တကို (သတ္တိရှိသော တရားဒြပ်ကို) ပြတော်မူ၏။ အဋ္ဌကထာလည်း ထိုအတိုင်းပင် သတ္တိမန္တတရား ဒြပ်ကိုပြသည်။ သို့သော် ထိုသတ္တိမန္တတရားဒြပ်ဖြင့် ဟေတုသတ္တိကိုသာ ပြတော် မူလိုရင်းဟုမှတ်ပါ။ ဘာ့ကြောင့်နည်း၊.... ဟိတ် ၆-ပါး တရားဒြပ်မှတပါး ဟေတုသတ္တိဟု သီးခြားမရှိသောကြောင့်တည်း။[အဋ္ဌကထာယံပန ဓမ္မပ္ပဓာန နိဒ္ဒေသေန (ပါဠိတော်ဝယ် ဓမ္မဒြပ်ကို ပဓာနအားဖြင့် ညွှန်ပြတော်မူခြင်း ကြောင့်) ဓမ္မတော အညာ ဓမ္မသတ္တိနာမ နတ္ထီတိ (ဓမ္မဒြပ်မှတပါး ဓမ္မသတ္တိ သီးခြားမရှိဟု နှလုံးသွင်း၍) ဓမ္မေဟေဝ ဓမ္မသတ္တိဝိဘာဝနံ ကတံတိ ဒဋ္ဌဗ္ဗံ၊-ဋီ။]

ဋီကာ။ ။ဋီကာဆရာကား ဟေတုစ၊ ဟေတုသတ္တိလည်းဟုတ်၏။သော၊ ထိုဟေတုသတ္တိဟူသည်။ ပစ္စယောစ၊ ကျေးဇူးပြုနိုင်သော သတ္တိလည်းဟုတ်၏” ဟုအနက်ပေး၍ ဟေတုအရ ပစ္စယအရ သတ္တိကိုသာ အရကောက်စေလို၏။ အကျယ်ကို ဋီကာနိဿယ၌ ကြည့်ပါ။

တတ္ထ၊ ထိုဟေတုပစ္စယော ဟူသောပါဠိ၌။ ဟေတုတိ၊ ဟေတုဟူသော။ ဧတံ၊ ဤသဒ္ဒါသည်။ ဝစနာဝယဝကာရဏမူလာနံ၊ စကားဝါကျ၏ အစိတ်, အကြောင်း,အရင်းအမြစ်တို့ကို။အဓိဝစနံ၊ ဟောသောသဒ္ဒါတည်း။ဟိ၊ချဲ့။ ပဋိညာ ဟေဘုတိအာဒိသု၊ ပဋိညာ ဟေတု အစရှိသော စကားရပ်တို့၌။ လောကေ၊ လောက၌။ ဝါ၊ လောကီကျမ်း၌။ဝစနာဝယဝေါ၊ စကားဝါကျ၏ အစိတ်ကို။ ဟေတူတိ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ [ပဋိညာ ဥပမာ ဟေတု, ဥဒါဟရဏ နိဂ္ဂမ။ ဝသေနာဝယဝ ပါဉ္စ, ဝိဓာဝါကျေယထာရဟံ - ဟူသော သဒ္ဒတ္ထဘေဒစိန္တာ (၁၇) ဂါထာကို ကြည့်ပါ။] ပန၊ ကား။ သာသနေ၊ သာသနာတော်၌။ ဝါ၊ သာသနာတော်ကျမ်း၌။ယေဓမ္မာ ဟေတုပ္ပဘဝါတိ အာဒိသု၊ အစရှိသောပါဠိရပ်တို့၌။ ကာရဏံ၊ ကို။ (ဟေတူတိ ဝုစ္စတိ)။ [ယေဓမ္မာ၊ အကြင်ဒုက္ခသစ္စာတရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်း သမုဒယသစ္စာ ဟူသော အစအမွန်ရှိကုန်၏။] တယော ကုသလာ ဟေတူ တယော အကုသလာ ဟေတူတိ အာဒိသု၊ အစရှိသော ပါဠိရပ်တို့၌။ မူလံ၊ အရင်းအမြစ်ကို။ ဟေတူတိ ဝုစ္စတိ။ တံ၊ ထိုမူလအနက်ကို။ ဣဓ၊ ဟေတု ပစ္စယော ဟူသော ဤပါဠိ၌။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။

ပန၊ကား။ (ဟေတု၏အနက်မှတပါးပစ္စယော၏အနက်ကား)။ပစ္စယော[၁] တိဧတ္ထ၊ပစ္စယောဟူသောဤပါဠိ၌။ အယံ၊ဤဆိုအပ်လတ္တံ့ကား။ဝစနတ္ထော၊ သဒ္ဒါအနက်တည်း။ (ဖလံ၊ အကျိုးသည်။) ဧတသ္မာ၊ ဤအကြောင်းမှ။ ပဋိစ္စ၊ စွဲ၍။ ဧတိ၊ ဖြစ်ရ၏။ ဣတိ၊ ထိုသို့ အကျိုးတရား၏ စွဲ၍ဖြစ်ခဲ့ရာ အကြောင်း၏ အဖြစ်ကြောင့်။ (သော၊ ထိုအကြောင်းသည်။) ပစ္စယော၊

၁။ ပစ္စယော။ ။"ပတိ+အယ"ဟု ခွဲ၍ ပတိကို "ပတိစ္စ" ဟု ဖွင့်၏။ ပတိစ္စ၌ ပတိ+ဣဓာတ် တ္ဝာပစ္စည်း "ရှေးရှုရောက်၍"ဟု သဒ္ဒတ္ထ, "စွဲ၍" ဟု ဝေါဟာရတ္ထဖြစ်၏။ "စွဲ၍"ဟူသည် ထိုအကြောင်းကို မငဲ့ကွက်နိုင်ခြင်း။ (လက်မလွှတ်ခြင်း)တည်း။ ထိုကြောင့် ပတိစ္စကို "အပစ္စက္ခာယနံ" ဟု ဖွင့်သည်။ "ဧတသ္မာ ဧတိ" ဖြင့် အယကို အပါဒါနသာဓနပြုရသည်ဟု ပြ၏။ [ဧတိ၌ ဣဓာတ် ဧဓာတ် ၂-မျိုး။ ဣကို ဧပြု။ ဧကို အယပြုလျှင် "ပစ္စယ" ဟု ဖြစ်၏။]

ပစ္စယမည်၏။ နံ၊ ထိုအကြောင်းကို။ အပ္ပစ္စက္ခာယ၊ မပယ်စွန့်မူ၍။ ဝတ္တတိ[၁]၊ ဖြစ်ရ၏။ ဣတိအတ္ထော။ ဟိ၊ ထင်ရှားအောင်ပြဦးအံ့။ ယောဓမ္မော၊အကြောင်အကျိုးတရားသည်။ ယံဓမ္မံ၊အကြောင်အကြောင်းတရားကို။ အပစ္စက္ခာယ၊ ၍။ တိဋ္ဌတိဝါ၊ တည်မူလည်း တည်ရ၏။ ဥပ္ပဇ္ဇတိဝါ၊ ဖြစ်မူလည်း ဖြစ်ရ၏။ သော၊ထိုအကြောင်းတရားသည်။ တဿ၊တိုအကျိုးတရား၏။ပစ္စယော၊စွဲ၍ ဖြစ်ခဲ့ရာအကြောင်းတည်း။ ဣတိ ဝုတ္တံ ဟောတိ။

ပန၊ ကား။ (ဝစနတ္ထမှ တပါး လက္ခဏတ္ထကား။) လက္ခဏတော[၂] မှတ်သားကြောင်းလက္ခဏာအားဖြင့်။ ပစ္စယော၊ပစ္စည်းသည်။ ဥပကာရက လက္ခဏော၊ လျော်သောဂုဏ်ရှိသည်၏အဖြစ်ကို ပြုတတ်သည်အဖြစ်ဟူသော လက္ခဏာရှိ၏။ဟိ၊ချဲ့။ ယောခမ္မော၊ အကြောင်အကြောင်းတရားသည်။ ယဿ ဓမ္မဿ၊ အကြောင်အကျိုးတရား၏။ ဌိတိယာဝါ၊ တည်ခြင်းငှါသော်၎င်း။ဥပ္ပတ္တိယာဝါ၊ ဖြစ်ခြင်းငှါသော်၎င်း။ ဥပကာရကော[၃]၊ လျော်သောဂုဏ်ရှိသည်၏

၁။ **ဝတ္တတိတိအတ္ထော။** ။ဝတိကို ဝတ္တတိဟု အနက်ဖွင့်၏။ "ဝတ္တတိ" အရ ဖြစ်ခြင်းဟူသည် ဥပါဒ်သောအားဖြင့် ဖြစ်ခြင်း, ဌီအခိုက်၌ တည်သော အားဖြင့် ဖြစ်ခြင်း, ဟု ၂-မျိုးလုံးနှင့် ဆက်သံ၏။ ထိုကြောင့် ဝတိကိုပင် "တိဋ္ဌတိဝါ ဥပ္ပဇ္ဇတိဝါ"ဟုဖွင့်၏။ ဤ၌ ဝါသည် ဝိကပ္ပနတ္ထမဟုတ်။ အနိယမတ္ထတည်း။ တိဋ္ဌတိ ဥပ္ပဇ္ဇတိ ၂ မျိုးလုံးပင် အမြဲမဟုတ်။ ပစ္ဆာဇာတပစ္စည်းသည် တည်ဘို့ရန်သာ ကျေးဇူးပြု၏၊ ဖြစ်ဘို့ရန် ကျေးဇူးမပြု။ အနန္တရစသော ပစ္စည်းသည် ဖြစ်ဘို့ရန်သာ ကျေးဇူးပြု၏, တည်ဘို့ရန် ကျေးဇူးမပြု။ ဟေတုစသော ပစ္စည်းတို့ကား တည်ဘို့ဖြစ်ဘို့ ၂-မျိုးလုံး ကျေးဇူးပြုကြသည်။ ထို့ကြောင့် ဝါသဒ္ဒါကို အနိယမတ္ထဟုဆိုရသည်။

၂။ **လက္ခဏတောပန။** ။ပစ္စယသဒ္ဒါ၏ အကြောင်းဟူသောအနက်သည် သဒ္ဒတ္ထတည်း။ ဥပကာရအနက်ကား ပစ္စည်းအားလုံး၏ သဘောကိုပြသော ကြောင့် လက္ခဏတ္ထတည်း။ [သာမညံ ဝါ သဘာဝေါ ဝါ, မမွာနံ လက္ခဏံ မတံ။] ထို့ကြောင့် "လက္ခဏတော ပန ဥပကာရကလက္ခဏော ပစ္စယော" ဟု မိန့်သည်။

၃။ **ဥပကာရ။** ။ဥပ+ကရ-ဏပစ္စည်းဖြင့် ပြီးသော ဥပကာရကို "ပဓာနဿ အနုဂုဏျသမ္ပာဒနေ၊ ပဓာန၏ လျော်သော ဂုဏ်ရှိသည်၏အဖြစ်ကို ပြီးစေခြင်း၌"ဟု ထောမနိဓိ၌ အနက်ဖွင့်၏။ ဥပကို "ပဓာနဿ အနုဂုဏျ"ဟု ဖွင့်၍

အဖြစ်ကိုပြုတတ်သည်။ ဟောတိ။ သော၊ ထိုအကြောင်းတရားကို။ တဿ၊ ထိုအကျိုးတရား၏။ပစ္စယောတိ၊ပစ္စည်းဟူ၍ ။ (စွဲ၍ဖြစ်ရာအကြောင်းဟူ၍။) ဝုစ္စတိ၊ဆိုအပ်၏။ ပစ္စယော၊ပစ္စယသဒ္ဒါဂုဏ်း။ ဟောတု၊ဟောတုသဒ္ဒါဂုဏ်း။ပေ။ ပဘဝေါ၊ ပဘဝသဒ္ဒါဂုဏ်း။ ဣတိ၊ ဤသဒ္ဒါအပေါင်းသည်။ အတ္ထတော၊ အနက်အားဖြင့်။ ဧကံ၊ တူ၏။ဗျဉ္ဇနတော၊ သဒ္ဒါအားဖြင့်။ နာနံ၊ ကွဲပြား၏။ ဣတိ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ မူလဋ္ဌေန၊ အရင်းမူလ၏အဖြစ်ကြောင့်။ ဟောတု၊ဟောတုမည်၏။ ဥပကာရကဋ္ဌေန၊လျော်သောဂုဏ်ရှိသည်၏ အဖြစ်ကို ပြုတတ်သည်၏အဖြစ်ကြောင့်။ ပစ္စယော၊ ပစ္စယမည်၏။ ဣတိ၊ ထို့ကြောင့်။ သင်္ခေပတော၊အကျဉ်းချုပ်အားဖြင့်။ မူလဋ္ဌေန၊အရင်းမူလ၏ အဖြစ်ဖြင့်။ ဥပကာရကော၊လျော်သောအကျိုးကျေးဇူးရှိသည်၏ အဖြစ်ကို

ကာရ(ပြုခြင်း)ကို သမ္ပာဒန(ပြီးစေခြင်း)ဟု ဖွင့်သည်။ ကရောတိကို "ကြိယံ အဘိနိပ္ဖာဒေတိ" ဟု ဖွင့်သကဲ့သို့တည်း။ "ပစ္စယုပ္ပန်တရားတို့၏ လျော်သော ဂုဏ်ရှိကုန်သည်အဖြစ်ကို ပြုခြင်း" ဟူသည် "ဟေတုပစ္စည်းနှင့် လျော်သော ပစ္စယုပ္ပန်ဖြစ်နိုင်ခြင်း"တည်း။ "ထိုသို့ဖြစ်နိုင်အောင် ဟေတုပစ္စည်းက ပစ္စယုပ္ပန် တရားတို့ကို ပြုပေးသည်"-ဟူလို။

အနက်ပေးကြပုံ။ ။"အနုဂုဏ၊လျော်သော ဂုဏ်ရှိသည်၏အဖြစ်"ဟု ဆိုသောကြောင့် ဥပကာရပုဒ်နှင့် တွဲရာ၌"ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ၊ တို့အား" ဟု ပေးရိုးပြုကြ၏။ "တို့အား + လျော်သော" ဟု စပ်လိုကြဟန် တူသည်။ သို့သော် "ဓမ္မာနံ၊ တို့၏+ဥပကာရ၊ လျော်သောဂုဏ် ရှိကုန်သည်၏အဖြစ်ကို+ ပြုတတ်"ဟု သဒ္ဒတ္ထဖြစ်သောကြောင့် "ဓမ္မာနံ၊ တို့၏" ဟု သမ္ဗန်အနက်ပေးမှ "အဖြစ်"ဟူသောအနက်၌ စပ်နိုင်၏။ "ပစ္စယော၊ အကြောင်း"ဟူသောအနက် နှင့်လည်းလျော်သည်။ "ကျေးဇူးပြု" ဟူသောအနက်။ ။ယခုအခါ၌ "ဥပကာရော၊ ကျေးဇူးပြုခြင်း။ ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏"ဟူသောအနက်ကိုသာ ပေးရိုးပြုကြသည်။ ထို"ကျေးဇူး" ဟူသော အနက် လည်း သောမနိဿဝယ် အနုဂုဏ၂(အနုဂုဏဘာဝ) ဟူသော အဖွင့်မှ ဂုဏပုဒ်၏ အနက်တည်း။ ဂုဏသဒ္ဒါ၏ အဘိဓာန်လာအနက်တို့တွင် အာနိသံသအနက်ကို ယူသားဟန်တူသည်။"အာနိသံသ၊ အကျိုးအာနိသင်။ ဝါ၊ အကျိုးကျေးဇူး"။ ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့ကို ဥပကာရက၊ လျော်သော အကျိုးဖြစ် အောင် ပြုပေးခြင်းကိုပင် "ကျေးဇူးပြုခြင်း"ဟု ခေါ်ကြသည်။

ပြုတတ်သော။ ဝါ၊ လျော်သောကျေးဇူးကို ပြုတတ်သော။ ဓမ္မာ၊တရားသည်။ ဟေတုပစ္စယော၊မည်၏။

ဟိ၊ ထင်ရှားအောင်ပြဦးအံ့။ သော၊ ထိုဟေတုပစ္စည်းသည်။ သာလိဗီဇာဒီနိ၊ သလေးမျိုးစေ့ အစရှိသည်တို့သည်။ သာလိအာဒီနံ၊ သလေး အစရှိသည်တို့ကို။ (သာဓကာနိ) ဝိယ၊ ပြီးစေတတ်ကုန်သကဲ့သို့ရင်း။ မဏိဝဏ္ဏာဒယော၊ ပတ္တမြား၏အဆင်း အစရှိသည်တို့သည်။ မဏိပ္ပဘာဒီနံ၊ ပတ္တမြားအရောင် အစရှိသည်တို့ကို။ (သာဓကာ)ဝိယစ၊ ပြီးစေတတ်ကုန်သကဲ့သို့ရင်း။ (တထာ)။ကုသလာဒီနံ၊ ကုသိုလ်အစရှိသည်တို့၏။ကုသလာဒိဘာဝသာဓကော၊ ကုသိုလ်အစရှိသည်တို့၏အဖြစ်ကို ပြီးစေတတ်သည်။ (ဟောတိ)။ဣတိ၊ဤဆိုအပ်ပြီးသည်ကား။ အာစရိယာနံ၊ရေဝတဆရာတို့၏။ အဓိပ္ပါယော၊အလိုတည်း။ ပန၊ ထိုသို့ ရေဝတဆရာတို့ အလိုရှိအပ်ပါသော်လည်း။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်လတ်သော်။ (ထိုဆရာတို့ အလိုအားဖြင့် ကုသိုလ်၌ယှဉ်သောဟိတ်တရားတို့ကကုသိုလ်အဖြစ်ကိုပြီးစေတတ်, အကုသိုလ် အဗျာကတ၌ယှဉ်သော ဟိတ်တရားတို့က အကုသိုလ် အဗျာကတ အဖြစ်ကို

၁။ သောဟိ ။ပေ။ အဓိပ္ပါယော။ ။"အာစရိယာနံတိ ရေဝတတ္ထေရံ ဝဒတိ"ဟုဋီကာ ဖွင့်သောကြောင့် "သော ဟိ သာလိအာဒီနံ"စသော အဖွင့်သည် ရေဝတထေရ်၏ အလိုကျအဖွင့်တည်း။ ထိုအဖွင့်ကို အဋ္ဌကထာဆရာကိုယ်တိုင် မနှစ်သက်သောကြောင့် "ဧဝံ သန္တေ ပန" စသည်ကို မိန့်သည်။

၂။ ဧဝံ သန္တေ။ပေ။သာဓေတိ။ ။"ထိုဟေတု ပစ္စည်းမည်သော ဟိတ်တရားသည် ကုသိုလ်အစရှိသည်တို့၏ အဖြစ်ကို ပြီးစေတတ်၏" ဟု ဆို၏။ [လောဘဟိတ်ကြောင့် လောဘမူပိုတ်သည် အကုသိုလ်စိတ်ဖြစ်ရ၏။ အလောဘဟိတ်ကြောင့် ကာမာဝစရစိတ်ရှစ်ပါးသည် ကုသိုလ်စိတ်ဖြစ်ရ၏။ အလောဘဟိတ်ကြောင့်ပင် မဟာဝိပါက်ရှစ်ပါးသည် အဗျာကတစိတ်ဖြစ်ရ၏။ ဤသို့စသည်ဖြင့် သိပါ။] ထိုစကားကို ကောက်ချက်ချလျှင် ထိုဟိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့၏ ကုသိုလ်အစရှိသည်တို့၏ အဖြစ်ကို မပြီးစေနိုင်ရကား ထိုရုပ်တို့၌ ဟိတ်တရားတို့က ဟေတုပစ္စယသတ္တိ မရှိရာရောက်၏။ စင်စစ်အားဖြင့်ကား ထိုရုပ်တို့၌လည်း ဟိတ်တရားတို့က ဟေတုပစ္စယသတ္တိ မဖြစ်မဟုတ်ဖြစ်သည်သာ။

ပြီးစေတတ်သည် ရှိသော်။) တံသမ္ပယုတ္တာနရူပေသု၊ ထိုဟိတ်ဟူသော ဖြစ်ကြောင်းရှိသောရုပ်တို့၌။ ဟေတုပစ္စယတာ၊ ဟေတုပစ္စည်း၏ အဖြစ်သည်။ နသမ္ဘဝတိ၊ မပြီးစီး။ (ကသ္မာ တံသမ္ပယုတ္တာနရူပေသု ဟေတုပစ္စယတာ နသမ္ဘဝတိ၊ နည်း။) ဟိ(ယသ္မာ)၊ကြောင့်။ သော၊ ထိုဟေတုပစ္စည်းသည်။ တေသံ၊ ထိုဟိတ်ဟူသော ဖြစ်ကြောင်းရှိသောရုပ်တို့၏။ ကုသလာဒိဘာဝံ၊ ကို။ နသာဓေတိ၊မပြီးစေနိုင်။(တေသံ၊ထိုရုပ်တို့၏။)ပစ္စယောစ၊အကြောင်းပစ္စည်းသည်လည်း။ န ဟောတိ၊ မဖြစ်သည်ကား။ န၊ မဟုတ်။ (ဟောတိ ယေဝ၊ သာ။) ဣတိ၊ ထို့ကြောင့်။ (တံသမ္ပယုတ္တာနရူပေသု ဟေတုပစ္စယတာ နသမ္ဘဝတိ၊ မဖြစ်စေနိုင်ရာရောက်၏။) ဟိ မှန်။ ဟေတူ ဟေတုသမ္ပယုတ္တကာနံ။ပေ။ပစ္စယောတိ၊ပစ္စယောဟူသော။ တေ၊ဤစကားတော်ကို။ (ဘဂဝတာ)ဝုတ္တံ၊ ပြီ။[နစပစ္စယော နံဟောတိ၏သာဓက။] စ-သည်သာမကသေး။ အဟေတုကစိတ္တာနံ၊တို့၏။ ဧတေန၊ ဤဟေတုပစ္စည်းနှင့်။ ဝိနာ၊ကင်း၍။ အဗျာကတဘာဝေါ၊ သည်။ သိဒ္ဓေါ၊ ပြီးစီး၏။ [ထို့ကြောင့် ဟိတ်တရားတို့က အဗျာကတအဖြစ်ကိုပြီးစေတတ်၏ဟူသော ရေဝတဆရာတို့၏စကားသည် မမှန်ပါ- ဟူလို။]

စ၊ ဆက်။ သဟေတုကာနမ္ပိ၊ သဟိတ်စိတ်တို့၏လည်း။ ကုသလာဒိဘာဝေါ၊ ကုသိုလ်အစရှိသည်တို့၏ အဖြစ်သည်။ ယောနိသောမနသိကာရာဒိပဋိဗဒ္ဓေါ၊ ယောနိသောမနသိကာရ အစရှိသည်တို့၌စပ်သည်။ ဝါ၊ ယောနိသောမနသိကာရ အစရှိသည်တို့နှင့်စပ်သည်။(ဟောတိ)။ သမ္ပယုတ္တဟေတုပဋိဗဒ္ဓေါ၊ သမ္ပယုတ်ဟိတ်၌ စပ်သည်။ ဝါ၊ သမ္ပယုတ်ဟိတ်နှင့် စပ်သည်။ န၊ မဟုတ်။

[ကေဆရာတို့မှတ်ထင်အပ်သော အကြောင်းအရာ၏အပြစ်ကို ပြသောအားဖြင့် အဖြေကိုပြလို၍ "ယဒိစ" စသည်ကိုမိန့်။ (မှတ်ထင်ပုံကို ဋီကာ၌ကြည့်ပါ)။] စ၊ လဒ္ဓိဖေဒ်ါသ ထင်ရှားပြအံ့။ သမ္ပယုတ္တဟေတူသု၊ သမ္ပယုတ်ဟိတ်တို့၌။ သဘာဝတော၀၊ သဘောအားဖြင့်သာ။ ကုသလာဒိဘာဝေါ၊ ကုသိုလ်အစရှိသည်တို့၏အဖြစ်သည်။ ယဒိသိယာ၊ အကယ်၍ဖြစ်အံ့။ တံသမ္ပယုတ္တေသု၊ ထိုဟိတ်နှင့် သမ္ပယုတ်ဖြစ်သော တရားတို့၌။ (ကုသလာဒိဘာ

ဝေါ။) ဟေတုပဋိဗဒ္ဓေါ၊ ဟိတ်၌စပ်သည်။ ဝါ၊ ဟိတ်နှင့်စပ်သည်။ (ယဒိ သိယာ၊အံ့။) (ဧဝံသတိ)။ အလောဘော၊အလောဘသည်။ ကုသလော ဝါ၊ ကုသိုလ်သည်သော်လည်း။ သိယာ၊ ဖြစ်ရာ၏။ အဗျာကတော ဝါ၊ သော်လည်း။ (သိယာ)။ ပန၊ ထိုသို့ ဖြစ်ရာပါသော်လည်း။ (အလောဘသည် ကုသိုလ်သော်လည်းဖြစ်ရာ, အဗျာကတသော်လည်းဖြစ်ရာပါသော်လည်း။) ယသ္မာ၊ကြောင့်။ ဥဘယထာပိ၊ ကုသိုလ် အဗျာကတ ၂-ပါးသောအပြားအားဖြင့်လည်း။ ဟောတိ၊ ဖြစ်နေ၏။ တသ္မာ၊ကြောင့်။(ထိုသို့အလောဘ၏ ကုသိုလ် အဗျာကတ ၂-ပါးသောအပြားဖြင့်ဖြစ်နေသည်၏အဖြစ်ကြောင့်။) သမ္ပယုတ္တေသု၊ ဟိတ်နှင့်သမ္ပယုတ်ဖြစ်သောတရားတို့၌။ (ဟေတုပဋိဗဒ္ဓ ကုသလာဒိဘာဝံ၊ ဟိတ်နှင့်စပ်သော ကုသိုလ်အစရှိသည်တို့၏ အဖြစ်ကို။ ပရိယေသထ) ယထာ၊ ရှာမှီးကြကုန်သကဲ့သို့။ ဧဝံ၊ တူ။ ဟေတူသုပိ၊ တို့၌လည်း။ (အညပဋိဗဒ္ဓေါ၊ အခြားတရားတို့နှင့် စပ်သော။) ကုသလာဒိတာ၊ ကုသိုလ်အစရှိသည်တို့၏အဖြစ်ကို။ ပရိယေသိတဗ္ဗာ၊ ထိုက်၏။

ပန၊ကား။ ကုသလာဒိဘာဝသာဓနဝသေန၊ ကုသိုလ်အစရှိသည်တို့၏အဖြစ်ကို ပြီးစေခြင်းနှင့်စပ်သဖြင့်။ ဟေတူနံ၊ ဟိတ်တို့၏။ မူလဋ္ဌံ၊ မူလအနက်ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ သုပ္ပတိဋ္ဌိတ ဘာဝသာဓန ဝသေန၊ ကောင်းစွာတည်သည်၏အဖြစ်ကို ပြီးစေခြင်းနှင့်စပ်သဖြင့်။ (မူလဋ္ဌေါကို။) ဂယှမာနေ၊ ယူအပ်သော်။ ကိဉ္စိ၊ တစုံတခုသော အနက် အမိပ္ပါယ်သည်။ နဝိရုဇ္ဈတိ၊ မဆန့်ကျင်တော့။ ဟိ၊ မှန်။ လဒ္ဓဟေတုပစ္စယာ၊ ရအပ်သောဟေတုပစ္စည်းရှိကုန်သော။ ဓမ္မာ၊ တို့သည်။ ဝိရူဠ္ဟမူလာ၊ စည်ပင်သော အမြစ်ရှိကုန်သော။ ပါဒပါဝိယ၊ သစ်ပင်တို့ကဲ့သို့။ ထိရာ၊ ခိုင်မြဲကုန်သည်။ သုပ္ပတိဋ္ဌိတာ၊ကောင်းစွာတည်ကုန်သည်။ ဟောန္တိ။အဟေတုကာပန၊အဟိတ်တရားတို့သည်ကား။ တိလဗီဇကသေဝါလာဝိယ၊ နှမ်းစေ့ပမာဏ ရှိသောမှော်နှမ်းအစရှိသော မှော်တို့ကဲ့သို့။ သုပ္ပတိဋ္ဌိတာ၊ ကုန်သည်။န(ဟောန္တိ၊) ကုန်။ ဣတိ၊ထို့ကြောင့်။ မူလဋ္ဌေန ဥပကာရကောတိ၊ ဟူသောပါဠိရပ်၌။ သုပ္ပတိဋ္ဌိတဘာဝသာဓနေန၊ ကောင်းစွာတည်သည်၏အဖြစ်ကို ပြီးစေခြင်းအားဖြင့်။ ဥပကာရကော၊လျော်ခသာဂုဏ်ရှိသည်၏အဖြစ်ကိုပြုတတ်သော။

ဝါ၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ တရားသည်။ ပေတုပစ္စယောမည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ သိထိုက်၏။

တတော၊ ထိုဟေတုပစ္စည်းမှ။ ပရေသု၊ နောက်ဖြစ်သောပစ္စည်းတို့တွင်။ အာရမ္မဏဝသေန၊ အာရုံ၏အဖြစ်ဖြင့်။ ဥပကာရကော၊ လျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်သော။ ဓမ္မော၊ သည်။ အာရမ္မဏပစ္စယော၊ မည်၏။ [အာရမ္မဏပုဒ်ပြီးပုံကို အခြေပြုသင်္ဂြိုဟ်၌ပြခဲ့ပြီ၊ သက္ကတ၌ အာလမ္ဗန ပုဒ်သာရှိ၍ အာရမ္မဏပုဒ်မရှိသော်လည်း ပါဠိ၌ "စက္ခုံ ခေါ မာဂဏ္ဍိယ ရူပါရာမံ" စသည်ကဲ့သို့ မွေ့လျော်ရာအနက်ဟော အာရမ္မဏပုဒ်လည်း ရှိသည်သာ။]သော၊ထိုအာရမ္မဏပစ္စည်းသည်။(နကောစိ ဓမ္မော နဟောတိ၌စပ်၊) ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာတိ၊ အစရှိသည်ဖြင့်။ အာရဘိတွာပိ၊ စတည်ပြီး၍လည်း။ ယံ ယံ ဓမ္မံ။ပေ။ အာရမ္မဏပစ္စယေန ပစ္စယောတိ၊ ဟူ၍။ ဩသာပိတတ္တာ၊ ပြီးဆုံးစေအပ်သည်၏အဖြစ်ကြောင့်။ ကောစိ၊ တစုံတခုသော။ ဓမ္မော၊သည်။ န ဟောတိ၊ ပစ္စည်းမဟုတ်သည်ကား။ န ၊ မဟုတ်။ (ဟောတိယေဝ၊ ပစ္စည်းဟုတ်သည်သာတည်း။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။) [ဩသာပိတတ္တာ၏ စပ်ပုဒ်မရှိသောကြောင့် ထည့်ရသည်။]

၁။ အာရဘိတွာပိ။ ။"အာရဗ္ဘော ဝီရိယေ ကမ္မေ, အာဒိကမ္မေ ဝိကောပနေ" အဘိဓာန်(၇၅၂)ဂါထာလာ အနက်တို့တွင် အာရဘိတွာသည် အာဒိကမ္မအနက်ဟောတည်း။ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ" စသည်ဖြင့် စတည်ပြီး၍လည်း"- ဟူလို။ ဤပုဒ်ကို ဩသာပိတတ္တာ၌စပ်။ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ၊စသည်ဖြင့် စတည်ပြီး၍ ထိုမှဖြင့် ပြီးစေတော်မူဘဲ "ယံ ယံ ဓမ္မံ အာရဗ္ဘ"စသည်ဖြင့် နိဂုံးအုပ်တော်မူအပ်သည်၏ အဖြစ်ကြောင့် "န ကောစိ ဓမ္မော နဟောတိ၊ အာရမ္မဏပစ္စည်းမတပ်နိုင်သော တရား တစုံတရာမျှ မရှိပါ"ဟု သိရသည်-ဟူလို။ အာရဘိတွာပိ၌ ပိသဒ္ဒါဖြင့် ပြအပ်သော အနက်ကို ဋီကာ၌ရှုပါ။

၂။ ဩသာပိတတ္တာ။ ။အဝ+သော ဓာတ် ဏာပေပစ္စည်း။ ဩသာပီယတေတိ ဩသာပိတော- ပြီးဆုံးစေအပ်သော အာရမ္မဏပစ္စည်း။ ဩသာပိတဿ+ဘာဝေါ ဩသာပိတတ္တံ။ ပြီးဆုံးစေအပ်သော အာရမ္မဏပစ္စည်း၏ အဖြစ်။ ဤသို့ပြီးဆုံးစေအပ်ကိုပင် "နိဂုံးအုပ်အပ်"ဟု အဓိပ္ပါယ်ပြောကြသည်။

ဟိ[၁]၊ ဥပမာဆောင်ထင်အောင်ပြဦးအံ့။ ဒုဗ္ဗလော၊အားမရှိသော။ ပုရိသော၊ သည်။ဒဏ္ဍံဝါ၊ ဒုတ်ကိုသော်၎င်း။ရဇ္ဇုံဝါ၊ကြိုးကိုသော်၎င်း။ အာလမ္ဗိတွာဝ၊ ဆွဲမှီ၍သာ။ ဥဋ္ဌဟာဘိစေဝယထာ၊ ထလည်း ထနိုင်သကဲ့သို့၎င်း။ တိဋ္ဌတိစ ယထာ၊ရပ်လည်းရပ်ရသကဲ့သို့၎င်း။[ဥဋ္ဌဟာတိသည် ဥပ္ပဇ္ဇတိ၏ဥပမာတည်း။] ဧဝံ၊တူ။ စိတ္တစေတသိကာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ရူပါဒိအာရမဏံ၊ ရူပါရုံအစရှိသောအာရုံကို။ အာရဗ္ဘေဝ၊ အာရုံပြု၍သာ။ ဥပ္ပဇ္ဇန္တိစေဝ၊ ဖြစ်လည်းဖြစ်ကြကုန်၏။ တိဋ္ဌန္တိစ၊ တည်လည်း တည်ကြရကုန်၏။ တသ္မာ၊ ကြောင့်။ စိတ္တစေတသိကာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ အာရမဏဘူတာ၊ အာရုံဖြစ်၍ဖြစ်ကုန်သော။ သဗ္ဗေပိ[၂]၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့ကို။ အာရမဏပစ္စယောတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။

၁။ ယထာပိ ။ပေ။ တိဋ္ဌန္တိ။ ။စိတ်စေတသိက်ဟူသမျှ အာရုံနှင့် ကင်း၍ မဖြစ်နိုင် မတည်နိုင်ပုံကို ထင်ရှားပြသောစကားတည်း။ ဒဏ္ဍံဝါဖြင့် နာမ်အာရုံ များအတွက် ဥပမာပြ၍ ရဇ္ဇုံဝါဖြင့် ရုပ်အာရုံများအတွက် ဥပမာပြသည်-ဟုမှတ်ပါ။ မှန်၏၊ — ရုပ်အာရုံ၌ ရုပ်အစဉ်အဆက်စပ်လျက် နေသောကြောင့် ရူပါရုံကို အာရုံပြုရာ၌ ရုပ်ကလာပ်တခုတည်းဝယ်တည်သော ရူပါရုံမဟုတ်, ရှေ့နောက်ရုပ်ကလာပ်အများ၌ တည်သော ရူပါရုံအပေါင်းတည်း။ထို့ကြောင့် ချည်မျှင်အများ ပေါင်း၍ ကျစ်ထားအပ်သော ကြိုးနှင့်တူ၏။ နာမ်တရားတွင် ကား ဝေဒနာဆိုလျှင် ဝေဒနာတပါးတည်းကိုပင် အာရုံပြု၍ ရကောင်းသော ကြောင့် မစုံမပေါင်းအပ်သော ဒုတ်တချောင်းနှင့်တူသည်၊-မဟာဋီကာ။

မှတ်ချက်။ ။ပညတ်အာရုံများအတွက် ထိုကဲ့သို့ မခွဲခြားသော်လည်း နာမည်ပညတ်ကဲ့သို့ တခုထည်းဖြစ်လျှင် ဒဏ္ဍနှင့်တူ၏။ ခန္ဓာကိုယ်တခုလုံး အတ္တ ပညတ်ကို အာရုံပြုလျှင် ရဇ္ဇုနှင့်တူ၏ ဟု ကြံသင့်ပါသည်။ ဝိထိနှင့် သုံးချက်စု ဘာသာဋီကာ၌ကား ပညတ်အားလုံးကို ဒဏ္ဍနှင့်တူသည်ဟု ရေးခဲ့၏။ ဤကဲ့သို့ ခွဲခြားပါ။

၂။ သဗ္ဗေပိ။ ။သဗ္ဗေပိ နေရာဝယ် ရှေးနိဿယ၌ သဗ္ဗေသမ္ပိ ဟုရှိ၏။ စိတ္တစေတသိကာနံ ဓမ္မာနံနှင့်အရ တူသောကြောင့် စာသွားကောင်းသကဲ့သို့ ထင်ရ၏။ သို့သော် အာရဘိတွာပိ ဩသာပိတတ္တာ ဟူသောပါဌ်ဖြင့် အာရုံ အားလုံးကို ပြခဲ့သောကြောင့် သဗ္ဗေပိ ဟုရှိမှ အာရမဏဘူတာ ဓမ္မာ၌ စပ်ရ သောကြောင့် ထိုသဗ္ဗေပိပုဒ်သာ အနက်သဘောအားဖြင့် သာ၍ကောင်းသည်။

ဇေဋ္ဌကဋ္ဌေန၊ အကြီးအကဲ၏ အဖြစ်ဖြင့်။ [ဇေဋ္ဌကဋ္ဌ အတ္ထသည် ဘာဝအနက်ဟော]။ ဥပကာရကော၊ လျော်သောဂုဏ်ကျေးဇူးကို ပြုတတ် သော။ဓမ္မော၊ သည်။ အဓိပတိ ပစ္စယော၊ မည်၏။ သော၊ ထိုအဓိပတိ ပစ္စည်းသည်။ သဟဇာတာရမဏာဝသေန၊ သဟဇာတာဓိပတိပစ္စည်း အာရ မဏာဓိပတိပစ္စည်းတို့၏ အပြားအားဖြင့်။ ဒုဝိဓော၊ ၂-ပါးအပြားရှိ၏။ တတ္ထ၊ ထို ၂-ပါးသော ပစ္စည်းတို့တွင်။ ဆန္ဒာဓိပတိ။ပေ။ အဓိပတိ ပစ္စယေန ပစ္စယောတိ အာဒိဝစနတော၊ အစရှိသည်ကို ဟောတော်မူ ခြင်းကြောင့်။ ဆန္ဒဝီရိယစိတ္တ ဝီမံသသင်္ခါတာ၊ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ဟု ဆိုအပ်ကုန်သော။ စတ္တာရော၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ သဟဇာ တာဓိပတိ ပစ္စယောတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။ စခေါ၊ ယိုသို့ ၄-ပါးသော တရားတို့ကို သဟဇာတာဓိပတိပစ္စည်း ဟု သိထိုက်ပါကုန် သော်လည်း။ ကေတော၊ တပေါင်းတည်း။ (ဆန္ဒစသော ၄-ပါးတို့ တပေါင်းတည်း။) နော (ဝေဒိတဗ္ဗာ)၊ မသိထိုက်ကုန်။ ဟိ၊ မှန်။ ယဒါ၊ အကြင်အခါ၌။ ဆန္ဒံ၊ ကို။ ဓုရံ၊ အဦးပဓာနကို။ ဇေဋ္ဌကံ၊ အကြီး, အကဲ ကို။ ကတွာ၊ ၍။ စိတ္တံ၊ သည်။ ပဝတ္တတိ၊ ၏။ [ပဓာန နည်းအားဖြင့် "စိတ္တံပဝတ္တတိ" ဟု ဆိုသည်။ ယှဉ်ဘက်စေတသိက်ပါ ဖြစ်သည်ဟုမှတ်ပါ။] တဒါ၊ ဆန္ဒကို အဦးပဓာနပြု၍ ဖြစ်ရာ ထိုအခါ၌။ ဆန္ဒောဝ၊ သာ။ အဓိ ပတိ[၁]၊ စိတ်သည်။ (ဟောတိ)။ ဣတရေ၊ ဆန္ဒမှ အခြားသော ဝီရိယစိတ္တ ဝီမံသတို့သည်။ (အဓိပတိယော)။ န (ဟောန္တိ)၊ မဖြစ်ကုန်။ သေသေသုပိ၊ ဆန္ဒမှကြွင်းသော ဝီရိယစိတ္တ ဝီမံသတို့၌လည်း။ သေ နယော၊ တည်း။

၁။ အဓိပတိ။ ဝ၍။ "ဇေဋ္ဌကဋ္ဌေန။ပေ။ အဓိပတိပစ္စယော" ဟု ဆိုသော ကြောင့် "အဓိ၊ သာလွန်သော+ပတိ၊ အရှင်သခင်" ဟု သဒ္ဒတ္ထဖြစ်၏။ ဋီကာ၌ "အတ္တာဓိနံ ပတိဘာဝေန" ဟု ဖွင့်သောကြောင့် အဓိပုဒ်သည် အာယတ္တ (စပ်) ဟူသော အနက်ကို ဟော၏။ အဓိနောင် သွတ္ထဥ္ဇ ဤန ပစ္စည်းသက်၍ "အဓိန" ဟု ဖြစ်၏။ [မောဂ္ဂလ္လာန် ဏာဒိကဏ္ဍ ၁၂၂-သုတ်၊ဆရာတော်၏ နိဿယ၌ကြည့်ပါ။] ထို့ကြောင့် "အဓိနာနံ+ပတိ" လည်း အဓိပတိ၏ အနက် ပြဟုမှတ်ပါ။ "အဓိနာနံ+ပတိ အဓိပတိ၊ မိမိနှင့်စပ်သော တရားတို့၏ အရှင် သခင်" ဟု သဒ္ဒတ္ထဖြစ်သည်။

ပန၊ ကား။(သဟဇာတာဓိပတိမှတပါး အာရမဏာဓိပတိကား။) ယံ ဓမ္မံ၊ ကို။ ဂရုံ ကတွာ၊ အလေးပြု၍။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ သော၊ ထိုအလေးပြုအပ်သော တရားသည်။ နေသံ၊ ထိုနာမ်တရားတို့၏။ အာရမဏာဓိပတိ၊ မည်၏။တေန၊ ကြောင့်။ ယံ ယံ ဓမ္မံ ။ပေ။ အဓိပတိပစ္စယေန ပစ္စယောတိ၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ၊ ပြီ။

အနန္တရဘာဝေန၊ အကြားမရှိသည်၏ အဖြစ်ဖြင့်။ဝါ၊ ခြားကွယ်တတ်သော တရားတပါးမရှိသည်၏အဖြစ်ဖြင့်။ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ အနန္တရပစ္စယော ၊ မည်၏။ သမနန္တရ ဘာဝေန၊ လွန်စွာ အကြား မရှိသည်၏အဖြစ်ဖြင့်။ဝါ၊ လွန်စွာ ခြားကွယ်တတ်သော တရားတပါးမရှိ သည်၏အဖြစ်ဖြင့်။ ဥပကာရကော ဓမ္မော, သမနန္တရပစ္စယော၊ မည်၏။ စ၊ ဆက်။ ဣဒံ ပစ္စယဒွယံ၊ ဤပစ္စည်း ၂-ပါးအပေါင်းကို။ ဗဟုဓာ၊ များ သောအပြားအားဖြင့်။ (အာစရိယာ၊ ဆရာတို့သည်။) ပပဉ္စယန္တိ၊ ချဲ့ဖွင့်ကြကုန်၏။ ပန၊ ထိုသို့များစွာ ချဲ့ဖွင့်ကြပါကုန်သော်လည်း။ အယံ၊ ဤဆိုအပ်လတ္တံ့ကား။ဧတ္ထ၊ ဤပစ္စည်း ၂-ပါးအပေါင်း၌။သာရော၊ အနှစ် ဖြစ်သော အနက်တည်း။ ဟိ၊ ချဲ့။ စက္ခုဝိညာဏာနန္တရာ၊ စက္ခုဝိညာဉ်၏ အခြားမဲ့၌။ မနောဓာတု၊ သမ္ပဋိစ္ဆိုန်း ဟူသော မနောဓာတ်သည် (ဥပ္ပဇ္ဇတိ)။ မနောဓာတု အနန္တရာ၊ ၌။ မနောဝိညာဏဓာတု၊ သန္တီရဏ ဟူသော မနောဝိညာဏဓာတ်သည်။ (ဥပ္ပဇ္ဇတိ)။ ဣတိ အာဒိ၊ ဤသို့အစ ရှိသော။ ယော ဧသ စိတ္တ နိယမော၊ အကြင် စိတ္တနိယမသည်။ ဝါ၊ စိတ်

ဝါ၊ တနည်း။ ဥဒ္ဒံ၊ အမြစ်မှအထက်သို့။ ဩဇံ၊ မြေဓာတ် ရေဓာတ်၏ ရသဟူသော ဩဇာကို။ အဘိဟရန္တေန၊ ရွေးရှုဆောင်သော။ မူလေန၊ အမြစ်ကြောင့်။ ပါဒပေါ၊ သစ်ပင်သည်။ ဝုဍ္ဎိံ၊ ကြီးပွားခြင်းသို့။ ဝိရူဠှိံ၊ စည်ပင်ခြင်းသို့။ အာပဇ္ဇတိယထာ၊ ရောက်သကဲ့သို့။ (တထာ၊ တူ။) ကမ္မ နိဒါနဘူတေန၊ ကံ၏ အကြောင်းဖြစ်၍ ဖြစ်သော။ ဧတေန၊ ဤလောဘ အစရှိသောတရားကြောင့်။ တပ္ပစ္စယံ၊ ထိုလောဘအစရှိသော တရားလျှင် အကြောင်းရင်းရှိသော။ ဖလံ၊ ပစ္စယုပ္ပန် အကျိုးတရားသည်။ ဟိနောတိ ဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်ရ၏။ ဝုဍ္ဎိံ၊ သို့။ ဝိရူဠှိံ၊ သို့။ အာပဇ္ဇတိ၊ ၏။ ဣတိ၊ ကြောင့်။ ဝါ၊ ထိုသို့ ပစ္စယုပ္ပန် အကျိုးတရား၏ ကြီးပွား စည်ပင်ခြင်းသို့ ရောက်ကြောင်း၏ အဖြစ်ကြောင့်။ (သော၊ ထိုလောဘအစရှိသော တရားသည်။) ဟေတု၊ ဟေတုမည်၏။ အာစရိယာနန္တိ၊ ဟူသောပါဌ်ဖြင့်။ ရေဝတတ္ထေရံ၊ အရှင်ရေဝတထေရ်ကို။ ဝဒတိ၊ ၏။

၁။ ကမ္မနိဒါနဘူတေန။ ။''လောဘော ကမ္မာနံ နိဒါနံ သမုဒယာယ၊ လောဘသည် ကံတို့၏ အကြောင်းဖြစ်၏'' စသည်ဖြင့် ဟောတော်မူသော ကြောင့် ဧတေနကို ''ကမ္မနိဒါနဘူတေန''ဟု ဝိသေသနပြုသည်။ မှန်၏၊ ကံ၏ အငယ်အကြီးကွဲပြားရာ၌ လောဘနည်းလျှင် ထိုကံလည်း အားနည်း၏။လောဘ ကြီးလျှင် ထိုကံလည်း အားကြီး၏။ ဒေါသ မောဟ အငယ်အကြီးလိုက်၍ ကံ အငယ်အကြီး ဖြစ်ပုံကိုလည်းသိပါ။ ကုသိုလ်အရာ၌လည်း အလောဘ အား ကောင်းလေ ကံကြီးလေပင်ဖြစ်၏။ အဒေါသ အမောဟတို့၌လည်း နည်းတူ။

၂။ ဟိနောတိ ဝါ။ ။ပတိဋ္ဌာအနက်ကိုဟောရာ၌ ဌာဓာတ်သည် တည်ရာ ဌာန အာဓာရကို အမြဲငဲ့၏။ တည်ရာဌာနရှိမှ တည်ခြင်းကြိယာ ဖြစ်နိုင်၏။ ထို့ကြောင့် ဟိဓာတ်သည် ''ပတိဋ္ဌာ''အနက်ကိုဟောရာ၌ အဓိကရဏသာဓန ဖြစ်သင့်သကဲ့သို့ (ဟိ၊ ဂတိမှိနှင့်အညီ) ဂတိအနက် ပဝတ္တိအနက်ကိုဟောရာ၌ ဖြစ်ကြောင်းဟူသော ကာရဏသာဓနအနက်လည်း ဖြစ်သင့်ရကား ''ဟိနော တိ ဝါ ဧတေန''စသည်ကို မိန့်သည်။

၃။ ဂစ္ဆတိ ။ပေ။ အာပဇ္ဇတိ။ ။''ဟိ၊ ဂတိမှိ''ဟု ဓာတ်ကျမ်းမှုသော ကြောင့် ဟိနောတိကို ဂစ္ဆတိ၏ဟုဓာတ်အနက် ဖွင့်သည်။ ဂတိ အနက်ရှိသော ဓာတ်သည် ပဝတ္တိအနက်လည်း ရှိသောကြောင့် ဂစ္ဆတိကို ပဝတ္တတိဟု ထပ်

ယောနိသော ဘိက္ခဝေ။ ပေ။ ဓမ္မာ အဘိဝဍ္ဎိတိအာဒိဟိ၊ အစရှိသော ပါဠိရပ်တို့ဖြင့်။ ကုသလဘာဝဿ၊ ကုသိုလ် အဖြစ်၏။ (ကုသိုလ်၏ဖြစ်ကြောင်းဖြစ်ရာ အနုံဝဇ္ဇသုခ ဝိပါကသဘော၏။) ယောနိသောမနသိကာရပဋိဗဒ္ဓတာ၊ ယောနိသောမနသိကာရ၌ စပ်သည်၏အဖြစ်သည်။ဝါ၊ ယောနိသောမနသိကာရနှင့် စပ်သည်၏အဖြစ်သည်။ သိဒ္ဓါ၊ ပြီးစီးသည်။ဟောတိ။ ဣတိ၊ကြောင့်။ ယောနိသော။ ပေ။ ဘာဝေါတိ၊ ဟူ၍။ (သင်္ဂဟကာရော) အာဟ။ ဧတေနေဝ၊ ဤစကားဖြင့်ပင်။ (ကုသိုလ်အဖြစ်၏ ယောနိသောမနသိကာရနှင့် စပ်သည်၏အဖြစ်ကို ဆိုကြောင်းဖြစ်သော ယောနိသောဘိက္ခဝေအစရှိသော ဤပါဠိရပ်ဖြင့်ပင်။) ကုသလဘာဝေါ၊ ကုသိုလ်၏အဖြစ်သည်။ (ဟေတုပဋိဗဒ္ဓေါ၊ ဟိတ်၌စပ်သည်။ ဝါ၊ ဟိတ်နှင့် စပ်သည်။) န (ဟောတိ)ဝိယ၊ ကဲ့သို့။ (တထာ။) အကုသလာဗျာကတဘာဝေါ၊ အကုသိုလ်၏အဖြစ်, အဗျာကတ၏ အဖြစ်တို့သည်။ ဟေတုပဋိဗဒ္ဓါ၊ ဟိတ်၌စပ်

ဖွင့်သည်။ ထိုပဝတ္တာတိကို ''ဝုဍ္ဎိ ဝိရူဠှိ အာပဇ္ဇတိ''ဟု အဓိပ္ပါယ်ထုတ်ဖွင့်သည်။ သစ်ပင်သည် ရေသောက်မြစ်ကြောင့် ကြီးရ၏။ ကြီးသောအခါ အကိုင်းအခက် အရွက်တို့ဖြင့် စည်ပင်ရ၏။ ထို့အတူ ''ဟိတ်တည်းဟူသော ပစ္စည်းတရားကြောင့်အကျိုး, ပစ္စယုပ္ပန်တရားသည် သမ္ပယုတ် စိတ်, စေတသိက်အားဖြင့် ဝုဍ္ဎိ၊ ကြီးပွားရ၏။ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အားဖြင့် ဝိရူဠှိ၊ စည်ပင်ရသည်''ဟု မှတ်ပါ။ [အခြား တနေရာသို့ ဟေတုသတ္တိအဖြစ်ဖြင့် ပြန့်ပွားအောင်ကျေးဇူးမပြုနိုင်သောကြောင့် ''ဝေပုလ္လံ''ဟု မဆိုတော့။]

၁။ ဧတေနေဝ။ ။ဟေတုပစ္စယတော အညေနေဝ ကုသလဘာဝသိဒ္ဓိဝစနေန၊ ရေဝတဆရာက ကုသိုလ်၏အဖြစ်သည် ကုသိုလ်၌ ယှဉ်သောဟိတ်ကြောင့် ပြီးစီး၏ဟု ဆို၏။ ထိုအဆိုမှတပါး ကုသိုလ်အဖြစ်၏ ပြီးစီးကြောင်းတရားဟူသည် ''ယောနိသော ဘိက္ခဝေ'' စသော ပါဠိတော်ဘည်း။ ထိုပါဠိတော်စကားဖြင့်ပင် ''အကုသိုလ်, အဗျာကတတို့၏ အကုသိုလ်အဖြစ် အဗျာကတအဖြစ်လည်း ဟိတ်နှင့်မစပ်, ဟိတ်နှင့်မစပ်ဆိုင်''ဟု ပြအပ်ပြီးဖြစ်သည်။ [အကုသိုလ်၏ အဖြစ်သည် အယောနိသော မနသိကာရကြောင့် ပြီးစီး၏။ အဗျာကတ၏အဖြစ်ကား အနုသယမရှိသော ရဟန္တာ သန္တာန်၌ ဖြစ်သောအားဖြင့် ပြီးစီး၏။ ရဟန္တာသန္တာန်၌ဖြစ်လျှင် ပုထုဇဉ်သေက္ခတုန်းက ကုသိုလ်တရားမျိုးသည်ပင် အဗျာကတဖြစ်ရသည်၊ ဟူလို။]

ကုန်သည်။ ဝါ၊ ဟိတ်နှင့်စပ်ကုန်သည်။ န(ဟောန္တိ)၊ မဟုတ်ကုန်။ ဣတိ၊ ဤအနက်သည်။ ဝါ၊ ကို။ ဒဿိတံ၊ ပြအပ်သည်။ ဟောတိ။

ပန၊ ဝါဒန္တရကား။ ကေ၊ အချို့ဆရာတို့သည်။ ယံ၊ အကြင် အနက်အဓိပ္ပါယ်ကို။ မညေယျုံ၊ မှတ်ထင်ကုန်ရာ၏။ (ကိံ၊ နည်း။) အဟေတုက ဟေတုဿ၊ယှဉ်ဘက်ဟိတ်မရှိသောမောဟမူဒွေး၌ယှဉ်သောမောဟဟိတ်၏။ အကုသလသဘာဝေါ၊ အကုသိုလ်၏အဖြစ်သည်။ သဘာဝတော ဝ၊ ပင်ကိုယ်သဘောအားဖြင့်သာလျှင်။ (ဟောတိ)ဝိယ၊ ကဲ့သို့။ သဟေတုကဟေတူနံ၊ ယှဉ်ဘက် ဟိတ်ရှိသော ကုသိုလ် အကုသိုလ် အဗျာကတ ဟိတ်တို့၏။ (လောဘမူ ဒေါသမူ ကုသိုလ်ဝိပါက်ကြိယာစိတ်တို့၌ယှဉ်သောဟိတ်တို့၏။) သဘာဝတော ဝ၊ သာလျှင်။ ကုသလာဒိဘာဝေါ၊ ကုသိုလ်အစရှိသည်တို့၏ အဖြစ်သည်။ (ဟောတိ။) အညေသံ၊ ဟိတ်တို့မှတပါး အခြားကုန်သော။ တံသမ္ပယုတ္တာနံ၊ ထိုဟိတ်နှင့် သမ္ပယုတ်ဖြစ်ကုန်သော စိတ် စေတသိက်တရားတို့၏။ (ကုသလာဒိဘာဝေါ၊ သည်။ ဟေတုပဋိဗဒ္ဓေါ၊ သည်။ ဝါ၊ သည်။ (ဟောတိ။) ဣတိ၊ သို့။ (မညေယျုံ၊ မှတ်ထင်ကုန်ရာ၏။) တဿ၊ ထိုမှတ်ထင်ခြင်း၏။ ဥတ္တရံ၊ အဖြေကို။ ဝတ္တုံ၊ ငှာ။ ယဒိစာတိအာဒိံ၊ အစရှိသော စကားကို။ (သင်္ဂဟ ကာရော) အာဟ။

အလောဘော၊ သည်။ ကုသလော ဝါ၊ သည်သော်ငြားငြား။ အဗျာကတော ဝါ၊ သည်သော်ငြားငြား။ သိယာ၊ ဖြစ်ရာ၏။ အလောဘော၊ သည်။ သဘာဝတော၊ အားဖြင့်။ ကုသလော၊ သည်။ ယဒိ (သိယာ)၊ အကယ်ဖြစ်အံ့။ (ဧဝံသတိ၊ သော်။) ကုသလတ္တာ၊ အလောဘ၏ကုသိုလ်၏ အဖြစ်ကြောင့်။ အဗျာကတော၊ သည်။ န သိယာ၊ မဖြစ်နိုင်တော့ရာ။ [အလောဘသည်

၁။ ဣတိ မညေယျုံ။ ။ထိုကေဆရာတို့က "ကုသိုလ် အကုသိုလ် အဗျာကတတို့၌ ယှဉ်သော ဟိတ်ဟူသမျှသည် ပင်ကိုယ် သဘောအားဖြင့်ပင် ကုသိုလ်၏အဖြစ်, အကုသိုလ်၏အဖြစ်, အဗျာကတ၏အဖြစ်သည် ပြီး၏။ ဟိတ်နှင့် သမ္ပယုတ်ဖြစ်ကြသော စိတ်စေတသိက်တို့ကား ဟိတ်နှင့်စပ်၍ ကုသိုလ်၏ အဖြစ်, အကုသိုလ်၏အဖြစ်, အဗျာကတ၏အဖြစ် ပြီးစီးရသည်" ဟု ဆိုလိုသည်။

ပင် ကိုယ်သဘောအားဖြင့် ကုသိုလ်ဖြစ်နေသောကြောင့် အဗျာကတမဖြစ်နိုင်တော့ ဟူလို။] အထ၊ သို့မဟုတ်။ အဗျာကတော၊ သည်။ (ယဒိသိယာ၊ အံ့။ ဧဝံ သတိ၊ သော်။) တံသဘာဝတ္တာ၊ ထိုအဗျာကတ သဘောရှိသည်၏ အဖြစ်ကြောင့်။ ကုသလော၊ သည်။ န သိယာ၊ ရာ။ (ကောဝိယ၊ အဘယ်ကဲ့သို့နည်း။) အလောဘသဲဘာဝဿ၊ အလောဘသဘော၏။ ဝါ၊သဘာဝဖြစ်သော အလောဘ၏။ အဒေါသတ္တာဘာဝေါ ဝိယ၊ အဒေါသအဖြစ်၏ မဖြစ်နိုင်ခြင်းကဲ့သို့ဘည်း။[အလောဘသဘောရှိသောတရားသည် အဒေါသ မဖြစ်နိုင်သကဲ့သို့ ကုသိုလ်သဘောရှိသော အလောဘသည် အဗျာကတ၏ အဖြစ်မရှိနိုင်။ သို့မဟုတ်၊ အဗျာကတသဘောရှိသော အလောဘသည် ကုသိုလ်၏အဖြစ်မရှိနိုင်တော့ ဟူလို။]

ပုန၊ စင်စစ်ကား။ ယသ္မာ၊ကြောင့်။ ဥဘယထာပိ၊ ကုသိုလ်အဗျာကတ ၂-ပါးစုံသော အပြားအားဖြင့်လည်း။ သော၊ ထိုအလောဘသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ကြောင့်။ ဥဘယထာ၊ ကုသိုလ်အဗျာကတ ၂-ပါးစုံသော အပြားအားဖြင့်။ ဟောန္တေသု၊ ကုန်သော။ ဖဿာဒီသု၊ ကုန်သော။ သမ္ပယုတ္တေသု၊ သမ္ပယုတ်တရားတို့၌။ ဟေတုပဋိဗဒ္ဓကုသလာဒိဘာဝံ၊ ဟိတ်၌စပ်သော ကုသိုလ်အစရှိသည်တို့၏အဖြစ်ကို။ ဝါ၊ ဟိတ်နှင့်စပ်သော ကုသိုလ်အစရှိသည်ဘို့၏အဖြစ်ကို။ ပဲရိယေသထ ယထာ၊ ရှားမှီးကြကုန်သကဲ့သို့ငင်း။ သဘာဝတော၊ အားဖြင့်။ (ကုသလာဒိဘာဝံ၊ ကို။) န (ပဲရိယေသထယထာ)၊ မရှာမှီးကြကုန်သကဲ့သို့ငင်း။ ဧဝံ တူ။ ဟေတူသုပိ၊ တို့၌လည်း။ ကုသလာဒိတာ၊ ကုသိုလ်အစရှိသည်တို့၏ အဖြစ်ကိုငင်း။ အညပဋိဗဒ္ဓါ၊ ဟိတ်မှတပါးသော အခြား တရား၌စပ်သည်၏ အဖြစ်ကိုငင်း။ ဝါ၊ ဟိတ်မှဘပါးသော အခြားတရားနှင့်စပ်သည်၏ အဖြစ်ကိုငင်း။ ပရိယေ သိတဗ္ဗာ၊ ရှာမှီးထိုက်၏။ သဘာဝတော၊ အားဖြင့်။ (ကုသလာဒိတာ၊ကို။) န (ပရိယေသိတဗ္ဗာ)၊ မရှာမှီးထိုက်။ ဣတိ၊ ဤကားအဖြေတည်း။["ဥတ္တရံ ဝတ္တုံ"အရ အဖြေတည်း။]

သမ္ပယုတ္တ။ပေ။ ကုသလာဒိဘာဝေါတိ၊ ဟူသော။ ယံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဧကေဆရာဘို့ဆိုအပ်ပြီ။ တံ၊ ထိုစကားသည်။ န ယုဇ္ဇတိ၊မသင့်။ ပုန၊ ဆက်။ သာ၊ ထိုအညပဋိဗဒ္ဓကုသလာဒိတာသည်။ ဝါ၊ ကို။ ("ကုသလာ

ဒိတာ အညပဋိဃဒွါ ပရိဒယသိတဗ္ဗာ”အရ ရှားမှီးထိုက်သော အညပဋိဃဒွ ကုသလာဒိတာသည်။ ဝါ၊ ကို။) ပရိယေသိယမာနာ၊ ရှာမှီးအပ်သော်။ (ရှာမှီးထိုက်သည့်အတွက် ရှာမှီးအပ်သော်။) ယောနိသော မနသိကာရာဒိ ပဋိဃဒွါ၊ ယောနိသောမနသိကာရ အစရှိသည်တို့ဖြင့်စပ်သည်။ ဝါ၊ ယောနိ သောမနသိကာရ အစရှိသည်တို့နှင့် စပ်သည်။ ဟောတိ။ ဣတိ၊ ကြောင့်။ (ထိုသို့ အညပဋိဃဒွကုသလာဒိတာ၏ ယောနိသောမနသိကာရနှင့် စပ်သည် ၏အဖြစ်ကြောင့်။) ဟောတုသု ငါယ¹၊ တို့၌ကဲ့သို့။ သမ္ပယုတ္တဓမ္မေသုပိ၊ ဟိတ် မှတပါးသော စိတ်စေတသိက်ဟူသော သမ္ပယုတ်တရားတို့၌လည်း။ ကုသ လာဒိဘာဝေ၊ သည်။ ယောနိသော မနသိကာရာဒိ ပဋိဃဒွေါ၊ သည်။ (ဟောတိ။) ဟောတုပဋိဃဒွေါ၊ ဟိတ်၌စပ်သည်။ ဝါ၊ဟိတ်နှင့် စပ်သည်။ န (ဟောတိ)၊ မဟုတ်။ ဣတိ၊ ဤအနက်သည်။ သိဒ္ဓံ၊ ပြီးစီးသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤကား။ အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။

အာရုဘိတွာပိတိ² ဧတ္ထ၊ ဟူသော ဤပါဌ်၌။ ပိသဒ္ဒေန³၊ ဖြင့်။ ဣမမတ္ထံ၊ ဤဆိုအပ်လတ္တံ့သောအနက်ကို။ (သင်္ဂဟကာရော) ဒဿေတိ၊ ၏။ (ကိံ

၁။ ဟောတုသု။ပေ။ ပဋိဃဒွေါ။ ဟိတ်တို့၌ ကုသိုလ် အစရှိသည်တို့၏ အဖြစ်သည် ယောနိသောမနသိကာရ အစရှိသည်နှင့် စပ်သကဲ့သို့ ဟေတုသမ္ပယုတ်တရားတို့၌လည်း ကုသိုလ်၏ အဖြစ်သည် ယောနိသောမနသိကာရနှင့် စပ်၏။ အကုသိုလ်၏အဖြစ်သည် (အကုသိုလ်၏ဖြစ်ကြောင်းဖြစ်ရာ သာဝဇ္ဇ သဘာဝ ဒုက္ခဝိပါကတာသဘောသည်။) အယောနိသောမနသိကာရနှင့် စပ်၏။ အဗျာကတ၏အဖြစ်သည် (အဗျာကတ၏ဖြစ်ကြောင်းဖြစ်ရာ အဝိပါ ကတာသဘောသည်။) နိရာနုသယသန္တာန်နှင့်စပ်၏ ဟူလို။

၂။ အာရုဘိတွာပိ။ ။“ရူပါယတနံ စက္ခုဝိညာဏဓာတုယာ” မှ စ၍ “သဗ္ဗေဓမ္မာမနောဝိညာဏဓာတုယာ၊ ပေ။ ပစ္စယော” ဟူသော ပါဌ်သို့ ရောက် သောအခါ အာရုံ ၆ ပါးလုံးစုံနေပြီးဖြစ်သောကြောင့် ပြီးစီးသင့်၏။ သို့သော် ‘အာရုဘိတွာ”ဟူသာ မဆိုဘဲ ပိသဒ္ဒါဖြင့်ဆိုသောကြောင့် “ထိုမျှဖြင့် မပြီး သေး ဆိုဘွယ်ကျန်သေး၏”ဟူသောအနက်ကို ပိသဒ္ဒါဖြင့်ပြသည်။

၃။ ပိသဒ္ဒေန ဣမမတ္ထံ ဒဿေတိ။ ။ထိုပိသဒ္ဒါဖြင့် ဤပြအပ်လတ္တံ့သော အနက်ဟူသည် “ရူပါယတနံ၊ပေ။ပစ္စယော” ဟု ရူပါရုံအတွက် ဤမျှဖြင့်ရပ်

အဘယ်အနက်ကို။ ဒဿေတိ၊ နည်း။) ရူပါယတနာဒိမှတ္တော၊ ရူပါရုံအစ ရှိသည်မျှဖြစ်သော။ ယသ္မိံ ကိသ္မိဉ္စိ၊ အမှတ်မရှိသော။ ကေသ္မိံ၊ တခုသော အာရုံ၌။ အဋ္ဌတွာ၊ မရပ်မူ၍။ ယံယံ ဓမ္မံ အာရဗ္ဘာတိ၊ ဟူ၍။ အနိယ မေန၊ ယံယံ ဟူသော အနိယမ အားဖြင့်။ ဝါ၊ မည်သည့်တရားဟု မသတ် မှတ်သောအားဖြင့်။ သဗ္ဗရူပါယတန ။ပေ။ ဓမ္မာယတနဥ္စ၊ အလုံးစုံသော ရူပါရုံ, အလုံးစုံသော သဒ္ဒါရုံ, အလုံးစုံသောဂန္ဓာရုံ, အလုံးစုံသော ရသာရုံ, အလုံးစုံသောဖောဋ္ဌဗ္ဗာရုံ, အလုံးစုံသောဓမ္မာရုံတို့၏လည်း။ အာရ မဏပစ္စယဘာဝဿ၊ အာရမဏပစ္စည်းအဖြစ်၏။ ဝါ၊ ကို။ဝုတ္တတ္တာ၊ ဟော တော်မူအပ်သည်၏ အဖြစ်ကြောင့်။ ကောစိ၊ သင်္ခတတရားအသင်္ခတတရား, ပညတ်တရားတို့တွင် တစုံတခုသော။ ဓမ္မော၊ တရားသည်။ (အာရမဏ ပစ္စယော၊သည်။) န ဟောတိ၊ မဖြစ်သည်ကား။နှ၊ မဟုတ်။(ပေ.၁၁၁၀၊ သည်သာ။) ဣတိ၊ ဤအနက်ကို။ (ဒဿေတိ၏။)

ဆန္ဒဝတော [၁]၊ ဆန္ဒရှိသော ပုဂ္ဂိုလ်၏။ ကိံ နာမ၊ အဘယ်မည်သော အကျိုးသည်။ န သိဇ္ဈတိ၊ မပြီးစီးဘဲရှိအံ့နည်း။ ဣတိ အာဒိကံ၊ သော။ ပုရိမာဘိသင်္ခါရူပနိဿယံ [၂]၊ ရှေး၌ပြီးပြီးသော စိတ်ကို ပြုပြင်ခြင်း ဟူသော

လိုက်လျှင် အချို့ရူပါရုံသာ ပစ္စည်းထိုက်၏။ အချို့ရူပါရုံကား မထိုက်'' ဟု မှတ်ထင်ဘွယ်ရှိ၏။ ''ယံ ယံ ဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ ။ပေ။ ပစ္စယော''ဟု ဆက်၍ မိန့်တော်မူခြင်းကြောင့်ကား ''ရူပါရုံဟူသမျှ အာရမဏ ပစ္စည်းဖြစ်နိုင်သည်ချည်းသာ''ဟု အဓိပ္ပါယ်သိရသည်။ သဒ္ဒါရုံစသော အာရုံ များ၌လည်း နည်းတူ။ ထို့ကြောင့် ''ယံယံဓမ္မံ အာရဗ္ဘာတိ အနိယမေန (ယံယံ ဟူသော အနိယမဖြင့်)သဗ္ဗရူပါယတန (အချို့ရူပါရုံသာမက, ရူပါရုံ အားလုံး)။ပေ။ သဗ္ဗ ဓမ္မာယတနဉ္စ အာရမဏပစ္စယဘာဝဿ ဝုတ္တတ္တာ'' ဟု သဗ္ဗသဒ္ဒါထည့်၍ ဋီကာဖွင့်သည်။

၁။ ဆန္ဒဝတော ။ပေ။ အာဒိကံ။ ။ ဤကား အဘိသင်္ခါရ ပြုပုံစကား တည်း။ အာဒိဖြင့် ယူဘွယ်တို့ကို သဂြိုဟ်ဘာသာဋီကာ သမုစ္စည်းပိုင်း မိဿက သင်္ဂဟ ''အဓိပတိ ကောဝ လဗ္ဘတိ'' အဖွင့်၌ ပြခဲ့ပြီ။

၂။ ပုရိမာဘိသင်္ခါရူပနိဿယံ။ ။ဆန္ဒဝတောတိ အာဒိနာ ဝုတ္တာကာရေန ပုရိမသိဒ္ဓံ စိတ္တာဘိ သင်္ခါရကသင်္ခါတံ ဥပနိဿယံ (လဘိတွာ)၊- အနု။

အားကြီးသော မှီရာအကြောင်းကို။ လဘတိ။ ရ၏။ ဥပ္ပဇ္ဇမာနေ၊ သော။ စိတ္တေ၊ စိတ်၌။ ဝါ၊ စိတ်စေတသိက်အပေါင်း၌။ ဆန္ဒာဒယော၊ ဆန္ဒအစရှိသောတရားတို့သည်။ ဓုရဘူတာ၊ အဦးပဓာနဖြစ်၍ဖြစ်ကုန်သည်။ ဇေဋ္ဌကဘူတာ၊ အကြီးအကဲဖြစ်၍ဖြစ်ကုန်သည်။ (ဟုတ္တာ၊) သယံ၊ မိမိတို့ကိုယ်တိုင်။ [ဆန္ဒအစရှိသည်တို့ကိုယ်တိုင်။] သမ္ပယုတ္တဓမ္မေ၊ ကိုကို။ သာဝယမာနာ ၊ ပြီးစေကုန်သည်။ ဟုတွာ၊ ၍။ ပဝတ္တန္တိ၊ ဖြစ်ကြရကုန်၏။ တံသမ္ပယုတ္တခမ္မာစ၊ ထိုဆန္ဒအစရှိသည်တို့နှင့် သမ္ပယုတ်ဖြစ်သော တရားတို့သည်လည်း။ တေသံ၊ ထိုဆန္ဒအစရှိသည်တို့၏။ ဝသေ၊ အလို၌။ ဝတ္တန္တိ၊ ဖြစ်ကြကုန်၏။ (ကသ္မာ၊ နည်း။) ဟီနာဒိဘာဝေန၊ ဟီန အစရှိသည်တို့၏အဖြစ်ဖြင့်။ တဒနုဝတ္တနတော၊ ထိုဆန္ဒအစရှိသည်တို့သို့ အစဉ်လိုက်၍ ဖြစ်ရခြင်းကြောင့်တည်း။ တေန၊ ထိုသို့ သမ္ပယုတ်တရားတို့ကို မိမိ၏အလို၌ ဖြစ်စေခြင်းကြောင့်။ ဝါ၊ သမ္ပယုတ္တဓမ္မတို့၏ မိမိ၏အလို၌ ဖြစ်ခြင်းကြောင့်။ [တေနာတိ အတ္တနော ဝသေ ဝတ္တာပနေန, တေသံ ဝါ ဝသေ ဝတ္တနေန၊– အနု။] တေ၊ ထိုဆန္ဒအစရှိသောတရားတို့သည်။ အဓိပတိပစ္စယာ၊ တို့သည်။ ဟောန္တိ။

ဆန္ဒာဓိပတိမဖြစ်မီ ရှေ့အဘို့၌ "ဆန္ဒရှိလျှင် အဘယ်အကျိုးသည် မပြီးစီးဘဲ နေနိုင်အံ့နည်း" ဟု စိတ်ကို ပြုပြင်မှုဖြစ်၏။ ထိုရှေ့အဘို့၌ ပြီးစီးသော စိတ်ကို အားတက်အောင် ပြုပြင်မှုသည် နောက်နောက်စိတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုသို့ကျေးဇူးပြုသောကြောင့် နောက်နောက်စိတ်ဖြစ်သောအခါ ဆန္ဒသည် အကြီးအကဲဖြစ်၏။ ထိုသို့ဖြစ်သောဆန္ဒကို "ဆန္ဒာဓိပတိ"ဟုခေါ်ရသည်။ ဝီရိယစသည်တို့ အဓိပတိဖြစ်ရာ၌လည်း ဤနည်းပင်တည်း။["စိတ်ကိုပြုပြင်"ဟူရာ၌ ပဓာနနည်းအားဖြင့် စိတ်ကိုခေါင်းတပ်သားသည်။ စိတ်ကိုသာပြုပြင်သည်မဟုတ်။ စိတ်စေတသိက်အားလုံးကိုပင် ပြုပြင်၏။ ထို့ကြောင့် "ဥပ္ပဇ္ဇမာနေ စိတ္တေ"၌လည်း ပဓာနနည်းဟု မှတ်ပါ။]

၁။ သာဝယမာနာ။ ။"ပြီးစေ"ဟူသည် ဆန္ဒစသော မိမိအလိုသို့ လိုက်စေခြင်းတည်း။ "အလိုသို့လိုက်" ဟူသည်လည်း ဆန္ဒစသည်က ဟီနဖြစ်လျှင် သမ္ပယုတ်တရားများလည်း ဟီနဖြစ်ရခြင်းတည်း။ မဇ္ဈိမ ပဏီတ ဖြစ်ရာ၌လည်း

[အာမရဏာဓိပတိ ကိုဖွင့်ပြလို၍ "ဂရုကာတဗ္ဗမ္ပိ"စသည်မိန့်။] ဂရုကာတဗ္ဗမ္ပိ၊ အလေးပြုထိုက်သည်လည်း ဖြစ်သော။ အာရမဏံ၊ သည်။ တန္နိန္နပေါဏပဗ္ဘာရာနံ ၁၊ ထိုအာရုံ၌ညွတ်ကုန်, ထိုအာရုံ၌ကိုင်းကုန်, ထိုအာရုံ၌ရှိုင်းကုန်သော။ ပစ္စဝေက္ခဏာအဿာဒမဂ္ဂဖလာနံ၊ ဆင်ခြင်ကြောင်းဖြစ်သောစိတ်, သာယာတတ်သောစိတ်, မဂ်စိတ် ဖိုလ်စိတ်တို့ကို။ ("ဝတ္တယမာနံ" ၌စပ်။) [ပဋ္ဌာဝါရပါဠိတော်၌ ထိုသို့ဆင်ခြင်ပုံ, သာယာပုံ, မဂ်ဖိုလ်တို့ကို ပြသောကြောင့် ပစ္စဝေက္ခဏာစသည်ကိုဆိုသည်။] အတ္တနော၊ ၏။ ဝသေ၊ အလို၌။ ဝတ္တယမာနံဝိယ၊ ဖြစ်စေသကဲ့သို့။ ပစ္စယော၊ လျော်သောဂုဏ်ကျေးဇူးကို ပြုတတ်သည်။ ဟောတိ။ တသ္မာ၊ ထို့ကြောင့်။ (ထိုသို့အလေးပြုထိုက်သောအာရုံ၏ မိမိသို့ညွတ်ကိုင်းရှိုင်းနေသော စိတ်တို့အား လျော်သောဂုဏ်ကျေးဇူးကို ပြုတတ်သည်၏ အဖြစ်ကြောင့်။) အတ္တာဓိနာနံ၊ မိမိနှင့်စပ်ကုန်သော စိတ်စေတသိက်ပစ္စယုပ္ပန်တရားတို့၏။ ပတိဘာဝေန၊ အရှင်၏အဖြစ်ဖြင့်။ အယံ ဥပကာရကတာ၊ ဤလျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်သည်၏အဖြစ်ကို။ အဓိပတိပစ္စယတာတိ၊ အဓိပတိပစ္စည်း၏ အဖြစ်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်ထိုက်၏။

နည်းတူ။ ထို့ကြောင့် "တံသမ္ပယုတ္တာနမ္မာစ ။ပေ။ တဒနုဝတ္တနတော"ဟု မိန့်သည်။ ဟိနာဒိ၌ အာဒိဖြင့် မဇ္ဈိမ ပဏီတတို့ကိုယူပါ။ [အဓိပတိဖြစ်သော်လည်း အဓိပတိချင်း ဟီန မဇ္ဈိမ ပဏီတ ကွဲသေးသည်။]

၁။ တန္နိန္နပေါဏပဗ္ဘာရာနံ။ ။ထိုအာရုံ၌ ညွတ်နေသည်ကို နိန္န, သစ်ကိုင်းတခုသည် အခြားနေရာမှလာ၍ ကိုင်းနေသကဲ့သို့ ထိုအာရုံ၌ စိတ်အားဖြင့် ကိုင်းနေသည်ကို ပေါဏ, ထိုအာရုံ၌ လဲတော့မည်ကဲ့သို့ တည်နေခြင်းကို ပဗ္ဘာရ (ရှိုင်း)ဟုခေါ်သည်။ [ဝိဝေကနိန္နန္တိအာဒီသု နိဗ္ဗာနံ ဝိဝေကောနာမ။ တသ္မိံ ဝိဝေကေ နိန္နံ ဩနတန္တိ ဝိဝေကနိန္နံ။ အညတော အာဂန္တွာ ယေန ဝိဝေကော၊ ယေန ဝင်္ကံ ဝိယ ဟုတွာ ဌိတန္တိ ဝိဝေကပေါဏံ။ ယေန ဝိဝေကော၊ တေန ပတမာနံ ဝိယ ဌိတန္တိ ဝိဝေကပဗ္ဘာရံ၊- မဇ္ဈိမ- ပဏ်, စူဠဝေဒလ္လသုတ်, အဋ္ဌကထာ။]

မနောဝိညာဏဓာတုတိအာဒိစိတ္တနိယမောတိတ္ထေ၊ ဟူသော ဤပါဌ်၌။ အာဒိသဒ္ဒေန၊ ဖြင့်။ (ဒဿေတိ ၌စပ်) သန္တိရဏာနန္တရံ၊ သန္တိရဏ၏အခြားမဲ့၌။ ဝေါဋ္ဌဗ္ဗနံ၊ ဝုဋ္ဌောသည်။ (ဥပ္ပဇ္ဇတိ။) စုတိအနန္တရာ၊ စုတိ၏ အခြားမဲ့၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ (ဥပ္ပဇ္ဇတိ။) ဣတိ၊ သို့။ ယဿ ယဿ စိတ္တဿ၊ အကြင်အကြင် သန္တိရဏ အစရှိသောစိတ်၏။ အနန္တရာ၊ အခြားမဲ့၌။ ယံယံစိတ္တံ၊ အကြင်အကြင် ဝုဋ္ဌော အစရှိသောစိတ်သည်။ဥပ္ပဇ္ဇတိ၊ ၏။ တဿ တဿ (စိတ္တဿ)၊ ထိုထိုဝုဋ္ဌောအစရှိသော စိတ်၏။ တဒနန္တရုပ္ပါဒနိယမော၊ ထိုသန္တိရဏအစရှိသော ရှေးစိတ်၏အခြားမဲ့၌ ဖြစ်ခြင်း၏မြဲသော သဘောသည်။ တံတံ သဟကာရီပစ္စယ ဝိသိဋ္ဌဿ[၁]၊ ထိုထိုအတူတကွ အကျိုးကို ပြုလေ့ရှိသော အာရုံစသော အကြောင်းသည် အထူးပြုအပ်သော။ပုရိမပုရိမစိတ္တဿေဝ၊ ရှေး၌ဖြစ်ရှေး၌ဖြစ်သော သန္တိရဏအစရှိသော စိတ်၏သာ။ ဝသေန၊ အစွမ်းကြောင့်။ ဣဇ္ဈတိ၊ ပြီးစီးရ၏။ ဣတိ၊ ဤအနက်ကို။ ဒဿေတိ၊ ၏။

ဘာဝနာဗလေန ပန ဝါရိတတ္တာတိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ ရုက္ခဿ၊ သစ်ပင်အား။ ဝေခေ[၂]၊ ဖားရိုးအဆိပ်ကို။ ဝါ၊ အဆိပ်ရှိသော ဖားရိုးကို။ ဒိန္နေ၊ ပေးအပ်သော်။ သွင်းအပ်သော်။) ပုပ္ဖိတုံ၊ ပွင့်ခြင်းငှာ။

၁။ **တံတံ သဟကာရီပစ္စယဝိသိဋ္ဌဿ။** ။"အတူတကွ ပစ္စယုပ္ပန်အကျိုးကို ပြုလေ့ရှိသော ထိုထိုအကြောင်း"ဟူသည် စက္ခုဝိညာဉ် ၂-မျိုးတွင် ကုသလဝိပါက် စက္ခုဝိညာဉ်ဖြစ်ဘို့ရန် ဣဋ္ဌာရုံသည် ထူးသော အကြောင်းတည်း။ အာလောက မနသိကာရတို့ကား ရိုးရာအကြောင်းတည်း။ အကုသလ ဝိပါက် စက္ခုဝိညာဉ်ဖြစ်ဘို့ရန် အနိဋ္ဌာရုံသည် ထူးသော အကြောင်းတည်း။ သမ္ပဋိစ္ဆိုန်းသန္တိရဏတို့ ဖြစ်ရာ၌လည်းနည်းတူ။ ထို့ကြောင့် တံတံသဟကာရီ ပစ္စယကို "တေန တေန အာရမ္မဏာဒိနာ သဟကာရီကာရဏေန"ဟု အနုဋီကာဖွင့်သည်။ ဝိသိဋ္ဌဿကို "ဝိသေသံ ပတ္တဿ"ဟုဖွင့်သောကြောင့် ဝိသိဋ္ဌကို ကတ္တုရုပ်ဟု ထင်ဘွယ်ရှိ၏။ သို့သော် "အထူးပြုအပ်"လျှင် "ထူးသော သဘောသို့ရောက်သောကြောင့်" အဓိပ္ပါယ်ဖွင့်ဟုမှတ်ပါ။ ဝိသိဋ္ဌပုဒ်မှာ ကမ္မရုပ်သာတည်း။ ဥပမာ- သက္ကတောတိ သက္ကာရပတ္တော"ဟု ဖွင့်သကဲ့သို့တည်း။

၂။ **ဝေခေ ဒိန္နေ။** ။ဝေခေကို "မဏ္ဍူကဋ္ဌိဝိသာဒိကေ၊ ဖားတမျိုး၏ အရိုး၌ရှိသော အဆိပ်အစရှိသည်ကို" ဟု မဓုဖွင့်၏။ ထိုအဆိပ်ကို သစ်ပင်၌

သမတ္ထဿော၊ စွမ်းနိုင်သောသစ်ပင်၏ပင်။ ပုပ္ဖနံ၊ပွင့်ခြင်းသည်။နဟောတိ ယထာ၊ မဖြစ်သကဲ့သို့။ (မပွင့်သကဲ့သို့) ပန၊ ဗျတိရိက်ကား။ အဂဒေန၊ အဆိပ်ဖြေဆေးဖြင့်။ ဝေခေ၊ အဆိပ်ကို။ အပနီတေ၊ ပယ်အပ်သော်။ တာယ ယေဝ သမတ္ထတာယ၊ ထိုအပွင့်ကို ပွင့်ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ဟူသော သတ္တိကြောင့်ပင်။ ပုပ္ဖနံ၊ ပွင့်ခြင်းသည်။ ဟောတိယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ ဣဓာပိ၊ ဤအသညသတ်ဘုံ, နိရောဓသမာပတ်၌လည်း။ ဘာဝနာဗလေန၊ ဘာဝနာ၏အစွမ်းသည်။ ဝါရိတတ္တာ၊ တားမြစ်အပ်သည်၏အဖြစ်ကြောင့်။ သမုဋ္ဌာပနသမတ္ထဿဝ၊ ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သော စိတ်၏ပင်။ အသမုဋ္ဌာပနံ၊ ပစ္စယုပ္ပန်တရားကို အခြားမဲ့၌ မဖြစ်စေခြင်းသည်။ (ဟောတိ)။ [၇-ရက်ကာလစသည်ခြားပြီးမှ ဖြစ်စေ၏။] တသ္မိဥ္စ၊ ထိုဘာဝနာ၏ အစွမ်းသည်လည်း။ အပဂတေ၊ ကင်းလသော်။ တာယဧဝ သမတ္ထတာယ၊ ထိုပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ဟူသော သတ္တိကြောင့်ပင်။ သမုဋ္ဌာပနံ၊ ပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤဆိုအပ်ပြီးကား။ အဓိပ္ပါယော၊ ရေဝတဆရာတို့၏ အလိုတည်း။

ဗျဥ္ဇနမတ္တတောဝေတ္ထ နာနာကရဏံ ပစ္စေတဗ္ဗံ န အတ္ထတောတိ၊ဟူသော ပါဠ်၌။ (အဓိပ္ပါယော ဥစပ်) ဥပစယသန္တတိ အဓိဝစနနိဒ္ဒေသပဒါနံဝိယ၊ ဥပစယသန္တတိပုဒ်, အဓိဝစနနိဒ္ဒေသပုဒ်တို့၏ကဲ့သို့။ သဒ္ဒတ္ထမတ္တတော၊ သဒ္ဒါ၏ အနက်မျှအားဖြင့်။ နာနာကရဏံ၊ အသီးအခြား ပြုကြောင်းအထူးကို။

ထည့်သွင်းလိုက်သောအခါ ပင်ကိုယ်က ပွင့်သောသစ်ပင်သည် မပွင့်တော့။ ဆေးဖြင့် ထိုအဆိပ်ကို ပယ်ရှားလိုက်သောအခါ နဂိုရ်က ပွင့်စွမ်းနိုင်သော သတ္တိအတိုင်း ပွင့်ပြန်၏။

မှတ်ချက်။ ။စာအုပ်တို့၌ "အဂဒဝေခေ ပန" ဟု တွေ့ရ၏။ အဂဒ သဒ္ဒါသည် အဆိပ်ဖြေဆေး ဟူသော အနက်ကိုဟော၏။ (ဂဒ၊ အဆိပ် + အ၊ မရှိကြောင်းဆေး။) ထို့ကြောင့် "အဂဒေန ပန ဝေခေ အပနီတေ" ဟု ရှိမှ စာသွားမှန်၍ "တာယယေဝါတိ ယာ ဝေခါ ဒါနေ (အဆိပ်ကိုယူတန်းက) ပုပ္ဖနသမတ္ထတာ (ပွင့်ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည်။) ဝေခါ ပဂမေ လဒ္ဓေါ ကာသာ။ တာယ မေဝ" ဟူသော အနုဋီကာနှင့်လည်း လျော်သည်။

(ပစ္စေတဗ္ဗံ၊ ယုံကြည်ထိုက်၏ ဥစပ်) ဝစနီယတ္တတော[1]၊ သဒ္ဒါသည်ဟောအပ်သော အနက်အားဖြင့်။ (နာနာကရဏံ၊ ကို) န (ပစ္စေတဗ္ဗံ)၊ မယုံကြည်ထိုက်။ ဣတိ(အယံ)၊ကား။ အဓိပ္ပါယော၊အဋ္ဌကထာဆရာ၏ အလိုတည်း။ တေနေဝ၊ ထို့ကြောင့်ပင်။ (ထိုသို့ အနန္တရပစ္စည်း သမနန္တရပစ္စည်းတို့၏ သဒ္ဒတ္ထမျှသာ ထူးသည်၏အဖြစ်, ဝစနီယတ္တအားဖြင့် မထူးသည်၏အဖြစ်ကြောင့်ပင်။)သဒ္ဒတ္ထဝိသေသံ၊ သဒ္ဒတ္ထ၏အထူးကို။ ဒဿေတုံ၊ ငှာ။ ကထန္တိအာဒိ၊ အစရှိသောစကားကို။ (သင်္ဂဟကာရော) အာဟ။ တတ္ထ၊ ထိုကထံအစရှိသော စကားရပ်၌။ ဝါ၊ အနန္တရပစ္စည်း သမနန္တရပစ္စည်းတို့တွင်။ [တတ္ထာတိ အနန္တရသမနန္တရပစ္စယေသု-မဋ။] ပုရိမပစ္ဆိမာနံ၊ ရှေး၌ဖြစ်ကုန်သော ပစ္စည်းတရား, နောက်၌ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့၏။ နိရောဓုပ္ပါဒန္တရာဘာဝတော၊ ချုပ်ခြင်းဖြစ်ခြင်းတို့၏ အကြားမရှိကုန်သည်၏ အဖြစ်ကြောင့်။ နိရန္တရုပ္ပါဒနသမတ္ထတာ၊ အကြားမရှိသည်ဖြစ်၍ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည်။ အနန္တရပစ္စယဘာဝေါ၊ အနန္တရပစ္စည်း၏ အဖြစ်သည်။ ဝါ၊ အနန္တရပစ္စည်း၏ သတ္တိသည်။ (ဟောတိ။)

ရူပဓမ္မာနံဝိယ၊ ရုပ်တရားတို့၏ကဲ့သို့။ သဏ္ဌာနာဘာဝတော[2]၊ ပုံသဏ္ဌာန်

၁။ ဝစနီယတ္တတော။ ။သဒ္ဒါသည် ဟောအပ်သောအနက်ဒြဗ်ကို ဝစနီယတ္တ ဟု ခေါ်၏။ ဤ၌ "ကောင်းစွာ အကြားမရှိ" ဟူသော အနက်သည် ဝစနီယတ္တတည်း။ ထိုဝစနီယတ္တကို ဤနေရာ၌ဆိုလိုသည်မဟုတ်။ အရကောက်သဘာဝတ္ထကို "ဝစနီယတ္တ"ဟုဆိုလိုသည်။ "အနန္တရအရလည်း ရှေးရှေးစိတ် စေတသိက်, သမနန္တရအရလည်း ရှေးရှေးစိတ် စေတသိက်"။ ဤသို့ အရကောက်သဘာဝတ္ထအားဖြင့် မထူးသည်ကို ဆိုလို၏။ "ဝစနီယတ္တတောတိ ဘာဝတ္ထတော" ဟု အနုဋီကာဖွင့်သည်။ "ဘာဝတ္ထတော၊ အဓိပ္ပါယတ္ထဖြစ်သော သဘာဝအနက်အားဖြင့်" ဟု ပေးပါ။ ထိုဘာဝတ္ထကိုလည်း ဝစနီယတ္တဟုဆိုနိုင်၏။ ဘာကြောင့်နည်း- "ဘာဝတ္ထောပိ ဟိ ဝစနဂ္ဂဟဏာနုသာရေန ဝိညေယျတ္တာ (ဘာဝတ္ထကိုလည်း သဒ္ဒါဖြင့် ယူအပ်သောအနက်ကို အစဉ်လိုက်သဖြင့် သိထိုက်သည်၏အဖြစ်ကြောင့်။) ဝစနီယောတိ ဝုစ္စတိ"ဟု အနုဋီကာဖွင့်သောကြောင့်တည်း။

၂။ သဏ္ဌာနာဘာဝတော။ ။ဤပုဒ်ကို ဣဒမိတော စသည်၌ စပ်ပါ။ "ပုံသဏ္ဌာန်မရှိသောကြောင့် ပစ္စည်းကအထက် ပစ္စယုပ္ပန်ကအောက် စသည်ဖြင့်

၏ မရှိခြင်းကြောင့်ငင်း။ ပစ္စယပစ္စယုပ္ပန္နာနံ၊ ပစ္စည်းတရား ပစ္စယုပ္ပန်တရား တို့၏။ သဟာဝဋ္ဌာနဘာဝတောစ၊ အတူတကွတည်ခြင်း၏မရှိခြင်းကြောင့် ငင်း။ ဣဓံ၊ ဤစိတ်သည်။ ဣတော၊ ဤစိတ်မှ။ ပေဋ္ဌာ၊ အောက်၌။ (ဟောတိ။) (ဣဓံ၊ သည်။ ဣတော၊ မှ။) ဥဒ္ဓံ၊ အထက်၌။ (ဟောတိ။ ဣဓံ၊ သည်။ ဣတော၊ မှ။) တိရိယံ၊ ဖီလာ။ (ဟောတိ။) ဣတိ၊ သို့။ ဝိဘာဂါဘာဝါ၊ ခွဲခြားဝေဘန်အပ်သော အထူးအပြား၏ မရှိခြင်းကြောင့်။ အတ္တနာ၊ မိမိနှင့်။ (ပစ္စည်းတရားဖြစ်သော မိမိနှင့်။) ကေတ္တမိဝ၊ တခုတည်း ၏ အဖြစ်ကိုကဲ့သို့။ ဥပနေတွာ၊ ကပ်ဆောင်၍။ (ပစ္စယုပ္ပန် တရားကို ကပ်ဆောင်၍။) သုဋ္ဌု၊ ကောင်းစွာ။ အနန္တရဘာဝေန၊ အကြားမရှိသည်၏ အဖြစ်ဖြင့်။ ဥပ္ပါဒနသမတ္ထဘာဝ၊ ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း၌ စွမ်းနိုင် သည်၏ အဖြစ်သည်။ သမနန္တရပစ္စယတာ၊ သမနန္တရပစ္စည်း၏ အဖြစ်သည်။ ဝါ၊ သမနန္တရပစ္စည်း၏ သတ္တိသည်။ (ဟောတိ။) စ၊ ဆက်။ ဓမ္မာနံ၊ ပရမတ္ထတရားတို့၏။ (ရုပ်နာမ်တရားတို့၏။) အဗျာပါရတ္တာ၊ ဗျာပါရမရှိ ကုန်သည်၏ အဖြစ်ကြောင့်။ ယသ္မိံ၊ အကြင်ပစ္စည်းတရားသည်။ ယဒါ ကာရေ၊ ဉာဏ်ဖြင့်ခွဲခြားသဖွယ် ပြုအပ်သော အကြင်သို့သော အခြင်းအရာ

ခွဲခြားဝေဘန်၍ မရသည့်အတွက် မိမိတည်းဟူသော ပစ္စည်းနှင့် ပစ္စယုပ္ပန်ကို တခုတည်းကဲ့သို့ ကပ်ဆောင်၍" ဟူလို။ သဟာဝဋ္ဌာနဘာဝတော-ကား "သုဋ္ဌု အနန္တရဘာဝေန"၏ ဟိတ်တည်း။ ထို့ကြောင့် သဏ္ဌာနဘာဝတော ကို "ဣဓမိတော ။ပေ။ ဥပနေတွာ"နှင့် ယှဉ်စေပါဟုငင်း။ သဟာဝဋ္ဌာန ဘာဝတော ကို "သဟာဝဋ္ဌာနဘာဝေန ပန အနန္တရမေဝ ဥပ္ပါဒနံ"ဟုငင်း အနုဋီကာ ဖွင့်သည်။

၁။ ယဒါကာရေ။ ။ဝိဘာဂတော၊ ခွဲခြားဝေဘန်သောအားဖြင့်။ ဉာဏေန အာကရီယတိ၊ ဉာဏ်ဖြင့်ထင်စွာပြုအပ်၏။ (ဉာဏ်ဖြင့်သာ ထင်စွာပြုနိုင်၏။) ဣတိ အာကာရော။ ဓမ္မာနံ၊ တို့၏။ ပဝတ္တိဘေဒေါ၊ ဖြစ်ပုံ အထူးအပြား တည်း။ ပစ္စည်းတရားတို့၏ သတ္တိအထူးအပြားကို ဒြဗ်ဝတ္ထုကဲ့သို့ လက်တွေ့ မပြနိုင်၊ ဉာဏ်ဖြင့်သာသိနိုင်သည်-ဟူလို။ တရားတို့၏ ထိုအထူးအပြားကိုပင် အာကာရပုဒ်ရင်းအတိုင်း "အခြင်းအရာ"ဟုလည်း ခေါ်နိုင်ပါသည်။

ရှိသည်ဖြစ်၍။ နိရုဒ္ဓေ[1]၊ ချုပ်ပြီးသည်။ သတိ ဝါ၊ ဖြစ်သော်ငြားလည်း၊ ဝတ္တမာနေ၊ ဖြစ်ဆဲသည်။ သတိဝါ၊ ဖြစ်သော်ငြားလည်း။ တံတံဝိသေသဝန္တာ၊ ထိုထိုအခြင်းအရာ အထူးရှိကုန်သော။ ဓမ္မာ၊ ပစ္စယုပ္ပန်တရားတို့သည်။ ဟောန္တိ။ တဿ[2]၊ ထိုပစ္စည်းတရား၏၊ သောဝအာကာရော၊ ထိုထူးသော အခြင်းအရာကိုပင်။ ဥပ္ပါဒနသမတ္ထတာတိ၊ ဟူ၍။ ဝုစ္စတိ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော၊ မှတ်ထိုက်၏။

စ၊ ဆက်။ ဓမ္မာနံ[3]၊ ပရမတ္ထတရားတို့၏။ ပဝတ္တိမေဝ၊ ဖြစ်ခြင်းကိုသာ။ ဥပါဒါယ၊ ညာဏ်ဖြင့်ကပ်ယူ၍။ ဝါ၊ စွဲ၍။ ကာလဝေါဟာရော၊ အခါကာလဟူသော အခေါ်အဝေါ်သည်။ (ဟောတိ။) ဣတိ၊ ကြောင့်။ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသော အနာဂါမိ ရဟန္တာပုဂ္ဂိုလ်၏။ နေဝသညာနာသညာယတန ဖလသမာပတ္တိနံ၊ ရှေးဖြစ်သော နေဝသညာနာသညာယတနဇောနောက်ဖြစ်သော ဖလသမာပတ်တို့၏ငြားလည်း။ အသညသတ္တာ၊ အသညသတ်ဘုံမှ။ စဝန္တဿ၊ စုတေသောပုဂ္ဂိုလ်၏။ ပုရိမ

၁။ နိရုဒ္ဓေ ဝတ္တမာနေ။ ။"နိရုဒ္ဓေသတိဖြင့်အနန္တရစသော အတိတ်ပစ္စည်းတရားကိုပြ၏။ ဝတ္တမာနေ သတိဖြင့် သဟဇာတစသော ပစ္စုပ္ပန်ပစ္စည်းတရားကို ပြ၏"ဟု ခွဲပါ။ တေကာလိကပစ္စည်း ကာလဝိမုတ်ပစ္စည်းတို့ကား လောကသင်္ကေတအားဖြင့်"အရှိ"ဟုယူရသောကြောင့် ဝတ္တမာနေ၌ သွင်းသင့်မည်ထင်သည်။

၂။ တဿ ။ပေ။ ဝုစ္စတိ။ ။တဿသည် ယသ္မိံ၏ နိယမတည်း။ သောဝ အာကာရော သည် ယဒါကာရေ၏ နိယမတည်း။ ဥပ္ပါဒနသမတ္ထတာတိကို ဝုစ္စတိ ၏ အာကာရ ဟုမှတ်ပါ။ ထို့ကြောင့် နောက်မှ အနက်ပေးရသည်။

၃။ ဓမ္မာနံ ။ပေ။ နတ္ထိ။ ။အဋ္ဌကထာ၌"နိရောဓသမာပတ်ဝင်စားရာဝယ် နေဝသညာနာသညာယတနဇောနှင့် သမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇောတို့၏ အကြား၌ ကာလခြားလျက်ရှိ၏"ဟု ယူဆ၍ အရှင်ရေဝတဆရာတို့၏ "ကာလန္တရတာယ သမနန္တရပစ္စယော" ဟူသော စကားကို မသင့်ဟု ဆို၏။ ထိုစကားကို ဤဋီကာဆရာက လက်မခံလိုသောကြောင့် "ဓမ္မာနံ ပဝတ္တိမေဝ ဥပါဒါယ" စသည်ကိုမိန့်သည်။ ကာလဟူသည် ဓမ္မတို့၏ဖြစ်ခြင်းကို စွဲ၍ခေါ်ဝေါ်အပ်သော ဝေါဟာရ တမျိုးတည်း။ နိရောဓသမာပတ်ဝင်စားရာအခါ အသညသတ်ဘုံဝယ် ဖြစ်ရာအခါတို့၌ နာမ်ဓမ္မတို့၏ ဖြစ်ခြင်း မရှိရကား "ကာလအကြားမရှိ"ဟု မှတ်ပါ။

စုတိပဋိသန္ဓိမပဋိသန္ဓိနဉ္စ၊ ရှေးဘဝ၌ဖြစ်သော စုတိ, နောက်ဘဝ၌ ဖြစ်သော ပဋိသန္ဓေတို့၏ရင်း။ နိရောဓဝုပ္ပါဒနိရန္တရတာယ၊ ချုပ်ခြင်း ဖြစ်ခြင်းတို့၏ အကြားမရှိကုန်သည်၏ အဖြစ်ကြောင့်။ ကာလန္တရတာ၊ ကာလအကြား ရှိသည်၏အဖြစ်သည်။ နတ္ထိ။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်ထိုက်၏။

ဟိ၊ မှန်။တေသံ၊ထိုနိရောဓသမာပတ်မှထသောပုဂ္ဂိုလ်၏ရှေး၌ဖြစ်သော နေဝသညာနာသညာယတနံဇော နောက်၌ဖြစ်သော အနာဂါမိဖိုလ်ဇော, အသညသတ်ဘုံမှစုတေသော ပုဂ္ဂိုလ်၏ ရှေးဘဝ၌ဖြစ်သော စုတိ, နောက် ဘဝ၌ဖြစ်သော ပဋိသန္ဓေတို့၏။ အန္တရာ၊ အကြား၌။ (အရူပဓမ္မာနံ၊ နာမ် တရားတို့၏။) ယံ(ပဝတ္တိံ)၊ အကြင်ဖြစ်ခြင်းကို။ ဥပါဒါယ၊ ညာဏ်ဖြင့်ကပ် ယူ၍။ ဝါ၊ စွဲ၍။ ကာလန္တရတာ၊ ကာလအကြား ရှိသည်၏ အဖြစ်ကို။ ဝုစ္စေယျ၊ ဆိုအပ်ရာ၏။ အရူပဓမ္မာနံ၊ တို့၏။ (သာ)ပဝတ္တိ၊ သည်။ နအတ္ထိ။ စ၊ ဆက်။ ရူပဓမ္မပ္ပဝတ္တိ၊ ရုပ်တရားတို့၏ ဖြစ်ခြင်းသည်။ အရူပဓမ္မပ္ပဝတ္တိယာ၊ နာမ်တရားတို့၏ ဖြစ်ခြင်း၏။ အန္တရံ၊ အကြားကို။ ဝါ၊ ခြားကွယ်မှုကို။ နကရောတိ၊ မပြုတတ်။ (ကသ္မာ၊ နည်း။) အညသန္တာနတ္တာ[၁]၊ နာမ်အစဉ်မှ တပါးသော ရုပ်အစဉ်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ ချဲ့။ ဒွေ၊ ကုန်သော။ ရူပါရူပခမ္မသန္တတိယော၊ ရုပ်တရားအစဉ် နာမ်တရားအစဉ်တို့သည်။ အည မညံ၊ ချင်း။ ဝိသဒိသဘာဝတ္တာ၊ မတူကွဲပြားသော သဘောရှိကုန်သည်၏ အဖြစ်ကြောင့်။ အညမညပကာရဘာဝေန၊ အချင်းချင်း လျော်သော ဂုဏ်ကျေးဇူးရှိကုန်သည်၏ အဖြစ်ကိုပြုတတ်ကုန်သည်၏ အဖြစ်ဖြင့်။ ဝတ္တ မာနာပိ၊ ဖြစ်ပါကုန်သော်လည်း။ (သဟဇာတ စသောအားဖြင့် အချင်း ချင်း ကျေးဇူးပြုကြပါသော်လည်း။)ဝိသုံယေဝ၊ သီးခြားသာ။ ဟောန္တိ။

၁။ နစ။ပေ။အညသန္တာနတ္တာ။ ။"နိရောဓသမာပတ်ဝင်စားရာကာလ, အသညသတ်ဘုံဝယ် ဖြစ်ရာကာလတို့၌ ရုပ်တရားတို့ဖြစ်နေရကား ထိုရုပ်တို့ ဖြစ်ရာကာလခြားနေသည် မဟုတ်ပါလော"ဟု စောဒနာဘွယ်ရှိသောကြောင့် "နစ ။ပေ။ အညသန္တာနတ္တာ"ဟု မိန့်သည်။ "ရူပါရူပသန္တတိယော ဟိ" စသည်ကား "အညသန္တာနတ္တာ"ဟူသော ဟိတ်၏အကျယ်တည်း။

စ၊ ဆက်။ ကေသန္တတိယံ၊ တခုခုသောအစဉ်၌။ ပုရိမပစ္ဆိမာနံ၊ ရှေး၌ဖြစ်သောတရား နောက်၌ဖြစ်သောတရားတို့၏။ မဇ္ဈေ၊ အလယ်၌။ ဌိတ္တမာနံ၊ ဖြစ်သောတရားသည်။ တံ သန္တတိပရိယာပန္နတာယ၊ ထိုအစဉ်၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ အန္တရကာရကံ၊ အကြားကိုပြုတတ်သည်။ ဝါ၊ ခြားကွယ်မှုကိုပြုတတ်သည်။ ဟောတိ။ တာဒိသံ၊ ထိုကဲ့သို့ ရှုအပ်သော။ (ထိုအစဉ်၌ အကျုံးဝင်သော။) ကဥ္စိ၊ တစုံတခုသောတရားသည်လည်း။ နေဝသညာနာသညာယတနဖလသမာပတ္တိနံ၊ ရှေး၌ဖြစ်သော နေဝသညာနာသညာယတနဇော, နောက်၌ဖြစ်သော အနာဂါမိဖိုလ်ဇောတို့၏။ မဇ္ဈေ၊ အလယ်၌။ နတ္ထိ။ စ၊ ဆက်။ အဘာဝေါ၊ မရှိခြင်းဟူသော အဘာဝပညတ်သည်။ အန္တရကာရကော၊ သည်။ ဝါ၊ သည်။ နဟောတိ၊ မဟုတ်။ (ကသ္မာ၊ နည်း။) အဘာဝတ္တာယေဝ၊ ထင်ရှားမရှိသည်၏အဖြစ်ကြောင့်ပင်တည်း။ တသ္မာ၊ ကြောင့်။ (ထိုသို့ အဘာဝပညတ်၏ ထင်ရှားမရှိသည့်အတွက် ခြားကွယ်မှုကို မပြုတတ်သည်၏အဖြစ်ကြောင့်။) ဇဝနာနန္တရဿ[1]၊ ရှေ့ဇော၏ အခြားမဲ့၌ ဖြစ်သော။ ဇဝနဿဝိယ၊ နောက်ဇော၏ ကဲ့သို့ရင်း။ ဘဝင်္ဂါနန္တရဿ၊ ရှေ့ဘဝင်၏ အခြားမဲ့၌ ဖြစ်သော။ ဘဝင်္ဂဿဝိယစ၊ နောက်ဘဝင်၏ကဲ့သို့ရင်း။ နိရန္တရတာ၊ အကြားမရှိသည်၏ အဖြစ်သည်။ သုဋ္ဌု၊ လွန်စွာ။ အနန္တရတာစ၊ အကြားမရှိသည်၏ အဖြစ်သည်လည်း။ ဟောတိ။ ဣတိ၊ ထို့ကြောင့်။ နေဝသညာ နာသညာယတနစုတိနမ္ပိ၊ နိရောဓသမာပတ်၏ ရှေး၌ဖြစ်သော နေဝသညာနာသညာယတနဇော, အသညသတ်ဘုံဝယ် ဖြစ်ခြင်း၏ ရှေး၌ဖြစ်သော စုတိတို့၏လည်း။ တထာ၊ ထိုလွန်စွာအကြားမရှိသည်၏အဖြစ်ဟူသော အခြင်းအရာအားဖြင့်။

၁။ ဇဝနာနန္တရဿ။ပေ။ သိယာ။ ။ယထာ သမာနဇာတိကာနံ စိတ္တုပ္ပါဒါနံ နိရန္တရတာ သုဋ္ဌု အနန္တရဘာဝေန ပါကဋာ။ န တထာ အသမာနဇာတိကာနန္တိ အဓိပ္ပါယေန=သမာနဇာတိကဖြစ်သော ရှေ့ဇော, နောက်ဇော စိတ္တုပ္ပါဒ်, ရှေ့ဘဝင် နောက်ဘဝင်စိတ္တုပ္ပါဒ်တို့၏ အခြားမရှိသည်၏ အဖြစ်သည် သုဋ္ဌု အနန္တရအဖြစ်ဖြင့် ထင်ရှားသကဲ့သို့ အသမာနဇာတိက စိတ္တုပ္ပါဒ်တို့၏ သုဋ္ဌု အနန္တရဖြစ်ကောမှု မထင်ရှား။ ဤသို့သော အဓိပ္ပါယ်ကိုယူ၍ "ဇော-ဇောချင်း, ဘဝင် ဘဝင်ချင်း သုဋ္ဌု အနန္တရဖြစ်ပုံကို ထုတ်ပြသည်။

ဥပ္ပါဒနသမတ္ထတာ၊ ပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်ထိုက်၏။ [ဤမျှသော စကားဖြင့် ဋီကာဆရာသည် အရှင်ရေဝတဆရာ၏အယူကို ထောက်ခံရာရောက်သည်]။

စ၊ ဗျတိရေကဝိသေသကိုဆိုဦးအံ့။ ဧတ္ထ၊ ဤအနန္တရပစ္စည်း သမနန္တရ ပစ္စည်းတို့၏ ကျေးဇူးပြုပုံကို ပြရာ၌။ အနန္တရပစ္စယာဒီနံ၊ အနန္တရပစ္စည်း အစရှိသည်တို့၏။ (အာဒိဖြင့် သမနန္တရပစ္စည်းကိုယူပါ။) ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းငှာ။ (ဖြစ်ဘို့ရာ။) ပစ္စယဘာဝေါ¹၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်သည်။ ပါကဋော၊ ထင်ရှား၏။ ဣတိ၊ ထို့ကြောင့်။ ဥပ္ပါဒနသမတ္ထတာဝ၊ ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကိုသာ။ (သင်္ဂဟကာရေန။) ဝုတ္တာ၊ ဆိုအပ်ပြီ။ ပန၊ ထိုသို့ပင် ဥပ္ပါဒနသမတ္ထတာကိုသာ ဆိုအပ်ပါသော်လည်း။ ပုဗ္ဗန္တာပရန္တပရိစ္ဆေဒေန၊ ဥပါဒ်ဟူသော ရှေ့အပိုင်းအခြား ဘင်ဟူသော နောက်အပိုင်းအခြားအားဖြင့်။ ဂဟိတာနံ၊ ယူအပ်ကုန်သော။ ဝါ၊ ယူအပ်ကုန်သည်ဖြစ်၍ ခဏတ္တယ၌ အကျုံးဝင်ကုန်သော။ [တေန ဂဟိတာနံ ခဏတ္တယပရိယာပန္နာနန္တိ အတ္ထော၊ - အနု။] ဥပ္ပဇ္ဇတီတိ ဝစနံ²၊ ဥပ္ပဇ္ဇတိဟူသော သဒ္ဒါကို။ အလဘန္တာနံ၊ မရကုန်သော။ ပစ္စုပ္ပန္နာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ (အနန္တရာဒိပစ္စယဘာဝေါ၌စပ်။) အတိဓတော။ ပေ။ ပစ္စယောတိအာဒိနာ၊ အစရှိသော ပါဠိရပ်ဖြင့်။ အနန္တရာဒိပစ္စယဘာဝေါ၊ အနန္တရအစရှိသော ပစ္စည်းတို့၏အဖြစ်ကို။ (ဘာဂဝတာ) ဝုတ္တော၊

၁။ ပစ္စယဘာဝေါ စေတ္ထ။ ၊စေတ္ထ၌စသဒ္ဒါသည်ဗျတိရေက အနက်ဟော ဟုရင်း, "ဗျတိရေက" ဟုဆိုသော်လည်း အန္ဒယ၏ ပြောင်းပြန်အနက်ကို ဟောသော ဗျတိရေက မဟုတ်။ ဝိသေသနအနက်ကို ဟောသော ဗျတိရေကတည်း ဟုဝှင်း အနုဋ္ဌင့်သည်။ "အထူး"ဟူသည် "ဥပ္ပတ္တိယာ ပစ္စယော၊ ဖြစ်ဘို့ရာ ကျေးဇူးပြုသည်" ဟု ဆိုရာ၌ ဥပါဒ်အဖြစ် တမျိုးသာမက ခဏတ္တယတိုင်အောင် ဖြစ်ခြင်းကို ယူရခြင်းကို ဆိုလိုဟန်တူသည်။

၂။ ဥပ္ပဇ္ဇတီတိ ဝစနံ အလဘန္တာနံ။ ။ဤစကားသည် ပစ္စုပ္ပန္နာနံ ဓမ္မာနံ၏ ဝိသေသနတည်း။ ပစ္စုပ္ပန်တရားတို့သည် ခဏတ္တယသမင်္ဂီတရားများ ဖြစ်ရကား "ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝါ၊ ဥပါဒ်၏" ဟူသော သဒ္ဒါကို မရကြ။ ဥပ္ပါဒက္ခဏ သမင်္ဂီတရားကိုသာ "ဥပ္ပဇ္ဇတိ" ဟုခေါ်ရသည်။

ပြီ။ ဏ္ဍတိ၊ ထို့ကြောင့်။ သော၊ ထိုအနန္တရအစရှိသောပစ္စည်းကို။ ဥပပတ္တိယံ ယေဝ၊ ဥပါဒ်အခိုက်၌သာ။ န (ဝုတ္တော)၊ ဟောတော်မူအပ်သည်မဟုတ်။ ဏ္ဍတိ၊ ဤသို့။ ဝိညာယတိ၊ ၏။

ဟိ၊မှန်။ကုသလာဒိဂ္ဂဟဏံ၊ကုသလအစရှိသောသဒ္ဒါသည်။ အပရိစ္ဆေဒံ၊ ကာလအားဖြင့် အပိုင်းအခြားမရှိသော သဒ္ဒါသည်။ (ဟောတိ) ဝိယ၊ကဲ့သို့။ (တထာ၊တူ။) ယတော၊ အကြင်ပုဗ္ဗန္တာပရန္တကာလ၏အစွမ်းဖြင့် ပိုင်းခြားမှု၏ မရှိခြင်းကြောင့်။ ဥပ္ပတ္တိမတ္တာသမင်္ဂိနော်ယေဝ၊ ဥပါဒ်မျှနှင့်ပြည့်စုံခြင်းရှိသော တရားတို့ကိုသာ။ ဂဟဏံစ၊ ယူခြင်းသည်လည်း။ သိယာ၊ ၏။ ပစ္စုပ္ပန္နဂ္ဂဟဏံ၊ သည်။ တံ အပရိစ္ဆေဒံ၊ ထိုကာလအားဖြင့် အပိုင်းအခြား မရှိသောသဒ္ဒါသည်။ န (ဟောတိ)၊ မဟုတ်။ စ၊ ဆက်။ တေနေဝ၊ ထို ကာလအားဖြင့်ပိုင်းခြား၍သာ တရားကိုယူခြင်းကြောင့်ပင်။ [တေနေဝါတိ ကာလဝသေန ပရိစ္ဆိဇ္ဇဝေ ဓမ္မာနံ ဂဟဏတော၊ - အနု။] အတီတဒွတ္တိကေ၊၌။ ပဋိစ္စဝါရာဒယော၊ ပဋိစ္စဝါရအစရှိသော ဝါရတို့သည်။ န သန္တိ၊ မရှိကုန်။ ဏ္ဍတိ၊ အပြီးတည်း။

ဥပ္ပဇ္ဇမာနေ၁ဝ သဟုပ္ပါဒနဘာဝေနာတိ ဧတ္ထာပိ[၃]၊ ဟူသော ဤပါဌ်၌လည်း။ ပါကဋ္ဌေန၊ ထင်ရှားသော။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်း၏။ ဝါ၊ ၄ှ၁။

၁။ နဟိ။ပေ။အပရိစ္ဆေဒံ။ ။[အပရိစ္ဆေဒံ ကို "ကာလဝသေန ပရိစ္ဆေဒ ရဟိတံ၊ ကာလနှင့်စပ်သဖြင့် အပိုင်းအခြားမှကင်း၏" ဟု အနုဖွင့်၏။] ကုသလ ဟုဆိုရာ၌ "ပစ္စုပ္ပန်ကုသိုလ်, အတိတ်ကုသိုလ်, အနာဂတ်ကုသိုလ်"ဟု ကာလ အားဖြင့် အပိုင်းအခြား မရှိသကဲ့သို့ ပစ္စုပ္ပန္နသဒ္ဒါသည် ကာလအားဖြင့် အပိုင်းအခြားမရှိသော သဒ္ဒါမဟုတ်, အပိုင်းအခြားရှိသော သဒ္ဒါဖြစ်သည် ဟူလို။

၂။ ယတော။ပေ။ သိယာ။ ။ယတောတိ ပုဗ္ဗန္တာပရန္တဝသေန၊ ရှေ့အဘို့ ဟူသော ဥပါဒ်အပိုင်းအခြား, နောက်အဘို့ ဟူသော ဘင်အပိုင်းအခြား၏ အစွမ်းဖြင့်။ ပရိစ္ဆေဒါဘာဝတော၊ အပိုင်းအခြား၏ မရှိခြင်းကြောင့်။ (ဂဟဏံ သိယာ၌စပ်) နိဿယ၌ "ယတော"စသော အနိယမကို ရှေးဦးစွာ ပေး၍ "အပရိစ္ဆေဒံ" ၌ "တံ အပရိစ္ဆေဒံ" ဟုနိယမထည့်၍ ပေးရသည်။

၃။ ဧတ္ထာပိ။ပေ။ဒဠှံ။ ။ဧတ္ထာပိ အပိဖြင့်ရှေ့၌"ဥပ္ပတ္တိယာပစ္စယဘာဝေါ စေတ္ထ အနန္တရပစ္စယာဒီနံ ပါကဋ္ဌောတိ ဥပ္ပါဒါနုသမတ္ထတာဝ ဝုတ္တာ" စသည်

ပစ္စယဘာဝေန၊ အကြောင်း၏ အဖြစ်ဖြင့်။ ဝါ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ဖြင့်။ ဒွိတိယာပိ၊ တည်ခြင်း၏လည်း။ ဝါ၊ ၄ာလည်း။ ပစ္စယဘာဝံ၊ အကြောင်း၏အဖြစ်ကို။ ဝါ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကို။ (သင်္ဂဟ ကာရော။) နိဒဿေတိ၊ ညွှန်ပြ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ။ ပန၊ ထိုသို့ပင် ပစ္စ ယုပ္ပန်တရားတို့ကို ဖြစ်စေသည်၏အဖြစ်ဖြင့် ကျေးဇူးပြုပါသော်လည်း။ ပစ္စ ယုပ္ပန္နာနံ၊ တို့ကို။ (ဥပကာရကတာ၌စပ်) ဝါ၊ တို့အား။ (ပေးရိုးပေးစဉ်) သဟဇာတတာဘာဝေန၊ အတူတကွဖြစ်စေသည်၏အဖြစ်ဖြင့်။ ဥပကာရကတာ၊ လျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်သည်၏အဖြစ်သည်။ သဟဇာတပစ္စယ တာ၊ သဟဇာတပစ္စည်း၏အဖြစ်တည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။

အတ္တနော၊ မိမိကို။ ဝါ၊ အား။ ဥပကာရကဿ၊ လျော်သောဂုဏ်ကျေး ဇူးကိုပြုတတ်သောတရားကို။ ဝါ၊ အား။ ဥပကာရကတာ၊ လျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်သည်၏အဖြစ်သည်။ အညမညပစ္စယတာ၊ အညမည ပစ္စည်း၏အဖြစ်တည်း။ စ၊ ဆက်။ ဥပကာရတာ၊ ကို။ အညမညတာဝသေ နေဝ၊ အညမညအဖြစ်၏ အစွမ်းဖြင့်သာ။ ဒဋ္ဌဗ္ဗာ၊ ၏။ သဟဇာတတာဒိဝသေန၊ သဟဇာတ၏အဖြစ် အစရှိသည်တို့၏ အစွမ်းဖြင့်။ န (ဒဋ္ဌဗ္ဗာ)၊ ထိုက်။

ဖြင့် ဆိုအပ်ခဲ့သော စကားကို ပေါင်းသည်။ ဤ သဟဇာတပစ္စည်း၌လည်း "သဟုပ္ပါဒနဘာဝေန" ဟူသောစကားသည် ဖြစ်စေဘို့ရန် ကျေးဇူးပြုခြင်းက ထင်ရှားသောကြောင့် ဆိုအပ်သော စကားဖြစ်၏။ ထိုစကားကို နိဒဿနနည်း ဟုယူ၍ "တည်ဘို့ရန်လည်း ကျေးဇူးပြုခြင်းကို ညွှန်ပြသော စကား"ဟု မှတ် ပါ။ [ရှေ့စကား၌ "ဥပ္ပါဒန သမတ္ထတာဝ" ကို ထောက်၍ ဤ၌လည်း "သဟုပ္ပါဒနဘာဝေန"ဟုရှိမှ ရှေ့စကားနှင့်ညီသည်။]

၁။ **သဟဇာတဘာဝေန။** ။သဟုပ္ပါဒန၊အတူတကွ ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေနိုင်သော သတ္တိကို သဟဇာတဟု ဆိုသော်လည်း အတူတကွဖြစ်စေနိုင် ခြင်းသည် လိုရင်းမဟုတ်။ ပုရေဇာတကဲ့သို့ ရှေ့ကလည်းမဖြစ်၊ ပစ္ဆာဇာတကဲ့သို့ နောက်မှလည်း မဖြစ်ဘဲ သဟဇာတ (အတူတကွဖြစ်သည်၏ အဖြစ်ဖြင့်) ကျေးဇူးပြုနိုင်သော သတ္တိကိုသာ သဟဇာတပစ္စယသတ္တိ ဟုခေါ်ရသည်။

[အာဒိဖြင့် နိဿယ အတ္ထိ အဝိဂတ အစရှိသည်တို့ကို ယူပါ။] ဟိ၊ မှန်။ သဟဇာတာဒိပစ္စယော၊ သည်။ ဟောန္တေဝယေဝ၊ ဖြစ်လျက်ပင်။ ကောစိ၊ အချို့သောပစ္စည်းသည်။ အညမညပစ္စယော၊ သည်။ နဟောတိ၊ မဟုတ်။ [ဥပမာ၊ မဟာဘုတ် ၄-ပါးသည် ဥပါဒါရုပ်အား သဟဇာတပစ္စည်းဖြစ်၏။ သို့သော် အညမညပစ္စည်းကား မဖြစ်သကဲ့သို့တည်း။] စ၊ ဆက်၊ ပုရေဇာတ ပစ္ဆာဇာတဘာဝေဟိ၊ ပုရေဇာတ၏အဖြစ် ပစ္ဆာဇာတ၏ အဖြစ်တို့ဖြင့်။ ဥပကာရကဿ၊ ကို။ ဝါ၊ အား။ ဥပကာရကာ၊ လျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်ကုန်သော။ ဝတ္ထုခန္ဓာ၊ ၆-ပါးသော ဝတ္ထု, နာမက္ခန္ဓာတို့သည်။ အညမညပစ္စယာ၊ တို့သည်။ နဟောန္တိ၊ ကုန်။ ဣတိ၊ အပြီးတည်း။ [ရှေးရှေး၌ ဖြစ်သော ဝတ္ထုရုပ် ၆-ပါး ပစ္စည်းတရားတို့သည် နောက်နောက်၌ဖြစ်သော စက္ခုဝိညာဉ်စသော ပစ္စယုပ္ပန်တရားတို့အား ပုရေဇာဘသတ္တိဖြင့် ကျေးဇူး ပြုကြသော်လည်း အညမညသတ္တိဖြင့်ကား ကျေးဇူးမပြုကြ, နောက်နောက်၌ ဖြစ်သော နာမက္ခန္ဓာ ပစ္စည်းတရားတို့သည် ရှေးရှေး ကာယပစ္စယုပ္ပန်တရား အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကြ သော်လည်း အညမညသတ္တိဖြင့် ကား ကျေးဇူးမပြုကြ။]

ပဝဝိ၊ မြေကြီးသည်။ တရုအာဒီနံ၊ သစ်ပင်အစရှိသည်တို့၏။ (အဓိဋ္ဌာနာ၊ တည်ရာသည်။) (ဟောတိ) ဝိယ၊ ကဲ့သို့။ (တထာ၊ တူ။) အဓိဋ္ဌာနာကာရေန[1]၊ တည်ရာ၏အဖြစ်ဟူသော အခြင်းအရာအားဖြင့်။ ပထဝီဓာတု၊ သည်။ သေသ ဓာတူနံ၊ ကြွင်းသော ဓာတ်တို့ကိုရင်း။ ဝါ၊ တို့အားရင်း။ စက္ခာဒယော၊ စက္ခုအစရှိသော ဓာတ်တို့သည်။ စက္ခုဝိညာဏာဒီနံစ၊ စက္ခုဝိညာဉ် အစရှိ

၁။ အဓိဋ္ဌာနာ ကာရေန။ ။ "အာဓာရာကာရေန၊ တည်ရာ၏ အဖြစ် ဟူသောအခြင်းအရာအားဖြင့်" ဟု အနုဋီကာဖွင့်၏။ အာဓာရာကာရ ဟူသည် ထိုပစ္စယုပ္ပန်တရားတို့၏ အလွန်အကဲနှင့်တကွ ထိုပစ္စည်းတရား၌ ဆက်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်တည်း။ ယတော ဘူတာနိ အနိဒ္ဒိသိတဗ္ဗဋ္ဌာနာနိ ဝုစ္စန္တိ။ ယင်းကဲ့သို့ အာဓာရဟူသည် (တကယ်တည်နေရာ မဟုတ်ဘဲ) ဆက်စပ် သော ဖြစ်ခြင်းရှိမှုကို ဆိုလိုခြင်းကြောင့် မဟာဘုတ်တို့ကို မည်သည့် မဟာဘုတ် ပေါ်၌တည်၏ ဟုညွှန်ပြအပ်သော အရပ်မရှိကြဟု ဆိုအပ်ကုန်၏။ ဆိုလိုရင်း ကား "စက္ခုပသာဒ၌ စက္ခုဝိညာဉ်မှီ၏ ဟုဆိုရာ၌လည်း စက္ခုဝိညာဉ်က စက္ခု

သော ဓာတ်တို့ကိုရင်း။ ဝါ၊ တို့အားရင်း။ ဥပကာရကာ၊ လျော်သောဂုဏ်ကျေးဇူးကို ပြုတတ်ကုန်၏။ ပဋ္ဌာဒယော၊ အရုပ်ရေးဘို့ရာ ကားပေါင်အဝတ် အစရှိသည်တို့သည်။ စိတ္တကမ္မဿ၊ ဆန်းကြယ်စွာ ပြုလုပ်အပ်သော ပန်းချီဆေးရေးရုပ်၏။ (နိဿယာ၊ မှီရာတို့သည်'၊) (ဟောန္တိ)ဝိယ၊ ကဲ့သို့။ (တထာ၊ တူ။) နိဿယာကာရေန၊ မှီရာ၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့်။ ခန္ဓာဒယော၊ ခန္ဓာအစရှိသော တရားတို့သည်။ တံတံနိဿယာနံ၊ ထိုထိုမှီရာရှိကုန်သော။ခန္ဓာဒီနံ၊ ခန္ဓာအစရှိသောတရားတို့ကို၊'ဝါ၊ တို့အား။ (ဥပကာရကာ၊ ကုန်၏။)

တဒဓိနဝုတ္တိတာယ အတ္တနော ဖဿေန နိဿိတာဘာတိ၊ ဟူသောပါဌ်ဖြင့်။ ယံ ကိဉ္စိ ၊ အမှတ်မရှိ ကြွင်းမဲ့ဥဿုံအလုံးစုံသော။ ကာရဏံ အကြောင်းကို။

ပသာဒအပေါ်မှာ ပူးကပ်၍မှီနေသည်ဟု မဆိုလို။ စက္ခုပသာဒမရှိလျှင် စက္ခုဝိညာဉ်မဖြစ်နိုင်သောကြောင့် စက္ခုဝိညာဉ်ဖြစ်ဘို့ရန် စက္ခုပသာဒက အားကြီးသော မှီရာအကြောင်းဖြစ်သည်ဟု ဆိုလိုသည်။

ဟဒယဝတ္ထုကို မနောဓာတ် မနောဝိညာဏဓာတ်တို့က မှီသည်ဟု ဆိုရာ၌လည်း ဤအဓိပ္ပါယ်ပင်တည်း။ မှန်၏- ပုံသဏ္ဌာန်မရှိသော နာမ်တရားတို့သည် မည်သည့်အရပ်၌ ဖြစ်ကြ၏ဟုဆိုဘို့ရာ အရပ်ဒေသလည်း မရှိကြသောကြောင့် တည်ရာဝတ္ထုရုပ်တို့နှင့် ဆက်စပ်၍ ဖြစ်ရခြင်းမှတပါး အခြားသော တည်ရာဒေသ မရှိနိုင်ပါ။ [န ဟိ ယထာဝုတ္တံ တဒဓိနဝုတ္တိယာ ဝိသေသံ မုဉ္စိတွာ အညော စက္ခာဒိသု အဒေသကာနံ အရူပဓမ္မာနံ၊ (မည်သည့်အရပ်၌ ဖြစ်၏ဟုဆိုဘို့ရာ အရပ်ဒေသ မရှိကုန်သော နာမ်တရားတို့၏။) အဓိဋ္ဌာနာကာရော သမ္ဘဝတိ၊-အနု။]

ဥပမာ "ဆရာသမား အရှင်သခင် အမိအဖတို့ကို မှီခိုရသဖြင့် တပည့် မင်းခစားယောကျ်ား သား သမီးများ ကြီးပွားကြသည်" ဟုဆိုရာ၌ ဆရာသမား စသူတို့၏ အထောက်အပံ့ အရှိန်အဝါ ဩဝါဒကြောင့် တပည့် စသူတို့ ကြီးပွားရသည်ကိုပင် ဆရာသမား စသူတို့ကို မှီသည်ဟု ဆိုရသကဲ့သို့တည်း။ [တံ နိဿယတာ စဿ ကေဒေသေန အလ္လီယနဝသေန နံ ဣစ္ဆိတဗ္ဗာ။ (ကသ္မာ) အရူပဘာဝတော၊ အထခေါ ဂုရုရာဇာဒိသု သိဿရာဇပုရိသာဒီနံဝိယ တပ္ပဋိဗဒ္ဓဝုတ္တိတာယ၊-ဓာတုဝိဘင်း အနုဋီကာ, အဘိဓမ္မာဘာဇနီယအဖွင့်။]

၁။ ယံ ကိဉ္စိ။ပေ။နိဒ္ဒါရေတိ။ ။"တဒဓိနဝုတ္တိတာယ အတ္တနော ဖဿေန နိဿိတော" ဟူသော စကားကို ကောက်ချက်ချလျှင် ဆိုင်ရာအကျိုးတရား၏

နိဿယောတိ၊ ဟူ၍။ (သင်္ဂဟ.ဋီကာရော)ဝဒတိ၊ ၏။ တတ္ထ၊ ထိုအလုံးစုံသော အကြောင်းတို့တွင်။ ယော၊ အကြင်အကြောင်းသည်။ ဘုသော၊ အားကြီး ၏။ သောထို၊ အားကြီးသော အကြောင်းကို။ ဥပနိဿယောတိ၊ ဟူ၍။ (သင်္ဂဟဋီကာရော) နိဒ္ဒါရေတိ၊ ထုတ်ပြ၏။ (အကြောင်း ဟူသမျှတို့တွင် အားကြီးသော အကြောင်းကိုမှ ဥပနိဿယ ခေါ်သည်ဟု ခွဲခြား၍ ထုတ် ပြသည်)။

ပကတောတိဧတ္ထ၊ ဟူသော ဤပါဌ်၌။ ပ-ကာရော၊ ပ-အက္ခရာသည်။ ဥပသဂ္ဂေါ၊ တည်း။ သော၊ ထို ပ-ဥပသာရသည်။ အတ္တနော၊ မိမိဟူသော အကြောင်းပစ္စည်းတရား၏။ဖလဿ၊ အကျိုးပစ္စယုပ္ပန်တရားကို။ ဥပ္ပါဒနေ၊ ဖြစ်စေခြင်း၌။ သမတ္ထဘာဝေန၊ စွမ်းနိုင် သည်၏ အဖြစ်ဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ ကတတံ၊ ပြုအပ်ပြီး၏အဖြစ်ကို။ ဒီပေတိ၊ ၏။ စ၊ ဆက်။ တထာ၊ ထိုမိမိ၏အကျိုးကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့်။ (တနည်း) တထာ၊ ထိုဖြစ်စေခြင်း မှိုဝဲခြင်းဟူသော အခြင်းအရာအားဖြင့်။ ကတံ၊ ပြုအပ်သောပစ္စည်းတရားသည်။ အတ္တနော၊ မိမိ၏။ သန္တာနေ၊ သန္တာန်၌။ ဝါ၊ ခန္ဓာအစဉ်၌။ ကတံ၊ ပြုအပ်သည်။ ဟောတိ။ဣတိ၊ကြောင့်။ အတ္တနောသန္တာနေတိ၊ ဟူ၍။ (သင်္ဂဟဋီကာရော) အာဟ။ စ၊ ဆက်။ ကရဏံ၊ ကရဏဟူသည်။ (ပကတ၌ ကတ အရ ကရဏ ဟူသည်။) နိပ္ဖါဒနံ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်စေခြင်းငှင်း။ဥပသေဝနံစ၊ ဗဟိဒ္ဓ သန္တာန်၌ မှိုဝဲခြင်းငှင်း။ ဣတိ၊ သို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ ဣတိ၊ ဤ အနက်ကို။ ဒဿေတုံ၊ ငှာ။ နိပ္ဖါဒိတော ဝါတိအာဒိံ၊ အစရှိသော စကား ကို။ (သင်္ဂဟဋီကာရော) အာဟ။

[နိပ္ဖါဒိတ ဥပသေဝိတ ၂-မျိုးရှိသော်လည်း မိမိသန္တာန်၌ ဖြစ်စေ ပုံမှာ ထင်ရှားသောကြောင့် မထင်ရှားသော ဥပသေဝိတကိုသာ ချဲ့ပြလို၍

မှီအပ်သော အကြောင်းဟူသမျှကို နိဿယခေါ်နိုင်သည်ဟု ဆိုလို၏။ ထို နိဿယမည်သော အကြောင်းဟူသမျှတို့တွင် "ယော ဘုသော၊ တံ ဥပနိဿ ယော" ပါဌ်ဖြင့် "အားကြီးသော အကြောင်းကိုမှ ဥပနိဿယ ခေါ်နိုင်၏" ဟုနိဿယ သာမညမှ ဥပနိဿယကို ခွဲခြား၍ ထုတ်ပြသည်။ တတ္ထာတိ နိဒ္ဒါ ရဏော ဘုမ္မံ၊-အနု။]

တတ္တ စသည်မိန့်။] တတ္တ၊ ထိုနိပ္ဖါဒိတောဝါ အစရှိသော စကားရပ်၌။ ဥပသေဝိတောဝါတိ စေတေန၊ ဟူသော ဤပါဌ်ဖြင့်။ ကာယအလ္လိယာပနဝသေန၊ ကိုယ်၌ငြိကပ်စေခြင်း၏ အစွမ်းဖြင့်။ ဥပဘောဂူပသေဝနံ၊ အသုံးအဆောင်၏ အဖြစ်ဖြင့် မှီဝဲခြင်းကိုရင်း။ ဝိဇာနနာဒိဝသေန၊ သိခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်။ [အာဒိဖြင့် သဉ္ဇာနန အနုဘဝန အဘိသမ်ရဏ တို့ကို ယူပါ။] အာရမဏူပသေဝနဉ္စ၊ အာရုံပြုသောအားဖြင့်မှီဝဲခြင်းကိုရင်း။ ဒဿေတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ။ [ဥတုဘောဇန စသည်တို့သည် ကာယအလ္လိယာပနသေဝနတည်း။ ပုဂ္ဂလစသည် တို့ကား ဝိဇာနန၏အစွမ်းဖြင့် အာရမဏူပသေဝနတည်း။] တေန၊ ထိုသို့သဘောရှိသော အကြင်အကြင်ဆိုအပ်ပြီးသော ဥပသေဝိတ နှစ်ပါး၏ ပကတမည်သည်၏ အဖြစ်ကြောင့်။ အာရမဏူပသေဝ နေန၊ မှန်းမြော်၍ အာရုံပြုခြင်းဟူသော မှီဝဲခြင်းအားဖြင့်။ ယထာပဋ္ဌိသေဝိတာနံ၊ အကြင်အကြင်မှီဝဲအပ်ပြီးကုန်သော။ အနာဂတာနမ္ပိ၊ အနာဂတ်လည်းဖြစ်ကုန်သော။ (ပိဖြင့် အတိတ်ပစ္စုပ္ပန်တို့ကိုပေါင်း) စက္ခုသမ္ပဒါဒီနံ၊ စက္ခုပသာဒ၏ ပြည့်စုံခြင်းအစရှိသည်တို့၏။ ပကတူပနိဿယတာ၊ ပကတူပနိဿယပစ္စည်း၏ အဖြစ်သည်။ ဝါ၊ ကို။ ဝုတ္တာ၊ သည်။ ဟောတိ။ [နောက်နောက်ဘဝ၌ စက္ခုပသာဒ စသည်တို့နှင့် ပြည့်စုံအောင် ယခုဘဝမှာ ဆိမီးလှူခြင်းစသော ဒါနကိုပြုရာ၌ အနာဂတ် စက္ခုပသာဒသည် ပကတူပနိဿယပစ္စည်း ဖြစ်၏။]

ပစ္ဆာဇာတေန၊ ပစ္ဆာဇာတပစ္စည်းနှင့်။ ဝိနာ၊ ကင်း၍။ ဝါ၊ ကင်းသည်ရှိသော်။ သန္တာနာဝိစ္ဆေဒ ဟေတုဘာဝံ၊ ရုပ်အစဉ်၏ မပြတ်စဲခြင်း၏ အကြောင်း၏အဖြစ်သို့။ အဂစ္ဆန္တာနံ၊ မရောက်ကုန်သေးသော။ ဓမ္မာနံ၊ ရုပ်တရားတို့ကို။ ဝါ၊ တို့အား။ ယေ၊ အကြင် စိတ် စေတသိက်တရားတို့သည်။ ပစ္ဆာဇာတကာရေန၊ နောက်၌ဖြစ်သည်၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့်။ ဥပကာရကာ၊ လျော်သောဂုဏ်ကျေးဇူးကို ပြုတတ်ကုန်၏။ တေသံ၊ ထိုစိတ်စေတသိက်တရားတို့၏။ (ဥပကာရကတာ ၌စပ်) ဝိပ္ပယုတ္တာကာရာဒီဟိ၊ ဝိပ္ပယုတ္တ၏ အဖြစ်ဟူသော အခြင်းအရာအစရှိသောသတ္တိတို့မှ။ သိဝိဋ္ဌာ၊ ထူးသော။ သာ ဥပကာရကတာ၊ ထိုလျော်သောဂုဏ်ကျေးဇူးကို

ပြုတတ်ကုန်သည်၏ အဖြစ်သည်။ ပစ္ဆာဇာတပစ္စယတာ ၊ ပစ္ဆာဇာတ ပစ္စည်း၏အဖြစ်သည်။ (ဟောတိ) ယထာ၊ ကဲ့သို့။ တထာ၊ တူ။ နိဿယာ ရမဏာကာရာဒိဟိ၊ နိဿယ၏အဖြစ်, အာရမဏ၏အဖြစ်ဟူသော အခြင်း အရာအစရှိသော သတ္တိတို့မှ။ ဝိသိဋ္ဌာ၊ သော။ ပုရေဇာတဘာဝေန၊ ပုရေ ဇာတပစ္စည်း၏အဖြစ်နှင့်။ ဝိနာ၊ ၍။ ဝါ၊ သော်။ ဥပကာရကဘာဝံ၊ သို့။ အဂစ္ဆန္တာနံ၊ကုန်သော။ ဝတ္ထာရမဏာနံ၊ ၆-ပါးသောဝတ္ထု ပစ္စုပ္ပန်နိပ္ဖန္နရုပ် ဟူသော အာရုံတို့၏။ပုရေဇာတာကာရေန၊ ရှေး၌ဖြစ်သည်၏အဖြစ်ဟူသော အခြင်းအရာ အားဖြင့်။ ဥပကာရကဘာ၊ သည်။ ပုရေဇာတပစ္စယတာ၊ ပုရေဇာတပစ္စည်း၏အဖြစ်တည်း။ ဧဝံ၊ သို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်း ဖြင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော ပစ္စယုဒ္ဒေသ၌။ ပစ္စယာနံ၊ တို့၏။ ပစ္စယန္တရာ ကာရဝိသိဋ္ဌာ၊ ပစ္စည်းတပါး၏ အခြင်းအရာဟူသောသတ္တိမှ ထူးခြားသော။ ဥပကာရကတာ၊ ကို။ ယောဇေတဗ္ဗာ၊ ၏။

၁။ ယထာ။ပေ။ပစ္ဆာဇာတပစ္စယတာ။ ။ပစ္ဆာဇာတပစ္စည်း၏ သဘော ကို "နောက်မှဖြစ်သော စိတ် စေတသိက်တို့က ရှေးဦးစွာ ဖြစ်နှင့်သော ရုပ် အပေါင်းအား ကျေးဇူးပြုသည်"ဟု အကြမ်းအားဖြင့် သိနှင့်ပါ။ ထိုပစ္ဆာ ဇာတသတ္တိဖြင့် ကျေးဇူးပြုရာ၌ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းလည်း ပါ၏။ ပစ္ဆာ ဇာတတ္ထိ, ပစ္ဆာဇာတ အဝိဂတတို့လည်း ပါ၏။ ထိုဝိပ္ပယုတ္တ အတ္ထိ အဝိဂတတို့၏ သတ္တိမှ ထူးခြားသော သတ္တိသည် ပစ္ဆာဇာတပစ္စယသတ္တိ ဖြစ်သကဲ့သို့၊ ထို့အတူ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုရာ၌လည်း ပုရေဇာတနိဿယ၌ နိဿယသတ္တိ, အာရမ္မဏပုရေဇာတ၌ အာရမ္မဏသတ္တိတို့နှင့် မတူဘဲ ပုရေဇာတ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သတ္တိကို "ပုရေဇာတပစ္စယသတ္တိ"ဟု ဆိုရသည်။

အနုဋီကာ–ဥဘယေသု၊ (ပုရေဇာတ ပစ္ဆာဇာတဟူသော နှစ်ပါးသော ပစ္စည်းတို့၌။) ဥဘယေသံ ပစ္စယာကာရာနံ လက္ခဏတော သင်္ကရာဘာဝံ (ဝိပ္ပယုတ္တ အတ္ထိ အဝိဂတတို့နှင့် တရားကိုယ် အားဖြင့် တူနေသော်လည်း သဘောလက္ခဏာ ဟူသောသတ္တိအားဖြင့် ရောယှက်ခြင်း မရှိသည်၏အဖြစ်ကို။) ဒဿေတုံ ဝိပ္ပယုတ္တာကာရာဒိဟိ ဝိသိဋ္ဌာ နိဿယာရမဏာကာရာဒိဟိ ဝိသိဋ္ဌာတိစ ဝုတ္တံ။

ဂဗ္ဘပေါတကသရီရာနံ အာဟာရသာစေတနာဝိယာတိဧတေန၊ဟူသော ဤပါဌ်ဖြင့်။ မနောသဉ္စေတနာဟာရဝသေန၊ မနောသဉ္စေတနာဟာရနှင့် စပ်သဖြင့်။ ပဝတ္တမာနေဟိ[၁]၊ ကုန်သော။ အရူပဓမ္မေဟိ၊ စိတ်စေတသိက် ဟူသော နာမ်တရားတို့သည်။ ရူပကာယဿ၊ ဥပါဒ်ပြီးနောက် ဌီသို့ရောက် သော ရုပ်အပေါင်း၏။ ဝါ၊ ကို။ ဥပထမ္ဘိတဘာဝံ၊ ထောက်ပံ့အပ်သည်၏ အဖြစ်ကို။ ဒဿေတိ။ တေနေဝ၊ ထိုသို့ မနောသဉ္စေတနာဟာရ၏ အစွမ်း ဖြင့် ကျေးဇူးပြုကုန်သည်၏ အဖြစ်ကြောင့်ပင်။ [တေနေဝါတိ စေတနာ ဟာရဝသေန ဥပကာရကတ္တာဧဝ၊-အနု။] အာဟာရသာဝိယာ-တိ၊ ဟူ၍။ အဝတွာ၊ ၍။ စေတနာဂဟဏံ၊ စေတနာသဒ္ဒါကို ယူခြင်းကို။ (သင်္ဂဟ ကာရော) ကရောတိ။

ကုသလာဒိဘာဝေန[၂]၊ ကုသိုလ်အစရှိသည်ဘို့၏ အဖြစ်ဖြင့်။ အတ္တနာ၊ မိမိနှင့်။ သဒိသဿ၊ တူသော။ ပယောဂေန[၃]၊ လုံ့လပယောဂဖြင့်။ ကရဏီ

၁။ မနော။ပေ။ပဝတ္တမာနေဟိ။ ။စေတနာကို ပဓာနနည်း အားဖြင့် ပြသော်သည်း စေတနာနှင့် သမ္ပယုတ်ဖြစ်သော စိတ် စေတသိက် နာမ်ဘာရား တို့ကပါ ထိုရူပကာယကို ထောက်ပံ့နိုင်သည်၏ အဖြစ်ကိုပြ၏။ [မနောသဉ္စေ တနာဟာရဝသေန ပဝတ္တမာနေဟီတိ ဣမိနာ စေတနာယ သမ္ပယုတ္တဓမ္မာ နမ္ပိ တဒနုဂုဏံ၊ (ထိုစေတနာအားလျော်သောဂုဏ်ရှိသည်ဖြစ်၍။) အတ္တနော ပစ္စယုပ္ပန္နေသု ပဝတ္တိံ ဒါဟ၊-အနု။]

၂။ ကုသလာဒိ။ပေ။သဒိသဿ။ ။ကုသလာဒိ၌ အာဒိဖြင့် အကုသိုလ် အဗျာကတတို့ကို ယူပါ။ "ပစ္စယုပ္ပန်တရားကို အပန်ဖန်ပြုနိုင် ဖြစ်စေနိုင်"ဟု ဆိုသော်လည်း မိမိနှင့်ကုသိုလ်ချင်း အကုသိုလ်ချင်း အဗျာကတချင်း တူမှသာ အပန်ဖန်ပြုနိုင် ဖြစ်စေနိုင်သည်။ ဤစကားဖြင့် "ဇာတ်ချင်းမတူသောတရားကို အပန်ဖန် မပြုနိုင် မဖြစ်စေနိုင်"ဟု ကန့်သည်။

၃။ ပယောဂေန ကရဏီယဿ။ ။ဝိပါက်တရားတို့သည် ရှေးကံကြောင့် ဖြစ်ကြရ၏။ ဝိပါက် ဖြစ်အောင် တစုံတခု ပယောဂဖြင့် ပြုလုပ်၍မဖြစ်။ ထို့ကြောင့် ဤပယောဂေန ကရဏီယဿ ပါဌ်ဖြင့် ဘဝင်စသော ဝိပါက် တရားတို့ကို နစ်စေသည်။ [ပယောဂေန ကရဏီယဿာတိ ဧတေန ဘဝင်္ဂါ ဒယော နိဝတ္တေတိ၊-မဓု။ ဘဝင်္ဂါဒိ၌ အာဒိဖြင့် အခြားဝိပါက်တို့ကိုယူပါ။]

ယသာ၊ ပြုထိုက်သော ပစ္စယုပ္ပန်တရားကို။ ပုနပ္ပုနံ၊ အဖန်ဖန်။ ကရဏံ၊ ပြုခြင်းသည်။ ပဝတ္တနံ၊ ဖြစ်စေခြင်းသည်။ အာသေဝနဋ္ဌော၊ အာသေဝန၏ သဘောမည်၏။ ဝါ၊ အဋ္ဌကထာနည်းမှတနည်းကား။ အတ္တသဒိသဿ၊ ပစ္စည်းဟူသောမိမိနှင့်တူသော ပစ္စယုပ္ပန်တရားကို။ အတ္တသဒိသဘာဝတာ ပါဒနံ၊ မိမိနှင့်တူသော သဘောရှိသည်၏အဖြစ်သို့ရောက်စေခြင်းဟူသော။

အနုဋီကာ။ ။အနုဋ္ဌိကား "ပယောဂေန ကရဏီယဿာတိ ဧတေန၊ ဤပါဌ်ဖြင့်။ ဘိန္နဇာတိကံ၊ ပြားသော ဇာတ်ရှိသောတရားကို။ တာဒိသံ၊ ထိုကဲ့သို့ အားရှိအောင်။ ပယောဂေန ကာတုံ န သက္ကာ။ တံ၊ ထိုဘိန္နဇာတိက တရားကို။ နိဝတ္တေတိ"ဟု ဆို၏။

၁။ ပုနပ္ပုနံကရဏံ ပဝတ္တနံ။ ။အကြိမ်များစွာ ဖြစ်ရာအခါ၌ နောက်နောက်ဇောကို ရှေးရှေးဇောက အားရှိအောင် ပြုခြင်းဟူသော အာသေဝန သဘောသည် ထင်ရှား၏။ ထို့ကြောင့် "ပုနပ္ပုနံ ကရဏံ ပဝတ္တနံ" ဟုဆိုသည်။ အာသေဝနပစ္စယသတ္တိကား ဇောတပါးလျှင် တကြိမ်သာ ဖြစ်နိုင်သည်။ [အနေကဝါရံ ပဝတ္တိယာ အာသေဝနဋ္ဌဿ ပါကဋဘာဝေါတိ ကတွာ ဝုတ္တံ ပုနပ္ပုနံ ကရဏန္တိ၊ ဧကဿ ပန ပစ္စယဓမ္မဿ ဧကဝါရမေဝ ပဝတ္တိ၊ အနု။]

၂။ အတ္တသဒိသဿ ။ပေ။ ဝါသနံ ဝါ။ ။ဤ နည်းကား အဋ္ဌကထာမှ တနည်းဖွင့်သော ဋီကာဆရာ၏ စကားတည်း။ ဤဝါကျ၌ အနုဋီကာ အဖွင့် အတိုင်း "အတ္တသဒိသဿ အတ္တသဒိသဘာဝတာပါဒနံ ဝါသနံ ဝါ"ဟု ပါဌ်မှန်ရှိပါစေ။ ရှေးနိဿယ၌လည်း အနုဋီကာ အဖွင့်အတိုင်းပင် ပါဌ်ရှိသည်။

၂။ အတ္တသဒိသဿ ! ။အတ္တသဒိသဟူသည် ရှေးနည်း၌ကဲ့သို့ ကုသလာဒိ ဘာဝအားဖြင့် သဒိသဖြစ်ရုံမျှမဟုတ်။ "အရူပဓမ္မသာရမ္မဏတာ သက္ကကာတ္တာဒိ ဘာဝေဟိ အတ္တနာ သဒိသဿ" ဟု အနုဖွင့်သည့်အတိုင်း နာမ်တရားချင်းလည်းတူ, သာရမ္မဏချင်းလည်းတူ, သက္ကတရားချင်း, ကဏှတရားချင်းလည်း တူသော ပစ္စယုပ္ပန်တရားကို ယူပါ။ ဤအတ္တသဒိသဿသည် ပစ္စယုပ္ပန်တရား၏ ဝိသေသနတည်း။ [ဣဒံ ပစ္စယုပ္ပန္နဝိသေသနံ၊-အနု။]

၃။ အတ္တသဒိသဘာဝတာပါဒနံ။ ။ဤဝိသေသနသည် ပစ္စည်းတရား၏ ဝိသေသနတည်း။ [ဣဒံ ပန ပစ္စယဘာဝ ဝိသေသနံ၊-အနု။] "မိမိနှင့် တူသော သဘောရှိသည်၏ အဖြစ်သို့ ပစ္စယုပ္ပန်တရားကိုရောက်စေခြင်း"ဟူရာ၌ ဇာတ်ချင်းမတူမှုသာ ဝိသဒိသဟုဆိုလိုသည်။ ဘုံချင်းမတူသော်လည်း ကာမာ

ဝါသနံ၊ ထုံသကဲ့သို့ဖြစ်ခြင်းသည်။ (အာသေဝနဌေ၊ ၏။) ဂန္ထာဒီသု' ပုရိမာပုရိမာဘိယောဂေါဝိယာတိ (ဌေ)၊ ဟူသော ဤအဋ္ဌကထာပါဌ်၌။ ပုရိမာပုရိမာ၊ ရှေး၌ဖြစ် ရှေး၌ဖြစ်သော။ အာသေဝနာဝိယ၊ ထုံမွမ်းခြင်း ကဲ့သို့။ (ဥပကာရကော၊ သည်။ ဟောတိ။) ဣတိ(အယံ)၊ ကား။ အဓိပ္ပါယော၊ ဒုတိယဝိကပ် အလိုတည်း။

စိတ္တပ္ပယောဂေါ၊ စိတ်၏ပယောဂဗျာပါရ ဟူသည်။ စိတ္တကိရိယာ၊ စိတ်၏ထူးခြားသော အမှုအရာတည်း။ အာယူဟနံ၊ အားထုတ်ခြင်းတည်း။

ဝစရဖြစ်သော ပရိကံ ဉ၁စာ အနုလုံ ဂေါတြဘုဇောတို့တွင် ဂေါတြဘုဇော သည် မဟဂ္ဂုတ်ဈာန်ဇော, လောကုတ္တရာမဂ်ဇောတို့အား အာသေဝနသတ္တိ ဖြင့် ကျေးဇူးပြုနိုင်သည်သာ။

၁။ ဝါသနံ။ ။"ဝါသံ ဂါဟာပနံ" ဟု အနုဋ္ဌင့်၏။ သို့သော် ရှေးရှေး ဇောက နောက်နောက်ဇောအားအားရှိအောင် တကယ်ထုံစေနိုင်သည်မဟုတ်။ ထုံစေသကဲ့သို့ဖြစ်ခြင်းကို "ထုံစေခြင်း" ဟုဆိုထားသည်။ [ဣစ ပန ဝါသနံ ဝိယာတိ ဝါသနံ၊ ဘာဝနန္တိ အတ္ထော၊-အနု။]

၂။ ဂန္ထာဒီသု။ပေ။အဓိပ္ပါယော။ ။အဋ္ဌကထာ၌ပြအပ်သော ဥပမာ ကိုလည်း ဤဝါသနတ္ထအတွက် "ပုရိမာ ပုရိမာ ဘိယောဂေါဝိယ"၌ "ပုရိမာ ပုရိမာ အာသေဝနာ" ဟု အဓိပ္ပါယ်မှတ်ပါ-ဟူလို။ ဤသို့ အဓိပ္ပါယ်ယူသော အခါ ဉပမာမတ္တမဟုတ်။ ဥဒါဟရဏ်သဘ်ာသည်းဆောက်သည်ဟု အနုဋီကာ ဆို၏။ "ဂန္ထာဒီသု ပုရိမာပုရိမာ အာသေဝနာ" ဟုဆိုသော်လည်း သုတ္တန် နည်းအားဖြင့်သာ အာသေဝနဖြစ်နိုင်သည်။ အဘိဓမ္မာ နည်း အားဖြင့်ကား မဖြစ်နိုင်ပါ။ [ဂန္ထာဒီသူတိ ဂန္ထသိပ္ပါဒီသု၊ ဝိသယေ စေတံ ဘုမ္မံ၊ နနိဒ္ဒါရဏေ၊ တေန ဂန္ထသိပ္ပါဒိဝိသယာ ပုရိမသိဒ္ဓါ အဇ္ဈယနာဒိကိရိယာ ဂန္ထာဒီသု ပုရိမာ ပုရိမာဘိ ဝုတ္တာ။ သာ ပန အာသေဝနာကာရာ ဣစ ဥဒါဟရဏဘာဝေန အဓိပ္ပေတာဘိ အာဟ ပုရိမာ ပုရိမာ အာသေဝနာဝိယာတိ အဓိပ္ပါယောတိ၊ အနု။]

၃။ စိတ္တပ္ပယောဂေါ စေတနာ။ ။အတ္တနောဝိယ သမ္ပယုတ္တာ မ္မ နမ္ပိ ကိစ္စ သာဓိကာ စေတနာ (မိမိ၏ကိစ္စကို ပြီးစေသကဲ့သို့ သမ္ပယုတ်တရားတို့၏လည်း ကိစ္စကိုပြီးစေတတ်သော စေတနာကို။) စိတ္တဿ ဗျာပါရဘာဝေန လက္ခီယတိ၊ (စိတ်၏ ဗျာပါရအဖြစ်ဖြင့် မှတ်သားအပ်၏။) ဣတိ အာဟ စိတ္တပ္ပယောဂေါ ဝစေတနာတိ၊-အနု။]

ဝါ၊ အားထုတ်ကြောင်း စေတနာတည်း။ ဉတိအတ္ထော၊ နက်။ ဟိ၊ ဉပမာ ဆောင် ထင်အောင်ပြအံ့။ကာယဝစီပယောဂေါ၊ ကိုယ်၌ဖြစ်သော ထူးခြား သော အမူအရာ, စိတ်၌ဖြစ်သော ထူးခြားသောအမူအရာဟူသည်။ ဝိညတ္တိ၊ ကာယဝိညတ် ဝစီဝိညတ်သည်။ (ဟောတိ) ယထာ၊ ကဲ့သို့။ ဧဝံ၊ တူ။ စိတ္တပ္ပယောဂေါ၊ စိတ်၏ပယောဂဗျာပါရ ဟူသည်။ စေတနာ၊ သည်။ (ဟောတိ။) သာ ၊ ထိုစေတနာသည်။ (ဉပကာရိကာ ၌စပ်) တာယ၊ ထို စေတနာ၏။ (တာ ပစ္စည်း ၌စပ်) ဉပ္ပန္န ကိရိယတာ ဝိသိဋ္ဌေ၊ ဖြစ်သော အမူအရာရှိသည်၏ အဖြစ်ဖြင့် ထူးခြားသော။ သန္တာနေ၊ ခန္ဓာအစဉ်၌။ သေသပစ္စယသမာဂမေ၊ ကံမှကြွင်းသော ကာလ ဂတိ ဉပဓိ ပယောဂဟူသော အကြောင်းတို့နှင့် ပေါင်းမိခြင်းသည်။ (သတိ၊ သော်။) ပဝတ္တမာနာနံ၊ ဖြစ်လတ္တံ့ကုန်သော။ ဝိပါကကဋတ္တာ ရူပါနမ္ပိ၊ ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ အားလည်း။ ဘာဝနေဝကိရိယဘာဝေန၊ ထို ထူးခြားသော အမူအရာ၏ အဖြစ်ဖြင့်ပင်။ ဉပကာရိကာ၊ လျော်သော ဂုဏ်ကျေးဇူးကိုပြုတတ်သည်။ ဟောတိ။

ဟိ၊ မှန်။ တဿ ကိရိယဘာဝဿ၊ ထိုထူးခြားသော အမူအရာ၏ အဖြစ်၏။ ပဝတ္တတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ ကေသံ၊ ထိုဝိပါက်

၁။ သာ တာယ။ပေ။ ဝိသိဋ္ဌေ။ ။တာယကို ကိရိယတာဝယ် တာ ပစ္စည်း၌စပ်။ "ထိုစေတနာ၏ ဖြစ်သော အမူအရာရှိသည်၏ အဖြစ်ကြောင့် ထူးခြားသော ခန္ဓာအစဉ်၌" ဟူလို။ ဆက်ဦးအံ့-ကုသိုလ်ဇောစေတနာဖြစ်စေ, အကုသိုလ်ဇောစေတနာဖြစ်စေ, အကြင်ခန္ဓာအစဉ်ဝယ် ဖြစ်ပြီး၍ချုပ်ရသည် ရှိသော် ပြီးပြီးပျောက်ပျောက် အနေအားဖြင့် ဘာမျှမကျန်အောင် ချုပ်သွား သည်မဟုတ်။ မိမိ၏ ထူးခြားသောသတ္တိကို ထိုခန္ဓာအစဉ်ဝယ် မြှုပ်သွင်း၍သာ ချုပ်သွားသည်။

၂။ သေသပစ္စယသမာဂမေ ပဝတ္တမာနာနံ။ ။ကံမှကြွင်းသော ကာလ, ဂတိ, ဉပဓိ, ပယောဂဟူသော အကြောင်းတို့နှင့် ပေါင်းမိလသော် ဖြစ်လတ္တံ့ ကုန်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာ (ကမ္မဇ) ရုပ်တို့ကိုလည်း။ တေနေဝ ကိရိယဘာဝေန ဉပကာရိကာ ဟောတိ၊ ထိုစိတ္တပယောဂဟူသော အမူအရာ၏ အဖြစ်ဖြင့်ပင် ကျေးဇူးပြုသည်။

နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏။ ပစ္စယော၊ သည်။ (ဟောတိ)။အညထာ၊ အခြားသော အကြောင်းကြောင့်။(တေသံ၊ တို့၏။ ပစ္စယော၊သည်။) န(ဟောတိ)၊ မဖြစ်။ ဣတိ၊ ဤသို့မှတ်အပ်၏။ ပန၊ အဘိုတပါးကား။ (နာနာက္ခဏိက စေတနာ၏ကျေးဇူးပြုပုံမှတပါးသဟဇာတစေတနာ၏ကျေးဇူးပြုပုံကား။) (သာ၊ ထိုစေတနာသည်။) သဟဇာတာနံ၊ တကွဖြစ်သော တရားတို့အား။

အနုဋီကာ။ ။ယသ္မိံ ဟိ သန္တာနေ ကုသလာကုသလစေတနာ ဥပ္ပဇ္ဇတိ။ တတ္ထ၊ (ထိုခန္ဓာအစဥ်၌။) ယထာဗလံ တာဒိသံ ဝိသေသာဓာနံ ကတွာ နိရုဇ္ဈတိ၊ စွမ်းအားရှိသလောက် နောင်အခါ အကျိုးပေးနိုင်လောက်သော သတ္တိထူးကို မြှုပ်နှံ၍ချုပ်၏။ ယတော တတ္ထေဝ အဝသေသပစ္စယသမဝါယေ တဿ ဖလဘူတာနိ ဝိပါကကဋတ္တာရူပါနိ နိဗ္ဗတ္တိဿန္တိ၊ ယင်းသို့ မိမိ၏ သတ္တိထူးကို မြှုပ်နှံ၍ချုပ်သွားခြင်းကြောင့် ထိုခန္ဓာအစဥ်၌ပင် ကြွင်းသော ကာလ ဂတိစသော အကြောင်းတို့နှင့် ပေါင်းမိလသော် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာ ရုပ်တို့သည် ဖြစ်ကြလိမ့်မည်။ တေနာဟ သေသပစ္စယ ။ပေ။ န အညထာတိ။

သန္တာနေဒံ ကမ္မံနာမ၊ န နိရုဇ္ဈတိ သဗ္ဗသော။
သဝိသေသံ နိဓေတွာဟိ၊ သမယမ္ပိ ဝိပစ္စတုံ။

သန္တာနေ၊ ဘာဝဖန်ခါ သံသရာဝယ် ခန္ဓာကိုယ်တုံး တသန္တာန်လုံး၌။ ဣဒံ ကမ္မံနာမ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးဖန် ကံဟုခေါ်ရိုး ဤစေတနာ တမျိုးသည်။ နိရုဇ္ဈမာနံ၊ ဥပါဒ်ဌီ ဘင် အစဥ်စေ့ရောက် ချုပ်ပျောက်ရသည် ရှိသော်။ သဗ္ဗသော၊ ကြွင်းမဲ့ဥဿုံ အရှိန်ကုန်အောင် လုံးစုံခပင်း မချန်ချင်းဘဲ။ နနိရုဇ္ဈတိ ပြီးပြီးပျောက်ပျောက် အနေရောက်အောင် ချုပ်ပျောက်ပျက်စီး၍ အချည်းနှီး မဖြစ်ချေ။ သမယမ္ပိ၊ ဆိုင်ရာအကြောင်း စုပေါင်းသင့်စုံ အခွင့်ကြုံသောအခါ၌။ ဝိပစ္စိတုံ၊ မိမိကိန်းစံ ကိုယ့်သန္တာန်ဝယ် ထိုက်ဟန်သမျှ အကျိုးပြုခြင်းငှာ။ သဝိသေသံ၊ မိမိတွက်တာ မပျက်သာအောင် ထက်စွာကျစ်လစ် သတ္တိနှစ်ကို။ နိဓေတွာဟိ၊ မကာင်းအမှန် အရင်းခံဘို့ သွင်းနှံမြှုပ်ထား၍သာ လျှင်။ နိရုဇ္ဈတိ၊ ဥပါဒ် ဌီ ဘင် အစဥ်စေ့ရောက် ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရလေတော့ သတည်း။

ကာလောပဓိပယောဂါနံ၊ ဂတိယာစ ယထာရဟံ။
သမ္ပတ္တိဥ္စ ဝိပတ္တိဥ္စ၊ ကမ္မမာဂမ္မ ပစ္စတိ။

[ဤဂါထာကား အဘိဓမ္မာဝတာရ အဋ္ဌကထာ၌လာသော ဂါထာတည်း။]။

တေန၊ ထိုစိတ်၏ထူးခြားသော အမူအရာ၏ အဖြစ်ဖြင့်။ [တေနာတိ စိတ္တ ကိရိယဘာဝေန၊-အနု။] ဥပကာရိကာ၊ သည်။ (ဟောတိ)။ ဣတိ(ဣတ္ထံ)၊ ဤသဟဇာတကမ္မပစ္စည်း၌။ ဝတ္တဗ္ဗံ[1]၊ အထူးတလယ် ဆိုဘွယ်သည်။ ကိံ၊ အဘယ်မှာ ရှိတော့အံ့နည်း။ ဣတိ၊ စကားတရပ် အပြီးသတ်တည်း။

နိရုဿာဟသန္တဘာဝေနာတိဧတေန၊ ဟူသော ဤပါဌ်ဖြင့်။ သဥဿာ ဟေဟိ၊ အားထုတ်မှုဗျာပါရနှင့် တကွ ဖြစ်ကုန်သော။ ဝိပါကဓမ္မဓမ္မေဟိ၊ အကျိုးပေးခြင်း သဘောရှိသော တရားဖြစ်ကုန်သော။ ကုသလာကုသလေ ဟိ၊ကုသိုလ်အကုသိုလ်တို့နှင့်၊သာရမဏာဒိဘာဝေန[2]၊ သာရမဏအစရှိသည် တို့၏အဖြစ်ဖြင့်။သဒိသဝိပါကဘာဝံ၊တူသောဝိပါက်၏အဖြစ်ကို။ ဒဿေတိ။ ဟိ၊ မှန်။ သော[3]၊ ထိုဝိပါက်၏အဖြစ်သည်။ (သန္တဘာဝေါဟောတိ၌စပ်)

၁။ ကိံ ဝတ္တဗ္ဗံ။ ။"အသဟဇာတာနမ္ပိ ဘာဝီနံ ဥပကာရိကာ စေတနာ (သဟဇာတ မဟုတ်ဘဲ အနာဂတ်ကျမှ ဖြစ်ရမည့် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာ ရုပ်တို့ကို ကျေးဇူးပြုနိုင်သော စေတနာသည်) သဟဇာတာနံ ဥပကာရိကာတိ ဝတ္တဗ္ဗမေဝ နတ္ထိ၊ သဟဇာတဖြစ်သော စိတ်စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့ကို ကျေးဇူးပြုနိုင်၏" ဟု အထူးပြောစရာပင် မရှိတော့၊ သာ၍ ကျေးဇူးပြုနိုင်စရာရှိသည် ဟူလို။ ဤဝါကျသည် ရှေ့ဝါကျကို ထောက်၍ ပက္ခန္တရဟု ဆိုရသော်လည်း သမ္ဘာဝနာ ဝါကျလည်း ဖြစ်သင့်သည်သာ။

၂။ သာရမဏာဒိဘာဝေန။ ။အာဒိဖြင့် အရူပဓမ္မစိတ္တစေတသိက ဖဿ စသော တရားများကို ယူဘို့ရန် အနုဒ္ဒိကာ ဖွင့်၏။ ထိုအဖွင့် အရ "သာရမဏာဒိ ဘာဝေန" ၏နောက်၌ "သဒိသဝိပါကဘာဝံ,ဝိသဒိသဝိပါကဘာဝံ" ဟုပါဌ် နှစ်မျိုးရှိရာတွင် ကုသိုလ် အကုသိုလ်နှင့် သာရမဏစသည်ချင်းတူသော နာမ် ဝိပါက်ကိုသာ ယူရမည်ဖြစ်သောကြောင့် "သဒိသဝိပါကဘာဝံ" ပါဌ်သာ အမှန်ဟုမှတ်ပါ။ [သဒိသဝိပါကဘာဝံ ဒဿေတိ ယထာဝုတ္တဥဿာဟမတ္တ ရဟိတသန္တဘာဝဿ (နိရုဿာဟသန္တဘာဝကို "ဥဿာဟမတ္တရဟိတဘာသန္တ ဘာဝဿ" ဟု စကားသုံးသည်။) ဝိပက္ကဘာဝမာပန္နေသု အရူပဓမ္မေသုဧဝ လဗ္ဘနတော၊-အနု။] အရူပဓမ္မေသုဧဝ၌ ဧဝ ဖြင့် ရုပ်တရားတို့၌ မရအပ် ဟုကန့်။

၃။ သော ဟိ။ပေ။သန္တဘာဝေါ၊ ။သောတိ ဝိပါကဘာဝေါ၊ ဝိပါ ကာနံ ပယောဂေန် အသာဓေတဗ္ဗတာယာတိ ဆန္ဒဝတော ကိံနာမ နသိဇ္ဈတီ

ဝိပါကာနံ၊ ဝိပါကတ္ထိုး၏။ (သိဒ္ဓိဘာဝဩစပ်) ပယောဂေန၊ ဆန္ဒဝတော ကိံနာမ န သိဇ္ဈတိ အစရှိသော စိတ္တာဘိသင်္ခါရပယောဂဖြင့်။ အသာမေ တဗ္ဗတာယ၊ ပြီးစေထိုက်သောတရား မဟုတ်ကုန်သည်၏ အဖြစ်ကြောင့်။ ပယောဂေနာပါ၊ ဉာဏ်ဝီရိယ သဘောရှိသော ပယောဂဖြင့်သော်ရင်း။ အညထာပါ၊ တပါးသော အခြင်းအရာဖြင့်သော်ရင်း။ (လုံ့လပယောဂမရှိဘဲ သော်ရင်း။) သေသပစ္စယေသု၊ ပယောဂမှကြွင်းသော ကာလာဂတိ ဥပဓိ ဟူသော အကြောင်းတို့သည်။ သိဒ္ဓေသု၊ ပြီးစီးကုန်လလော်။ ကမ္မဿ၊ ၏။ ဝါ၊ ကို။ကဋတ္တာယေဝ၊ ပြုအပ်ပြီး၏အဖြစ်ကြောင့်ပင်။ သိဒ္ဓိတော၊ ပြီးစီးခဲ့ ခြင်းကြောင့်။ နိရုဿာဟော၊ အကျိုးပေးဘို့ရန် အားထုတ်မှု၏ မရှိခြင်း ဟူသော။ သန္တဘာဝေ၊ ငြိမ်သက်သည်၏အဖြစ် ဟူသော သဘောသည်။ ဟောတိ၊ ၏။ ကိလေသဝူပသမသန္တဘာဝေ၊ ကိလေသာတို့၏ ငြိမ်းခြင်း ဟူသော သန္တ၏အဖြစ်သည်။ န (ဟောတိ)၊ မဟုတ်။

တိအာဒိနာ စိတ္တာဘိသင်္ခါရပယောဂေန (စိတ်ကိုပြုစီမံတတ်သော ပယောဂ ဖြင့်) ယထာကုသလာကုသလာ နိပ္ဖါဒိယန္တိ၊ ဧဝံ ဝိပါကာနံ ပယောဂေန အနိပ္ဖါဒေတဗ္ဗတ္တာ၊-အနု။

၁။ ပယောဂေန အညထာဝါ။ ။ဤ၌ "ပယောဂ" ဟူသည် ကံက အကျိုးပေးခြင်း၏ မူလအကြောင်း ဖြစ်သော ဉာဏ် သတိ ဝီရိယ ဟူသော ပယောဂတည်း။ (ပယောဂသမ္ပတ္တိ, ပယောဂဝိပတ္တိဟူသော စကား၌ပါသော ပယောဂ ဟူလို) [ပယောဂေနာတိ ကမ္မဖလုပ္ပတ္တိဟေတုဘူတေန ပုရိမပယော ဂေန၊ အကျိုးမရမီ ရှေးအဘို့၌ဖြစ်သော ပယောဂကြောင့်သော်ရင်း။] ထိုသို့ ပယောဂမကူရဘဲ သူ့အလိုအလျောက် အကျိုးပေးခြင်းကို "အညထာ"ဟု ဆိုသည်။ [အညထာတိ ပယောဂေန ဝိနာ၊-အနု။]

၂။ သေသပစ္စယေသု သိဒ္ဓေသု။ ။သေသပစ္စယေသူတိ ကမ္မဿ ဝိပါ ကုပ္ပါဒနေ သဟကာရီကာရဏေသု (အတူတကွ အကျိုးကို ပြုလေ့ရှိသော ပယောဂမှ တပါးသော ကာလ ဂတိ ဥပဓိ ဟူသော အကြောင်းတို့သည်) သိဒ္ဓေသု၊ (ပြီးစီးကုန်လသော်။) (ထိုအကြောင်းများ ပြီးစီးလျှင် ပယောဂ ပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ) ကမ္မဿ ကဋတ္တာယေဝ (ကံကို ပြုအပ် ပြီးသောကြောင့်ပင်) သိဒ္ဓိတော (အကျိုး၏ ပြီးစီးနိုင်ခြင်းကြောင့်) [ဤ စကားဖြင့် နိရုဿာဟဖြစ်ပုံကို ပြသည်။] နိရုဿာဟော သန္တဘာဝေါ ဟောတို

တထာ သန္တသဘာဝဘောဝသေ၁ ၊ ထိုအခြင်း အရာအားဖြင့် ငြိမ်သက်သော သဘောရှိကုန်သည်၏အဖြစ်ကြောင့်ပင်။ ဘဝင်္ဂါဒယော၊ ဝိပါက်စိတ်ဖြစ်သော ဘဝင်အစရှိသည်တို့ကို။ ဒုဝိညေယျာ၊ ခဲယဉ်းစွာ သိအပ်ကုန်၏။ ဟိ၊ မှန်။ ပဉ္စဒွါရေပိ၊ ဥလည်း။ဇဝနပ္ပဝတ္တိယာ၊ ဇော၏ဖြစ်ခြင်းကြောင့်ပင်။ ရူပါဒိနံ၊ ရူပါရုံအစရှိသည်တို့၏။ ဝ ါ၊ တို့ကို။ ဂဟိတတာ၊ ယူအပ်ကုန်သည်၏အဖြစ်ကို။ ဝိညာယတိ၊ ၏။ ပန၊ ဆက်။ အဘိနိပါတသမ္ပဋိစ္ဆန သန္တီရဏမတ္တာ၊ အာရုံသို့ရှေးရှုကျခြင်းဟူသော ပဉ္စဝိညာဏ်စိတ်,သမ္ပဋိစ္ဆိုန်း သန္တီရဏမျှဖြစ်ကုန်သော။ ဝိပါကာ၊ ဝိပါက်တို့ကို။ ဒုဝိညေယျာယေဝ၊ ခဲယဉ်းစွာသိအပ်ကုန်သည်သာ။ (ဖြစ်မှန်းပင် မသိအောင် ငြိမ်သက်သည် ဟူလို။) နိရုဿာဟသန္တဘာဝေါ ယာတိ၊ ကား။ နိရုဿာဟသန္တဘာဝတ္တာယ၊ လုံ့လ ဗျာပါရမရှိသည်၏ အဖြစ်ဟူသော ငြိမ်သက်သည်၏ အဖြစ်

၏ ဗျတိရေကအနက်ကို ပြလို၍ ''န ကိလေသဝူပသမသန္တဘာဝေါ''ဟုဆိုသည်။ အကျိုးပေးဘို့ရန် အားထုတ်မှု ဗျာပါရမရှိသောကြောင့် သန္တဖြစ်၏။ ဈာန် သမာပတ်တို့ကဲ့သို့ ကိလေသာအပူငြိမ်းသောကြောင့် သန္တ ဖြစ်သည် မဟုတ်-ဟူလို။

၁။ တထာသန္တ သဘာဝတောယေဝ။ ။''ဝိပါက်စိတ်တို့၏ ဤ သန္တ အဖြစ်ကိုလည်း အနုမာနညာဏ်ဖြင့် ခက်ခက် ခဲခဲ တွေးတောဒ့မှန်းဆနေဘွယ် မလို။ ဝိပါက်စိတ်များ၏ ဖြစ်ပုံကို စဉ်းစားကြည့်လျှင် ကိုယ်တွေ့ မျက်မြင် ထင်ရှားနိုင်ပါသည်''ဟုပြလို၍ ''တထာသန္တသဘာဝတောယေဝ'' စသည်ကို မိန့်သည်။ အိပ်ပျော်နေသောအခါ ဘဝင်ကိစ္စတပ်သော ဝိပါက်စိတ်ဖြစ်နေပါ သော်သည်း ဖြစ်မှန်းပင် မသိရလောက်အောင် ငြိမ်သက်၏။ ပဉ္စဒွါရဝီထိများ၌ ဇောမဖြစ်ဘဲ စက္ခုဝိညာဉ်စသော ဝိပါက်အစဉ်ချည်းသာ ဖြစ်နေလျှင် ရူပါရုံ စသည်ကိုယူနိုင်ပုံကိုပင် မသိနိုင်။

၂။ နိရုဿာဟသန္တဘာဝါယ။ ။''အားထုတ်မှု ဗျာပါရမရှိသော ငြိမ်သက်သည်၏ အဖြစ်ဟူသော အကျိုးငှာ ကျေးဇူးပြု၏''ဟုဆိုသဖြင့် ဝိပါက် မဟုတ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့၏သည်း ဝိပါက်အားလျော်အောင် နိရုဿာဟသန္တ ဖြစ်ကြရသည်-ဟု ပြသည်။ မှန်၏- ရုပ်တရားတို့သည်လည်း ဖြစ်နေပုံကို အထင်အရှားမသိရလောက်အောင် ဝိပါက်ကဲ့သို့ နိရုဿာဟသန္တ သဘောရှိကြသည်သာ။

အကျိုးငှာ။ (ဥပကာရကော ဓမ္မော၌စပ်)ဓေဘာန၊ ဤနိရုဿာဟာသန္တဘာဝါယ ဟူသောပါဌ်ဖြင့်။ တပ္ပစ္စယဝတာံ၊ ထိုဝိပါကပစ္စည်း ရှိကုန်သော။ အဝိပါကာနမ္ပိ၊ ဝိပါက် မဟုတ်သော ရုပ်တရားတို့၏လည်း။ ဝိပါကာနုရူပံ၊ ဝိပါက်အားလျော်သော။ ပဝတ္တိံ၊ ဖြစ်ရခြင်းကို။ ဒဿေတိ။

အာဟာရာနံ၊ ပစ္စည်းဖြစ် ထိုက်သော အာဟာရတို့၏။ ဇနကတ္တေ၊ ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေတတ်ကုန်သည်၏အဖြစ်သည်။ သတိပိ၊သော်လည်း။ ဥပတ္ထမ္ဘကတ္တံ၊ ပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့တတ်ကုန်သည်၏အဖြစ်သည်။ ပဓာနကိစ္စံ၊ ပြဋ္ဌာန်းသောကိစ္စတည်း။ ဣတိ၊ ကြောင့်။ ရူပါရူပါနံ ဥပတ္ထမ္ဘကဋ္ဌေနာဘိ၊ ဟူ၍၊ (သင်္ဂဟကာရော) အာဟ။ ဟိ၊ ခဲ့။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ အာဟာရာနံ၊ တို့၏ရင်း။ အာဟာရဇ ရူပဿမုဋ္ဌာပကရူပါဟာရဿစ၊ အာဟာရဇရုပ်ကို ဖြစ်စေတတ်သော ရုပ်အာဟာရ၏ရင်း။ ဇနကတ္တေ၊ ပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေတတ်ကုန်၏ အဖြစ်သည်။ သတိပိ၊ သော်လည်း။ ဥပတ္ထမ္ဘကတ္တံ[၁]၊ သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ရှိ၏။ [ဤစကားဖြင့် ဇနကသတ္တိရှိသော နေရာတိုင်း၌ ဥပတ္ထမ္ဘကသတ္တိ ရှိသည်ဟု မှတ်ပါ။] စတုသမုဋ္ဌာနိကရူပူပတ္ထမ္ဘကရူပါဟာရဿ၊ စတုသမုဋ္ဌာန်ကရုပ်ကို ထောက်ပံ့တတ်သော ရုပ်အာဟာရ၏။ (ဇနကတ္တေ၊ သည်။) အသတိပိ[၂]၊

၁။ ဥပထမ္ဘကတ္တံဟိ။ ။"ရူပါရူပါနံ ဥပထမ္ဘကဋ္ဌေန" ကို အကျယ်ပြလို၍ "ဥပထမ္ဘကတ္တံ ဟိ" စသည်ကို မိန့်သည်။ ဥပထမ္ဘကတ္တံ ပဓာနံ တိုင်အောင် အကျယ်စကားတည်း။ သတိပိ ဇနကတ္တေ၌ အပိ ဖြင့် နောက်ဝါကျ၌လာသော အသတိပိ ကို ပေါင်း။ "သတိပိ ဇနကတ္တေ အရူပီနံ အာဟာရာနံ" အရ နာမ်အာဟာရတို့၏ရင်း။ "အာဟာရဇရူပသမုဋ္ဌာပက ရူပါဟာရဿ" အရ အာဟာရဇရုပ်ကို ဖြစ်စေတတ်သော ရုပ်အာဟာရ၏ရင်း, ဇနကသတ္တိရှိပါသော်လည်း ဥပထမ္ဘကသတ္တိရှိသည်သာ။ ဘာ့ကြောင့် ဥပထမ္ဘကသတ္တိရှိသည်ဟု ဆိုသနည်း- ဖြစ်ပြီးနောက် ဌီအခိုက်၌လည်း နာမ်အာဟာရ, ရုပ်အာဟာရတို့က ပစ္စယုပ္ပန် တရားတို့ကို ကျေးဇူးပြုနေသောကြောင့် "ဥပထမ္ဘကသတ္တိရှိသည်" ဟု ဆိုသည်။ [ဥပ္ပါဒတော ပရမ္ပိ နေသံ ပစ္စယဘာဝတော၊-အနု။]

၂။ အသတိပိ။ပေ။ရူပါဟာရဿ။ ။စတုသမုဋ္ဌာနိကရုပ်တို့ကိုထောက်ပံ့တတ်သော ရုပ်အာဟာရ၏ ဇနကသတ္တိ မရှိပါသော်လည်း ဥပထမ္ဘကသတ္တိ

သော်လည်း။ (ဥပတ္ထမ္ဘကတ္တံ ဟောတိ။)ပဲန၊ ကား။ အာဟာရာနံ၊ တို့၏။
ဥပတ္ထမ္ဘကတ္တေ၊ သည်။ အသတိ ၊ မရှိလသော်။ (မရှိလျှင်)ဇနကတ္တံ၊ သည်။
နတ္ထိ။ ဣတိ၊ ကြောင့်။ ဥပတ္ထမ္ဘကတ္တံ၊ သည်။ပဓာနံ၊ ပဓာနတည်း။ ဟိ၊ မှန်။
ဇနယမာနေပိ ၊ ဇနကသတ္တိဖြင့် ဖြစ်စေပါသော်လည်း။ ဝါ၊ ဇနကသတ္တိ
ဖြင့် ဖြစ်စေသည်လည်းဖြစ်သော။ အာဟာရော၊ သည်။ အဝိစ္ဆေဒဝသေန၊
အစဉ်မပြတ်ဖြစ်ခြင်း၏ အစွမ်းဖြင့်။ ဥပတ္ထမ္ဘယမာနောဧဝ၊ ပစ္စယုပ္ပန္နတရား
တို့ကို ထောက်ပံ့လျက်သာ။ ဇနေတိ၊ ၏။ ဣတိ၊ ကြောင့်။ ဥပတ္ထမ္ဘနဘာ
ဝေါ၊ ပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့တတ်ကုန်သည်၏ အဖြစ်ဟူသောသတ္တိ
သည်။ အာဟာရဘာဝေါ၊ တည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ကား ရှိသည်သာ။ [“စတုသမုဋ္ဌာနိကရုပ်တို့ကို ထောက်ပံ့” ဟူရာ၌ ဩဇာသည်
မိမိကြောင့်ဖြစ်သော ရုပ်ကိုဖြစ်စေတဘ်, မိမိဩဇာမှတပါး အခြားဩဇာ
ကြောင့်ဖြစ်သော ရုပ်ကို ထောက်ပံ့တတ်၏။ ထို့ကြောင့် “စတုသမုဋ္ဌာနိက
ရူပူပထမ္ဘက” ဟု ဆိုသည်။ မိမိတည်းဟူသော ဩဇာကြောင့်ဖြစ်သောရုပ်၌
ဇနကသတ္တိရှိကြောင်းကိုကား ဓွေဝါကျ၌ ပြခဲ့ပြီ။

၁။ အသတိပန ။ပေ။ နတ္ထိ။ ။ရုပ်အာဟာရတို့၏ ဥပထမ္ဘကသတ္တိမရှိ
သော်ကား ဇနကသတ္တိသက်သက်လည်း မရှိနိုင်။ ပြအပ်ခဲ့သော စကားသုံးရပ်၌
ဇနကသတ္တိရှိလျှင် ဥပထမ္ဘကသတ္တိလည်း ရှိ၏။ ဇနကသတ္တိ မရှိသော်လည်း
ဥပထမ္ဘကသတ္တိကား ရှိ၏။ ဥပထမ္ဘကသတ္တိ မရှိလျှင်ကား ဇနကသတ္တိလည်း
မရှိနိုင်တော့။ ဤသုံးချက်ကိုထောက်လျှင် ဥပထမ္ဘကသတ္တိသည် သာ၍ နယ်
ကျယ်ခုကား ပဓာနဖြစ်ကြောင်း ထင်ရှားသဖြင့် ဥပထမ္ဘကတ္တံ ပဓာနံ”ဟု
ဆိုသည်။

၂။ ဇနယမာနောပိဟိ ။ပေ။ ဇနေတိ။ ။ရုပ် အာဟာရဖြစ်စေ, နာမ်
အာဟာရဖြစ်စေ မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့ကို ဇနကသတ္တိဖြင့် ဖြစ်စေပါ
သော်လည်း အဆက်မပြတ်အောင် ဖြစ်စေခြင်းကြောင့် ထောက်ပံ့သော
အားဖြင့်သာ ဖြစ်စေရရောက်၏။ ထို့ကြောင့် ထောက်ပံ့တတ်သည်၏ အဖြစ်
ကို အာဟာရသတ္တိ ဟုဆိုသည်။ [ဣဒါနိ ဇနကတ္တမ္ပိ အာဟာရာနံ (အာဟာရ
တို့၏ ဇနကသတ္တိ ရှိကုန်သည်၏ အဖြစ်သည်လည်း) ဥပထမ္ဘနဝသေနေဝ
ဟောတိ (ထောက်ပံ့ခြင်း၏ အစွမ်းဖြင့်သာ ဖြစ်၏) ဣတိ ဒဿေန္တော ဇနယ
မာနောပိ ဟိတိအာဒိမာဟ၊ အဝိစ္ဆေဒဝသေနာတိ သန္တတိယာ (အစဉ်ကို)
ဃဋ္ဋနဝသေန (ဆက်စပ်ခြင်း၏ အစွမ်းဖြင့်)၊-အနု။

အဓိပတိယဋ္ဌေနာတိဝေ ၊ဟူသော ဤပါဠိ၌။အဓိပတိပစ္စယဓမ္မာနံ၊အဓိပတိပစ္စည်းတပ်ကုန်သော ဆန္ဒစသောတရားတို့၏။ (ဂရုဘာဝေါ၌စပ်)ပဝတ္တိနိဝါရကော၊ မိမိ၏ အဓိပတိဖြစ်ခြင်းကို တားမြစ်တတ်ကုန်သော အခြားသော ဝီရိယစသော အဓိပတိပစ္စည်းတရားတို့ကို။အဘိဘဝိတွာ၊ လွှမ်းမိုး၍။ ပဝတ္တနေန၊ ဖြစ်ခြင်းအားဖြင့်။ ဂရုဘာဝေါ၊ အလေးဂရုပြုတတ်ကုန်သည်၏ အဖြစ်သည်။ အဓိပတိယဋ္ဌော၊ အဓိပတိ၏ အဖြစ်ဟူသော အနက်သဘောသည်။ (ဟောတိ)ဝိယ၊ ကဲ့သို့။ (တထာ, အဓိပတိပစ္စယဓမ္မာနံ, ပဝတ္တိနိဝါရကေ, အဘိဘဝိတွာ, ပဝတ္တနေန, ဂရုဘာဝေါ, အဓိပတိယဋ္ဌော၊ သည်။) န(ဟောတိ)၊ မဟုတ်။ အထခေါ ၊ အဟုတ်ကား။ ဒဿနာဒိကိစ္စေသု၊

၁။ အဓိပတိယဋ္ဌေနာတိ ဝေ ။ ။အဋ္ဌကထာ၌ "အဓိပတိယဋ္ဌေန ဥပကာရကာ"ဟုဆိုသောကြောင့် အဓိပတိပစ္စည်းတုန်းက အဓိပတိနှင့် ဤဇာတိယ တို့ သဘောတူလေသလား ဟု ယုံမှားဘွယ် ရှိရကား "အဓိပတိယဋ္ဌေနာတိ ဝေ" စသည်ကို မိန့်သည်။ ထိုဝါကျ၌ "ပဝတ္တိနိဝါရကေ အဘိဘဝိတွာ" ဟူသည် ဆန္ဒာဓိပတိစသော အဓိပတိ ပစ္စည်းတရားတို့သည် မိမိ၏ အဓိပတိ ပစ္စည်းအဖြစ်ကို တားမြစ်နိုင်သော တရားတို့ကို လွှမ်းမိုးရသေး၏။ ဥပမာ- မဟာကုသိုလ် ပဌမစိတ္တုပ္ပါဒ်၌ ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ ၄-ပါးလုံး ယှဉ်လျက်၏။ ဆန္ဒသည် အဓိပတိပစ္စည်း ဖြစ်သောအခါ မိမိ၏ အဓိပတိအဖြစ်ကို တားမြစ်နိုင်သော ဝီရိယ စိတ္တ ဝီမံသတို့ကို လွှမ်းမိုးရသေး၏။ ထိုသို့ လွှမ်းမိုး၍ ဖြစ်ခြင်းအားဖြင့် ပစ္စယုပ္ပန်တရားတို့ကို အလေးဂရုပြုတတ်သည်၏ အဖြစ်ကိုမှ အဓိပတိ၏ အဖြစ် ဖြစ်သကဲ့သို့ ဤဇာတိယကား ထိုကဲ့သို့ အဓိပတိယဋ္ဌ မဟုတ်ပါဟူလို။

၂။ ပဝတ္တိနိဝါရကေ။ပေ။ပဝတ္တနေန။ ။ပဝတ္တိနိဝါရကေတိ အတ္တနော အဓိပတိပစ္စယ ပဝတ္တိယာ နိဝါရကေ အညေ အဓိပတိပစ္စယဓမ္မေ အဘိဘဝိတွာ ပဝတ္တနေနာတိ ပုရိမာဘိသင်္ခါရသိဒ္ဓေန ("ဆန္ဒရှိလျှင် အဘယ် အကျိုးသည် မပြီးစီးဘဲရှိအံ့နည်း" စသော ရှေးအဘို့၌ မိမိစိတ်ကို ပြုစီမံခြင်းအားဖြင့်ပြီးသော) ဓောရေယျဘာဝေန၊ (ဝန်ကိုဆောင်နိုင်သည်၏ အဖြစ်ဖြင့်။) အဘိဘုယျ ပဝတ္တိယာ ဂရုဘာဝေါတိ ဇေဋ္ဌကဘာဝေါ၊-အနု။

၃။ အထခေါ။ပေ။ဝတ္တနီယတာ။ ။ရှေ့ဗျတိရေကဝါကျမှ အဓိပတိယဋ္ဌောပုဒ်ကို လိုက်စေ၍ အနက်ပေးရသည်။ ဤ အနွယဝါကျ၌ ဤဇာတိ

မြင်ခြင်းအစရှိသောကိစ္စတို့၌။ ဝါ၊ တို့ကြောင့်။ စက္ခုဝိညာဏာဒီဟိ၊ စက္ခုဝိညာဏ်အစရှိသော ပစ္စယုပ္ပန်တရားတို့ရင်း။ (ဣတိ၌စပ်) ဇီဝနေ၊ စောင့်ရှောက်ခြင်းကိစ္စ၌။ ဝါ၊ ကြောင့်။ ဇီဝန္တေဟိ၊ အတူတကွ အသက်ရှင်ရကုန်သော တရားတို့ရင်း။ သုခိတာဒိဘာဝေသု၊ သုခိတအစရှိသော ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ကြောင်းဖြစ်ရာ သုခဝေဒနာအစရှိသည်တို့၌ရင်း။ ဝါ၊ တို့ကြောင့်ရင်း။ [ရှေးနိဿယ၌ သုခိတာဒိဘာဝေသုဟု ဗဟုဝုစ်ရှိသည်။] သုခိတာဒီဟိ၊ လွန်စွာဖြစ်သော သုခရှိကုန်သော တရားအစရှိသည် တို့ရင်း။ အဓိမောက္ခပဂ္ဂဟုပဋ္ဌာနာဝိက္ခေပဇာနနေသု၊ အာရုံကိုဆုံးဖြတ်ခြင်း, စိတ်ကို ချီးမြှောက်ခြင်း, အာရုံ၌ကပ်၍တည်ခြင်း, မပျံ့လွင့်ခြင်း အပြားအားဖြင့်သိခြင်းကိစ္စတို့၌ရင်း။ ဝါ၊ တို့ကြောင့်ရင်း။ အနညာတညဿာမိတိ၊ မသိအပ်သေးသော သစ္စာလေးပါးတရားကိုသိအံ့ဟူ၍။ (သိအောင်ကြိုးစားအံ့ဟူ၍) ပဝတ္တိယံ၊ စိတ်ဖြစ်ခြင်း၌ရင်း။ ဝါ၊ ကြောင့်ရင်း။ အာဇာနနေ၊ သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော အပိုင်းအခြားကို မလွန်မူ၍သိခြင်း၌ရင်း။ ဝါ၊ ကြောင့်ရင်း။ (အညိန္ဒြေကိုပြသည်။) အညာတာဝိဘာဝေ၊ သိပြီးသောတရားတို့၏ ဖြစ်ကြောင်းဖြစ်ရာ အညာတာဝိန္ဒြေ၌ရင်း။ ဝါ၊ ကြောင့်ရင်း။ သဒ္ဓါဒိသဟဇာတေဟိ၊ သဒ္ဓါအစရှိသော တကွဖြစ်ဖက်တရားတို့ရင်း။ ဣတိဝေံ၊ သို့။ တံတံကိစ္စေသု၊ ထိုထိုဒဿနအစရှိသောကိစ္စကို၌။ ဝါ၊ တို့ကြောင့်။ စက္ခာဒိပစ္စယေဟိ၊ စက္ခုအစရှိသော ပစ္စည်းရှိသော ပစ္စယုပ္ပန်တရားတို့သည်၊ (အနုဝတ္တနီယ၌ ကတ္တားအဖြစ်ဖြင့်စပ်) စက္ခာဒီနံ၊ စက္ခုပသာဒအစရှိသောပစ္စည်းတရားတို့၏။ (တာ ပစ္စည်း၌စပ်) [အာဒိဖြင့် သောတပသာဒစသည်, ဇီဝိတ, သုခဝေဒနာစသည်, သဒ္ဓါစသည်တို့ ကိုယူပါ။ စက္ခာဒီနန္တိစက္ခာဒိဇီဝိတသုခါဒိသဒ္ဓါဒီနံ၊

၂၀ ကို သဘာဝတူရာခွဲ၍ အဓိပ္ပါယ် ပြထားသည်။ ထိုသို့ ပြထားပုံကို—
၁-ဒဿနာဒိကိစ္စေသု (အာဒိဖြင့် သဝန ဃာယန သာယန ဖုသနံကိစ္စတို့ကို ယူပါ။) ၂-ဇီဝနေ (ဇီဝိတိန္ဒြေကို ဆိုလိုသည်။) ၃-သုခိတာဒိဘာဝေသု (အာဒိဖြင့် ဒုက္ခိတ, သောမနဿိတ, ဒေါမနဿိတ, ဥပေက္ခိတတို့ကိုယူပါ။) ၄-အဓိမောက္ခ။ပေ။ပဇာနနေသု၊ (သဒ္ဓိန္ဒြေစသော ဣန္ဒြေငါးပါးကို ပြထားသည်။) အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့ကို ပြသည်။ ဤဝါကျ၌ ကြွင်းသောအဓိပ္ပါယ်များကို နိဿယအတိုင်း သိလောက်ပြီ။

အနု။] အနုဝတ္တနီယတာ၊ အစဉ်တစိုက် လိုက်အပ်ကုန်သည်၏အဖြစ်သည်။ (အဓိပတိယဋ္ဌော၊ အဓိပတိ၏အဖြစ်ဟူသောသဘောသည်။ (ဟောတိ။) ဟိ၊ ထင်ရှားအောင်ပြအံ့။ တေသု ကိစ္စေသု၊ ထိုဒဿနအစရှိသော ကိစ္စတို့၌။ စက္ခာဒီနံ၊ စက္ခုပသာဒ အစရှိသော ပစ္စည်းတရားတို့၏။ (ဣဿရိယံ, ပဝတ္တိ ကို၌စပ်) ဣဿရိယံ၊ အစိုးရကုန်သည်၏အဖြစ်သည်။ တပ္ပစ္စယာနံ၊ ထိုစက္ခုပသာဒအစရှိသော အကြောင်းပစ္စည်းရှိကုန်သောစက္ခုဝိညာဏ်အစရှိသော အကျိုးပစ္စယုပ္ပန်တရားတို့၏။ တဒနုဝတ္တနေန၊ ထိုစက္ခုပသာဒ အစရှိသော အကြောင်းပစ္စည်းသို့ အစဉ်တစိုက်လိုက်၍ ဖြစ်ခြင်းအားဖြင့်။ တတ္ထ၊ ထို ဒဿနအစရှိသောကိစ္စ၌။ ပဝတ္တိစ၊ ဖြစ်ခြင်းသည်လည်း။ (အဓိပတိယဋ္ဌော ဟောတိ၊) ဣတိ၊ဤသို့မှတ်အပ်၏။

ပန၊ ဆက်။ ဣတ္ထိပုရိသိန္ဒြိယာနံ[၂]၊ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့၏။ (တာပစ္စည်း, ဘာဝပုဒ်တို့၌စပ်) လိင်္ဂါဒိဟိ၊ လိင်္ဂ အစရှိသော အခြင်းအရာတို့သည်။ ဝါ၊ လိင်္ဂ နိမိတ္တ ကုတ္တ အာကပ္ပဟူသော အခြင်းအရာတို့သည်။ အနုဝတ္တနီယတာ၊ အစဉ်တစိုက် လိုက်အပ်ကုန်သည်၏ အဖြစ်သည်။ ယဒိပိ အတ္ထိ၊ အကယ်၍ကား ရှိပါပေ၏။ ပန၊ ထိုသို့ပင်အစဉ်တစိုက်လိုက်အပ်ပါ

၁။ တေသုဟိ။ပေ။ပဝတ္တိ။ ။ဆိုအပ်ပြီးသောစကားကို အကျဉ်းချုပ်အားဖြင့် ထင်ရှားပြသော တပ္ပါကဋီကရဏ ဝါကျတည်း။ "ဣဒံ ဝုတ္တံ ဟောတိ" ဝါကျချီးပင် ဖြစ်သည်၊ စာအုပ်တို့၌ "တေသုတေသု ဟိ" ဟု ရှိသော်လည်း အနုဋီကာ၌ "တေသု ကိစ္စေသူတိ ဒဿနာဒိကိစ္စေသု" ဟု ဖွင့်သောကြောင့် တေသု တပုဒ်သာ ရှိသင့်ပါသည်။ ရှေးနိဿယ၌လည်း တေသု တပုဒ်သာရှိ၏။ [စက္ခာဒီနံ ဣဿရိယံ အဓိပတိယဋ္ဌော၊ သာ ဣန္ဒြိယ ပစ္စယတာတိ အတ္ထော၊-အနု။]

၂။ ဣတ္ထိပုရိသိန္ဒြိယာနံ ပန။ ။ဣတ္ထိဘာဝ ပုရိသဘာဝရုပ်တို့၏ ဣန္ဒြိယ အမည်ကိုသာဟောခြင်း, ဣန္ဒြိယပစ္စည်း အဖြစ်ကို ဟောတော်မမူအပ်ခြင်း၏ အကြောင်းကိုပြလို၍ "ဣတ္ထိပုရိသိန္ဒြိယာနံ ပန"စသည်ကို မိန့်သည်။ "ဣန္ဒြိယတာ စ တေသံ ဝုတ္တာ၊န တေသံ ဣန္ဒြိယပစ္စယဘာဝေါ ဝုတ္တော"ကိုကြည့်၍ အနုသန္ဓေ တက်သည်။ ထိုစကားရပ်၌ "ယဒိပိ လိင်္ဂါဒိဟိ အနုဝတ္တနီယတာ အတ္ထိ" ဖြင့် ဣန္ဒြိယအမည်ရခြင်းကို ခွင့်ပြုရာရောက်၏။ "သာ ပန နပစ္စယဘာဝတော" ဖြင့် ဣန္ဒြိယပစ္စည်းအဖြစ်ကို ကန့်မြစ်သည်။

ကုန်သော်လည်း။ သာ၊ ထိုအစဉ်တစိုက် လိုက်အပ်ကုန်သည်၏အဖြစ်သည်။ ပစ္စယဘာဝတော၊ ဣန္ဒြိယပစ္စည်း၏ အဖြစ်ကြောင့်။ န(ဟောတိ)၊ မဟုတ်။ ဟိ၊ ခ္ဈ။ (တနည်း) ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ဗီဝိတာဟာရာ၊ ဇီဝိတိန္ဒြေ, အာဟာရပစ္စည်းတပ်သော တရားတို့သည်။ ယေသံ၊ အကြင် ပစ္စယုပ္ပန်တရားတို့၏။ ဝါ၊ တို့အား။ ပစ္စယာ၊ အကြောင်းတို့သည်။ ဝါ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ။ တေသံ၊ ထိုပစ္စယုပ္ပန် တရားတို့ကို။ အနုပါလကဥပတ္ထမ္ဘကာ၊ အစဉ်စောင့်ရှောက်တတ်, ထောက်ပံ့တတ်ကုန်သည်ရင်း။ (ဇီဝိတက စောင့်ရှောက်တတ်, အာဟာရတို့က ထောက်ပံ့တတ်ကုန်သည်ရင်း။) အတ္ထိအဝိဂတပစ္စယဘူတာစ၊ အတ္ထိပစ္စည်း အဝိဂတပစ္စည်းဖြစ်၍ ဖြစ်ကုန်သည်ရင်း။ ဟောန္တိယထာ၊ ကဲ့သို့။ [ဟောန္တိ။ န ဧဝံ ကိုထောက်၍ ဤဥပမာကို ဝိသဒိသူပမာ ဟုမှတ်ပါ။] ဧဝံ၊ တူ။ ဣတ္ထိပုရိသဘာဝါ၊ ဣတ္ထိဘာဝရုပ်, ပုရိသဘာဝရုပ်တို့သည်။ လိင်္ဂါဒီနံ၊ လိင်္ဂအစရှိသော အခြင်းအရာတို့ကို။ ဝါ၊ တို့အား။ ကေနစိပကာရေန၊ တစုံတခုသော အပြားအားဖြင့်။ (၂၄-ပစ္စည်းတွင် တစုံတခုသော ပစ္စယသတ္တိဟူသော အပြားအားဖြင့်။) ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ နဟောန္တိ။ ["စောင့်ရှောက်လည်း မစောင့်ရှောက်တတ်, ထောက်ပံ့လည်း မထောက်ပံ့တတ်"ဟူလို။]

ပဲန၊ အန္ဒယကား။ ကေဝလံ၊ ကျေးဇူးပြုခြင်းမဖက် သက်သက်၊ ယထာသကေဟော၀၊ အကြင်အကြင် မိမိဥစ္စာသာလျှင် ဖြစ်ကုန်သော။ ပစ္စယေဟိ၊ ကံအစရှိသော အကြောင်းတို့ကြောင့်။ ပဲဝတ္တမာနာနံ၊ ကုန်သော။ လိင်္ဂါဒီနံ၊ လိင်္ဂအစရှိသော အခြင်းအရာတို့၏။ (ဘာဝေါ အပ္ပဝတ္တိတော တို့၌စပ်)

၁။ ယထာဟိ။ပေ။ဝုတ္တော။ ။ဤစကားရပ်ကားရှေ့စကားကို အကျယ်ပြသော စကားတည်း။ ထို့ကြောင့် "ဟိ" သည် ပိတ္ထာရလည်း သင့်၏။ ဥပမာပြသောကြောင့် တပ္ပါကဋီကရဏလည်း သင့်၏။ "ဇီဝိတာဟာရာ" ဟူသော ကတ္တားသည် "ပစ္စယဘူတာ စ ဟောန္တိ" တိုင်အောင် လိုက်နိုင်၏။ ထို့ကြောင့် စာအုပ်တို့၌ "တေ တေသံ" ဟုတေသဒ္ဒါ ပိုနေသည်။ရှေးနိဿယ၌လည်း မပါ။ ကြွင်းအဓိပ္ပါယ်ကို နိဿယအတိုင်း သိနိုင်လောက်ပြီ။ ဝီထိသုံးချက်စု ဘာသာဋီကာ၌လည်း ပြထားပါသည်။

ယထာ၊ အကြင်အခြင်းအရာအားဖြင့် ဖြစ်လသော်။ ဣတ္ထာဒိဂ္ဂဟဏဿ၊ ဣတ္ထိအစရှိသည်ဟုယူခြင်း၏။ ဝါ၊ဣတ္ထိပုရိသဟု စိတ်ဖြင့်ယူခြင်း၏။[ဣတ္ထိဂ္ဂဟဏဿစာတိ ဣတ္ထီတိ စိတ္တပ္ပဝတ္တိယာ၊-ဓမ္မသင်္ဂဏီ ရူပကဏ္ဍ အနုဋီကာ။] ပစ္စယဘာဝေါ၊ အကြောင်း၏အဖြစ်သည်။ ဝါ၊ အကြောင်း၏ ဖြစ်ကြောင်းဖြစ်ရာ လက်ခြေအစရှိသည်တို့၏ သေးသွယ်ခြင်း, မသေးသွယ်ခြင်းစသော အခြင်းအရာသည်။ ဟောတိ။ တတော၊ ထိုဣတ္ထိ ပုရိသဟု ယူခြင်း၏ အကြောင်း၏ အဖြစ်ဟူသော အခြင်းအရာမှ။ အညေန၊ အခြားသော။ အာကာရေန၊ အခြင်းအရာအားဖြင့်။ တံသဟိတသန္တာနေ၊ ထိုဘာဝရုပ်နှင့် တကွဖြစ်သော ခန္ဓာအစဉ်၌။ အပ္ပဝတ္တိတော၊ မဖြစ်ခြင်းကြောင့်။ လိင်္ဂါဒီဟိ၊ တို့သည်။ ဘေသံ၊ ထိုဘာဝရုပ်တို့၏။ ဝါ၊ တို့သို့။ အနုဝတ္တနီယဘာ၊ အစဉ်တစိုက် လိုက်အပ်ကုန်သည်၏ အဖြစ်ကိုရင်း။ ဣန္ဒြိယတာစ၊ ဣန္ဒြိယ၏ ဖြစ်ကြောင်းဖြစ်ရာ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေဟူသော အမည်ကိုရင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ (ထိုသို့ လိင်္ဂအစရှိသည်တို့၏ ဘာဝရုပ်သို့ အစဉ်လိုက်အပ် ကုန်သည်၏ အဖြစ်, ဘာဝရုပ်တို့၏ ဣန္ဒြိယ၏ အဖြစ်ကို ဆိုအပ်ကုန်သည်၏ အဖြစ်ကြောင့်။) တေသံ၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့၏။ ဣန္ဒြိယပစ္စယဘာဝေါ၊ ဣန္ဒြိယပစ္စည်း၏အဖြစ်ကို။ နဝုတ္တော၊ ဟောတော် မမူအပ်။

စက္ခာဒယော အရူပဓမ္မာနံယေဝါတိဧတ္ထ[1]၊ ဟူသော ဤပါဌ်၌။ သုခဒုက္ခိန္ဒြိယာနိပိ၊ သုခိန္ဒြေ ဒုက္ခိန္ဒြေတို့ကို။ စက္ခာဒိဂ္ဂဟဏေန၊ စက္ခာဒယော၌ ပါသော စက္ခာဒိသဒ္ဒါဖြင့်။ ဂဟိတာနိ၊ ကုန်ပြီ။ ဣတိ ဒဋ္ဌဗ္ဗာနိ။

၁။ စက္ခာဒယော အရူပဓမ္မာနံယော။ ။[အဋ္ဌကထာ စာအုပ်တို့၌ "စက္ခုန္ဒြိယာဒယော" ဟုရှိ၏။ ဤ၌လည်း "စက္ခုန္ဒြိယာဒယော" ဟုရှိလျှင် ကောင်း၏။] "စက္ခာဒိ" အရ၌ သုခိန္ဒြေ ဒုက္ခိန္ဒြေ တို့ကိုလည်း သွင်းယူရ၏။ ဘာကြောင့်နည်း- စက္ခာဒိအရ သောတ ဃာန ဇိဝှါ ကာယ ဣန္ဒြေတို့ကို ယူလျှင် ကာယကိုမှီသော ကာယဝိညာဉ်၌ သုခ ဒုက္ခဝေဒနာတို့က ယှဉ်ရသည့်အပြင်, ကာယဝိညာဉ်ကဲ့သို့ ထိုဝေဒနာတို့ကလည်း ရုပ်ကိုမဖြစ်စေနိုင်သည့် အတွက် နာမ်အားသာ ကျေးဇူးပြုနိုင်သောကြောင့်တည်း။

လက္ခဏာရမဏ္ဍုပနိဇ္ဈာနဘူတာနံ ၊ အနိစ္စတာ အစရှိသော လက္ခဏာ, နိဗ္ဗာန်၏ တထလက္ခဏာ, ပဲ့သဝီကသိုဏ်းအစရှိသော အာရုံကိုကပ်၍ စူးစူး စိုက်စိုက်ရှုတတ်သည်ဖြစ်၍ ဖြစ်ကုန်သော။ ဝိတက္ကာဒီနံ၊ ဝိတက်အစရှိ သော စျာနင်တို့၏။ ဝိတက္ကနာဒိဝသေန၊ ကြံခြင်းအစရှိသည်တို့၏ အစွမ်း ဖြင့်။ ဝါ၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ရှေးရှုတင်ပေးခြင်း အစရှိသည်တို့ ၏ အစွမ်းဖြင့်။ အာရမဏံ၊ ကို။ ဥပဂန္တွာ၊ ကပ်၍။ နိဇ္ဈာနံ ပေက္ခနံ၊ ရှုခြင်း

ထိုသို့ယူရာ၌ သုခိန္ဒြေ ဒုက္ခိန္ဒြေတို့က ဈာနင်္ဂယပစ္စည်းအဖြစ်ဖြင့်သာ စက္ခု အစရှိသည်တို့နှင့် တူသည်။ ပစ္ဆာဇာတပစ္စည်းသို့ ရောက်သောအခါ စက္ခု ပသာဒ အစရှိသည်တို့က ပစ္ဆာဇာတပစ္စည်း မဖြစ်သော်လည်း သုခိန္ဒြေ ဒုက္ခိန္ဒြေတို့ကား ပစ္ဆာဇာတပစ္စည်း ဖြစ်နိုင်သည်။ ထို့ကြောင့် အနုဋီကာ၌ ''သုခိန္ဒြိယ ဒုက္ခိန္ဒြိယာနိပိ စက္ခာဒိဂ္ဂဟဏေန ဂဟိတာနီတိ ဈာနံ ဈာနင်္ဂယပစ္စယ မေဝ သန္ဓာယ ဝုတ္တံ၊ ပစ္ဆာဇာတာဒီဟိ ပန တာနိ ရူပဓမ္မာနမ္ပိ ပစ္စယာ ဟောန္တိယေဝ'' ဟုဆိုသည်။

၁။ လက္ခဏာရမဏ္ဍုပနိဇ္ဈာနဘူတာနံ။ ။အနိစ္စတာ ဒုက္ခတာ အနတ္တတာ လက္ခဏာကို ဝိပဿနာဉာဏ်နှင့် ယှဉ်သော ဝိတက်စသည်တို့ကကပ်၍ စူးစူး စိုက်စိုက် ရှုတတ်ကြ၏။ နိဗ္ဗာန်၏ တထလက္ခဏာကို ဂေါတြဘုမဂ်ဖိုလ်နှင့် ယှဉ်သော ဝိတက်စသည်တို့က ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်ကြ၏။ ပထဝီ ကသိုဏ်းစသော အာရုံကို လောကီပထမစျာန် စသည်တို့နှင့် ယှဉ်သော ဝိတက် စသည်တို့က ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်ကြ၏။ [လက္ခဏာရမဏ္ဍုပနိဇ္ဈာန ဘူတာနန္တိ အနိစ္စတာဒိလက္ခဏာဿ ပထဝီကသိဏာဒိ အာရမဏဿစ ဥပနိဇ္ဈာန ဝသေန ပဝတ္တာနံ၊ ဝိတက္ကာဒီနန္တိ ဝိတက္ကဝိစာရပီတိဝေဒနာစိတ္တေကဂ္ဂတာနံ၊· အနု။]

၂။ နိဇ္ဈာနံ။ ။နိပုဗ္ဗ ဈေဓာတ်၏ ''ပေက္ခဏ'' အနက်ကို ယူ၍ နိဇ္ဈာနံ ကို ပေက္ခဏံ ဟုဟုင်း။[ပ-ပုဗ္ဗ ဈက္ခဓာတ် ယုပစ္စည်း အနပြု] ဈေဓာတ်၏စိန္တန အနက်ကို ယူ၍ နိဇ္ဈာနံ စိန္တနံ ဟုဟုင်း ၂-မျိုးဖွင့်သည်။ ဤ အနက် ၂·မျိုးလုံးပင် ဥပနိဇ္ဈာယနပုဒ်၌ ရနိုင်သောကြောင့် ''စိန္တနံ ဝါ''ဟု ရှိခြင်းသည် မကောင်း။ အနုဋီကာ၌လည်း ''ဥပဂန္တွာ နိဇ္ဈာနန္တိ ဥပနိကစ္စနိဇ္ဈာနံ ဈာနာရမဏဿ ဈာန စက္ခုနာ ဗျတ္တတရံ ဩလောကနံ, အတ္ထတော စိန္တနမေဝ ဟောတီတိ ဝုတ္တံ ပေက္ခနံ စိန္တနဥဉာတိ'' ဟု စ·ဖြင့် ရှိသည်။

သည်ရင်း။ (နိဿာနံ) စိန္တနံစ၊ ကြံခြင်းသည်ရင်း။ ဝိတက္ကာဒီနံယေဝ၊ တို့၏သာ။ သာခရဏော၊ တူသော ဆောင်ခြင်းရှိသော။ ဝါ၊ ဆက်ဆံသော။ ဗျာပါရော၊ သည်။ (ဟုတွာ) ဥပနိဿာယနဋ္ဌော၊ တည်း။ ဝါ၊ ကပ်၍ရှုခြင်း ကြံခြင်းသဘောတည်း။ ထပေတွာ သုခဒုက္ခဝေဒနာ ဒွယန္တိ (ဧတ္ထ)၊ ၌။ သုခိန္ဒြိယဒုက္ခိန္ဒြိယဒွယံ ၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ နှစ်ပါးအပေါင်းကို။ ထပေတွာ၊ ၍။ ဣတိ(အယံ)၊ ကား။ အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။

သဗ္ဗာနိပိတိ^၂၊ ဟူ၍။ ဝတွာ၊ ၍။ သတ္တစျာနင်္ဂါနိ တိဝစနေန၊ ဟူသော စကားဖြင့်။ အစျာနင်္ဂါနံ၊ ဈာနင်မထိုက်ကုန်သော။ ဥပေက္ခာစိတ္တေကဂ္ဂတာနံ၊ တို့ကို။ နိဝတ္တနံ၊ နစ်စေခြင်းကို။ (သင်္ဂဟကာရေန) ကတံ၊ ပြီ။

၁။ သုခိန္ဒြိယ။ပေ။ဒွယံ။ ။သုခ ဒုက္ခဝေဒနာဟု ဆိုရာ၌ အာရမဏာနုဘဝနနည်းအားဖြင့်ခွဲလျှင် သုခသဟဂုတ် ၆ ၃-ခု၌ ယှဉ်သော သုခဝေဒနာ, ဒုက္ခသဟဂုတ်ကာယဝိညာဉ်, ဒေါသမူဒွေး၌ ယှဉ်သော ဒုက္ခဝေဒနာကို ယူရ၏။ ဤ၌ကား ဣန္ဒြိယဘေဒအားဖြင့် ခွဲ၍ သုခသဟဂုတ်, ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ရှိသော သုခဝေဒနာ ဒုက္ခဝေဒနာ ၂-ပါးကိုသာ ယူရမည်ဖြစ်သော ကြောင့် "သုခိန္ဒြိယ ဒုက္ခိန္ဒြိယဒွယံ" ဟု ဣန္ဒြိယဘေဒနည်းအားဖြင့် ဖွင့်သည်။ ဤသို့ လိုအပ်သော ဝေဒနာ ၂-ပါးကိုသာ ယူရမည်ဖြစ်၍ "အဓိပ္ပါယော"ဟု လည်း ဆိုသည်။

အမှာ၊ ။ဤကဲ့သို့ ဖွင့်ရခြင်းသည် မူလဋီကာဆရာ၏ လက်ထက်ကတွေ့ရသော အဋ္ဌကထာပေစာ၌ "ဒွိပဉ္စဝိညာဏေသု ကာယိက" ဟူသော ပုဒ်မပါဘဲ "ထပေတွာ သုခဒုက္ခဝေဒနာ ဒွယံ" ဟုသာရှိသောပါဌ်ကို တွေ့ရသောကြောင့် တည်း။ "ထပေတွာ ဒွိပဉ္စဝိညာဏေသု ကာယိကသုခဒုက္ခဝေဒနာဒွယံ"ဟုယခု စာအုပ်တို့၌ ရှိ၏။ ဤအတိုင်းဆိုလျှင် ဋီကာဆရာက "သုခိန္ဒြိယ ဒုက္ခိန္ဒြိယဒွယံ" ဟု ဖွင့်ဘွယ်မလိုတော့။ ကာယိကသုခဒုက္ခ ဟုဆိုလျှင် သုခိန္ဒြေ ဒုက္ခိန္ဒြေ အမည် ရသော သုခ ဒုက္ခဖြစ်ကြောင်း ထင်ရှားပြီးဖြစ်သည်။

၂။ သဗ္ဗာနိပိ။ပေ။ကတံ။ ။"သဗ္ဗာနိပိ"ဟု ဆိုတုန်းက ဥပေက္ခာ စိတ္တေကဂ္ဂတာ တို့ပါဝင်နိုင်သော်လည်း "သတ္တစျာနင်္ဂါနိ" ဟုဆိုသောအခါ ဈာနင် မထိုက်သော ဒွေပဉ္စဝိညာဉ်၌ယှဉ်သော ဥပေက္ခာစိတ္တေကဂ္ဂတာတို့ကို တားမြစ်ပြီး ဖြစ်၏။

ဣတိ, ဒဠှဗ္ဗံ။ (သဏ္ဍာနပဏ္ဏတ္တိဝစနေန၊ ဖြင့်။ အဗျာနင်္ဂါနံ၊ ကုန်သော။ ဥပေက္ခာစိတ္တေကဂ္ဂတာနံ၊ တို့ကို။ နိဝတ္တနံ၊ ကို။) ယဒိ (ကတံ)၊ အကယ်၍ ပြုအပ်ပြီးဖြစ်အံ့။ ဇဝံ (သတိ)၊ သော်။ သဏ္ဍာနပဏ္ဏတ္တိဝေဝနေဝ၊ ဟူသော ဤစကားဖြင့်ပင်။ သိဒ္ဓေ၊ ဈာနင်မတိုက်သော သုခဒုက္ခတို့ကို တားမြစ်ခြင်းကိုစွ ပြီးစီးပါလျက်။ ထပေတွာ သုခဒုက္ခဝေဒနာဒွယန္တိ၊ ဟူ၍။ ကသ္မာ၊ ကြောင့်။ (သင်္ဂဟကာရေန) ဝုတ္တံ၊ နည်း။ ပဉ္စသု၊ ကုန်သော။ ဝေဒနာဘေဒေသု၊ ဝေဒနာအပြားတို့၌။ သုခဒုက္ခဝေဒနာဒွယဿ၊ သုခဒုက္ခဝေဒနာ နှစ်ပါး အပေါင်း၏။ ကေဝလ္လန၊ စင်စစ် အားဖြင့်။ အဗျာနင်္ဂတ္တဒဿနတ္ထံ၊ ဈာနင်မထိုက်သည်၏ အဖြစ်ကိုပြခြင်း အကျိုးငှာ။ ဝါ၊ ပြလိုခြင်းကြောင့်။ (သင်္ဂဟကာရေန) ဝုတ္တံ၊ ပြီ။ (ကသ္မာ) သုခဒုက္ခဝေဒနာဒွယဿ,ကေဝလ္လန, အဗျာနင်္ဂတ္တဒဿနံ၊ သည်။ဟောတိ၊နည်း။ သုခဒုက္ခဝေဒနာဒွယဿ၊ ၏။(ဝါ၊ ကို။) ဈာနင်္ဂဌာနေ[1]၊ ဈာနင်အရာ၌။ (ဘဂဝတာ၊ သည်။) နိဒ္ဒိဋ္ဌတ္တာ၊ ညွှန်ပြတော်မူအပ်သည်၏ အဖြစ်ကြောင့်။ (သုခဒုက္ခဝေဒနာဒွယဿ, ကေဝလ္လန, အဗျာနင်္ဂတ္တဒဿနံ ဟောတိ။) ဝါ၊ တနည်း။ ဈာနင်္ဂဝေါဟာရေ၊ သုခဒုက္ခတို့၏ ဈာနင် ဟူသော အခေါ်

၁။ ဈာနင်္ဂဌာနေ နိဒ္ဒိဋ္ဌတ္တာ။ ။ဓမ္မသင်္ဂဏီပါဠိတော်ဝယ် "ကတမံ ပဉ္စင်္ဂိကံ ဈာနံ ဟောတိ၊ ဝိတက္ကော ဟောတိ၊ ဝိစာရော ဟောတိ၊ ပီတိ ဟောတိ၊ သုခံ ဟောတိ၊ စိတ္တေကဂ္ဂတာ ဟောတိ" ဟု ဈာနင်အရာ၌ "သုခံ ဟောတိ" ဟုထုတ်ပြတော်မူ၏။ ဒေါသမူစိတ္တုပ္ပါဒ်၌ စာအုပ်တို့ဝယ် ပေယျာလမြုပ်ထား' သော်လည်း "ကတမံ စတုရင်္ဂိကံ ဈာနံ ဟောတိ" နေရာဝယ် "ဒုက္ခံ ဟောတိ" ဟုရှိရမည်သာ။ ဤသို့ ဈာနင် ဌာန၌ ညွှန်ပြတော်မူအပ်သောကြောင့် ကေန် ဈာနင်မဟုတ်ကြောင်းကို ပြရသည်။ မေးတွယ်....ဈာနင်မဟုတ်လျှင် အဘယ့်ကြောင့် ဈာနင်အရာ၌ ပြရသနည်း ဟု မေးတွယ်ရှိ၏။ အဖြေကား....သုခဒုက္ခနာမည်ချင်းတူသောကြောင့် သဒိသူပစာရအားဖြင့် ဈာနင်ဟု ဟောတော်မူရသည်။ [ဈာနင်္ဂဝသေနာတိ ဣဒံ ဒွိပဉ္စဝိညာဏဝဇ္ဇေသု ဝိဇ္ဇမာနံ ဥပေက္ခာ သုခဒုက္ခေကဂ္ဂတာနံ ဈာနင်္ဂိကတ္တာ ဣမာပိ တံသဒိသာနံ တဒုပစာရံ ကတွာ ဝုတ္တံ၊- ဓမ္မသင်္ဂဏီမူလဋီကာ, စိတ္တုပ္ပါဒကဏ္ဍ, အဗျာကတပဒ အဟေတုကကုသလဝိပါက အဖွင့်။]

အဝေါသည်။ သတိပိ^၁၊ သော်လည်း။ (ပြဆိုပြီးသော မေ့သင်ကာပါဠိ တော်၌ ဈာနင်ဟူသော အခေါ်အဝေါ်ရှိပါသော်လည်း။) ဝေဒနာဘေဒ ဒွယဿ၊ သုခဝေဒနာ ဒုက္ခဝေဒနာအားဖြင့် ပြားသော ဝေဒနာနှစ်ပါး အပေါင်း၏။ ဝေါဒ္ဒေနေ၊ ဖြင့်။ ဈာနပစ္စယတ္တာ ဘာဝဒဿနတ္ထံ၊ ဈာန ပစ္စည်းမဟုတ်သည်၏ အဖြစ်ကိုပြခြင်းအကျိုးငှာ။ ဝါ၊ ပြလိုခြင်းကြောင့်။ (ထပေတွာ သုခဒုက္ခဝေဒနာဒွယန္တိ၊ ဟူ၍။ သင်္ဂဟကာရေန ဝုတ္တံ။)

ပန၊ ဆက်။ ဥပေက္ခာစိတ္တေကဂ္ဂတာနံ^၂၊ တို့၏။ (ဘာဝေါ ၌စပ်) ဈာနပစ္စယတ္တာဘာဝေါ၊ ဈာနပစ္စည်းမဟုတ်သည်၏ အဖြစ်သည်။ ယဒိပိ အတ္ထိ၊ အကယ်၍လည်း ရှိပါပေ၏။ပန၊ ထိုသို့ပင် ဥပေက္ခာ စိတ္တေကဂ္ဂတာ တို့၏ ဈာနပစ္စည်းမဟုတ်သည်၏ အဖြစ် ရှိပါသော်လည်း။ ဈာနပစ္စယ ဘာဝေါ၊ ဈာနပစ္စည်း၏အဖြစ်သည်။ နနတ္ထိ၊ မရှိမဟုတ်ရှိသည်သာ။ ဣတိ၊ ကြောင့်။ သဗ္ဗာနိပိ သတ္တဈာနင်္ဂါနီတိ ဧတ္ထ၊ ဟူသော ဤပါဠ်၌။ (ဥပေက္ခာ စိတ္တေကဂ္ဂတာနံ၊ တို့ကို။) ဂဟဏံ၊ ကို။ ကတံ၊ ပြီ။ တတ္ထ၊ ထိုသဗ္ဗာနိပိ သတ္တဈာနင်္ဂါနိ ဟူသောပါဠ်၌။ သဗ္ဗာနိပီတိ ဝစနံ၊ ဟူသော သဒ္ဒါသည်။ သဗ္ဗာကုသလာဒိဘေဒသင်္ဂဏှနတ္ထံ၊ အလုံးစုံသော ကုသိုလ်အစရှိသော အပြား ရှိသော ဈာနင်တို့ကိုသိမ်းယူခြင်း အကျိုးရှိသည်။ (ဟောတိ။) ပန၊

၁။ **သတိပိဝါ။ပေ။ဒဿနတ္ထံ။** ၊ဤနည်းကား "အဈာနင်္ဂတ္တဒဿနတ္ထံ" ဟူသောနည်းမှ တနည်းတည်း။ ရှေ့နည်း၌ အစစ် အမှန်အားဖြင့် ဈာနင် မဟုတ်ကြောင်းကိုပြ၏။ ဤနည်း၌ကား ဈာနင်ဝေါဟာရ ရစေကာမူ ဈာန ပစ္စည်း မဟုတ်ကြောင်းကို ပြသည်။

၂။ **ဥပေက္ခာစိတ္တေကဂ္ဂတာနံ ပန။** ။ဝေဒနာဒွယကို ဈာနပစ္စည်းမဟုတ် သောကြောင့် "ထပေတွာ သုခဒုက္ခဝေဒနာဒွယံ" ဟုဆိုလျှင် ဈာနပစ္စည်း မတပ်သော ဥပေက္ခာစိတ္တေကဂ္ဂတာတို့ကို မကြဉ်ဘဲ အဘယ့်ကြောင့် ယူရပါ သနည်း- ဤသို့ မေးဘွယ်ရှိသောကြောင့် "ဥပေက္ခာစိတ္တေကဂ္ဂတာနံ ပန။ပေ။ ဂဟဏံ ကတံ" ဟုမိန့်သည်။ ဥပေက္ခာစိတ္တေကဂ္ဂတာတို့က ဒွိပဥ္စဝိညာဉ်၌ယှဉ်ခိုက် အချိုကဈာနပစ္စည်း မဖြစ်ပါသော်လည်း အခြားစိတ်၌ ယှဉ်ခိုက်မှာမူ ဈာန ပစ္စည်းမဖြစ်မဟုတ်, ဖြစ်သည်သာ။ ထို့ကြောင့် "သဗ္ဗာနိပိ သတ္တဈာနင်္ဂါနိ" ဟူသောပါဠ်၌ ဥပေက္ခာစိတ္တေကဂ္ဂတာ တို့ကို ယူပါသည်။

ဗျတိရိက်ကား။ သဗ္ဗစိတ္တုပ္ပါဒဂတသင်္ဂဟနတ္ထံ၊ အလုံးစုံသော စိတ္တုပ္ပါဒ်၌ ဖြစ်သော ဓမ္မာနင်တို့ကို သိမ်းယူခြင်းအကျိုးရှိသည်။ န(ဟောတိ)၊ မဟုတ်၊ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ။ [သဗ္ဗာနိပိ ဟုဆိုသော်လည်း သာဝသေသသဗ္ဗ ဖြစ်သော ကြောင့် ဒွေပဉ္စဝိညာဉ်၌ယှဉ်သော ဥပေက္ခာစိတ္တေကဂ္ဂတာတို့ကို မသိမ်း ယူနိုင် ဟူလို။]

ယထာ တထာ ၀ါတိ၊ ဟူသော ပါဌ်၏။ သမ္မာဝါ¹၊ ကောင်းသော သုဂတိလမ်း ဖြစ်သောလမ်းမှသော်၎င်း။ မိစ္ဆာဝါ၊ မှားသော ဒုဂ္ဂတိလမ်း, သံကိလေသ လမ်းမှသော်၎င်း။ (နိယျာနဋ္ဌေနုနြ်စပ်) ဣတိအတ္တော။ ဧတေ ပန။ပေ။ နလဗ္ဘန္တီတိ ဣဒံ²၊ ဟူသော ဤစကားကို။ (ဝုတ္တံ ၌စပ်) အဟေတုကစိတ္တေသု ဝေ³၊ တို့၌သာ။ (ဓမ္မာနမဂ္ဂပစ္စယာ၊ တို့ကို။) န လဗ္ဘန္တိ၊

၁။ သမ္မာဝါ မိစ္ဆာဝါ။ ။ဤအဖွင့်သည် "ယထာ တထာဝါ"၏ သဒ္ဒတ္ထအဖွင့်မဟုတ်။ အဓိပ္ပါယတ္ထအဖွင့်သာတည်း။ ထို့ကြောင့် အနုဋီကာ၌ "ယထာ တထာ ဝါတိ ဒုဂ္ဂတိတော ဝါ သုဂတိတော ဝါ သံကိလေသ တော ဝါ ဝေါဒါနတော ဝါ နိယျာနဋ္ဌော" ဟုဖွင့်၍ "သွာယံ (ထိုနိယျာနဋ္ဌ သည်) ယထာက္ကမံ သမ္မာ မိစ္ဆာ ဝါ ဟောတီတိ အာဟ သမ္မာဝါ မိစ္ဆာဝါတိ အတ္တော"တိဟု အဓိပ္ပါယတ္ထဖွင့်သည်။

၂။ ဧတေ ပန ။ပေ။ န လဗ္ဘန္တီတိ ဣဒံ။ ။[ဣဒံ ကို ဝုတ္တံ ၌စပ်] ဤ သံဝဏ္ဏေတဗ္ဗသည် ယခု အဋ္ဌကထာစာအုပ်များ၌ မရှိပါ။ ထိုသို့ မရှိသော ကြောင့် ဆိုအပ်လတ္တံ့သော အဖွင့်များကို အကျယ်တဝင့် ဖွင့်နေရပါသည်။ ယခု အဋ္ဌကထာ စာအုပ်၌ရှိသော ပါဌ်အတိုင်းသာဆိုလျှင် ထိုမျှလောက် ကျယ်ဝန်းစွာ ဖွင့်နေဘွယ်မလိုပါ။ ထို့ကြောင့် ကျယ်ဝန်းစွာဖွင့်ပြီးနောက် အဋ္ဌကထာစာအုပ်၌ ယခုရှိနေသောပါဌ်ကို ထုတ်ပြ၍ "သော ပါဌော သုန္ဒရ တရော"ဟု ဆိုပါလိမ့်မည်။

၃။ အဟေတုက။ပေ။ဒဿနတ္ထံ။ ။"န သဟေတုကစိတ္တေန" ဟူသော နောက်ဝါကျကို ထောက်၍ ရှေ့ဝါကျ၌ "အဟေတုကစိတ္တေသု ဧဝ" ဟု အဝဓာရဏရနိုင်၏။ ဤသို့ ရှေ့ပုဒ်၌ ဧဝသဒ္ဒါယှဉ်စေ၍ အဓိပ္ပါယ်ယူသော အခါ "အဟိတ်စိတ်တို့၌သာ ဓမ္မာနပစ္စည်း မဂ္ဂပစ္စည်းတို့ မရအပ်ကုန်"ဟု တားမြစ်၍ သဟိတ်စိတ်တို့၌ကား မရမဟုတ် ရအပ်ကုန်၏ဟုလည်း ခွင့်ပြုရာ ရောက်သည်။

ကုန်။ သဟေတုကစိတ္တေသု၊ တို့၌။ (န လဗ္ဘန္တိ၊ မရအပ်ကုန်သည်ကား။) နု၊ မဟုတ်။ ဉာတိ၊ ဤသို့။ သဟေတုက စိတ္တေသု [၁]၊ တို့၌။ (ဈာန မဂ္ဂ ပစ္စယာနံ၊တို့၏။)အလာဘာ ဘာဝဒဿနတ္ထံ၊မရမှု၏မရှိခြင်းကိုပြခြင်းအကျိုး ငှာ။ ဝုတ္တံ၊ ပြီ။ အဟေတုကစိတ္တေသု၊ တို့၌။ လာဘာဘာဝဒဿနတ္ထံ၊ ရမှု၏ မရှိခြင်းကိုပြခြင်းအကျိုးငှာ။ နု (ဝုတ္တံ)၊ ဆိုအပ်သည်မဟုတ်။

ဉာတိဝေ [၂]၊ သို့။ အတ္ထော၊ ကို။ ဂဟေ့မာနေ၊ ယူအပ်သော်။ အဟေတုက စိတ္တေသု [၃]၊ တို့တွင်။ ကတ္ထစိ၊ အချို့စိတ်၌။ ကဿစိ၊ အချို့သောပစ္စည်းကို။ လာဘော၊ ကို၊ န ဝါရိတော၊ မတားမြစ်အပ်။ ဉာတိ တ္တေက မေဝ၊ ဤမျှလောက်သော အနက်ကိုသာ။ ဝိညာယေယျ၊ သိအပ်ရာ၏။သဝိတက္ကာ

၁။ ဉာတိ သဟေတုက။ပေ။ဒဿနတ္ထံ။ ။[စိတ္တေသူတိမှ ဉာတိကို ယူထားသည်။] တိုဆိုအပ်ပြီးသော အကြောင်းကြောင့် ဧတေ ပန ဒွေပိ စသော စကားကို သဟိတ်စိတ်တို့၌ ဈာနမဂ္ဂစ္စပည်းတို့ မရမရှိ။ ရကုန်သည်၏အဖြစ်ကို ပြခြင်းငှာ ဆိုအပ်၏။ ("နလဗ္ဘန္တိဝေ" ဟု မဆိုသောကြောင့်) သဟိတ်စိတ် တို့၌ ဈာနမဂ္ဂပစ္စည်း တပါးမျှ ရခြင်းမရှိဟု ပြခြင်းငှာ ဆိုအပ်သော စကား မဟုတ်ဟု သိသာပါသည်။

၂။ ဝေ၀ံ အတ္ထော ဂဟေ့မာနေ။ ။ဝေ၀ံ ဝုတ္တာနယေန ပဌမပဒါဝ ဓာရဏဝသေန (အဟေတုကစိတ္တေသုဝေ ဟု ပဌမပုဒ်၌ အဝဓာရဏ၏အစွမ်း ဖြင့်) အတ္ထေ ဝိညာယမာနေ၊-အနု။ [နောက်လာမည့်နည်း၌ကား "နလဗ္ဘန္တိ ဝေ"ဟု နောက်ပုဒ်၌ အဝဓာရဏထည့်၍ အဓိပ္ပါယ်တမျိုးပြလိမ့်မည်။]

၃။ အဟေတုက။ပေ။ဝိညာယေယျ။ ။ဤပြခဲ့သည့်အတိုင်း အနက်ကို ယူအပ်သော် အဟိတ်စိတ်တို့၌ ဈာနမဂ္ဂပစ္စည်းရခြင်းကို "နလဗ္ဘန္တိဝေ"ဟု ဝေ ဖြင့် မဆိုသောကြောင့် ကတ္ထစိ (အချို့သော အဟိတ်စိတ်၌) ကဿစိ (အချို့ သော ဈာန်, သို့မဟုတ် မဂ္ဂပစ္စည်းကို) လာဘော နဝါရိတော (ရခြင်းကို မတားမြစ်အပ်) ဉာတိ တ္တေကမေဝ ဝိညာယေယျ၊ ဤမျှလောက်ကိုသာ သိနိုင်စရာ ရှိသည်။ [မည်သည့်စိတ် မည်သည့်ပစ္စည်းဟု ဝိသေသန မပြုဘဲ "ကတ္ထစိ ကဿစိ" ဟု ဆိုသောကြောင့် မသေချာသာ သိနိုင်စရာရှိသည် ဟူလို။]

ဟေတုက စိတ္တေသု[၁]၊ ဝိတက်နှင့်တကွဖြစ်သော အဟိတ်စိတ် ၈-ပါးတို့၌။ ဈာနပစ္စယဿေဝ၊ ကိုသာ။ အလာဘာဘာဝဒဿနံ၊ မရမှု၏မရှိခြင်းကို ပြခြင်းကို။ (သင်္ဂဟကာရေန) ကတံ၊ ပြီ။ ဣတိ၊ ဤအဓိပ္ပါယ်ကို။ န (ဝိညာယေယျ)၊ မသိအပ်ရာ။ ဝါ၊ တနည်း။ ဣမဿိံ ဝစနေ၊ ဧတေပန ။ပေ။ န လဗ္ဘန္တိ ဟူသော ဤစကားသည်။ အဟေတုကစိတ္တေသု[၂]၊ တို့၌။ လာဘာဘာဝဒဿနတ္ထေ၊ ဈာနမဂ္ဂပစ္စည်းတို့၏ ရမှု၏ မရှိခြင်းကို ပြခြင်း ဟူသောအနက်ရှိသည်။ (သတိ) ပန၊ ဖြစ်သော်ကား။ သဝိတက္ကာဟေတုက စိတ္တေသု၊ တို့၌။ ဈာနပစ္စယဿ၊ ကို။ လာဘာဘာဝေါ၊ ရမှု၏ မရှိခြင်း သည်။ အာပဇ္ဇတိ၊ ဖြစ်၏။

၁။ န သဝိတက္ကာ။ပေ။ကတံ။ ။"တွေကမေဝဝိညာယေယျ"၌ဧဝဖြင့် တားမြစ်အပ်သော အနက်ကိုပြလို၍ "န သဝိတက္ကာဟေတုကစိတ္တေသု" စသည် ကို မိန့်သည်။ "သဝိတက္ကအဟိတ်စိတ် ၈-ပါးတို့၌ (ကတ္တစိ သရုပ်ကိုဖော် သည်။) ဈာနပစ္စည်းကိုသာ (ကဿစိ အရ သရုပ်ဖော်သည်။ ဧဝ ဖြင့် မဂ္ဂ ပစ္စည်းကိုကန့်) မရမရှိ ရသည်၏အဖြစ်ကို ပြမှုကို အဋ္ဌကထာဆရာ ပြုအပ်၏" ဟူ၍ မသိနိုင်ရာ။ [ရှေ့ဝါကျ၏ ပြောင်းပြန်ဖြစ်သောကြောင့် "န"သဒ္ဒါနှင့် တွဲဘို့ရန် "ဝိညာယေယျ"ဟု ကြိယာထည့်ရသည်။ "ဒဿနတ္ထံ ကတံ"၌ "ဒဿနံ ကတံ"ဟုရှိမှ ကောင်းမည်ထင်သည်။]

၂။ အဟေတုကစိတ္တေသု ဝါ။ ။"ဧတေ ပန ။ပေ။ နလဗ္ဘန္တိ" ဟူသော အဋ္ဌကထာဝါကျဝယ် "အဟေတုကစိတ္တေသု (ဧဝ)" ဟုရှေ့ပုဒ်၌ အဝဓာရဏ အနက်ယှဉ်စေရသော နည်းမှတပါး "နလဗ္ဘန္တိဧဝ" ဟု နောက်ပုဒ်၌ အဝဓာ ရဏ အနက် ယှဉ်စေရသော နည်းကိုပြလို၍ "အဟေတုကစိတ္တေသုဝါ" အစရှိသောပါဌ်ကို မိန့်သည်။ "ဣမဿိံ ဝစနေ" ဟူသည် စတည်အပ်ခဲ့သော "ဧတေ ပန။ပေ။နလဗ္ဘန္တိ" ဟူသော ဝါကျတည်း။ထိုဝါကျသည် "နလဗ္ဘန္တိ ဧဝ"ဟု နောက်ကိရိယာပုဒ်နောင် ဧဝ အနက်ထည့်၍ အဟိတ်စိတ်တို့၌ ဈာန မဂ္ဂပစ္စည်းမရခြင်းဟူသော အနက်ကိုပြသော သဒ္ဒါဖြစ်လျှင် "သဝိတက္က အဟိတ်စိတ် ၈-ပါးတို့၌ ဈာနပစ္စည်းရခြင်းမရှိ"ဟု ဆိုရာရောက်၏။ အဘယ့် ကြောင့်နည်း....."နလဗ္ဘန္တိဧဝ၊ အဟိတ်စိတ်တို့၌ ဈာနမဂ္ဂ ကေန်မရအပ်ကုန်" ဟုဆိုသောကြောင့်တည်း။

တသ္မာ[1]၊ ထို့ကြောင့်။ ယေန အလာဘေန၊ အကြင် သဝိတက္ကအဟိတ်စိတ်တို့၌ ဈာနပစ္စည်းကို မရခြင်းကြောင့်။ ဓမ္မသင်္ဂဏီယံ၊ ဓမ္မသင်္ဂဏီပါဠိတော်၌။ မနောဓာတုအာဒီနံ၊ (သဝိတက္ကအဟိတ်ဖြစ်သော) မနောဓာတ် အစရှိကုန်သောစိတ်တို့၏။ သင်္ဂဟသုညဘာဝါရေသု၊ သင်္ဂဟဝါရသုညတဝါရ တို့၌။ဈာနံ၊ ဈာနပုဒ်ကို။ (ဘဂဝတာ)န ဥဒ္ဓဋံ၊ ထုတ်ဆောင်တော်မမူအပ်။ တံ အလာဘံ၊ ထိုမရခြင်းကို။ သန္ဓာယ၊ ၍။ ဈာနပစ္စယဿာပိ၊ ကိုလည်း။ အဟေတုကစိတ္တေသု၊ တို့၌။ သေ (သော) အလာဘော၊ ဤမရခြင်းကို။ (ဘဂဝတာ) ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ ဣတိ။ ဝေဒိတဗ္ဗော။ ဟိ[2]၊ ဥပမာ ဆောင်ထင်အောင်ပြအံ့။ သဟေတုကေသု၊ တို့၌။ ဝိတက္ကာဒီနံ၊ ဝိတက်အစရှိသော ဈာနင်တို့၏။ သဟဇာတေ၊ တကွဖြစ်ဘက်တရားတို့ကို။ သံကဍ္ဎိတွာ၊စုရုံး၍။ ဧကတ္တာတဘာဝကရဏံ၊ တူသောသဘောရှိကုန်သည် ၏အဖြစ်သို့ ရောက်ကုန်သည်၏အဖြစ်ကို ပြုခြင်းဟူသော။ ဥပနိဇ္ဈာယန

၁။ တသ္မာ။ပေ။ဝုတ္တောတိ။ ။"ထိုသို့ အဟိတ်စိတ်အားလုံး၌ ဈာန မဂ္ဂပစ္စည်းတို့ မရအပ်ကုန်သည်သာ" ဟု ဝေသဒ္ဒါဖြင့် သတ်မှတ်ခဲ့သော် "သဝိ တက္က အဟိတ်စိတ် ၈-ပါးတို့၌ ဈာနပစ္စည်းမရ" ဟု ဆိုရာရောက်သောကြောင့် ဓမ္မသင်္ဂဏီပါဠိတော်ဝယ် (ဒွိပဉ္စဝိညာဉ်မှ တပါးသော သဝိတက္က ဖြစ်သော) မနောဓာတ်စသည်တို့၏သင်္ဂဟဝါရ သုညတာဝါရတို့၌ ဈာနံပုဒ်ကို ထုတ်ပြတော် မမူအပ်။ (ထိုပါဠိတော်ကို ကြည့်ပါ) ထိုဓမ္မသင်္ဂဏီပါဠိတော်ဝယ် မရခြင်းကို ရည်ရွယ်၍ အဟိတ်စိတ်အားလုံး၌ ဤဈာနပစ္စည်းမရခြင်းကို သင်္ဂဟ အဋ္ဌကထာ ဆရာသည် "ဧတေ ပန ။ပေ။ နလဗ္ဘန္တိ" ဟုဆိုအပ်ပြီဟု သိထိုက်၏။

၂။ ယထာ ဟိ ။ပေ။ ဝုတ္တော။ ။"ယေန အလာဘေန တံ အလာဘံ" အရ ထိုမရခြင်းဟူသည် အဘယ်သို့သော မရခြင်းပါနည်း။ ဤသို့မေးဘွယ် ရှိသောကြောင့် ယထာဟိ စသည်ကိုမိန့်သည်။ သဟိတ်စိတ်တို့၌ ဝိတက်စသော ဈာန်အင်္ဂါတို့၏ ဥပနိဇ္ဈာယန ဗျာပါရသည် အားရှိ၏။ ထိုဗျာပါရဟူသည် ဝိတက်စသည်တို့က တကွဖြစ်ဘက် တရားတို့ကို စုရုံး၍ တပေါင်းတလုံးတည်း ဖြစ်အောင်ပြုနိုင်ခြင်းတည်း။ "န တထာ အဟေတုကစိတ္တေသု ဟောတိ၊ ထို မျှလောက်ကြီးသော အားမျိုးကား သဝိတက္က အဟိတ်စိတ်တို့၌ ယှဉ်သော ဝိတက်စသော ဈာန်အင်္ဂါတို့မှာ မရှိကြ။ ထို့ကြောင့် ယေန အလာဘေန, တံ အလာဘံ"အရ "ထိုကဲ့သို့ ကြီးမားသောအားကို မရခြင်း"ဟုမှတ်ပါ။

ဗျာပ်ါရော၊ အာရုံသို့ကပ်၍ စူးစူးစိုက်စိုက် ရှုခြင်းဟူသော ဗျာပါရသည်။ ဗလဝါ၊ အားကြီးသည်။ (ဟောတိ) ယထာ၊ ကဲ့သို့။ တထာ၊ တူ။ အဟေတုကစိတ္တေသု၊ တို့၌။ (ဝိတက္ကာဒီနံ, သဟဇာတေ, သံကမ္ပိတွာ, ကေတ္တဂတာဘာဝကရဏံ ဥပနိဇ္ဈာယနဗျာပါရော ဗလဝါ) နှ ဟောတိ။

ပန၊ ထိုသို့ပင် ဓမ္မသင်္ဂဏီပါဠိတော်ဝယ် ဈာနံကို မထုတ်ဆောင်အပ်ပါသော်လည်း။ ဠမသို့ ပကရဏေ ၊ ဤပဋ္ဌာန်းကျမ်း၌။ ဒုဗ္ဗလံ၊ အားမရှိသည်။ (သမာနံ) ပိ၊ ဖြစ်ပါသော်လည်း။ ဝါ၊ ဖြစ်သည်လည်း ဖြစ်သော။ ဥပနိဇ္ဈာယနံ၊ အာရုံသို့ကပ်၍ စူးစူးစိုက်စိုက် ရှုခြင်းသည်။ ကိဉ္စိမတ္တမ္ပိ၊ စိုးစဉ်းအနည်းငယ်မျှလည်း။ ယဒိပိ အတ္ထိ၊ အကယ်၍မူလည်းရှိအံ့။တေန၊ ထိုစိုးစဉ်း အနည်းငယ်မျှဖြစ်သော ဥပနိဇ္ဈာယနဖြင့်။ ဥပကာရကတာ၊ သည်။ ဟောတိ။ ဠတိ၊ ကြောင့်။ သဝိတက္ကာဟေတုက စိတ္တေသုပိ၊ တို့၌ လည်း။ ဈာနပစ္စယော၊ ကို။ (ဘဂဝတာ) ဝုတ္တော၀၊ သည်သာ။ တသ္မာ [၂]၊ ထို့ကြောင့်။ (ထိုသို့ ဓမ္မသင်္ဂဏီပါဠိတော်ငယ် ဈာနံပုဒ်ကို မထုတ်ဆောင်

၁။ ဠမသ္မိံ ပန။ပေ။ဈာနပစ္စယော ဝုတ္တော၀။ ။ဤပဋ္ဌာန်းပါဠိတော်၌ ကား ရနိုင်သမျှ ပစ္စယသတ္တိတို့ကို ထင်ရှားပြရာ ကျမ်းဖြစ်သောကြောင့် ဝိတက် စသည်တို့၏ အားမရှိသော ဥပနိဇ္ဈာယနသတ္တိ အနည်းငယ်မျှဖြင့် ပစ္စယုပ္ပန် တရားတို့အားကျေးဇူးပြုနိုင်လျှင် ဈာနပစ္စည်းကို ဟောတော်မူအပ်သည်သာ။

၂။ တသ္မာ ။ပေ။သုန္ဒရတရော၀။ ။ပြအပ်ပြီးသော အဖွင့်များ၏ လဒ္ဒ ဂုဏ်ကို ပြလိုသောကြောင့် "တသ္မာ ။ပေ။ သုန္ဒရတရော" ဟု မိန့်သည်။ ဤ၌ ပြအပ်သော ပါဌ်ကား ယခုစာအုပ်တို့၌ ရှိသောပါဌ်ပင်တည်း။ ထိုပါဌ်က သဝိတက္ကအဟိတ်စိတ်တို့၌ ဈာနပစ္စည်းရနိုင်ကြောင်း တိုက်ရိုက်ပြသောကြောင့် သာ၍ကောင်းပါသည် ဟူလို။ ဠမဿ ပကရဏဿာယံ အတ္ထဝဏ္ဏနာ စသည် ကား သုန္ဒရတရော ဖြစ်ခြင်း၏အကြောင်းကို ပြသောစကားတည်း။

သမ္ပယုတ္တပစ္စယတာ။ ။သံကို "သမံ၊ အညီအမျှ သမနေအောင်" ဟု ၎င်း။ ပ ကို "ပကာရေ၊ အပြားတို့ဖြင့်" ဟု၎င်း ဖွင့်၏။ ထိုသမံကို ငြိမ်းအေး ခြင်း, တူခြင်းအနက်ကိုယူမည်စိုး၍ "အဝိသမံ၊ မညီမမျှမဟုတ်" ဟု အနုဋီကာ ဖွင့်၏။ မညီမမျှမဟုတ်လျှင် "အညီအမျှသမ" ဟူသော အနက်ပင်တည်း။ ပကာရေဟိ ကိုလည်း "ကေဝတ္တုကကာဒိပ္ပကာရေဟိ" ဟု သရုပ်ဖော်သည်။

အပ်ပါသော်လည်း ဤပဋ္ဌာန်းကျမ်း၌ ဈာနပစ္စည်း၏ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။)ယေ၊ အကြင်ဆရာတို့သည်။ ပဋ္ဌန္တိ၊ ရွတ်ဆိုကြကုန်၏။ (ကိံ၊ နည်း။) န ဧတေ ပဲန။ပေ။လဗ္ဘန္တီတိ၊ ဟူ၍။ (ပဋ္ဌန္တိ။)တေသံ၊ ထိုဆရာတို့၏။ သော ပါဌော၊ သည်။ သုန္ဒရတရော၊ သာ၍ကောင်း၏။ (ကသ္မာ, သော ပါဌော, သုန္ဒရတရော၊ နည်း။) အယံ၊ ဤအနက်အဖွင့်သည်။ ဣမဿ ပကရဏဿ၊ ၏။ အတ္ထ ဝဏ္ဏနာ၊ သည်။ (ဟောတိ။) ဓမ္မသင်္ဂဟိယာ၊ ဓမ္မသင်္ဂဏီပါဠိတော်၏။ (အတ္ထဝဏ္ဏနာ) န (ဟောတိ)၊ မဟုတ်။ ဣတိ၊ ကြောင့်။ (သော ပါဌော, သုန္ဒရတရော) ။

သမံ၊ အညီအမျှ။ (သမအောင်)။ ပကာရေဟိ၊ ကေဝဋ္ဋုကာတာ အစရှိသော အပြားတို့ဖြင့်။ ယုတ္တတာယ ၁၊ ရောနှောစပ်ယှဉ်ကုန်သည်၏

အနုဋီကာ၌-အဝိသမံ အပြင် "သမ္မာ သဟဝါ" ဟုဖွင့်သေး၏။ ထိုအဖွင့်သည် သမံ ၏အဖွင့်မဟုတ်။ "သံ သမောဓာန သခေ်ပ, သမန္တတ္တသမိဒ္ဓိသု" သမ္မာဘုသ သဟာပ္ပတ္တော" စသည်ဖြင့် အဘိဓာန် (၁၁၇၀) ဂါထာလာ သံ ဥပသာရ၏အနက်တို့တွင် "သမ္မာအနက်ဟော, တနည်း သဟအနက်ဟော" ဟု သံပုဒ်ကိုဖွင့်ခြင်းဖြစ်သည်။သမံ အနက်သည် အဘိဓာန်၌ မပါသောကြောင့် ရှေးရိုးအနက် မဟုတ်ရကား အဘိဓာန်၌ပါသော အနက် ၂-မျိုးကိုဖွင့်သည် ဟုမှတ်ပါ။ ထိုတွင် "သမ္မာ၊ ကောင်းစွာ" ဟူသည် အတူယှဉ်သော စိတ်စေတသိက်တို့ မိမိသဘောကို မိမိဆောင်သော အားဖြင့် အခြားသဘောကို မကန့်မြစ်ကြသည်ကို "သမ္မာ"ဟုဆိုသည်။ သဟ၏ အဓိပ္ပါယ်ကား ထင်ရှားပြီ။

၁။ ယုတ္တတာယ။ ။"အယောန+ယုတ္တော+ရထော၊ မြင်းသည်+ကပ်ယှဉ်အပ်သော+ရထား" ဟုဆိုရာ၌ "မြင်းနှင့်ရထားသည် ရောနှောသော အားဖြင့် ယှဉ်ခြင်းမဟုတ်, မြင်းနှင့်ရထားတို့ ပူးကပ်ယှဉ်စပ်ရုံသာ ဖြစ်၏။ စိတ်နှင့်စေတသိက်တို့ ယှဉ်ရာ၌ကား စတုမဓုကြိုရာဝယ် ထောပတ် ဆီ ပျားရည် တင်လဲ (သကာ)တို့ ယှဉ်ရုံမျှမက ခွဲ၍မရအောင် ရောနှောကြသကဲ့သို့ စိတ်နှင့် စေတသိက်တို့လည်း သဘောချင်းမတူဘဲလျက် ခွဲဘို့မလွယ်အောင် ရောနှောမိကြသည်ကို "ယုတ္တ"ခေါ်သည်ဟု ယူစေလို၍"သံသဋ္ဌတာယ"ဟု အနုဋီကာ ဖွင့်သည်။ သမံနှင့် ပေါင်းသောအခါ "သမနေအောင် ရောနှောကြသည်" ဟုဆိုလိုသည်။ ထို့ကြောင့်ပင် အနုဋီကာ၌လည်း "ဧကီဘာဝေါပဂမနေန ဝိယ"ဟု သမံယုတ္တတာယကိုပင် ထပ်၍ဖွင့်သည်။

အဖြစ်ကြောင့်။ ("ဥပကာရကတာ" ၌စပ်) ဧကီဘာဝေါပဂမနေနဝိယ တပေါင်းတည်း မဟုတ်သော်လည်း တပေါင်းတည်း ကဲ့သို့သော အဖြစ်သို့ ကပ်ရောက်ခြင်းအားဖြင့် ကဲ့သို့။ဥပကာရကတာ၊ လျော်သောဂုဏ်ကျေးဇူး ကို ပြုတတ်ကုန်သည်၏အဖြစ်သည်။ သမ္ပယုတ္တပစ္စယတာ၊ တည်း။

ယုတ္တာနံ၊ ရောနှောစပ်ယှဉ်ကုန်သည်။ သတံပိ၊ဖြစ်ပါကုန်သော်လည်း။ နာနတ္တုပဂမေန၊ မတူထူးခြား ကွဲပြားသည်၏ အဖြစ်သို့ ကပ်ရောက်ခြင်း

အနုဋီကာ။ ။သာ ပန သံသဋ္ဌတာ ယသ္မာ သဘာဝတော အနေကေ သမ္ပိ သတံ (စိတ်တခု၌ အနည်းဆုံးစေတသိက် ၇-ပါးယှဉ်သောကြောင့် တရားကိုယ်သဘောအားဖြင့် များနေပါကုန်သော်လည်း) ဧကတ္တဂမနံဝိယ (တခုတည်းအဖြစ်သို့ ရောက်သကဲ့သို့) ဟောတိ၊ ၏။ တသ္မာ ဝုတ္တံ ဧကီဘာဝေါ ပဂမနေနဝိယ ဥပကာရကတာတိ။

ဆက်ဦးအံ့- ဤသို့တခုတည်း အဖြစ်သို့ ရောက်သကဲ့သို့ ကျေးဇူးပြုနိုင်ပုံကို လည်း များစွာကုန်သောထိုစိတ်စေတသိက်တို့၏တခုစီမခွဲဘဲ သံဟစ္စ(ပေါင်း၍) ဧကတ္တကာရိတာယ (တခုတည်းအဖြစ်ဖြင့် ဆိုင်ရာကိစ္စကို ပြုလေ့ရှိသည်၏ အဖြစ်ကြောင့်) နိဒဿေတဗ္ဗာ၊ ညွှန်ပြထိုက်၏ဟု မိန့်သည်။

၁။ ယုတ္တာနံပိ သတံ။ ။သဟဇာတဝိပ္ပယုတ်၌ ကုသိုလ် နာမက္ခန္ဓာတို့နှင့် စိတ္တသမုဋ္ဌာန်ရုပ်တို့သည် အတူတကွဖြစ်ရခြင်းကြောင့် ယုတ္တ၊ ယှဉ်တဲ့မိကြ၏။ ပစ္ဆာဇာတဝိပ္ပယုတ်၌လည်း ပစ္စည်းတရားတို့က နောက်မှဖြစ်စေကာမူ ပစ္စယုပ္ပန် ရူပကာယတို့က မချုပ်သေးသောကြောင့် ယှဉ်တဲ့မိကြ၏။ ပုရေဇာတဝိပ္ပယုတ် ၌လည်း ပစ္စည်းပစ္စယုပ္ပန်တို့ ယှဉ်တဲ့မိကြပုံကို သိပါ။ ဤသို့ ယှဉ်တဲ့မိကြလျှင် "သမ္ပယုတ္တ မဖြစ်ပါလော" ဟု မေးဘွယ်ရှိသောကြောင့် သမ္ဘာဝနာဇောတက "အပိ"သဒ္ဒါကို ထည့်သည်။ ယှဉ်တဲ့မိကြသော်လည်း ဝိပ္ပယုတ္တဘာဝ သာ ဖြစ်သည် ဟူလို။

အနုဋီကာ။ ။ယုတ္တာနမ္ပိ သတံတိ ဝုတ္တပ္ပကာရေန (ပါဠိတော်၌ ဟော တော်မူအပ်သော အပြားအားဖြင့်) သံသဋ္ဌတာယ (ရောနှောသည်၏ အဖြစ် ဟူသော) အညမညသမ္ဗန္ဓတာယ (ပစ္စည်း ပစ္စယုပ္ပန်တို့ အချင်းချင်းငြိကုန် သည်၏အဖြစ်ဖြင့်) ယုတ္တာနမ္ပိသမာနာနံ (ဝိပ္ပယုတ္တဘာဝေန၌စပ်) အယုတ္တ ယုတ္တတာ (ဤယုတ္တ၏ အဖြစ်ကိုလည်း) နသမ္ပယုတ္တပစ္စယတာယဝိယ (ကဲ့သို့) ပစ္စယဓမ္မေသု ပစ္စယုပ္ပန္နဓမ္မေသုစ ဝေဒိတဗ္ဗာ၊ ကေဝလံ တတ္ထ (ထိုသမ္ပယုတ္တ

ဟူသော။ ဝိပ္ပယုတ္တဘာဝေန᳚၊ ကေဝတ္ထုကတာ အစရှိသော အပြားတို့ဖြင့် မယှဉ်ကုန်သည်၏အဖြစ်ဖြင့်။ ဥပကာရကတာ၊ သည်။ ဝိပ္ပယုတ္တပစ္စယတာ၊ တည်း။ ဟိ၊ မှန်။ (တနည်း။ ကသ္မာ၊ ကြောင့်။ ယုတ္တာနံ, သတံပိ နာနတ္တုပဂမေန ဝိပ္ပယုတ္တဘာဝေန ဥပကာရကတာ ဝိပ္ပယုတ္တပစ္စယတာ၊ တည်း။ ဣတိ ဝိညာယတိ၊ နည်း။) ဟိ' (ယသ္မာ)၊ ကြောင့်။ ဝတ္ထုသဟ ဇာတ ပစ္ဆာဇာတဝသေန၊ ဝတ္ထု၏အဖြစ်, သဟဇာတ၏ အဖြစ်, ပစ္ဆာ ဇာတ၏ အဖြစ်အားဖြင့်။ အယုတ္တာနံ၊ မယှဉ်ကုန်သော။ အာရမဏာဒိ ဘာဝေန၊ အာရမဏ အစရှိသည် တို့၏ အဖြစ်ဖြင့်။ (အာဒိ ဖြင့်

ပစ္စည်း၌) အရူပသဘာဝတ္တာဥဘယံ (ပစ္စည်း ပစ္စယုပ္ပန် နှစ်ပါးစုံသည်) သမ္ပေရုံ (တူမျှသောဝန်ဆောင်ခြင်းရှိ၏) ဣမ (ဤဝိပ္ပယုတ္တပစ္စည်း၌) ရူပါရူပသဘာဝတ္တာ (ရုပ်သဘော နာမ်သဘောရှိကုန်သည်၏ အဖြစ်ကြောင့်)ဥဘယံ (ပစ္စည်း ပစ္စယုပ္ပန် ၂-ပါးစုံသည်) ဝိဓုရံ (မတူသောဝန်ဆောင်ခြင်းရှိ၏) ဣတိ အယံ ဝိသေသော။

၁။ ဝိပ္ပယုတ္တဘာဝေန။ပေ။ဂမေန။ ။ဝိပ္ပယုတ္တဘာဝေနာတိ ဝိသံသဋ္ဌ ဘာဝေန၊ တေသံ ဝုတ္တံ နာနတ္တုပဂမေနာတိ၊ ဣဒံ ဟေတ္ထ ဝိပ္ပယုတ္တတာယ ဝိသေသနံ၊ ဤနာနတ္တုပဂမေနပုဒ်သည် ဝိပ္ပယုတ္တတာ၏ ဝိသေသနတည်း။ ဤအဖွင့်အတိုင်း နိဿယ၌ နာနတ္တုပဂမေန ကို ရှေးဦးစွာ အနက်ပေးသည်။ နာနတ္တုပဂမနသင်္ခါတာ ဝိပ္ပယုတ္တတာ၊ န သာ ဉာဏဝိပ္ပယုတ္တန္တိအာဒီသု ဝိယ အဘာဝမတ္တန္တိ၊ "ဉာဏဝိပ္ပယုတ်" ဟူရာ၌ ဉာဏ်မရှိခြင်းဟူသမျှကို မယှဉ်ခြင်း ဟုဆိုသကဲ့သို့ ဤ၌မရှိခြင်းကို ဝိပ္ပယုတ်ဟုမဆိုလို။ ပစ္စည်း ပစ္စယုပ္ပန်နှစ်မျိုးလုံး သဘောမတူသည်၏အဖြစ်သို့ ရောက်ခြင်းဟူသော နာနတ္တုပဂမနကို "ဝိပ္ပ ယုတ္တ"ဟု ဆိုလိုသည်။

၂။ နှဟိ။ပေ။ပစ္စယတာ အတ္ထိ။ ။"ယုတ္တာနံ"ဟုဆိုအပ်ခဲ့သော စကား ကိုပြီးစေသော ဒဠှီကရဏစကားတည်း။ ဝတ္ထု သဟဇာတ ပစ္ဆာဇာတ အဖြစ် ဖြင့် ယုတ္တဖြစ်မှသာ ဝိပ္ပယုတ္တပစ္စည်းဖြစ်သည်။ ထိုကဲ့သို့ ယုတ္တမဖြစ်လျှင် ဝိပ္ပယုတ္တ ပစ္စည်းမဖြစ်။ ရူပါရုံစသော တရားတို့မှာ အာရမဏသတ္တိဖြင့် ကျေးဇူးပြုကြ, ဝိပ္ပယုတ်လည်း ဖြစ်ကြစေကာမူ ဝတ္ထု သဟဇာတ ပစ္ဆာဇာတ အဖြစ်အားဖြင့် ယုတ္တ မဖြစ်ကြသောကြောင့် ဝိပ္ပယုတ္တပစ္စည်း မဖြစ်ကြ။ [ရူပါဒယော ပန အာရမဏာဓမ္မာ ကိဥ္စာပိ ဝိပ္ပယုတ္တမေဝ၊ ဝိပ္ပယုတ္တပစ္စယာ ပန နဟောန္တိ၊ ကိံ ကာရဏာ သမ္ပယောဂါသင်္ကာယ အဘာဝတော၊-ပစ္စယနိဒ္ဒေသအဋ္ဌကထာ။]

အာရမ္မဏာဓိပတိ စသည်ကို ယူပါ။) ဥပကာရကာနံ၊ ကုန်သော။ ဝိပ္ပယုတ္တာနံ၊ ဧကေဝတ္ထုကတာ အစရှိသော အပြားတို့ဖြင့် မယှဉ်ကုန်သော။ ရူပါဒီနံ၊ ရူပါရုံအစရှိသောတရားတို့၏။ ဝိပ္ပယုတ္တပစ္စယတာ၊ သည်။ နအတ္ထိ။ ဣတိ၊ ကြောင့်။ (ယုတ္တာနံ သတိပိ နာနတ္တုပဂမေန ဝိပ္ပယုတ္တဘာဝေန ဥပကာရကတာ ဝိပ္ပယုတ္တပစ္စယတာ၊ တည်း။ ဣတိ ဝိညာယတိ၊ ၏။) ပန၊ ဆက်။ ရူပါနံ[1]၊ ပဃဝိစသောရုပ်တို့၏။ ရူပေဟိ၊ အာပေါစသော ရုပ်တို့နှင့်။ အဝိနိဗ္ဘောဂေ၊ အသီးအသီးခွဲခြား၍ မရခြင်းသည်။ သတိပိ၊ သော်လည်း။ ဝိပ္ပယောဂေါယေဝ၊ ဝိပ္ပယောဂသည်ပင်။ နတ္ထိ။ ဣတိ၊ ကြောင့်။ တေသံ၊ ထိုရုပ်တရားတို့၏။ဝိပ္ပယုတ္တပစ္စယတာ၊ သည်။ န၊ မဖြစ်။ ဟိ၊ မှန်။ စတူဟိသမ္ပယောဂေါ စတူဟိဝိပ္ပယောဂေါတိ[2]၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ။

ပစ္စုပ္ပန္နလက္ခဏေနာတိ၊ ကား။ ပစ္စုပ္ပန္နသဘာဝေန၊ ပစ္စုပ္ပန်သဘော ဖြစ်သော။ (အတ္ထိဘာဝေန ဥစပ်) တေန၊ ထိုပစ္စုပ္ပန္နလက္ခဏေန ဟူသော

၁။ ရူပါနံ ပန ရူပေဟိ။ ။ဝတ္ထု သဟဇာတစသော အားဖြင့် ယုတ္တ ဖြစ်သော တရားတို့သည် အတူဖြစ်ကြသောကြောင့် သမ္ပယုတ်လေလားဟု ယုံမှားဘွယ်ရှိ၏။ ကလာပ်တခုတည်းဝယ် မဟာဘုတ် ဥပါဒါရုပ်တို့သည် အနိဝိဗ္ဘောဂ (အသီးအသီးခွဲခြား၍ မရသော်လည်း) သမ္ပယုတ်ဖြစ်ကြလေသလောဟု တွေးတောယုံမှားဘွယ်မရှိ၊ ထို့ကြောင့် ဝိပ္ပယုတ်ဟု အထူးဟောနေဘွယ်မလို။ [ဝိပ္ပယောဂေါယေဝ နတ္ထိ၊ သမ္ပယောဂါသင်္ကာယ အဘာဝတော၊-အနု။]

၅။ စတူဟိ။ပေ။ဝိပ္ပယောဂေါ။ ။"စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါ"ဟူသောစကားသည်သမ္ပယုတ်၏လက္ခဏာ, ဝိပ္ပယုတ်၏လက္ခဏာကိုပြသော ဓာတုကထာ လက္ခဏမာတိကာ စကားတည်း။ ထိုသို့ နာမ်ခန္ဓာ ၄-ပါးတို့ အချင်းချင်း သမ္ပယုတ်ဖြစ်သောကြောင့် သမ္ပယုတ္တပစ္စည်းဟု ဟောတော်မူခဲ့၏။ နာမ်နှင့်ရုပ်သည်၎င်း, ရုပ်နှင့်နာမ်သည်၎င်း အတူတကွဖြစ်ကြရာ၌ သမ္ပယုတ်လေလားဟု ယုံမှားဘွယ်ရှိသောကြောင့် ဝိပ္ပယုတ္တပစ္စည်းအဖြစ်ဖြင့် ဟောတော်မူရသည်။ ရုပ်အချင်းချင်းမှာ ထိုကဲ့သို့ ယုံမှားဘွယ်မရှိသောကြောင့် ဝိပ္ပယုတ္တ ဟုအထူးဟောတော်မမူ။

ပါဌ်ဖြင့်။ (နိဝါရေတိ ဌ်စပ်) မေ၊ တပည့်တော်၏။ ဝါ၊ သည်။ ကတံ၊ ပြုအပ်ပြီးသော။ ပါပကမ္မံ၊ မကောင်းမှုသည်။ အတ္ထိ၊ ရှိပါ၏။ ဣတိ ဤသို့ ၎င်း။ [ပါရာဇိကကဏ်ပါဠိတော်, ပဌမပါရာဇိက, သုဒိန္နဘာဏဝါရ။] အတ္တ ဟိတာယ၊ မိမိစီးပွားအလို့ငှာ။ ပဋိပန္နော၊ ကျင့်သော။ ကေစ္စော၊ အချို့ သော။ ပုဂ္ဂလော၊ သည်။ အတ္ထိ။ ဣတိစ၊ ဤသို့၎င်း။ [ပုဂ္ဂလပညတ် ပါဠိတော်, စတုက္ကပုဂ္ဂလပညတ္တိ။] ဧဝမာ သု၊ ဤသို့အစရှိသော ပါဠိရပ်

၁။ အတ္ထိ။မေ။ကတံ။ ။ကတံ ဌ် တပစ္စည်းသည် အတိတ်အနက်ဟော တည်း။ ထို့ကြောင့် "ပြုအပ်ပြီးသော မကောင်းမှုရှိ" ဟူရာ၌ "ပစ္စုပ္ပန် သဘောဖြစ်သော အတ္ထိ မဟုတ်" ဟုသိသာ၏။ အတိတ်ဖြစ်လျှင် လွန်ပြီး ချုပ်ပြီးဖြစ်၏။ သို့ပါလျက် အဘယ့်ကြောင့် "အတ္ထိ၊ ရှိ၏-ရှိနေ၏" ဟု ဆိုရ သနည်းဟု မေးဘွယ်ရှိ၏။ အဖြေကား-အကျိုးမပေးရသေးသမျှ ခန္ဓာအစဉ်၌ ကမ္မသတ္တိအဖြစ်ဖြင့် ရှိနေသောကြောင့် "အတ္ထိ-ရှိ၏" ဟု ဆိုရပါသည်။

အနုဋီကာ။ ။ကတဘာဝဝိသိဋ္ဌာ အတ္ထိတာ ဝုတ္တမာနံ့ (ပြုအပ်ပြီးအဖြစ် သည် အထူးပြုအပ်သော ဆိုအပ်ဆဲဖြစ်သော အတ္ထိ၏အဖြစ်သည်) ကိရိယာယ သိဒ္ဓဘာဝမေဝ ဒီပေတိ၊ နံ့သိဒ္ဓမာနတံ (ပြုခြင်းကြိယာ၏ ပြီးပြီး၏ အဖြစ် ကိုသာပြ၏။ ပြီးဆဲအဖြစ်ကို မပြ)။ ဣတိ အာဟ- နိဗ္ဗတ္တတာလက္ခဏံ အတ္ထိ ဘာဝန္တိ၊အတ္တတော ပန (လိုရင်းအနက်အားဖြင့်ကား) ကမ္မဿ အနိဗ္ဗတ္တဖလ တာယဧဝ ဧတ္ထ အတ္ထိတာ ဝေဒိတဗ္ဗာ၊ ကံ၏အကျိုးက ဖြစ်ပြီးမဟုတ်သည်၏ အဖြစ်ကြောင့်သာ ဤ "အတ္ထိ မေ ပါပကမ္မံ ကတံ" ဟူသောပါဌ်၌ အတ္ထိအဖြစ် ကို သိထိုက်၏။

၂။ အတ္ထိပုဂ္ဂလော။ ။ပုဂ္ဂိုလ်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ။ သို့သော် လူတို့ခေါ်ဝေါ်အပ်သော နာမည်ပညတ်သည် စိတ်ဖြင့်ယူ၍ ရအပ် ရနိုင်လောက်အောင် ထင်ရှားနေသောကြောင့် "ဥပလဗ္ဘမာနတာလက္ခဏံ အတ္ထိဘာဝံ" ဟုဆိုသည်။ ["ဥပလဗ္ဘမာန" ဟူသည် ပုဂ္ဂိုလ်ဟူသော နာမည် ပညတ်ကို လောကသင်္ကေတအဖြစ်ဖြင့် စိတ်ထည်းဝယ် ရအပ်ခြင်းတည်း။]

တနည်း။ ။တဒုပါဒါနသာ ဝါ (ထို ပုဂ္ဂလဟူသော နာမည်ပညတ်၏ စွဲမှီရာခန္ဓာပဉ္စက၏) ပဗန္ဓာဝိစ္ဆေဒေါ (အစဉ်၏မပြတ်ခြင်းကို) လဗ္ဘတောဝါတိ ဝုတ္တံ ဥပလဗ္ဘမာနတာလက္ခဏံ အတ္ထိဘာဝန္တိ၊ ပုဂ္ဂိုလ်ဟူသော နာမည်ပညတ်၏ စွဲမှီရာက ခန္ဓာ ၅-ပါးဖြစ်သောကြောင့်၎င်း ထိုခန္ဓာအစဉ်ကလည်း မပြတ်

တို့၌။ ဝုတ္တံ၊ ဆိုအပ်သော။ နိဗ္ဗတ္တဥပလဗ္ဘမာနတာလက္ခဏံ၊ ဖြစ်ပြီးသည်၏ အဖြစ်ဟူသော လက္ခဏာ, အပ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိသော။ အတ္ထိဘာဝံ၊ အတ္ထိ၏အဖြစ်ကို။ နိဝါရေတိ၊ ၏။ ဇနကတ္တေ၊ ပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေတတ်သည်၏ အဖြစ်သည်။ သတိပိ၊ သော်လည်း။ အတ္ထိ ဘာဝေန၊ အတ္ထိ၏အဖြစ်ဖြင့်။ ဥပကာရကတာ၊ သည်။ ဥပထမ္ဘကတ္တပ္ပ ဓာနာ၊ ပြဓာန်းသော ဥပထမ္ဘက အဖြစ်ရှိ၏။ ဣတိ၊ ကြောင့်။ ဥပထမ္ဘ ကတ္တေနာတိ၊ ဟူ၍။ (သင်္ဂဟကာရော) အာဟ။ စ၊ ဆက်။ ဣဒံ ဥပ

မစဲရှိနေသောကြောင့်ဝုင်း "ဥပလဗ္ဘမာနလက္ခဏာရှိသော အတ္ထိဘာဝ" ဟုဆို သည်။ [ဤနည်း၌ကား လောကသင်္ကေတအဖြစ်ဖြင့် ရအပ်ရုံသာမက သဘာဝ အဖြစ်ဖြင့်လည်း ရအပ်သောကြောင့် "ဥပလဗ္ဘမာနတာ အတ္ထိဘာဝ" ဟု ဆိုလိုသည်။]

၁။ သတိပိ ဇနကတ္တေ။ ။အတ္ထိပစ္စည်းတပ်သော တရားတို့သည် ဥပါဒ် အခိုက်၌ ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေနိုင်သော ဇနကသတ္တိရှိသည် မဟုတ်ပါ လော၊ ထိုသို့ရှိပါလျက် အဘယ့်ကြောင့် "ဥပထမ္ဘကတ္တေန" ဟု အဋ္ဌကထာ ဆိုပါသနည်း ဟု စောဒနာဘွယ် ရှိသောကြောင့် "သတိပိ ဇနကတ္တေ" စသည်ကို မိန့်သည်။ ဇနကသတ္တိရှိသော်လည်း အတ္ထိအဖြစ်ဖြင့် ကျေးဇူး ပြုရာဝယ် ဥပတ္ထမ္ဘကသတ္တိက ပဓာနဖြစ်သောကြောင့် "ဥပတ္ထမ္ဘကတ္တေန" ဟု ဆိုရပါသည် ဟူလို။

အနုဋီကာ၊ ။ပစ္စယဓမ္မဿ ယဒိပိ ဥပ္ပါဒတော ပဋ္ဌာယ ယာဝဘင်္ဂါ လဗ္ဘမာနတာ အတ္ထိဘာဝေါ (ဥပါဒ်မှဘင်တိုင်အောင် ရနိုင်သည်၏ အဖြစ် သည် အကယ်၍မူလည်း အတ္ထိအဖြစ်ဖြစ်ပါပေ၏) တထာပိ တဿ ယထာ ဥပ္ပါဒက္ခဏတော ဌိတိက္ခဏေ သာတိသယော ဗျာပါရော (သို့သော်လည်း ထိုပစ္စည်းတရား၏ ဥပါဒ်ခဏထက် ဌီခဏ၌ ဗျာပါရက သာလွန်၏။) ဧဝံ ပစ္စယုပ္ပန္နေပီတိ ဝုတ္တံ သတိပိ။ပေ။ဥပကာရကတာတိ။

၂။ ဣဒဥ္စ။ပေ။ဒဋ္ဌဗ္ဗံ။ ။ဝတ္ထာရမဏာသဟဇာတာဒီနန္တိ အာဒိသဒ္ဒေန ပုရေဇာတပစ္ဆာဇာတာဒီနိ သင်္ဂဏှာတိ၊ အတ္ထိဘာဝေနေဝ န နတ္ထိဝိဂတာဒိ ဘာဝေန [ဋီကာစာအုပ်တို့၌ ဧဝ မပါ၊ "အတ္ထိဘာဝေန" ဟု သာ ရှိ၏။ ဤ အနုဋီကာဖွင့်ကိုထောက်၍ "အတ္ထိဘာဝေနေဝ" ဟု ဧဝသဒ္ဒါ ပါသင့်၏။]

ထမ္ဘကတ္တံ၊ ဤပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့တတ်သည်၏ အဖြစ်ကို။ (ဒဠှဗ္ဗံ ဠှစပ်) ဝတ္ထာရမဏသဟဇာတာဒီနံ၊ ဝတ္ထု, အာရုံ, သဟဇာတ အစ ရှိသော တရားတို့၏။ ဝါ၊တို့နှင့်။ သာဓာရဏာံ၊ တူသောဆောင်ခြင်းရှိသော။ ဝါ၊ ဆက်ဆံသော။ အတ္ထိဘာဝေနေဝ၊ ဖြင့်သာ။ ဥပကာရကတ္တံ၊ လျော် သော ဂုဏ်ကျေးဇူးကို ပြုတတ်သည်၏ အဖြစ်ဟူ၍။ ဒဋ္ဌဗ္ဗံ။

အာရမဏော၊ ၌။ ဖုသနာဒိဝံသေန၊ တွေ့ထိခြင်းအစရှိသည်တို့၏အစွမ်း ဖြင့်။ ဝတ္တမာနာနံ၊ဖြစ်ကုန်သော။ ဖဿာဒီနံ၊ ဖဿအစရှိကုန်သော။အနေ ကေသံ၊ တပါးမက များစွာသော စိတ်စေတသိက်တို့၏။ သဟဘာဝေါ၊ အတူတကွ၏ အဖြစ်သည်။ နတ္ထိ။ ဣတိ၊ ကြောင့်။ကေသိဉ္စိ၊ သော။ဖဿာဒိ သမုဒါယေ၊ ဖဿအစရှိသော စိတ္တုပ္ပါဒ်အပေါင်းသည်။ သတိ၊ သော်။ ဒုတိယော၊ သော။ (ဖဿာဒိ သမုဒါယော၊ သည်။) နဟောတိ။ ပန၊ ကား။ (ကေသိဉ္စိ ဖဿာဒိသမုဒါယေ၊ သည်။) အသတိ၊ သော်။ (ချုပ်ပြီး ဖြစ်၍ မရှိလသော်။) (ဒုတိယော, ဖဿာဒိသမုဒါယော) ဟောတိ။ တေန၊ ထိုသို့တပါးမက များစွာသော ဖဿအစရှိသော တရားတို့၏ အတူတကွ မဖြစ်ကြခြင်းကြောင့်။ နတ္ထိဘာဝေန၊ ရှေးဖဿအစရှိသော တရားတို့၏ မရှိကုန်သည်၏အဖြစ်ဖြင့်။ ဥပကာရကတာ၊သည်။ နတ္ထိ ပစ္စယတာ၊ တည်း။

ဣတိ သာဓာရဏန္တိ ဝုတ္တံ ဥပကာရကတ္တံ ဝိဘာဝေတိ၊-ဤ "အတ္ထိဘာဝေန" ဟူသောပါဌ်ဖြင့် သာဓာရဏံ ဟုဆိုအပ်သော ဥပကာရကအဖြစ်ကို ထင်ရှား စေ၏၊-အနု။ "ဝတ္ထာရမဏသဟဇာတာဒီနံ သာဓာရဏံ" ဟု ဆိုရာ၌ အတ္ထိ အဖြစ်ဖြင့် သာဓာရဏ ဖြစ်ကြသည်-ဟူလို။

၁။ အနေကေသံ။ပေ။နတ္ထိ။ ။စက္ခုဝိညာဉ်စိတ်၌ ဖဿစသော စေတ သိက် ၇-ပါးယှဉ်၏။ စက္ခုဝိညာဉ်စိတ်နှင့်တကွ ထိုစိတ္တုပ္ပါဒ် ၈ ပါးသည် ထုံးစံအတိုင်း သဟဘာဝ (အတူတကွဖြစ်ခြင်း) ရှိကြ၏။ "ဖဿာဒီနံ အနေ ကေသံ သဟဘာဝေါ နတ္ထိ" ကား စိတ္တုပ္ပါဒ်တခုကို ရည်ရွယ်သော စကား မဟုတ်။ အမျိုးမျိုးသော စိတ္တုပ္ပါဒ်တွင် ပါဝင်သော ဖဿစသော တရား အပေါင်းကို ရည်ရွယ်သောစကားတည်း။ ထို့ကြောင့် "ကေသိဉ္စိ ဖဿာဒိ သမုဒါယေ သတိ ဒုတိယော န ဟောတိ" ဟု ဆိုသည်။

ပုရိမတရစိတ္တာနံ၊ သာ၍ရှေး၌ဖြစ်ကုန်သော စိတ်တို့၏။ နတ္ထိဘာဝေ ၊ မရှိကုန်သည်၏ အဖြစ်သည်။ သတိပိ၊ သော်လည်း။ တာနိ၊ ထိုပုရိမတရစိတ်တို့သည်။ နတ္ထိဘာဝေန၊ နတ္ထိ၏အဖြစ်ဖြင့်။ ဥပကာရကာနိ၊ ကုန်သည်။ န(ဟောန္တိ)။ ပန၊ အနွယကား။ အနန္တရမေဝ၊ အခြားမဲ့စိတ်သည်သာ။ (ဥပကာရကံ ဟောတိ ၌စပ်) အတ္တနော၊ ပစ္စည်းတရားဖြစ်သော မိမိ၏။ အတ္ထိဘာဝေန၊ ရှိသည်၏ အဖြစ်ကြောင့်။ (ရှိနေခြင်းကြောင့်။) ပဝတ္တိဩကာသံ၊ ဖြစ်ခြင်း၏အခွင့်ကို။ အလဘမာနာနံ၊ မရကုန်သောပစ္စယုပ္ပန်တရားတို့အား။ (ဒဒမာနံ ၌စပ်) ဝါ၊ ကို၏။ (ပဝတ္တိ ၌စပ်) (အတ္တနော၊ ၏။) နတ္ထိဘာဝေန၊ မရှိသည်၏အဖြစ်ဖြင့်။ ပဝတ္တိဩကာသံ၊ ကို။ ဒဒမာနံ ဝိယ၊ ပေးသကဲ့သို့။ ဥပကာရကံ၊ သည်။ ဟောတိ။ ဣတိ၊ ကြောင့်။ ပဝတ္တိဩကာသဒါနေန ဥပကာရကာတိ၊ဟူ၍။ (သင်္ဂဟကာရော) အာဟ။

၁။ သတိပိ။ပေ။နတ္ထိဘာဝေ။ ။အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ ဟု စိတ်အစဉ်ဖြစ်ရာ၌ ဘဝင်စလနသည် ဘဝင်ုပစ္ဆေဒ၏ ပုရိမစိတ်တည်း။ အတီတဘဝင်ကား ပုရိမတရစိတ်တည်း။ ထိုပုရိမတရစိတ်သည် ဘဝင်ုပစ္ဆေဒဖြစ်သောအခါ နတ္ထိ မဟုတ်ပါလော။ ထိုပုရိမတရစိတ်တို့သည် အဘယ့်ကြောင့် နတ္ထိပစ္စည်းမဖြစ်ကြပါသနည်းဟု မေးဘွယ်ရှိသောကြောင့် "သတိပိ ပုရိမတရစိတ္တာနံ နတ္ထိဘာဝေ" စသည်ကိုမိန့်သည်။ ထိုပုရိမတရစိတ်တို့သည် နတ္ထိဖြစ်သော်လည်း နတ္ထိအဖြစ်ဖြင့် ကျေးဇူးမပြုကြသောကြောင့် နတ္ထိပစ္စည်း မဖြစ်ကြ-ဟူလို။

၂။ အနန္တရမေဝ။ပေ။ဥပကာရကံ။ ။အခြားမဲ့ဖြစ်၍ ပုရိမဖြစ်သော ရှေ့စိတ်ကား မိမိရှိနေသေးလျှင် နောက်စိတ်ဖြစ်ခွင့် မရ။ မိမိက မရှိသည်၏ အဖြစ်ဖြင့် နောက်စိတ် ဖြစ်ခွင့်ပေးသကဲ့သို့ ကျေးဇူးပြုသည်။ ထို့ကြောင့် "ပဝတ္တိဩကာသဒါနေန ဥပကာရကတာ"ဟု မိန့်သည်။

၃။ ဒဒမာနံဝိယ။ ။ရှေးရှေး စိတ်သည် မိမိချုပ်သည်၏ အဖြစ်ဖြင့် နောက်နောက် စိတ်အား အခွင့်ပေးသည်မှာ အမှန်ပင် မဟုတ်ပါလော။ အဘယ့်ကြောင့် "ဒဒမာနံဝိယ" ဟု ဝိယ သဒ္ဒါထည့်၍ မသေမချာ ဆိုရပါသနည်း-ဟုမေးဘွယ်ရှိ၏။ အဖြေကား- နောက်စိတ် ဖြစ်ခွင့်ပေးသည်ကား အမှန်ပင်ဖြစ်၏။ သို့သော် ပစ္စည်းတရားတို့မှာ ထိုသို့ဖြစ်ခွင့်ပေးလိုသော အဇ္ဈာသယမရှိပါသော်လည်း ဖြစ်ခွင့်ပေးလိုသော အဇ္ဈာသယရှိသကဲ့သို့ တင်စား၍

စ°၊ ဆက်။ ဧတ္ထ၊ ဤနတ္ထိ၏အဖြစ်, ဝိဂတ၏အဖြစ်တို့တွင်။ အဘာဝ မတ္တေန၊ မရှိခြင်းမျှဖြင့်။ ဥပကာရကတာ၊ သည်။ ဩကာသဒါနံ၊ ဖြစ်ခွင့်ကို ပေးခြင်းသည်။ (ဥပကာရကတာ ကို ထပ်ဖွင့်သည်) နတ္ထိပစ္စယတာ၊ တည်း။ သဘာဝ ါဝိဂမေန၊ သဘာဝဓမ္မ၏ မကင်းခြင်းကြောင့်။ (မကင်းသည့် အတွက်။) အပ္ပဝတ္တမာနာနံ၊ မဖြစ်ရသေးကုန်သော နောက် စိတ်စေတသိက်တို့အား။ သဘာဝဝိဂမေန၊ သဘာဝဓမ္မ၏ ကင်းခြင်းအားဖြင့်။ ဥပကာရကတာ၊ သည်။ ဝိဂတပစ္စယတာ၊ တည်း။ [ဤသို့ဖြစ်လျှင်မရှိခြင်း

တဒ္ဓမ္မူပစာရအားဖြင့် (ရူပကအလင်္ကာနည်း အားဖြင့်) ဆိုထားပါသည်။ [သစ္စမေတံ၊ ဧဝံ အဇ္ဈာသယာ ဝိယ ပစ္စယဓမ္မာ အဘာဝံ (မရှိခြင်း=ချုပ်ခြင်းသို့) ဂစ္ဆန္တီတိ ဒဿနတ္ထံ ဝိယ သဒ္ဒဂ္ဂဟဏံ၊-အနု။]

[ဆောင်] နိသတ္တိကို, သတ္တိရှိစွာ, ကျမ်း၌လာ, ဥပမာ ဥပရိက်, ကျမ်းရိပ်ထောက်ဆ, ရူပက။ [ဥပရိ-အထက်၌ တင်စား၍ (ဝ ါ၊ အလွန်အကျွန်)+ချာ-ဆိုခြင်း။]

၁။ ဧတ္ထစ။ပေ။ဝိဂတပစ္စယတာ။ ။နတ္ထိဘာဝ မရှိသည်၏ အဖြစ်နှင့် ဝိဂတဘာဝ ကင်းသည်၏အဖြစ်သည် ပစ္စည်းတရား၏ မရှိတော့ခြင်းအားဖြင့် တူသည်မဟုတ်ပါလော။ အဘယ်သို့ထူးပါသေးသနည်းဟု မေးဘွယ်ရှိသောကြောင့် "ဧတ္ထစ" စသည်ကို မိန့်သည်။ နတ္ထိဘာဝနှင့် ဝိဂတဘာဝသည် မရှိခြင်းအားဖြင့် တူမျှသော်လည်း မိမိရှိနေသမျှ နောက်စိတ်ဖြစ်ခွင့်မရသောကြောင့် မိမိ၏မရှိခြင်းမျှဖြင့် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်း၏ အဖြစ်တည်း။ မိမိဘည်းဟူသော သဘာဝဓမ္မမကင်းသေးသမျှ နောက်သဘာဝဓမ္မဖြစ်ခွင့်မရသောကြောင့် မိမိဘည်းဟူသော သဘာဝဓမ္မ၏ ကင်းခြင်းသည် ဝိဂတပစ္စည်း၏အဖြစ်တည်း။ ထို့ကြောင့် နတ္ထိတာ နိရောဓာနန္တရသုညတာ၊ ချုပ်ပြီး၏အခြားမဲ့၌ ထိုတရားနှင့်ဆိုင်ရာ ဘာမျှမကျန်တော့ဘဲ သုညဖြစ်ခြင်းသည် နတ္ထိပစ္စည်း၏ အဖြစ်တည်း။ [တတ္ထ နိရောဓာနန္တရာ န နိရောဓသမကာလာတိ အဓိပ္ပါယော၊-အနု။] ဝိဂတဘာ နိရောဓပ္ပတ္တတာ၊ ချုပ်ခြင်းသို့ ရောက်ပြီးသည်၏အဖြစ်သည် ဝိဂတ၏ အဖြစ်တည်း။ ထိုပစ္စည်း ၂-ပါး၏ အထူးတည်း။ ထိုအထူးကို စဉ်းစားသောအခါ ဝိဂတသဘောသည် ဘင်အခိုက်၌ ထင်ရှား၏။ နတ္ထိ သဘောကား ချုပ်ပြီးနောက် (ဘင်၏နောက်) ကာလနှင့်ဆိုင်၏ဟု ဉာဏ်၌ထင်ရှားလာသည်။

နှင့် ကင်းခြင်းသည် အဘယ်သို့ ထူးပါသနည်းဟု မေးဘွယ်ရှိသောကြောင့် "နတ္ထိတာ စ" စသည်ကို မိန့်သည်။] စ၊ ဆက်။ နိရောဓာနန္တရသုညတာ၊ ချုပ်ခြင်း၏ အခြားမဲ့၌ ဆိတ်သုဉ်းသည်၏ အဖြစ်သည်။ နတ္ထိတာ၊ နတ္ထိ၏ အဖြစ်တည်း။ (မရှိသည့်၏ အဖြစ်တည်း။ ဝါ၊ မရှိခြင်းတည်း။) နိရောဓပ္ပတ္တတာ၊ ချုပ်ခြင်းသို့ ရောက်ပြီး၏ အဖြစ်သည်။ ဝိဂတတာ၊ ဝိဂတ၏ အဖြစ်တည်း။ (ကင်းသည်၏အဖြစ်, ကင်းခြင်းတည်း။) အယံ၊ ဤချုပ်ခြင်း၏အခြားမဲ့၌ ဆိတ်သုဉ်းသည်၏အဖြစ်, ချုပ်ခြင်းသို့ ရောက်ပြီးသည်၏ အဖြစ်သည်။ ဧတေသံ၊ ဤနတ္ထိ, ဝိဂတတို့၏။ ဝိသေသော၊ တည်း။

တထာ၊ ထိုရှေးနည်းအတိုင်း။ သသဘာဝတော၊ မိမိ၏သဘောအားဖြင့်။ အတ္ထိတာယ၊ ရှိသည်၏အဖြစ်အားဖြင့်။ ဥပကာရကတာ၊ သည်။ အတ္ထိပစ္စယတာ[1]၊ တည်း။ နိရောဓဿ၊ ချုပ်ခြင်းသို့။ အပ္ပတ္တိယာ၊ မရောက်ခြင်းကြောင့်။ သဘာဝါဝိဂမေန၊ သဘာဝဓမ္မ၏ မကင်းခြင်းအားဖြင့်။ ဥပကာရကတာ၊ သည်။ အဝိဂတပစ္စယတာ[1]၊ တည်း။ ဣတိ၊ ဤသို့။ ဓမ္မဝိသေသ၊ သဘာဝဓမ္မတို့၏ မထူးကုန်သည်၏ အဖြစ်သည်။ (သတိ)ပိ၊ သော်လည်း။ (တရားကိုယ် မကွဲပါသော်လည်း။) ပစ္စယဘာဝဝိသေသော၊ ပစ္စည်း၏အဖြစ်ဟူသော သတ္တိ၏ထူးသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော။

ဟိ၊ တိုက်တွန်းဦးအံ့။ ဓမ္မာနံ၊ ပရမတ္ထတရားတို့၏။ သတ္တိဝိသေသံ၊ ပစ္စယသတ္တိအထူးကို။ သဗ္ဗံ၊ အလုံးစုံအကုန်အစင်။ ယာထာဝတော၊ ဟုတ်မှန်သောအားဖြင့်။ အဘိသမ္ဗုဇ္ဈိတွာ၊ ထိုးထွင်းကာသိတော်မူ၍။ တထာဂတေန၊ သည်။ စတုဝီသတိ၊ ၂၄-ပါးသော။ ပစ္စယဝိသေသာ၊ ပစ္စည်းအထူးတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ ဣတိ၊ သို့။ ဘဂဝတိ၊ သဗ္ဗညုတ ဉာဏသခင် ဘုရားရှင်၏ အပေါ်၌။ သဒ္ဓါယ၊ ယုံကြည်ခြင်းဖြင့်။

၁။ အတ္ထိ အဝိဂတ အထူး။ ။ပစ္စည်းတရား၏ ထင်ရှားရှိနေသည်၏ အဖြစ်သည် အတ္ထိ၏ အဖြစ်တည်း။ ပစ္စည်းတရား၏ ချုပ်ခြင်းဘင်သို့ မရောက်သေးခြင်းသည် အဝိဂတ၏ အဖြစ်တည်း။ [ယထာ ဟိ နိရောဓာနန္တရနိရောဓပ္ပတ္တိဟိ နတ္ထိ ဝိဂတာနံ ဘေဒေါ လက္ခိတော၊ ဧဝံ ပစ္စယဓမ္မဿ ဓရမာနတာ နိရောဓာနုပဂမေဟိ အတ္ထိ အဝိဂတာနန္တိ၊-အနု။]

ဓေတောဓမ္မာ၊ ဤပစ္စည်းတရားတို့သည်။ ဧဝံ ဝိသေသာ၊ ဤဟောတော်မူသည့် အတိုင်း ထူးပါပေကုန်၏။ ဣတိ၊ သို့။ သုတမယဉာဏံ၊ ဆရာ့အထံ သင်အံ လေ့ကျက်ဆောင်ရွက် မှတ်သားခြင်းကြောင့် ဖြစ်သော ဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ရှေးဦးစွာဖြစ်စေ၍။ စိန္တာဘာဝနာမယေဟိ၊ ကြံစည်စဉ်းစား ခြင်းကြောင့်ဖြစ်သောဉာဏ်, ဘာဝနာပွားခြင်းကြောင့် ဖြစ်သော ဉာဏ်တို့ ဖြင့်။ တဒဘိသမယာယ၊ ထိုပစ္စည်းတရားတို့ကို ထိုးထွင်း၍ သိခြင်းငှာ။ ယောဂေါ၊ လုံ့လကြိုးကုတ် အားထုတ်မှုကို။ ကာတဗ္ဗော၊ ပြုသင့်ပြုထိုက် ပေသတည်း။ [ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ ဝိထိ ၃-ချက်စု၌ အောက်ပါ ဂါထာကို ရေးခဲ့ပါသည်။ နိဿယနှင့်အဓိပ္ပါယ်ကို ထို၌ရှုပါ။]

သယံ ဗုဒ္ဓေါ သမ္မာခေသိ၊ ဓမ္မေပိ ဓမ္မသတ္တိယော။
အဟော နော တဿ သုတတ္တံ၊ အဟော နော ဓမ္မစိန္တနံ။

စတုသု၊ ကုန်သော။ ခန္ဓေသု၊ တို့တွင်။ ကေဿပိ၊ တပါးသော ခန္ဓာ ၏လည်း။ ဝါ၊ ကိုလည်း။ အနန္တရာဒီဟိ၊ အနန္တရစသော ပစ္စည်းတို့သည်။ (အနုဋ္ဌိကာထည့်သည်။) အသင်္ဂဟိတတ္တာဘာဝတော၊ မသိမ်းယူအပ်သည်၏ အဖြစ်၏မရှိခြင်းကြောင့်။ (သိမ်းယူနိုင်ခြင်းကြောင့်။) အနန္တရာဒီနံ၊ အနန္တရ အစရှိသော ပစ္စည်းတို့၏။ နာမဓမ္မကဒေသတာ၊ နာမ်တရားတို့၏ တစိတ် ၏ အဖြစ်သည်။ နတ္ထိ၊ ဣတိ၊ ကြောင့်။ နာမဓမ္မာဝါတိ၊ ဟူ၍။ ဝတွာ၊ ဆိုပြီး၍။ ကေဝလံ၊ နိဗ္ဗာန်မဖက် သက်သက်။ ပစ္စယပစ္စုပ္ပန္နဘာဝေ၊ ပစ္စည်း ပစ္စယုပ္ပန်တို့၏ အဖြစ်တို့သို့။ ဘဇန္တာနံ၊ ကပ်ဝင်ကုန်သော။ (ပါဝင် ကုန်သော။) စတုန္နံယေဝ ခန္ဓာနံ၊ လေးပါးကုန်သော နာမ်ခန္ဓာတို့၏သာ။

၁။ သုတစိန္တာဘာဝနာမယ။ ။ဆရာ့အထံ၌ ကြားနာမှတ်သားခြင်း ကြောင့် သိသောဉာဏ်သည် သုတမယဉာဏ်မည်၏။ သင်ယူပြီးနောက် ထို ကြားနာအပ်သည့် အတိုင်း သဘောပေါက်အောင် ကြံစည်စဉ်းစားခြင်း ကြောင့် သိသောဉာဏ်သည် စိန္တာမယဉာဏ်မည်၏။ ထိုသို့ သဘောပေါက်ပြီး နောက် "ဘာဝိတာ ဗဟုလီကတာ" ပြုသော အခါ သာ၍ ရှင်းလင်းစွာ သိသောဉာဏ်သည် ဘာဝနာမယဉာဏ်မည်၏။ [အချို့နေရာ၌ကား ဆရာ့အထံ၌ မသင်ရဘဲမိမိဘာသာ ကြံစည်၍သိသောဉာဏ်ကို စိန္တာမယဉာဏ်ဟုခေါ်သည်။]

နာမတာ၊နာမ်တို့၏အဖြစ်သည်။ န၊ မဟုတ်သေး။ အထခေါ၊အဟုတ်ကား။ နိဗ္ဗာနဥ္စ၊ သည်လည်း။နာမမေဝ၊နာမ်ပင်တည်း။ ဣတိ၊ဤအနက်အဓိပ္ပါယ်ကို။ ဒဿေန္တော၊ ပြလိုသည်၏အဖြစ်ကြောင့်။ နိဗ္ဗာနဿ အသင်္ဂဟိတတ္တာ တိအာဒိံ၊ အစရှိသော စကားကို။ (သင်္ဂဟကာရော) အာဟ။

အညံ ဝဇ္ဇေတိ။ ။"ပုရေဇာတပစ္စယော ရူပေကဒေသော"၌ ဧကဒေသသဒ္ဒါသည် "ရူပရူပဟုခေါ်အပ်သော နိပ္ဖန္နရုပ် ၁၈-ပါးမှ အခြားသောရုပ်ကို ကြဉ်စေ၏"ဟူရာ၌ နိပ္ဖန္နရုပ်မှတပါးသော အနိပ္ဖန္နရုပ်ကိုသာ "အခြားသောရုပ်"ဟု ဆိုသင့်၏။ အဘယ့်ကြောင့်နည်း-အညသဒ္ဒါ, သေသသဒ္ဒါတို့သည် ယှဉ်ဘက်တွဲဘက်မှ အခြားသော တရားကိုသာ ဟောနိုင်သောကြောင့်တည်း။ ထို့ကြောင့် ရှေးနိဿယ၌ "အညံ၊ တပါးသော အနိပ္ဖန္နရုပ်ကို" ဟု အနက်ပေးသည်မှာ ရိုးရာထုံးစံကျ၏။သို့သော် အနုဋီကာ၌ "အညန္တိ သုခုမရူပံ" ဟုဖွင့်ထား၏။ ထိုအဖွင့်သည် ရိုးရာထုံးစံမကျရုံသာမက နောက်၌ သုခုမရုပ်တွင် ပါဝင်သော အာပေါ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဟဒယရုပ် အာဟာရရုပ်တို့ကိုလည်း အာရမ္မဏပုရေဇာတ အဖြစ်ဖြင့် ဟောတော်မူလတ္တံ့ ဖြစ်သောကြောင့် "ထိုသုခုမရုပ်ကို မကြဉ်"ဟု သိရ၏။ ထိုကြောင့် "အညန္တိ သုခုမရူပံ" သည် နောက်ဆရာတို့ ပြင်ထားအပ်သော အမှားပါဌ်"ဟု သာ မှတ်ပါ။ ရှေးနိဿယဆရာတို့၏ လက်ထက်၌ကား "အညန္တိ အနိပ္ဖန္နရူပံ"ဟု ရှိပါလိမ့်မည်။ ဘာ့ကြောင့်နည်း-ထိုနိဿယဆရာသည် အနုဋီကာ အဖွင့်အတိုင်း ပေးလေ့ရှိ၏။ အနုဋီကာနှင့်မတူလျှင် အမှာစကားကို ဆိုလေ့ရှိသောကြောင့်တည်း။

ကုသလတ္တိကေ အနာဂတံပိ။ ။ရူပရုပ်သည် ကုသလတိက်၌ လုံးလုံးမပါသည်မဟုတ်။ ဝတ္ထုရုပ် အာရမ္မဏရုပ်များပါ၏။ သို့သော်....ဣတ္ထိန္ဒြေစသည်တို့ မပါသည်ကို ရည်ရွယ်၍ "အနာဂတံပိ" ဟု ဆိုသည်။ ပိ ဖြင့် ပါသောဝတ္ထုရုပ် အာရမ္မဏရုပ်တို့ကို ပေါင်းပါ။

မဓုဋီကာ။ ။အညတ္ထာတိ သနိဒဿနတ္တိကေ ဝတ္ထုပုရေဇာတံ စက္ခာဒိဆ ဝတ္ထု၊ ရူပါဒိပဉ္စာရမ္မဏံ အာရမ္မဏပုရေဇာတံ၊ သဗ္ဗံ တေရသ ရူပံ၊ (ဖောဋ္ဌဗ္ဗာရုံအရ၌ ဘူတရုပ် ၃-ပါး ပါဝင်သောကြောင့် ဆဝတ္ထုနှင့်ပေါင်း၍ ၁၃-ပါးဟု ဆိုသည်။) ဣတ္ထိန္ဒြိယာဒိ ပဉ္စဝိဓံ၊ သဗ္ဗံ အဋ္ဌာရသ ရူပရူပံနာမာတိ ဒဿေတိ။ ဤ၌ ရူပရူပံ အရ နိပ္ဖန္န ၁၈-ပါးလုံးရအောင် ပြထား၏။ ထို့ကြောင့် "အညံ ဝဇ္ဇေတိ" ၌ အနိပ္ဖန္နရုပ်ကို ကြဉ်ခြင်းသာ မှန်သည်ဟု မှတ်ပါ။

ပုရေဇာတပစ္စယော ရူပေကဒေသောတိဗ္ဗော၊ ဧ္ဌ။ ကေဒေသဝစနေန၊ ကေဒေသသဒ္ဒါဖြင့်။ ရူပရူပတော၊ ရူပရုပ်မှ။ (နိပ္ဖန္နရုပ်မှ။) အညံ၊ အခြားသော အနိပ္ဖန္နရုပ်ကို။ ရူပရူပံပန၊ ရူပရုပ်သည်ကား။ ကုသလတ္တိကေ၊ ၌။ အနာဂတမ္ပိ၊ မလာသော ရုပ်သည်လည်း။ [အာဂတမေဝ ၌စပ်] ပုရေဇာတပစ္စယဘာဝေန၊ ပုရေဇာတပစ္စည်း၏ အဖြစ်ဖြင့်။ အညတ္ထ၊ အခြားသော သနိဒဿနတိက်၌။ အာဂတမေဝ၊ လာသည်သာ။ ဟိ၊ မှန်။ (တနည်း) ဟိ၊ သာဓကကား။ အနိဒဿနအပ္ပဋိဃော ဓမ္မော ။ပေ။ ဒေါမနဿံ ဥပ္ပဇ္ဇတီတိ၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ။ [သနိဒဿနသပ္ပဋိဃတ္တိက, ပဉ္စာဝါရ, ပစ္စယာနုလောမ, ဝိဘင်္ဂဝါရ, ပုရေဇာတပါဠိတော်။] အနိဒဿနအပ္ပဋိဃော၊ မြင်ခြင်းလည်းမရှိ, ထိပါးခြင်းလည်း မရှိသော။ ဓမ္မော၊ စိတ်တခုယုတ်ကိုးဆယ်,စေတသိက် ဒွေပညာသ, သုခုမရုပ်သောဠသ, နိဗ္ဗာန်တရားသည်။ အနိဒဿနအပ္ပဋိဃဿ၊ သော။ ဓမ္မဿ၊ အား။ ပုရေဇာတပစ္စယေန၊ ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ။ အာရမ္မဏပုရေဇာတံ၊ ၎င်း။ ဝတ္ထုပုရေဇာတံ၊ ၎င်း။ (ဣတိ၊ သို့။ ဒုဝိဓံ၊ ၏။) အာရမ္မဏပုရေဇာတံ၊ သော။ ဝတ္ထုံ၊ ဟဒယဝတ္ထုကို၎င်း။ [ဤဝတ္ထုသည် ကုသလတိက်တုန်းကလည်း ပါ၏။ သို့သော် အာရုံဖြစ်နိုင်သောကြောင့် ထည့်တော်မူသည်။ သာဓကပြလိုရင်း မဟုတ်ပါ။] ဣတ္ထိန္ဒြိယံ၊ ကို၎င်း။ ပုရိသိန္ဒြိယံ၊ ကို၎င်း။ ဇီဝိတိန္ဒြိယံ၊ ကို၎င်း။ [ပါဠိတော်၌ ပါ၏။] အာပေါဓာတုံ၊ ကို၎င်း။ ကဗဋီကာရံ၊ သော။ အာဟာရံ၊ ကို၎င်း။ အနိစ္စတော၊ အားဖြင့်။ ဝါ၊ ဟူ၍။ (ဝိပဿတိ၊ ရှု၏။) ။ပေ။ ဒေါမနဿံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ အပြီးတည်း။ [နောက်၌ ဝတ္ထုပုရေဇာတ ရှိသေးသော်လည်း ကုသလတိက်၌ ပါပြီးဖြစ်၍ သာဓကပြဘို့ မလိုသောကြောင့် မပြတော့။]

ပစ္စယုဒ္ဒေသအဖွင့် ပြီး၏။

ပစ္စယနိဒ္ဒေသ

၁။ ဟေတုပစ္စယနိဒ္ဒေသ အဖွင့်

၁။ ယော ဟေတုပစ္စယောတိ ဥဒ္ဒိဋ္ဌော၊ သော ဧဝံ ဝေဒိတဗ္ဗောတိ ဧတေန၊ ဟူသော ဤပါဠိဖြင့်။ (ဒဿေတိ ၌စပ်) ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်ဟုဆိုအပ်သော။ ပစ္စယဓမ္မဿ[၁]၊ အလောဘအစရှိသော ပစ္စည်းတရား၏။ ဟေတုသမ္ပယုတ္တကာနံ တံသမုဋ္ဌာနရူပသင်္ခါတာနံ၊ ဟိတ်နှင့် သမ္ပယုတ်ဖြစ်သောတရား, ထိုဟိတ်ဟူသော ဖြစ်ကြောင်းရှိသော ရုပ်တရားဟုဆိုအပ်ကုန်သော။ ပစ္စယုပ္ပန္နာနံ၊ ပစ္စယုပ္ပန်တရားတို့အား။ ဝါ၊ တို့၏။ ဟေတုပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယဘာဝေါ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကို။ ဝါ၊ ပစ္စည်း၏အဖြစ်ကို။ ဟေတုပစ္စယောတိ၊ ဟူ၍။ ဥဒ္ဒိဋ္ဌော၊ အကျဉ်း ပြအပ်ပြီ။ ဣတိ၊ သို့။ (ဝေဒိတဗ္ဗော။ ဤပုဒ်ကား နောက်မှ လိုက်သည်။) ပန၊ တနည်းကား။ ဟေတုဘာဝေန၊ ဖြင့်။ ယထာဝုတ္တော၊ အကြင်အကြင် ဆိုအပ်ပြီးသော။ ("ဟေတုသင်္ခါတဿ" ဟုဆိုအပ်ပြီးသော။) ယောပစ္စယဓမ္မော[၂]၊ အကြင် ပစ္စည်းတရားသည်။ ယထာဝုတ္တာနံ၊ အကြင်အကြင် ဆိုအပ်ပြီးကုန်သော။ ("ဟေတုသမ္ပယုတ္တက တံသမုဋ္ဌာနရူပသင်္ခါတာနံ" ဟုဆိုအပ်ပြီးကုန်သော။) ပစ္စယုပ္ပန္နာနံ၊ တို့အား။ ဝါ

၁။ ပစ္စယဓမ္မဿ ပစ္စယဘာဝေါ။ ။ဟိတ်ဟူသော ပစ္စည်းတရား၏ ကျေးဇူးပြုတတ်သည်၏ အဖြစ်ဟူသော သတ္တိကို "ဟေတုပစ္စည်း"ဟူ၍ အကျဉ်း ပြအပ်ခဲ့ပြီ။ ဤနည်း၌ ပစ္စယသတ္တိကို "ဟေတုပစ္စည်း" ခေါ်သည်ဟု မှတ်ပါ။ [ဟေတုပစ္စယေန သည် ပစ္စယဘာဝေါ၏ အဘိန္နဝိသေသနတည်း။ "ဟေတုသတ္တိဖြင့်+ကျေးဇူးပြုတတ်သည်၏အဖြစ်ဟူသော သတ္တိ" ဟူလို။]

၂။ ယော ပန။ပေ။ပစ္စယဓမ္မော, သော။ ။အကြင်ပစ္စည်းတရားသည် ပစ္စယုပ္ပန်တရားတို့၏ ပစ္စည်းဖြစ်၏။ ထိုပစ္စည်းတရားကို ဟေတုပစ္စည်း ဟူ၍ အကျဉ်းပြအပ်ခဲ့ပြီ။ ဤနည်း၌ ပစ္စယသတ္တိကို ဟေတုပစ္စည်းဟု မခေါ်။ သတ္တိရှိသော ဟိတ်တရားကိုသာ ဟေတုပစ္စည်း ခေါ်သည်ဟု မှတ်ပါ။ ဤသို့ "ရှေ့နည်း၌ သတ္တိကို ပစ္စည်းဟုခေါ်ခြင်း, နောက်နည်း၌ သတ္တိမန္တတရားဒြပ်ကို ပစ္စည်းဟုခေါ်ခြင်းသည် နည်း ၂-ပါး၏ အထူးတည်း။

တို့၏။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဝါ၊ ပစ္စည်းသည်။ ဟောတိ။ သော (ပစ္စယဓမ္မော)၊ ကို။ ဟေတုပစ္စယောတိ၊ ဟူ၍။ ဉဒ္ဒိဋ္ဌော၊ အကျဉ်း ပြအပ်ပြီ။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော။ ဣတိ၊ ဤနှစ်မျိုးသော အနက်ကို။ ဒဿေတိ။

ဥဘယထာပိ[၁]၊ ၂-ပါးပြားသော ဝိကပ်အားဖြင့်လည်း။ ဟေတု ဘာဝေန၊ ဖြင့်။ ဥပကာရကတာ၊ လျော်သောဂုဏ်ကျေးဇူးကိုပြုတတ်သည် ၏အဖြစ်ကို။ ဟေတုပစ္စယောတိ၊ ဟူ၍။ နိဒ္ဒိဋ္ဌော၊ ပြီ။ ဣတိ၊ ဤအနက် သည်။ ဝါ၊ ကို။ ဒဿိတံ၊ ပြအပ်သည်။ ဟောတိ။ သေသပစ္စယေသုပိ၊ ဟေတုပစ္စည်းမှ ကြွင်းသော အာရမဏအစရှိသော ပစ္စည်းတို့၌လည်း။ သော[၂](ဧသော)၊ ဤဆိုအပ်ပြီးသော အစီအရင်သည်။ နယော၊ အနက် အဓိပ္ပါယ်ကိုဆောင်ကြောင်း အစီအရင်တည်း။ ပန၊ ဆက်။ ဥပကာရက တာ၊ လျော်သောဂုဏ်ကျေးဇူးကို ပြုတတ်သည်၏ အဖြစ်ဟူသည်။ ဓမ္မ သဘာဝေါ ဧဝ၊ အံလောဘအစရှိသော တရားတို့၏ သဘောသာတည်း။ ဓမ္မတော၊ မှ။ အညာ[၃]၊ အခြားသော သတ္တိသည်။ န အတ္ထိ၊ မရှိ။ ဣတိ၊

၁။ ဥဘယထာပိ ဥပကာရကတာ။ ။ပဌမဝိကပ်၌ ပစ္စယသတ္တိကိုရင်း, ဒုတိယဝိကပ်၌ ပစ္စည်းတရားဒြဗ်ကိုရင်း "ဟေတုပစ္စယ" ဟုဆိုအပ်သော်လည်း ဆိုလိုရင်းမှာ- "ဟိတ်၏အဖြစ်" ဟူသော ဟေတုသတ္တိဖြင့် ကျေးဇူးပြုတတ် သည်၏အဖြစ်ကို ဟေတုပစ္စည်းမည်၏" ဟူ၍ ဥဒ္ဒေသတုန်းက ပြလိုရင်း ဖြစ်သည်။

၂။ သော နယော သေသပစ္စယေသုပိ။ ။ယထာ စေတ္ထ၊ ဧဝံ အာရမဏ ပစ္စယေန ပစ္စယဘာဝေ ါ၊ အာရမဏဘာဝေန ဝါ ပစ္စယော အာရမဏ ပစ္စယောတိအာဒိနာ အာရမဏပစ္စယာဒီသု အတ္ထော နေတဗ္ဗောတိ ဒဿေန္တော သော နယော သေသပစ္စယေသုပီတိ အာဟ၊-အနု။

ဘာဝတော၊ ရှေးမဟုတ်သည်၏ အဖြစ်၏ မရှိခြင်းကြောင့်။ ဝါ၊အသစ်၏ အဖြစ်၏ မရှိခြင်းကြောင့်။ [“အသစ်မဟုတ် အဟောင်းဖြစ်သောကြောင့်” ဟူလို။] အာဂန္တုပဒေါ၊ ရေတွက်သည်၏အဖြစ်သို့ မကပ်ရောက်သည်။ (ဟောတိ)။တတ္ထ၊ ထိုပစ္စယာနုလောမဌ္ဌ။ ဒုမူလကေ၊ဌ္ဌ။ တေဝိသတိ၊သော။ ပစ္စယပဒါနိ၊တို့သည်။ ဂဏနူပဂါနိ၊ ကုန်သည်။ (ဟောန္တိ)။ ဣဓ၊ ဤအနု လောမပစ္စနီယဌ္ဌ။ ဒုမူလကေ၊ဌ္ဌ။ ဒ္ဝါဝီသတိ၊သော။ (ပစ္စယပဒါနိ ဂဏနူ ပဂါနိ ဟောန္တိ)။ ဣတိ၊ကြောင့်။ ဧဝံ၊ သို့။ ပရိဟာပေတွာ၊ ယုတ်လျော့ စေ၍။ (“အဝသေသာနံ ဝသေန ပုစ္ဆာဂဏနာ ဝေဒိတဗ္ဗာနိ” ဟူသော အဋ္ဌကထာပါဌ်၌စပ်) ဣတိ အတ္ထော၊ အနက်။

အနုလောမတော၊ အနုလုံအားဖြင့်။ ဌိတာ၊ တည်သောပစ္စည်း၏ရင်း။ (“ဟေတုပစ္စယာ န အာရမ္မဏပစ္စယာ” စသော ၂-ပုဒ်တွင် အနုလောမ အားဖြင့်တည်သော ဟေတုပစ္စယာ စသောပုဒ်၏ရင်း။) ပစ္စနီယတော၊ အားဖြင့်။ (န အာရမ္မဏပစ္စယာ စသော ပစ္စယနီယအားဖြင့်။) အလဗ္ဘ မာနာနံ၊ မရထိုက်ကုန်သော။ သုဒ္ဓိကပစ္စယာနဉ္စ၊ အခြားသောပစ္စည်းတို့နှင့် မရောမယှက် သက်သက်သော ပစ္စည်းတို့၏ရင်း။ အာလဗ္ဘမာနတံ၊ မရထိုက် ကုန်သည်၏အဖြစ်ကို။ သန္ဓာယ၊ ၍။ လဗ္ဘမာနပဒါနန္တိ၊ ဟူ၍။ (သင်္ဂဟ ကာရေန)ဝုတ္တံ။ ဟိ၊ မှန်။ (တနည်း၊ ကသ္မာ, အနုလောမေ ဌိတာ။ပေ။ အလဗ္ဘမာနတံ သန္ဓာယ လဗ္ဘမာနပဒါနန္တိ ဝုတ္တံ၊ ဣတိ ဝိညာယတိ၊နည်း။) ဟိ(ယသ္မာ)၊ကြောင့်။ အညထာ၊ ဆိုအပ်ပြီးသောအနက်မှ တပါးသော အခြင်းအရာအားဖြင့်။ (ဂဇ္ဇေ ဂယှမာနေ၊ သော်။) ပုစ္ဆာဝသေန၊ ပုစ္ဆာနှင့် စပ်သဖြင့်။ ကောစိ၊ တစုံတခုသော။ ပစ္စယော၊သည်။ အလဗ္ဘမာနော နာမ၊ မရထိုက်သည်မည်သည်။ န အတ္ထိ။ ဣတိ၊ကြောင့်။ (အနုလောမေ ဌိတာ ။ပေ။အလဗ္ဘမာနတံ သန္ဓာယ လဗ္ဘမာနပဒါနန္တိ ဝုတ္တံ၊ဣတိ ဝိညာယတိ၊ ၏။) ဝါ၊ တနည်း။ဝိသဇ္ဇနဝသေန၊ အဖြေ၏ အဖြစ်ဖြင့်သာ။ ပဝတ္တာ၊ သော။ အနုလောမ ပစ္စနီယဒေသနံ၊ ဆိုအပ်လတ့်သော အနုလောမပစ္စနီယ ဒေသနာတော်ကို။သန္ဓာယ၊၍။လဗ္ဘမာနပဒါနန္တိ၊ ဟူ၍။ (သင်္ဂဟကာရေန)။ ဝုတ္တံ။ [ဤ ဝါရက ပုစ္ဆာဝါရဖြစ်သောကြောင့် ဝိသဇ္ဇန၏အဖြစ်ဖြင့်ကား

ဆိုအပ်လတ္တံ့သာဖြစ်၏။ ထို့ကြောင့် အနုဋီကာ၌ "အနုလောမပစ္စနီယေသုနံ ဝက္ခမာနံ သန္ဓာယာတိ အတ္တော" ဟု ဝက္ခမာနံကိုထည့်၍ဖွင့်သည်။]

အနုလောမပစ္စနီယဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။

ပုစ္ဆာဝါရဝဏ္ဏနာ၊သည်။ နိဋ္ဌိတာ၊ပြီ။

—— ——

၁။ ကုသလတ္တိက

၁။ ပဋိစ္စဝါရအဖွင့်

၁။ ပစ္စယာနုလောမ ၁-ဝိဘင်္ဂဝါရ

၅၃။ ယာ ကုသလတ္တိကေ။ပေ။ဝေဒနာတ္တိကာဒီသုတိ၊ဟူသောပါဠိ၌။ ("နှ တာယေဝ ါတိ ဝုတ္တံ" ဥစပ်) တိကပဒ[1] နာနတ္တမတ္တေန၊ တိက်ပုဒ်တို့၏ ထူးကုန်သည်၏အဖြစ်မျှနှင့်။ ဝိနာ၊ကင်း၍။ မူလာဝသာန ဝသေန၊ မူလပုဒ် မှုလီဖြစ်သော အဝသာနပုဒ်တို့နှင့်စပ်သဖြင့်။သဒိသတာ၊တူသည်၏အဖြစ်ကို။ သန္ဓာယ၊၍။ နှ တာယေဝ ါတိ၊ ဟူ၍။ (သင်္ဂဟာကာရေန) ဝုတ္တံ။ စ၊ ဆက်။ ကေဝလံ၊ ကုသလတိက်နှင့်မဖက် သက်သက်။ တိကန္တရေယေဝ၊ ကုသလ တိက်မှ တပါးသော အခြားတိက်၌သာ။ (တာ၊ ထိုရအပ်သော အဖြေရှိ သောပုစ္ဆာတို့သည်။ ဝေဒနာတ္တိကာဒီသု၊တို့၌။ ဝိသဇ္ဇနာ၊အဖြေကို။နလဘန္တိ၊ မရကုန်သည်ကား။) နှ၊ မဟုတ်သေး။ [အဋ္ဌကထာ၏ စပ်ပုဒ်ကိုကြည့်၍ ထည့်သည်။] ပန၊ အဟုတ်ကား။ ကုသလတ္တိကေပိ၊ ၌လည်း။ ယာ၊ အကြင် ပုစ္ဆာတို့သည်။ ပဋိစ္စဝါရေ၊၌။ (ဝိသဇ္ဇနာ၊ကို) လဘန္တိ။ တာယေဝ၊ ပဋိစ္စ ဝါရ၌ ရအပ်သော အဖြေရှိသောပုစ္ဆာတို့သည်ပင်။ ပစ္စယဝါရာဒီသု၊ ပစ္စယ

၁။ တိကပဒ။ပေ။ဝသေန။ ။"ကုသလာဓမ္မာ" ဟူသော တိက်ပုဒ်နှင့် "အကုသလာ ဓမ္မာ" စသောတိက်ပုဒ်တို့၏ တပုဒ်နှင့်တပုဒ် အရကောက် မတူပုံမှာ ထင်ရှားသောကြောင့် "တိကပဒနာနတ္တမတ္တေန ဝိနာ" ဟု ဆိုသည်။ "ဘတ္တ ကေမူလေကာဝသာနာ နဝ, ကေမူလဒုကာဝသာနာ နဝ" စသည်ဖြင့် ပုစ္ဆာဝါရ ပစ္စယာနုလောမ အဖွင့်၌ ပြအပ်ခဲ့သည်ကို ရည်ရွယ်၍ "မူလာ ဝသာနဝသေန" ဟု ဆိုသည်။ [မူလာဝသာနဝသေနာတိ ကေမူလေကာ ဝသာနာ နဝါတိ အာဒိနာ ဝုတ္တမူလာဝသာနဝသေန၊-အနု။]

ဝါရအစရှိသော ဝါရတို့၌။ (ဝိသဇ္ဇနံ၊ ကို။) န (လဗ္ဘန္တိ)၊ ကုန်။ ဣတိ၊ ကြောင့်။ သဗ္ဗပုစ္ဆာသမာဟရဏံ၊ အလုံးစုံသောပုစ္ဆာတို့ကို တပေါင်းတည်းဆောင်မှုကို။ ဣဓ၊ ဤကုသလတိက် ပဋိစ္စဝါရ၏ ဥဒ္ဒေသ၌။ ကတ္တဗ္ဗမေဝ၊ သည်သာ။ [ဣဓ ဣမသ္မိံ ပဋိစ္စဝါရုဒ္ဒေသေ။- အနု။ ဝိဘင်္ဂဝါရမရောက်မီ ဥဒ္ဒေသဝါရတုန်းကပင် ပုစ္ဆာအားလုံးကို တပေါင်းတည်းဆောင်မှုကိုပြုထိုက်သည်သာ။ ဤစကားဖြင့် အဋ္ဌကထာဆရာ၏ စကားကို ပယ်သည်မဟုတ်၊ စောဒကာပုဂ္ဂိုလ်က စောဒနာဘွယ်မလိုကြောင်းကို ပြသည်။]

ဓမ္မာနုလောမပစ္စနီယေ စ ။ပေ။ လဗ္ဘန္တီတိဧတ္ထ၊ ဟူသော ဤပါဌ်၌။ ပီတိတ္တိကဂ္ဂဟဏံ၊ ပီတိတိက်ကိုယူခြင်းကို။ (သင်္ဂဟကာရေန)။ န ကာတဗ္ဗံ၊ မပြုထိုက်။ ဟိ၊ မှန်။ (တနည်း- ကသ္မာ, ဓမ္မာနုလောမပစ္စနီယေစ ။ပေ။ လဗ္ဘန္တီတိ ဧတ္ထ၌။ ပီတိတ္တိကဂ္ဂဟဏံ၊ ကို။ သင်္ဂဟကာရေန န ကာတဗ္ဗံ၊ နည်း။ ဟိ (ယသ္မာ)၊ ကြောင့်။) တတ္ထ၊ ထိုဓမ္မာနုလောမပစ္စနီယဖြစ်သော ပီတိတိက်၌။ ဧကူနပညာသ၊ တပါးဖြင့်လျော့သော ငါးဆယ်သော၊ ပုစ္ဆာ၊ တို့သည်။ ဝိသဇ္ဇနံ၊ ကို။ နလဗ္ဘန္တိ၊ ကုန်။ ဣတိ၊ကြောင့်။ (ဓမ္မာနုလောမပစ္စနီယေစ။ပေ။လဗ္ဘန္တီတိ ဧတ္ထ၌။ ပီတိတ္တိကဂ္ဂဟဏံ၊ ကို။ သင်္ဂဟကာရေန န ကာတဗ္ဗံ။

တေန သဒ္ဓိန္တိ၊ ဟူသောပါဌ်၏။ သဟဇာတပစ္စယဘူတေန၊ သဟဇာတပစ္စည်း ဖြစ်၍ဖြစ်သော။ တေန၊ထိုဝေဒနာအစရှိသော တပါးတပါးသော ခန္ဓာတရားနှင့်။ သဒ္ဓိံ၊ တကွ။ ဣတိ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော။ ယာဝနိရောဓဂမနာ ဥဒ္ဓံ ပဇ္ဇတီတိစ၊ ဟူသည်လည်းဖြစ်သော။ ဥပ္ပါဒါဒယော ဝါ ပါပုဏာတီတိစ၊ ဟူသည်လည်းဖြစ်သော။ဝစနေဟိ၊ စကားရပ်တို့ဖြင့်။ခဏတ္တယသမင်္ဂိ၊ ခဏတ္တယနှင့်ပြည့်စုံခြင်းရှိသောခန္ဓာကို။ ဥပ္ပဇ္ဇတီတိ၊ဟူ၍။ (သင်္ဂဟကာရေန)ဝုစ္စတိ။ ဣတိ၊သို့။ အနုညာတံ ဝိယ၊ ခွင့်ပြုအပ်သကဲ့သို့။ဟောတိ။ ပန၊ ထိုသို့ပင်ဖြစ်ပါသော်လည်း။ ဥပ္ပါဒက္ခဏသမင်္ဂီယေဝ၊ ဥပ္ပါဒက္ခဏနှင့်

၁။ န ဟိ တတ္ထ။ပေ။လဗ္ဘန္တိ။ ။တတ္ထ တသ္မိံ ဓမ္မာနုလောမပစ္စနီယေ ပီတိတ္တိကေ ဧကူနပညာသ ပုစ္ဆာဝိသဇ္ဇနံ န ဟိ လဗ္ဘန္တိ၊ အဋ္ဌဝီသံ ပန (၂၈-ပါးသော) (ပုစ္ဆာ၊ တို့သည်။ ဝိသဇ္ဇနံ၊ ကို။) လဗ္ဘန္တီတိ အတ္ထော၊- အနု။

ပြည့်စုံခြင်းရှိသော ခန္ဓာကိုသာ။ ဝေံ၊ ဤသို့ ဥပ္ပဇ္ဇတိဟူ၍။ (ဘဂဝတာ) ဝုတ္တော၊ ပြီ။ ဣတိဒဋ္ဌဗ္ဗော။[အဋ္ဌကထာအလိုအားဖြင့် ခဏတ္တယသမင်္ဂီဖြစ်သောခန္ဓာကို "ဥပ္ပဇ္ဇတိ" ဟု ဆိုလိုသော်လည်း 'ဥပ္ပါဒက္ခဏသမင်္ဂီခန္ဓာကိုသာ "ဥပ္ပဇ္ဇတိ" ဟု ဋီကာဆရာကဆိုလိုသည်။ အဘယ့်ကြောင့်နည်း- ပဋိစ္စဝါရ စသော ၆-ဝါရတို့၌ ဥပါဒ်ကိုသာယူ၍ဖြစ်ခြင်းကြောင့်တည်း။ ဥပ္ပါဒက္ခဏသမင်္ဂိယေဝ ပန ဥပ္ပဇ္ဇတီတိ ဝုတ္တော ပဋိစ္စဝါရာဒီနံ ဆန္နံ ဝါရာနံ ဥပ္ပါဒမေဝ ဂဟေတွာ ပဝတ္တတ္တာ။- အနု။]

ယသ္မာ။ ပေ။ ဧကဿာတိ အာဒိ၊အစရှိသောစကားကို။ ဣမေ၊ဤကုသလ တိက် ပဋိစ္စဝါရ၌။ ကုသလဝစနေန၊ကုသလသဒ္ဒါဖြင့်။ ဂဟိတေ၊ကုန်သော။ ခန္ဓေ၊ကုသိုလ်ခန္ဓာတို့ကို။ သန္ဓာယ၊၍။ (သင်္ဂဟကာရေန)။ဝုတ္တံ။ပန၊ကား။ ဝေဒနာတ္တိကာဒီသု၊ တို့၌။ ဧကံ၊သော။ ခန္ဓံ၊ကို။ ပဋိစ္စ၊တူသည်၏အဖြစ်ဖြင့် ရောက်၍။ ဒွိန္နံ၊ ၂-ပါးကုန်သောခန္ဓာတို့၏ရင်း။ ဒွေ၊ ကုန်သော။ (ခန္ဓေ) ပဋိစ္စ၊၍။ ဧကဿပိ၊ တပါးသောခန္ဓာ၏ရင်း။ (ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ ဘဂဝ

၁။ ဣမ။ ပေ။ ဝုတ္တံ။ ။ဣမသ္မိံ ပဋိစ္စဝါရေ "ကုသလံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ" တိ ကုသလသဒ္ဒေန ဂဟိတေ ခန္ဓေ သန္ဓာယ ဝုတ္တံ၊ စတုသုပိ ကုသလခန္ဓေသု ဧကတော ဥပ္ပဇ္ဇမာနေသု သာမညတော ဝုတ္တေသု သဟဇာတာဒိသာဓာရဏပစ္စယဝသေန အဝိသေသတော သဗ္ဗေ သဗ္ဗေသံ ပစ္စယာတိ (အလုံးစုံသော ခန္ဓာတို့သည် အလုံးစုံသော ခန္ဓာတို့အား ကျေးဇူးပြုနိုင်ကုန်၏။ ထို့ကြောင့်) အယမေဝ ဣမဿ ပစ္စယော, ဣမဿေဝ အယံ ပစ္စယောတိ စ နိယမေတွာ ဝတ္တုံ နသက္ကာ၊ တေန ဝုတ္တံ အဋ္ဌကထာယံ "ဧကဿေဝ ဒွိန္နံ ယေဝ ဝါ"တိ အာဒိ၊-အနု။

၂။ ဝေဒနာတ္တိကာဒီသု ပန။ ။သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စာတိ အာဒီသု ပန ဝိသေသနဘာဝေန ဝေဒနာဒီနံ ဝိသုံ ဂဟိတတ္တာ ("သုခဝေဒနာနှင့် သမ္ပယုတ်ဖြစ်သော တရား" ဟု ဝေဒနာ စသည်တို့ကို သီးခြားယူအပ်ပြီး ဖြစ်သော်ကြောင့် သမ္ပယုတ္တဓမ္မဘက်၌ ခန္ဓာ ၃ ပါးသာ ကျန်တော့ရကား) ဧကံ ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာတိ အာဒိ ဝတ္တုံ သက္ကာ၊ တေန ဝုတ္တံ ဝေဒနာတ္တိကာဒီသု ပနာတိ အာဒိ၊-အနု။

တာ၊သည်။ ဝုတ္တာ၊ပြီ။) စ၊ဆက်။ ဟေတုဒုကာဒီသု၊တို့၌။ သင်္ခါရက္ခန္ဓေကဒေသံ၊ သင်္ခါရက္ခန္ဓာတစိတ်ကို။ (သင်္ခါရက္ခန္ဓာတစိတ်ဖြစ်သောဟိတ်ကို။) ပဋိစ္စ၊ ၍။ သင်္ခါရက္ခန္ဓေကဒေသဿပိ၊ ဟိတ်မှတပါးသော သင်္ခါရက္ခန္ဓာတစိတ်၏လည်း။ ဥပ္ပတ္တိ၊ကို။ (ဘဂဝတာ)ဝုတ္တာ။ ဣတိ၊ ကြောင့်။ သဟ၊ အတူတကွ။ ဥပ္ပဇ္ဇမာနာနံ၊ ကုန်သော။ သဗ္ဗေသံ၊ ကုန်သော။ ဓမ္မာနံ၊ ပစ္စယုပ္ပန်တရားတို့၏။ ပစ္စယော၊ ပစ္စည်းသည်။ ဟောန္တော၊ ဖြစ်လသော်။ ဧကေကဿပိ၊ တပါးတပါးသော ပစ္စယုပ္ပန်တရား၏ရင်း။ ဒုကာဒိဘေဒါနဉ္စ ၊ဒုက အစရှိသောအပြားရှိသောပစ္စယုပ္ပန်တရား၏တို့ရင်း။ပစ္စယောနာမ၊ ပစ္စည်းမည်သည်။ ဟောတိယေဝ၊ ဖြစ်နိုင်သည်သာ။ ဒုကာဒိဘေဒါစ၊ ဒုက အစရှိသော အပြားရှိသော ပစ္စည်းတရားတို့သည်လည်း။တထာ၊တူ။(ဧကေကဿပိ၊၏ရင်း။ ဒုကာဒိဘေဒါနဉ္စ၊ တို့၏ရင်း။ ပစ္စယောနာမ၊ မည်သည်။ ဟောတိ၊ ၏။) ဣတိ၊ ဤသို့မှတ်အပ်၏။

ရူပေန။ပေ။ န ဂဟေတဗ္ဗန္တိ၊ဟူ၍။ (သင်္ဂဟကာရေန)ဝုတ္တံ။ပန၊ထိုသို့ပင် ဆိုအပ်ပါသော်လည်း။ တံ၊ ထိုရူပေန သဒ္ဒံ အစရှိသောစကားကို။ သဗ္ဗသ္မိံ၊ သော။ တေသ္မိံစေနေ၊ ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဟူသောစကားဝယ် ဝိပါကသဒ္ဒါ ကိရိယာသဒ္ဒါ၌။ န ဂဟေတဗ္ဗံ၊ ယူထိုက်သည်မဟုတ်။ [တေသ္မိန္တိ ဝိပါကံဗျာကတံ ကိရိယာဗျာကတန္တိ ဧဝံ ဝိပါက

၁။ ဟေတုဒုကာဒီသု စ။ပေ။ဝုတ္တာ။ ။ဟေတုဒုက်အစရှိသည်တို့၌လည်း ဟိတ်တရားတို့က သင်္ခါရက္ခန္ဓာ တစိတ်ဖြစ်သောကြောင့် ထို သင်္ခါရက္ခန္ဓာ တစိတ်ကိုစွဲ၍အခြားသင်္ခါရက္ခန္ဓာတစိတ်ကို "ဥပ္ပဇ္ဇတိ"ဟုဟောတော်မူနိုင်သည်။

၂။ ဒုကာဒိဘေဒါနဉ္စ။ ။စာအုပ်တို့၌ "ဒုကတိကာဒိဘေဒါနဉ္စ" ဟု ရှိသော်လည်း ဓမ္မနိဿယ၌ "ဒုကာဒိဘေဒါနဉ္စ"ဟုရှိ၏။ အာဒိဖြင့် တိကကို ယူရမည်ဖြစ်သောကြောင့် ကောင်းသည်။ ထို့ပြင် အနုဋီကာ၌လည်း "တထာ တိ ဣမိနာ "ဧကေကဿပိဒုကာဒိဘေဒါနဉ္စာ"တိ ဣမံ အနုကဍ္ဎတိ"ဟုဆိုသောကြောင့် "ဒုကာဒိ"ဟု ရေးပါဌ်ရှိကြောင်းမှာ သာ၍သေချာသည်။ ထို့ပြင် "တထာ ဒုကာဒိဘေဒါနဉ္စ"၌ "ဒုကာဒိဘေဒါ စ" ဟု ပစ္စည်းအဖြစ်ဖြင့် ကတ္တာရုပ်ရှိမှ တထာဖြင့် ဧကေကဿပိ ဒုကာဒိဘေဒါနဉ္စ ဟူသော သမ္ဗန်ကို (သို့မဟုတ် သမ္ဗဒါန်ကို) ညွှန်ပြနိုင်သည်။

ကိရိယာဗျာကတဂ္ဂဟဏေ။- အနု။] အထဒေါ၊အဟုတ်ကား။ စိတ္တသမုဋ္ဌာနဉ္စ ရူပန္တိ၊ ဟူသော။ ဧတ္ထဝ၊ ဤပါဠိ၌သာ။ (ဂဟေတဗ္ဗံ)။ စ၊ ဆက်။ ကောဝလံ၊ လောကုတ္တရာဝိပါက် ကိရိယာဗျာကတမဖက်သက်သက်။ အာရုပ္ပဝိပါကောဝ၊သည်သာ။ဂါ၊ကိုသာ။(နဂဟေတဗ္ဗော၊မယူလိုက်သည်ကား။) နပဟုတ်။ အထဒေါ၊ အဟုတ်ကား။ လောကုတ္တရဝိပါကဲ ကိရိယာဗျာကတမ္ပိ၊ လောကုတ္တရာဝိပါက် ကိရိယာဗျာကတကိုလည်း။ (အရူပဘုံ၌ ဖြစ်နိုင်သောမနောဒွါရာဝဇ္ဇန်း မဟာကြိယာ အရူပကြိယာဟူသော အဗျာကတကိုလည်း။ အာရုပ္ပေ၊ အရူပဘုံ၌။ ဥပ္ပဇ္ဇမာနံ သော်။(ဖြစ်ဲကိုက်ကို။) ဧတ္ထ၊ ဤဝိပါကဗျာကတံ ကိရိယာဗျာကတံ ဟူသောပါဠိ၌။ နဂဟေတဗ္ဗံ၊ ထိုက်။

ပန၊ဆက်။ ဝိပါကာဗျာကတံ။ပေ။ခန္ဓာတိဧတ္ထ၊ဟူသောဤပါဠိ၌။ကိဉ္စိ၊ တစုံတခုသော။ ရူပေန၊နှင့်။ ဝိနာ၊ ကင်း၍သော်ငြား။ (အရူပဘုံ၌ဖြစ်ခိုက် ကင်း၍သော်ငြား။) သဟာဝါ၊ တကွသော်ငြား။ (အခြားသောဘုံ၌ဖြစ်ခိုက် အတူတကွသော်ငြား။) ဥပ္ပဇ္ဇမာနံ၊သော။ သဟေတုကံ၊ သဟိတ်ဖြစ်သော။ အဂ္ဂဟိတံ၊ မယူအပ်သော။(မယူနိုင်သော။) ဝိပါကကိရိယာဗျာကတံနာမ၊ ဝိပါကကိရိယာ အဗျာကတမည်သည်။ နအတ္ထိ။ ပန၊ ထိုသို့ပင်မယူနိုင်သော ဝိပါက်ကိရိယာအဗျာကတမည်သည် မရှိပါသော်လည်း။ တတ္ထ၊ ထိုရုပ်နှင့် ကင်း၍ဖြစ်သောအဗျာကတ, ရုပ်နှင့်တကွဖြစ်သောအဗျာကတတို့တွင်။ ယံ၊ အကြင်အဗျာကတသည်။ ရူပေန၊နှင့်။သဟ၊တကွ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿ၊ထို ရုပ်နှင့်အတူတကွဖြစ်သော အဗျာကတ၏။ပစ္စယုပ္ပန္နဝိသေသံ၊ပစ္စယုပ္ပန်အထူးကို။ဒဿေတုံ၊ငှာ။ စိတ္တသမုဋ္ဌာနဉ္စ ရူပန္တိ၊ ဟူ၍။ (ဘဂဝတာ)ဝုတ္တံ။

၁။ နကေဝလဉ္စ။ ။ဧဝံ ပဉ္စပေ ဝါကျေ (တံ ပန နသဗ္ဗသ္မိံ ။ပေ။ ဧတ္ထေဝ ဟူသော ပဉ္စမဇကားရပ်၌) အတိဗျာပိတံ ပရိဟာရိတွာ (လွန်၍ ပျံ့နှံ့သော အတိဗျာပိတာ ဒေါသကို ရှောင်လွှဲ၍) ဒုတိယေ အဗျာပိတံ ပရိဟရိတုံ ပျံ့နှံ့သင့်သလောက် မပျံ့နှံ့မည်ကို ရှောင်လွှဲခြင်းငှာ) န ကေဝလန္တိအာဒိ ဝုတ္တံ၊ ဧတ္တာတိ ဝိပါကာဗျာကတံ ကိရိယာ ဗျာကတန္တိ ဧတ္ထ န ဂဟေတဗ္ဗံ တဿပိ အာရုပ္ပေ ဥပ္ပဇ္ဇမာနဿ ရူပေန ဝိနာ ဥပ္ပတ္တိတော၊-အနု။

ဝတ္ထုံ ပဋိစ္စ ခန္ဓာတိ ၊ ဟူ၍။ ဧတ္ထကေ၊ ဤမျှလောက်သောစကားကို။ ပဝတ္တဗ္ဗေ၊ ဟောတော်မူထိုက်ပါလျက်။ ပစ္စယဘူတဿ၊ သော။ ဝတ္ထုဿ၊ ၏။ ("ဝတ္ထုံ ပဋိစ္စခန္ဓာ"၌ ခန္ဓာတို့၏ပစ္စည်းဖြစ်သောဝတ္ထု၏။) ကဋတ္တာ စ ရူပန္တိ၊သော။ ဧတသ္မိံ သာမညဝစနေ၊ ဤသာမညစကား၌။ အဂ္ဂဟိတတာ ပတ္တိံ၊ မယူအပ်သည်၏ အဖြစ်သို့ရောက်ခြင်းကို။ နိဝါရေတုံ၊ငှာ။ ခန္ဓေ ပဋိစ္စဝတ္ထုတိ၊ ဟူ၍။ (ဘဂဝတာ)ဝုတ္တံ။ ဝါ၊တနည်း။ ခန္ဓေ ပဋိစ္စ[2] ဝတ္ထု ဝတ္ထုံ ပဋိစ္စ ခန္ဓာတိ၊ ဟူ၍။ အညမညာပေက္ခံ၊ အချင်းချင်း ငဲ့ခြင်းရှိသော။ ဝစနဒွယံ၊ သဒ္ဒါ ၂-ခုအပေါင်းကို။ အညမညပစ္စယဘူတာနံ၊ အချင်းချင်း ပစ္စည်းဖြစ်၍ဖြစ်ကုန်သော။ ဝတ္ထု ခန္ဓာနံ၊ ဟဒယဝတ္ထု, ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့၏။ ပစ္စယဘာဝဝိသေသဒဿနတ္ထံ၊ ပစ္စည်း၏အဖြစ် ဟူသော အထူးကိုပြခြင်းအကျိုးရှိ၏။ သာမညေန၊ "ကဋတ္တာစ ရူပံ"ဟူသော သာမညစကားဖြင့်။ ဂဟိတံ၊ ယူအပ်သည်။ (သမာနံ)ပိ၊သော်လည်း။ ဝါ၊ ဖြစ်သည်လည်းဖြစ်သော။ ဝတ္ထု၊ ကို။ (ပစ္စယဘာဝဝိသေသဒဿနတ္ထံ၊ငှာ။) ဝိသုံ၊ ကဋတ္တာရူပ်တို့မှ သီးခြား။ (ဘဂဝတာ) ဥဒ္ဒိဋ္ဌံ၊ ထုတ်ဆောင်တော်မူအပ်ပြီ။

၁။ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။ပေ။ဝုတ္တံ။ ။ပါဠိတော်၌ "ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ"ဟု အပြန်အလှန်ရှိ၏။ ထိုတွင် "ဝတ္ထုံ ပဋိစ္စ ခန္ဓာ" လောက်သာ ဟောတော်မူ၍ "ခန္ဓေ ပဋိစ္စ ဝတ္ထု"ကို ဟောတော်မမူလျှင် ဝတ္ထုသည် ပစ္စည်းဖြစ်နေ၏။ ထိုပစ္စည်းဖြစ်သော ဝတ္ထုသည် "ကဋတ္တာ စ ရူပံ"ဟူသော ရှေ့သာမညစကားဝယ် "ပစ္စယုပ္ပန်အဖြစ်ဖြင့် မပါရ"ဟု ယူဆဘွယ်ရှိ၏။ ထိုအယူအဆကို တားမြစ်ခြင်းအကျိုးငှာ ("ကဋတ္တာ စ ရူပံ" အရ၌ "ဟဒယဝတ္ထုလည်း ပါဝင်သည်"ဟု ပြခြင်းအကျိုးငှာ) "ခန္ဓေ ပဋိစ္စ ဝတ္ထု"ဟု ဟောတော်မူရပါသည်။ ပစ္စယဘူတဿာတိ ခန္ဓာနံ ပစ္စယဘူတဿ ဝတ္ထုဿ အဂ္ဂဟိတတာပတ္တိံ၊ ကထံ ပစ္စယုပ္ပန္နဘာဝေန၊ ကတ္ထ ကဋတ္တာစ ရူပန္တိ ဧတသ္မိံ သာမညဝစနေ၊ ခန္ဓေ ပဋိစ္စဝတ္ထုတိ ဝုတ္တံ၊ ဝေဠုဿ (ထိုဝတ္ထု၏) ပစ္စယုပ္ပန္နတာ ဒဿိတာ ဟောတီတိ-အနု။

၂။ ခန္ဓေ ပဋိစ္စ။ပေ။ဥဒ္ဒိဋ္ဌံ။ ။ဤဝါကျ၌ ယခုရှိသောပါဠိနှင့် ရှေးနိဿယ၌ရှိသောပါဠိသည် မတူ။ ရှေးနိဿယ၌ ဝုတ္တံ ဟု မရှိ။ ဝုတ္တံ နေရာဝယ် "ဝတ္ထု"ရှိသည်။ ထိုရှေးနိဿယ၌ ရှိသောပါဠိက အဓိပ္ပါယ် ကောင်း

မဟာဘူတေပိ ပဋိစ္စ ဥပ္ပတ္တိဒဿနတ္ထန္တိ၊ ဟူသောပါဌ်၏။ (အတ္ထောဝ၌ စပ်) စိတ္တသမုဋ္ဌာနရူပံ၊ စိတ္တသမုဋ္ဌာန်ရုပ်လည်းဖြစ်သော။ ကဋတ္တာရူပဉ္စ၊ ကဋတ္တာရုပ်လည်းဖြစ်သော။ယံ ဥပါဒါရူပံ၊ ကို။ ဥပါဒါရူပဂ္ဂဟဏေန ၊နှင့်။ ဝိနာ၊ကင်း၍။ ခန္ဓေ ပဋိစ္စဥပ္ပဇ္ဇတိတိ၊ ဟူ၍။ (ဘဂဝတာ) ဝုတ္တံ။ တဿ၊ ထို ဥပါဒါရုပ်၏။ မဟာဘူတေပိ၊ တို့ကိုလည်း။ ပဋိစ္စ၊၍။ ဥပ္ပတ္တိဒဿနတ္ထံ၊ ဖြစ်ပုံကိုပြခြင်းအကျိုးငှာ။ (“ဣဘာရဒ္ဓယံ ဝုတ္တံ”ဟုဒေသက်သာဘ၌လှမ်းစပ်။) ဣတိ အတ္ထော။ ပန၊ဆက်။ ဧတသိံ ဒဿနေ၊ မဟာဘူတေပိ ပဋိစ္စ ဥပ္ပတ္တိ ဒဿနတ္ထံ ဟူသော ဤအနက်အဓိပ္ပါယ်ကိုပြခြင်းသည်။ (သတိ၊ သော်။) ခန္ဓပစ္စယသဟိတာသဟိတာဥ၊ ခန္ဓာဟူသောပစ္စည်းနှင့်တကွ ဖြစ်သည်လည်း ဖြစ်, ခန္ဓာဟူသောပစ္စည်းနှင့်တကွမဖြစ်သည်လည်းဖြစ်သော။ သဗ္ဗံ၊သော။ ဥပါဒါရူပံ၊ကို။ဣတော၊ဤဟေတုပစ္စည်းမှ။ ပရေသု၊နောက်ဖြစ်ကုန်သော။

ပါသည်။ ဆိုလိုရင်းကား- “ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ” ဟု အချင်းချင်းငဲ့ခြင်းရှိသော စကား ၂-ရပ်ကို ဝတ္ထု ခန္ဓာတို့၏ အချင်းချင်း ပစ္စည်း အဖြစ်ဟူသော အထူးကိုပြခြင်း အကျိုးငှာ ဟောတော်မူအပ်၏။ ထို့ပြင်....“ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ”ဟူသော စကားရပ်ဝယ် “ကဋတ္တာ ရူပံ အရ ဟဒယဝတ္ထုကို သာမညအားဖြင့် ယူပြီးဖြစ်၏။ သို့သော်-ဟဒယဝတ္ထု၏ ပစ္စယဘာဝဝိသေသ ဒဿန (ပစ္စည်းအဖြစ်ဟူသော အထူးကိုပြခြင်းအကျိုးငှာ) “ဝတ္ထုံ ပဋိစ္စ”ဟု ဝတ္ထုကို သီးခြားထုတ်၍ ပြတော်မူသည်။

၁။ ဥပါဒါရူပဂ္ဂဟဏေန ဝိနာ။ ။“ဝိပါကာဗျာကတံ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ ဂယော ခန္ဓာ စိတ္တသမုဋ္ဌာနာနဉ္စ ရူပံ။ပေ။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ”ဟု ဤမျှလောက်သာပါ၏။ ဥပါဒါရူပသဒ္ဒါမပါ။ ထို့ကြောင့် “ဥပါဒါရူပဂ္ဂဟဏေန ဝိနာ”ဟု ဆိုသည်။

၂။ ဧတသိံ ပန ဒဿနေ။ပေ။အသဟိတဉ္စ။ ။မဟာဘူတေပိ ပဋိစ္စ ဥပ္ပတ္တိဒဿနတ္ထန္တိ ဝုတ္တေ ဧတသိံ အတ္ထဒဿနေ၊ ခန္ဓပစ္စယသဟိတန္တိ ပဋိသန္ဓိယံ ကဋတ္တာ ရူပံ၊ ပဝတ္တိယံ စိတ္တသမုဋ္ဌာနံ ရူပံ ဝဒတိ၊ အသဟိတန္တိ ပန ပဝတ္တိယံ ကဋတ္တာရူပံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ အသညသတ္တာနဉ္စ ဘာဝသဟိတဉ္စ ရူပံ ဝဒတိ၊-အနု။

သဟဇာတပစ္စယာဒီသု၊ တို့၌။ သင်္ဂဟိတံ၊ ပြီ။ ဣတိ ဣမံအတ္ထံ၊ ကို။ သန္ဓာယ၊ ၍။ ကဋတ္တာရူပံ ပဋိသန္ဓိယမ္ပိတိ၊ ဟူ၍။ ပိသဒ္ဒေါ၊ ကို။ (သင်္ဂဟကာရေန) ဝုတ္တော။ ဣတိဒဋ္ဌဗ္ဗော။ [ပဋိသန္ဓိယမ္ပိတိ ပိ သဒ္ဒေန ပဝတ္တိယမ္ပိ ကဋတ္တာရူပံ အညဥ္စ တတ္ထ ဥပတ္ထမ္ဘနကံ ဥပါဒါရူပန္တိ အတ္ထော ဒဋ္ဌဗ္ဗော။- အနု။] မဟာဘူတော။ပေ။ဝုတ္တနယေနာတိ၊ ဟူသောစကားကို။ (အာဟာ၌စပ်) မဟာဘူတော ။ပေ။ဥပါဒါရူပန္တိဧတ္ထ၊ ဟူသောဤပါဠိ၌။ အတ္ထတော[1]၊ အနက်အဓိပ္ပါယ်အားဖြင့်။ အယံနယော၊ ကို။ (မယာ)ဝုတ္တော။ ဣတိ၊ ဤအနက်အဓိပ္ပါယ်ကို။ သန္ဓာယ၊၍။ (သင်္ဂဟကာရော)။ အာဟ။

၅၄။ ရူပမိဿကာ ပဟာယာတိ၊ ဟူသောပါဠိ၌။ (အဓိပ္ပါယော၌စပ်) ယာသု ပုစ္ဆာသု၊ တို့၌။ ရူပေန၊ နှင့်။ ဝိနာ၊ ကင်း၍။ ပစ္စယုပ္ပန္နံ၊ ကို။ နလဗ္ဘတိ၊ ရအပ်သည်မဟုတ်။ အထခေါ၊ အဟုတ်ကား။ ရူပမိဿကမေဝ၊ ရုပ်နှင့်ရောသည်သာလျှင်ဖြစ်သော။ (ပစ္စယုပ္ပန္နံ၊ ကို။) လဗ္ဘတိ၊ ၏။ တာ၊ ထိုရုပ်နှင့်ရောသော ပစ္စယုပ္ပန်ရှိသောပုစ္ဆာတို့ကို။ ပဟာယ၊ ၍။ ("တိဿောဝ ပုစ္ဆာ ဝိသဇ္ဇိတာ"ဟု အဋ္ဌကထာ၌လှမ်းစပ်) ဣတိ(အယံ)၊ ကား။ အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏ အလိုတည်း။ [ရူပေန ဝိနာ ပစ္စယုပ္ပန္နံ န လဗ္ဘတီတိ ဧတေန ယာ ပုစ္ဆာ အရူပမိဿကာဝ သာနာ(နာမ်နှင့်ရောသော ရုပ်ဟူသော ပစ္စယုပ္ပန်အဆုံးရှိကုန်၏) တာပိ ဣမေန ဂယှန္တိ။ ပဂေဝ ရူပါဝသာနာတိ ဒဿေတိ။- အနု။]

၅၇။ တိဏ္ဏံ သန္ဓိပါတာ။ပေ။ဝစနတောတိ၊ ဟူသောပါဠိဖြင့်။ (သာမေဝတိ၌စပ်) [တိဏ္ဏံ၊ အမိ၏ရာသီပန်းပွင့်ပြီးခြင်း, အဖနှင့်ပေါင်းဖော်ခြင်း, သန္ဓေတည်မည့်သတ္တဝါ၏ ရှေးရှုတည်ခြင်းအားဖြင့် ၃-ပါးသောအကြောင်းတို့၏။]ဂဗ္ဘသေယျကပဋိသန္ဓိယာ၊ ၏။ပဥ္စက္ခန္ဓသဗ္ဘာဝေန၊ ၅-ပါးသော ခန္ဓာတို့၏ ထင်ရှားရှိကုန်သည်၏အဖြစ်ကြောင့်။ တာယ၊ ထိုဂဗ္ဘသေယျက ပဋိ

---

[1]။ အတ္ထတော။ပေ။ဝုတ္တော။ ။မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဥပါဒါရူပန္တိ ဣမိနာ အဗျာကတေ ခန္ဓေ မဟာဘူတေ စ ပဋိစ္စ ဥပါဒါရူပါနံ ဥပ္ပတ္တိဝစနေန (ဤဖြစ်ပုံကို ဆိုကြောင်းစကားဖြင့်) ကုသလေ ခန္ဓေ မဟာဘူတေစ ပဋိစ္စ ဥပါဒါရူပါနံ ဥပ္ပတ္တိ အတ္ထတော ဝုတ္တော ဟောတီတိ အတ္ထော၊-အနု။

သန္ဓေနှင့်။ သမာနလက္ခဏာ၊ ခန္ဓာ ၅-ပါးရှိခြင်းအားဖြင့် တူသောလက္ခဏာရှိသော။ [တာယ သမာန လက္ခဏာတိ ပဉ္စက္ခန္ဓပဋိသန္ဓိတာယ ဂဗ္ဘသေယျကပဋိသန္ဓိယာ သမာနလက္ခဏာ။- အနု။] သဗ္ဗာပိ၊ လည်းဖြစ်သော။ ပဉ္စဝေါကာရပဋိသန္ဓိ၊ သည်။ ဩက္ကန္တိနာမကာ၊ ဩက္ကန္တိအမည်ရှိ၏။ ဣတိ၊ ဤအနက်ကို။ သာဝေတိ၊ ပြီးစေ၏။ ဧတ္ထ၊ ဤပဉ္စဝေါကာရပဋိသန္ဓေ၌။ ပရိပုဏ္ဏာဝမ္မာနံ၊ ပြည့်စုံသော ခန္ဓာငါးပါးတရားတို့၏။ [ပရိပုဏ္ဏဝမ္မာနန္တိ ပရိယတ္တိဝိဘာဂါနံ (အပြည့်အစုံ ဝေဘန်အပ်ကုန်သော) ပဉ္စက္ခန္ဓဝမ္မာနံ။- အနု။] ဝိသဇ္ဇနံ၊ အဖြေသည်။ အတ္ထိ။ ဣတိ၊ ထိုသို့ပြည့်စုံသော ခန္ဓာငါးပါးတရားတို့၏ အဖြေရှိရာ၏အဖြစ်ကြောင့်။ (သာ၊ ထိုပဉ္စဝေါကာရပဋိသန္ဓေသည်။) ပရိပုဏ္ဏဝိသဇ္ဇနာ၊ မည်၏။

စ၊ဆက်။ ဧတ္ထ၊ ဤသဟဇာတပစ္စယနိဒ္ဒေသ၌။ ဧကံ မဟာဘူတံ။ပေ။ ဥပါဒါရူပန္တိ၊ ဟူသော။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားရပ်ဖြင့်။ ပဉ္စဝေါကာရေ၊ ၌။ သဗ္ဗံ၊ သော။ စိတ္တကမ္မသမုဋ္ဌာနရူပံ၊ စိတ္တသမုဋ္ဌာန်ရုပ် ကမ္မ သမုဋ္ဌာန်ရုပ်ကို။ (ဘဂဝတာ) ဒဿိတံ။ ပန၊ ကား။ အဝသေသံ၊ စိတ္တသမုဋ္ဌာန်ရုပ် ကမ္မသမုဋ္ဌာန်ရုပ်မှ ကြွင်းသောရုပ်ကို။ ဒဿေတုံ၊ ငှာ။ ဗာဟိရန္တိအာဒိ၊ အစရှိသောစကားရပ်ကို။ (ဘဂဝတာ) ဝုတ္တံ။ တတ္ထ၊ ထိုဗာဟိရံအစရှိသော စကားရပ်၌။ ဗာဟိရန္တိ ဧတေန၊ ဟူသော ဤပါဠိဖြင့်။ အနိန္ဒြိယဗဒ္ဓရူပံ၊ ဇီဝိတိန္ဒြေနှင့် မစပ်သောရုပ်ကို။ (သက်မဲ့ရုပ်ကို) (ဘဂဝါ) ဒဿေတိ။ အာဟာရ သမုဋ္ဌာန်ရုပ်သည် နောက်ထပ်မဟုတ် ယခုမှ စအပ်သော ရုပ်တည်း။ ဥတုသမုဋ္ဌာန်ရုပ်ကား "ဗာဟိရံ" အရ၌ ပါခဲ့ပြီးဖြစ်၏။ ထို့ကြောင့် "ဥတုသမုဋ္ဌာနံ" ကိုငဲ့၍ "ပုန"ဟု ဆိုလိမ့်မည်။] ပုန၊ တဖန်။ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနန္တိ ဧတေဟိ၊ ဟူကုန်သော ဤပုဒ်တို့ဖြင့်။ သဗ္ဗံ၊သော။ ဣန္ဒြိယဗဒ္ဓံ၊ ဇီဝိတိန္ဒြေနှင့်စပ်သော။ (သက်ရှိဖြစ်သော) အာဟာရဥတုသမုဋ္ဌာနရူပံ၊ အာဟာရသမုဋ္ဌာန်ရုပ် ဥတုသမုဋ္ဌာန်ရုပ်ကို။(ဘဂဝါ ဒဿေတိ။) တတ္ထ၊ထိုအာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ အစရှိသောပါဠိရပ်၌။ ဥတုသမုဋ္ဌာနံ ဧကန္တိ အာဒိနာ၊အစရှိသောပါဠိဖြင့်။ အသညသတ္တာနမ္ပိ၊ အသညသတ်ပုဂ္ဂိုလ်တို့၏လည်း။ ဥတုသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာန်ရုပ်ကို။ ဝုတ္တမေဝ၊ ဟောတော်မူအပ်

သည်သာ။ ဣတိ ဒဌဗ္ဗံ။ ဟိ၊မှန်။ တတ္ထ၊ ထိုအသညသတ်ဘုံ၌။ တဿ၊ ထို ဥတုသမုဋ္ဌာန်ရုပ်ကို။ ဝဇ္ဇနေ၊ကြဉ်ခြင်း၌။ ကာရဏံ၊သည်။ န အတ္ထိ။ ဣတိ၊ ဤသို့မှတ်အပ်၏။

ပန၊ ဆက်။ အာဒိမှိ၊ အစဖြစ်သောဝါရ၌။ [အာဒိမှိတိ ဗာဟိရ အာဟာရသမုဋ္ဌာန ဥတုသမုဋ္ဌာန အသညသတ္တဝသေန အာဂတဝါရေဟိ ပဌမဝါရေ။- အနု။ ထိုပဌမဝါရဟူသည် "ကော် မဟာဘူတံ ပဋိစ္စ ။ပေ။ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ"တိုင်အောင်တည်း။] ကော် မဟာဘူတံ ပဋိစ္စာတိအာဒိ၊ အစရှိသော။ အဝိသေသဝစနံ၊ ဗာဟိရ စသည်ဖြင့် အထူး မမသာမည်အားဖြင့်ဆိုကြောင်းစကားရပ်ကို။ (ဝုတ္တံ၌ စပ်) သဟဇာတံ၊ တကွဖြစ်သော။ အရူပံ၊နာမ်ဖြစ်သော။ ပစ္စယံပိ၊ ကိုရင်း။ ဟေတာဒိကေ၊ ဟေတုအစရှိကုန်သော။ ဗဟုတရေ၊ သာ၍များကုန်သော။ ပစ္စယေစ၊ တို့ကို ရင်း။ လဘန္တံ၊ ရနိုင်သော။ စိတ္တသမုဋ္ဌာန ကဋတ္တာရူပဒွယံ၊ စိတ္တသမုဋ္ဌာန်ရုပ် ကဋတ္တာရုပ် ၂-ပါးအပေါင်းကို။ သဟ၊တကွ။ သင်္ဂဟိတွာ၊သိမ်းယူ၍။ (ဘဂဝတာ)ဝုတ္တံ။ ဝေဒ္ဓ ကတွာ၊ ဤအကြောင်းကြောင့်။ (အစအဆုံး ဝါရ၌ပေါ အပ်သော ကော် မဟာဘူတံ ပဋိစ္စ အစရှိသော သာမညစကား၏ သဟဇာတ အရူပဖြစ်သော ပစ္စည်းကိုရင်း, ဟေတုအစရှိသော များစွာပစ္စည်းတို့ကိုရင်း ရနိုင်သော စိတ္တသမုဋ္ဌာန်ရုပ် ကဋတ္တာရုပ် ၂-ပါးအပေါင်းကို အတူတကွ ပေါင်း၍ဟောတော်မူအပ်သည်၏အဖြစ်ဟူသော ဤအကြောင်းကြောင့်။) တဿ၊ ထိုအစဆုံးဖြစ်သော ဝါရ၏။ ပရိယောသာနေ၊ ၌။ မဟာဘူတေ ။ပေ။ ဥပါဒါရူပန္တိ၊ဟူ၍။ (ဘဂဝတာ)ဝုတ္တံ။ [ပါဠိတော်ကိုကြည့်ပါ။ ပဌမဝါရအဆုံး၌ ဤစကားပါလိမ့်မည်။]

တသ္မာ၊ကြောင့်။ (ထိုသို့ အစဆုံးဝါရ၌ သဟဇာတ အရူပဖြစ်သော ပစ္စည်းကိုရင်း ဟေတုအစရှိသော များစွာသောပစ္စည်းတို့ကိုရင်း ရနိုင်သော စိတ္တဇသမုဋ္ဌာန်ရုပ် ကဋတ္တာရုပ် ၂-ပါးအပေါင်း၏ အတူတကွပေါင်း၍ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။) တတ္ထ၊ ထိုပဌမဝါရ၌။ စိတ္တသမုဋ္ဌာနသမ္ဗန္ဓံ၊ စိတ္တသမုဋ္ဌာန်ရုပ်နှင့် ဆက်စပ်သော။ တံသမာနဂတိကံ၊ ထို စိတ္တသမုဋ္ဌာန်ရုပ်နှင့်တူသော ဖြစ်ခြင်းရှိသော။ ပစ္စဝေါကာရေ၊ ၌။ ဝတ္တမာနမေဝ၊ ဖြစ်ဆဲသာလျှင်ဖြစ်သော။ ကဋတ္တာရူပံ၊ ကို။ ဂဟိတံ၊ ပြီ။ ဣတိ၊

ကြောင့်။ အဂ္ဂဟိတံ၊ မယူအပ်သေးသော။ ကဋတ္တာရူပံ၊ကို။ ဒဿေတုံ၊ ငှာ။ အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋိစ္စာတိအာဒိ၊ အစရှိသောစကားရပ်ကို။ (ဘဂဝတာ)ဝုတ္တံ။ တသ္မာ၊ကြောင့်။(ထိုသို့ ပဋမဝါရ မယူအပ်သေးသော ကဋတ္တာရုပ်ကိုယူခြင်းငှာ "အသညသတ္တာနံ။ပေ။မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ"ဟု ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။) ဥပါဒါရူပံ၊ ကို။ ဌပေတွာ၊ ဤသဟဇာတပစ္စယနိဒ္ဒေသ၌လည်း။ ကမ္မပစ္စယဝိဘင်္ဂေပိယ၊ နာနာက္ခဏိက ကမ္မပစ္စည်း၏ ဝိဘင်း၌ကဲ့သို့။မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပန္တိ၊ ဟူ၍။ဝါ၊ဟူသောပါဠ်ဖြင့်။ ကဋတ္တာရူပဘာဝဝိသိဋ္ဌ၊ကဋတ္တာရုပ်အဖြစ်ဖြင့် အထူးပြုအပ်သော။ ဥပါဒါရူပံ၊ကို။ ဂဟိတံ၊ပြီ။ ဣတိဒဋ္ဌဗ္ဗံ။ [ဥပါဒါရုပ်ဟုဆိုသော်လည်း "ကဋတ္တာရုပ်တွင်ပါဝင်သော ဥပါဒါရုပ်ကို ဆိုလိုသည်" ဟူလို။] ဟိ၊မှန်။ ဝုတ္တဿ၊ ဟောတော်မူအပ်ပြီးသော။ ဥတုသမုဋ္ဌာနဿ၊ ဥတုသမုဋ္ဌာန်ရုပ်ကို။ ပုနဝစနေ၊ ထပ်၍ဟောတော်မူခြင်း၌။ ပယောဇနံ၊အကျိုးသည်။ န အတ္ထိ။ ဣတိ၊ ဤသို့မှတ်အပ်၏။

ပန၊ ပရိဟာရ။ပေ။ အံ့။ ကသ္မာ[၂] (ဝုတ္တာနိ၌စပ်) ဗာဟိရာဒီသု၊ဗာဟိရရုပ် အစရှိသောရုပ်တို့၌။ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပန္တိ၊ ဟူ၍။ အဝိသေ

၁။ နဟိ။ပေ။အတ္ထိ။ ။ဋီကာဆရာသည် "အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ"ပုဒ်တွန်းက "အသညသတ္တာနမ္ပိ ဥတုသမုဋ္ဌာနံ ဝုတ္တမေဝ"ဟုဖွင့်ခဲ့၏။ ထို့ကြောင့် ထို၌ဆိုအပ်ပြီးသော ဥတုသမုဋ္ဌာန်ရုပ်ကို ဤမဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ အရာ၌ "ဥတုသမုဋ္ဌာန် ဥပါဒါရုပ်ကို ထပ်၍ဆိုခြင်းသည် အကျိုးမရှိ"ဟု ဆိုသည်။ အဋ္ဌကထာဆရာကား ဤနေရာ၌ပင် "ဥပါဒါရူပန္တိ ဥတုသမုဋ္ဌာနဝသေနေဝ"ဟု ဖွင့်ထား၏။ ထိုအဖွင့်ကို မနှစ်သက်သော ဋီကာဆရာသည် "န ဟိ။ပေ။ပုနဝစနေ ပယောဇနံ အတ္ထိ" ဟု ဆိုသည်။

၂။ ကသ္မာ ပန။ပေ။ဝုတ္တာနိ။ ။ဤစောဒနာဝါကျထည်း၌ "ယထာ ပေ။ အဝိသေသေတွာ ဥပါဒါရူပံ ဝုတ္တံ"ကို ဥပမာနဝါကျ. "ဧဝံ အဝတွာ ပေ။ ဝိသေသေတွာဝ ဝုတ္တာနိ"ကို ဥပမေယျဝါကျဟု ရှေးဦးစွာ ခွဲပါ။ ယထာ။ပေ။ဝုတ္တံ ဟူသော ဥပမာနဝါကျ၌ ဗာဟိရာဒီသုဝယ် အာဒိဖြင့် အာဟာရသမုဋ္ဌာန်ရုပ်, ဥတုသမုဋ္ဌာန်ရုပ်တို့ကို ယူပါ။ ထိုဗာဟိရရုပ် အစရှိသည်တို့၌ "မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ"ဟု ဥပါဒါရူပံ ပုဒ်ကို ဝိသေသန မပြုဘဲ ဟောတော်မူအပ်သကဲ့သို့။

သေတွာ၊ "ဥတုသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ"ဟု အထူးမပြုမူ၍။ ဥပါဒါရူပံ၊ ကို။ (ဘာဂဝတာ)ဝုတ္တံ ယထာ၊ ကဲ့သို့။ ဝေ°၊ ဤအတူ။ (ဤသို့ အထူးမပြုမူ၍။) အဝတွာ၊ဟောတော်မမူဘဲ။ စိတ္တကမ္မဇဥပါဒါရူပါနိ၊ စိတ္တဇဥပါဒါရုပ်, ကမ္မဇဥပါဒါရုပ်တို့ကို။ ("ဝိသေသေတွာဝ ဝုတ္တာနိ၌ စပ်") စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဥပါဒါရူပန္တိ၊ ဟူ၍။ ဟေတုပစ္စယာဒီသု၊ ဟေတုပစ္စည်း အစရှိသော ပစ္စည်းတို့၌။ [အာဒိဖြင့် သဟဇာတ, နိဿယ, ကမ္မ, ဣန္ဒြိယ, အတ္ထိ, အဝိဂတပစ္စည်းတို့ကို ယူပါ။ ဟေတုပစ္စယာဒီသူတိ အာဒိသဒ္ဒေန သဟဇာတပစ္စယာဒိံ သင်္ဂဏှာတိ။-အနု။] သဟ၊ အတူတကွရင်း။ ["စိတ္တံ သမုဋ္ဌာနံ ရူပံ နှင့် ကဋတ္တာရူပံ" ကို အတူတွဲ၍ရင်း။] စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါရူပံ။ ပေ။ ကဋတ္တာရူပံ ဥပါဒါရူပန္တိ၊ ဟူ၍။ အဓိပတိပစ္စယာဒီသု၊ အစရှိသောပစ္စည်းတို့၌။ ဝိသုံ၊ သီးခြားရင်း။ ["စိတ္တသမုဋ္ဌာနံရူပံနှင့် ကဋတ္တာရူပံ"ကိုမတွဲဘဲ သီးခြားရင်း။] စိတ္တသမုဋ္ဌာနရူပဘာဝ ကဋတ္တာရူပဘာဝေဟိ၊ စိတ္တသမုဋ္ဌာန်ရုပ်၏အဖြစ်, ကဋတ္တာရုပ်၏အဖြစ်တို့ဖြင့်။ ဝိသေသေတွာဝ၊ ၍သာ။ (ဘာဂဝတာ) ဝုတ္တာနိ၊ ကုန်သနည်း။ ဣတိ၊ ဤကား အမေးတည်း။ တတ္ထ၊ ထိုဗာဟိရံ ကော် မဟာဘူတံ အစရှိသောပါဠိရပ်၌။

၁။ ဝေ° အဝတွာ။ပေ။ဝိသေသေတွာဝ ဝုတ္တာနိ။ ။ဤဥပမေယျဝါကျ၌ "ဝေ° အဝတွာ"ဟု ဆိုသောကြောင့် ရှေ့ဥပမာနကို ဝိသဒိသူပမာဟုမှတ်ပါ။ ထိုသို့ ဝိသေသနမပါဘဲ မဟောမူ၍ "ဝိသေသနပြု၍သာ ဟောတော်မူအပ်သည်" ဟူလို။ ထိုသို့ ဝိသေသနပြု၍ ဟောတော်မူရာ၌ ဟေတုပစ္စည်း သဟဇာတပစ္စည်း အစရှိသည်တို့ဝယ် "စိတ္တသမုဋ္ဌာနံ ရူပံ နှင့် ကဋတ္တာရူပံ" ဟူသော ဝိသေသနတို့ကို အတူတကွတွဲ၍ ဥပါဒါရူပံ" ၌ စပ်ရသည်။ ထို့ကြောင့် "သဟ ဝိသေသေတွာဝ ဝုတ္တာနိ"ဟု ဆိုသည်။ ဟေတုပစ္စည်းမှတပါးသော အဓိပတိပစ္စည်း အစရှိသည်တို့၌ကား "စိတ္တသမုဋ္ဌာနံ ရူပံ ဥပါဒါရူပံ"ဟု ကဋတ္တာရူပံနှင့်မတွဲဘဲ သီးခြားရင်း, အညသတ္တာနံ။ပေ။ကဋတ္တာ ရူပံ ဥပါဒါရူပံ"ဟု စိတ္တသမုဋ္ဌာနရူပံ နှင့် မတွဲဘဲ သီးခြားရင်း ဥပါဒါရုပ်ကို စိတ္တသမုဋ္ဌာန်ရုပ်, ကဋတ္တာရုပ်အဖြစ်ဖြင့် အထူးပြု၍ ဟောတော်မူအပ်ကုန်၏။ အဘယ့်ကြောင့် "ဟောနည်းမတူဘဲ ထိုကဲ့သို့ ဟောတော် မူအပ်ပါကုန်သနည်း"ဟု စောဒနာသည်။

ဗာဟိရဂ္ဂဟဏာဒိပိ၊ ဗာဟိရသဒ္ဒါအစရှိသောသဒ္ဒါတို့ဖြင့်။ [အာဒိဖြင့်အာဟာရသမုဋ္ဌာနသဒ္ဒါ, ဥတုသမုဋ္ဌာနသဒ္ဒါတို့ကိုယူပါ။] (မဟာဘူတာနို၊တို့ကို။ဝိသေသိတာနိ)ဝိယ၊အထူးပြုအပ်ကုန်သကဲ့သို့။ (ဓဝံ၊တု။)ဧတ္ထ၊ဤမဟာဘူတေပဋိစ္စ အစရှိသောနိဒ္ဒေသ၌။မဟာဘူတာနံ၊တို့၏။ဝါ၊တို့ကို။ ဧကနိ၊ တစ်ခုတည်းသောပိသေသနဖြင့်။အဝိသေသိတတ္တာ၊ အထူးမပြုအပ်ကုန်သည်၏ အဖြစ်ကြောင့်။ (စိတ္တသမုဋ္ဌာနရူပဘာဝ ကဋတ္တာရူပဘာဝေဟိ ဝိသေသတ္တာဝ ဝုတ္တာနိ၊ကုန်ပြီ။ ဣတိ၊ ဤကားအဖြေတည်း)။

ဣဒါနိ အညေနပိ ကာရဏေန တေသံ (ဝိုစိတ္တဇ ကမ္မဇဥပါဒါရူပ်တို့၏။) ဝိသေသိတဗ္ဗတံ ("စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ"ဟု ဝိသေသန ပြုထိုက်သည်၏ အဖြစ်ကို။) [ဒဿေတုံ အပိစာတိ အာဒိ ဝုတ္တံ။-အနု။] အပိစ၊ သည်သာမကသေး။ ဣဒ္ဓိစိတ္တနိဗ္ဗတ္တာနံ၊ အဘိညာဉ်ဟူသော တန်ခိုးစိတ်ကြောင့်ဖြစ်သည်လည်း ဖြစ်ကုန်သော။ (စိတ္တသမုဋ္ဌာန် ဥပါဒါရုပ်၊ အတွက်။) ကမ္မပစ္စယာနဉ္စ၊ ကံဟူသော အကြောင်းရှိသည်လည်း ဖြစ်ကုန်သော။ ကမ္မသမုဋ္ဌာန် ဥပါဒါရုပ်အတွက်။) ဣဋ္ဌာနိဋ္ဌာနံ၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံ ဖြစ်ကုန်သော ဗာဟိရရူပါယတနာဒီနံ၊ ဗာဟိရဖြစ်သော ရူပါယတန အစရှိသည်တို့၏။ စိတ္တံ၊ ဣဒ္ဓိစိတ်သည်ရင်း။ ကမ္မဉ္စ၊ ကံသည်ရင်း။ ဟေတာဒီသု၊ ဟေတုအစရှိသော ပစ္စည်းတို့တွင်။ ကောစိ၊ သော။ ပစ္စယော၊ သည်။

၁။ ဗာဟိရ။ပေ။အဝိသေသိတတ္တာ။ ။တတ္ထ ဗာဟိရဂ္ဂဟဏာဒိဟိ ဝိယာတိ ယထာ ဗာဟိရံ ဧကံ မဟာဘူတန္တိ အာဒီသု ဗာဟိရအာဟာရသမုဋ္ဌာန ဥတုသမုဋ္ဌာနဂ္ဂဟဏေဟိ မဟာဘူတာနိ ဝိသေသိတာနိ၊ ဧဝံ ဧတ္ထ မဟာဘူတေ ပဋိစ္စာတိ ဧတသ္မိံ နိဒ္ဒေသေ မဟာဘူတာနံ ဧကေနပိ ပိသေသနေန အဝိသေသိတတ္တာ စိတ္တသမုဋ္ဌာနရူပဘာဝကဋတ္တာရူပဘာဝေဟိ ဝိသေသေတ္ဗာဝ ဝုတ္တာနီတိ ယောဇနာ၊-အနု။

၂။ နကောစိ။ပေ။ပစ္စယော။ ။ဣဋ္ဌာရုံ အနိဋ္ဌာရုံဖြစ်ကြသော ဗာဟိရရုပ် တရားတို့၏ စိတ်သည်ရင်း, ကံသည်ရင်း ပဋ္ဌာန်းနည်းအားဖြင့် ဟေတုအစရှိသော ပစ္စည်းတို့တွင် တစုံတခုသော ပစ္စည်းမျှမဖြစ်။ [ပဋ္ဌာန်းနည်းအားဖြင့် ပဖြစ်သော်လည်း သုတ္တန်နည်းအားဖြင့်ကား ပကတူပနိဿယပစ္စည်း ဖြစ်နိုင်ပါသေး၏။ နကောစိပစ္စယောတိ ဣဒံ ပဋ္ဌာနေ အာဂတနယေန ရူပံ ဥပနိဿယပစ္စယံ န လဘတီတိ ကတွာ ဝုတ္တံ၊ တေနာဟ ဟေတာဒီသူတိ၊

န (ဟောတိ)၊ မဖြစ်။ ပန၊ ဆက်။ အာဟာရဥတုသမုဋ္ဌာနာနံ၊ အာဟာရ ဟူသော ဖြစ်ကြောင်းရှိကုန်, ဥတုဟူသော ဖြစ်ကြောင်းရှိကုန်သော ရူပါယတန အစရှိသည်တို့ကို။ စိတ္တံ၊ သည်၊ ပစ္ဆာဇာတာဘာဝေန၊ ဖြင့်။ ဥပတ္ထမ္ဘက မေဝ၊ ထောက်ပံ့ရုံသာ ထောက်ပံ့နိုင်၏။ ဇနကံ၊ ဖြစ်စေနိုင်သည်။ န (ဟောတိ)၊ မဟုတ်။ ပန၊ အန္ဒယကား။ မဟာဘူတာနေဝ၊ တကူဖြစ်ဖက် မဟာဘုတ်တို့သည်သာ။ တေသံ၊ ထိုအာဟာရ သမုဋ္ဌာန်, ဥတုသမုဋ္ဌာန်ဖြစ်သော ရူပါယတန အစရှိသည် တို့ကို။ သဟဇာတာဒိ ဘာဝေန၊ ဖြင့်။ ဇနကာနိ၊ ဖြစ်စေနိုင်ကုန်၏။ [ဧကံ မဟာဘူတံ ပဋိစ္စ။ပေ။ မဟာဘူတေ ပဋိစ္စဥပါဒါရူပံ” ဟူသော ဉ်ပါဠိတော်ကို ရည်ရွယ်သည်။]

တသ္မာ၊ ကြောင့်။ (ထိုသို့ ဣဒ္ဓိစိတ္တနိဗ္ဗတ္တာနံ စသောဝါကျ, အာဟာရ ဥတုသမုဋ္ဌာနာနံ စသောဝါကျ, မဟာဘူတာနေဝ စသော ဝါကျအားဖြင့် သုံးပါးသောဝါကျတို့၌ ဆိုအပ်ပြီးသော အကြောင်းကြောင့်။) စိတ္တေန၊ နှင့်ရင်း။ ကမ္မေန၊ နှင့်ရင်း။ ဝိနာ၊ ကင်း၍။ (စိတ္တကမ္မသမုဋ္ဌာန ဥပါဒါရူပါနံ၊ စိတ္တသမုဋ္ဌာန်ဖြစ်သော ဥပါဒါရုပ်, ကမ္မသမုဋ္ဌာန်ဖြစ်သော ဥပါဒါရုပ်တို့၏။) အဘာဝေ၊ မဖြစ်ခြင်းသည်။ သတိပိ၊ သော်လည်း။ ဟေတာဒိ ပစ္စယဘူတေဟိ၊ဟေတုအစရှိသော ပစ္စည်းဖြစ်၍ ဖြစ်ကုန်သော။ အရူပေဟိ၊ နာမ်တရားတို့ကြောင့်။ (စိတ်တည်းဟူသော နာမ်တရား, ကံတည်းဟူသော နာမ်တရားတို့ကြောင့်။) ဥပ္ပဇ္ဇမာနာနိ၊ ဖြစ်ကုန်လသော်။ ဝါ၊ ဖြစ်ကုန်သော။ ဥပါဒါရူပါနိ၊ တို့သည်။ စိတ္တသမုဋ္ဌာနရူပ ကဋတ္တာရူပဘူတာနေဝ ၂၊

တဒဝိနာဘာဝတော ပန တဿ စိတ္တကမ္မာနံ ကာရဏဘာဝေါ ဝေဒိတဗ္ဗော၊ ယတော ဣဒ္ဓိစိတ္တနိဗ္ဗတ္တာနိ ကမ္မပစ္စယာနိစာတိ ဝုတ္တာနိ၊-အနု။]

၁။ အာဟာရ ။ပေ။ န ဇနကံ။ ။နနုစိတ္တံ အာဟာရဥတုသမုဋ္ဌာနာနံ, ပစ္ဆာဇာတ ပစ္စယော ဟောတီတိ သစ္စံ ဟောတိ၊ သော ပန ဥပတ္ထမ္ဘကတ္တေန, န ဇနကတ္တေနာတိ ဒဿေန္တော အာဟ အာဟာရ။ပေ။ န ဇနကန္တိ၊-အနု။

၂။ စိတ္တသမုဋ္ဌာန။ပေ။ဘူတာနေဝ။ ။စိတ်တည်းဟူသော နာမ်တရား ကံတည်းဟူသော နာမ်တရားတို့ကြောင့်ဖြစ်ကြသော ဥပါဒါရုပ်တို့သည် “ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။ပေ။ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာ ရူပံ” ဟူသော ဉ်ပါဠိတော်ဝယ် “မဟာဘူတေ

စိတ္တသမုဋ္ဌာန်ရုပ် ကဋတ္တာရုပ်ဟူသော မဟာဘုတ်ရှိကုန်သည်သာ။ ဝါ၊ စိတ္တသမုဋ္ဌာန်ရုပ် ကဋတ္တာရုပ်ဟူသော မဟာဘုတ်တို့ကြောင့် ဖြစ်ကုန်သည်သာ။ ဟောန္တိ။ အညာနိ၊ စိတ္တသမုဋ္ဌာန်ဥပါဒါရုပ်, ကမ္မသမုဋ္ဌာန် ဥပါဒါရုပ်တို့မှ တပါးကုန်သော အာဟာရသမုဋ္ဌာန် ဥပါဒါရုပ်, ဥတုသမုဋ္ဌာန် ဥပါဒါရုပ်တို့သည်။ (စိတ္တသမုဋ္ဌာနရူပ ကဋတ္တာရူပဘူတာနိ၊ ရှိကုန်သည်။ ဝါ၊ ဖြစ်ကုန်သည်။ န (ဟောန္တိ)၊ မဟုတ်ကုန်။ ဣတိ၊ သို့။ ဣမံ ဝိသေသံ၊ ကို။ (စိတ္တသမုဋ္ဌာန်ဥပါဒါရုပ်, ကမ္မသမုဋ္ဌာန်ဥပါဒါရုပ်တို့နှင့် အာဟာရသမုဋ္ဌာန် ဥပါဒါရုပ် ဥတုသမုဋ္ဌာန် ဥပါဒါရုပ်တို့၏ အထူးကို။) ဒဿေတုံ၊ ငှာ၊ စိတ္တကမ္မဇေဟေဝ၊ စိတ္တဇ ကမ္မဇသာလျှင် ဖြစ်ကုန်သော။ (စိတ္တသမုဋ္ဌာန် ကမ္မသမုဋ္ဌာန်သာလျှင်ဖြစ်ကုန်သော။) ဥပါဒါရူပေဟိ၊ တို့ဖြင့်။ ဝိသေသနံ၊ ကို။ ကတံ၊ ပြုတော်မူအပ်ပြီ။ ["စိတ္တသမုဋ္ဌာနံ ရူပံ" ဟူရင်း "ကဋတ္တာ ရူပံ" ဟူရင်း ဥပါဒါရုပ်တို့၌ ဝိသေသနကို ပြုတော်မူအပ်ပြီ" ဟူလို။]

ဝါ၊ တနည်း။ အညာနိ၊ စိတ္တသမုဋ္ဌာန်ဥပါဒါရုပ် ကမ္မသမုဋ္ဌာန်ဥပါဒါရုပ်တို့မှ တပါးကုန်သော အာဟာရသမုဋ္ဌာန်ဥပါဒါရုပ် ဥတုသမုဋ္ဌာန်ဥပါဒါရုပ်တို့သည်။ (ဝိသေသနံ န အရဟန္တိဣစ္စပိ) သမာနဇာတိကေန၊ ရုပ်ချင်း အားဖြင့်တူသော ဇာတ်ရှိသော၊ ရူပေန၊ အာဟာရဟူသောရုပ် ဥတုဟူသော ရုပ်ကြောင့်။ သမုဋ္ဌာနာနိ၊ ကောင်းစွာဖြစ်သော ဥပါဒါရုပ်တို့သည်။ ပါကဋ ဝိသေသနာနေဝ၊ ထင်ရှားသော ဝိသေသန ရှိကုန်သည်သာ။ ["အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ, ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ" ဟသည်ဖြင့် ထင်ရှားသော ဝိသေသနရှိသည် ဟူလို။] ဣတိ၊ ကြောင့်။ (ယိုသို့ အာဟာရသမုဋ္ဌာန်ဥပါဒါရုပ်, ဥတုသမုဋ္ဌာန်ဥပါဒါရုပ်တို့၏ ထင်ရှားသော ဝိသေသန

ပဋိစ္စ"ကို ထောက်၍ ဥပါဒါရုပ်တို့၏ အနီးကပ်ဆုံးသော အကြောင်းသည် မဟာဘုတ်တို့ သာတည်း။ ထို့ကြောင့် "စိတ္တသမုဋ္ဌာန်ရုပ်, ကဋတ္တာရုပ် ဟူသော မဟာဘုတ်ရှိကုန်သည်သာ" ဟု အနက်ပေးလိုက် ပါသည်။ အနုဋီကာ၌ကား "စိတ္တကမ္မသမုဋ္ဌာနမဟာဘူတနိဗ္ဗတ္တာနေဝ"ဟု ဖွင့်၏။ လိုအဖွင့်ကို အဓိပ္ပါယ်ဖွင့်ဟု မှတ်ပါ။

ရှိကုန်သည်၏အဖြစ်ကြောင့်။) ဝိသေသန်ံ၊ ကို။ န အရဟန္တိ၊ မထိုက်ကုန်။ (“ဝိသေသနပြုဘွယ်မလို” ဟူလို။) ပန၊ ကား။ တေသံ၊ ဤစိတ္တသမုဋ္ဌာန် ဥပါဒါရုပ် ကမ္မသမုဋ္ဌာန်ဥပါဒါရုပ်တို့ကို။ (ဝိသေသိတာနိဠ်စပ်)အသမာန ဇာတိကေဟိ၊ မတူသောဇာတ် ရှိကုန်သော။ အရူပေဟိ၊ နာမ်တရားတို့ကြောင့်။ (စိတ်တည်းဟူသော နာမ်တရား, ကံတည်းဟူသော နာမ်တရားတို့ကြောင့်။) သမုဋ္ဌိတာနိ၊ ကောင်းစွာဖြစ်ရကုန်သည်။ (ဟုတ္ဝာ၊ ၍။ ဝါ၊ ကြောင့်။) ဝိသေသနံ၊ ကို။အရဟန္တိ၊ ထိုက်ကုန်၏။ဣတိ၊ ကြောင့်။ (ထိုသို့ နာမ်တရားတို့ကြောင့် ကောင်းစွာ ဖြစ်ပေါ်လာကုန်သော ဥပါဒါရုပ်တို့၏ ဝိသေသနပြုထိုက်ကုန်သည်၏ အဖြစ်ကြောင့်။)ဝိသေသိတာနိ၊ အထူးပြုအပ်ကုန်ပြီ။ [စိတ္တသမုဋ္ဌာနံ ရူပံ, ကဋတ္တာရူပံ”ဟု ဥပါဒါရုပ်ကို အထူးပြုအပ်ကုန်ပြီ။] ဣတိ ဝေဒိတဗ္ဗာနိ။

ဝါ၊ တနည်း။ စိတ္တကမ္မာနိ၊ စိတ်, ကံတို့သည်။ စိတ္တကမ္မသမုဋ္ဌာနာနံ၊ စိတ္တသမုဋ္ဌာန်ရုပ် ကမ္မသမုဋ္ဌာန် ရုပ်တို့အား။ သဝိသေသေသန²၊ အထူးနှင့်တကွ ဖြစ်သော။ ပစ္စယဘာဝေန၊ ဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ ယထာ၊ ကဲ့သို့။ (ကသ္မာ၊ ကြောင့်နည်း။) စိတ္တကမ္မာနံ၊ တို့၏။ (သမ္ဗန္ဓ ထည့်သည်။) စိတ္တကမ္မသမုဋ္ဌာနာနံ၊ တို့၏။ သဟဇာတာဒိပစ္စယဘာဝတော၊ သဟဇာတအစရှိသော ပစ္စည်းတို့၏အဖြစ်ကြောင့်ရင်း။ မူလကာရဏဘာဝ

၁။ န ဝိသေသနံ အရဟန္တိ။ ။န ဝိသေသိတဗ္ဗာနိ ကာရဏဝိသေသနေ နေဝ (အာဟာရသမုဋ္ဌာနံ စသော ဝိသေသနဖြင့်ပင်) ဝိသေသသ သိဒ္ဓတ္တာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပန္တေဝ ဝတ္တဗ္ဗတ္တာ အဓိပ္ပာယော၊ တေသံ ပန စိတ္တဇ ကမ္မဇရူပါနံ၊—အနု။

၂။ သဝိသေသေသန ပစ္စယဘာဝေန။ ။“အထူးနှင့်တကွဖြစ်သော ပစ္စည်း၏ အဖြစ်ဖြင့်”ဟူသော စကားအရ စိတ်တည်းဟူသော ပစ္စည်းကို ရည်ရွယ်၍ “သဟဇာတာဒိပစ္စယဘာဝတော” ဟုလည်း, ကံတည်းဟူသော ပစ္စည်းကို ရည်ရွယ်၍ “မူလကာရဏဘာဝတော” ဟုရင်းမိန့်သည်။ [သဝိသေသေနာတိ ယေနဝိသေသေန ဝိသေသိတာ၊တံ ဒဿေန္တော စိတ္တံ သန္ဓာယာဟ သဟဇာတာဒိပစ္စယဘာဝတောတိ၊ ဣတရံ ပန သန္ဓာယ မူလကာရဏဘာဝတောတိ၊ ကမ္မူပနိဿယပစ္စယဘာဝတောတိ အတ္ထော၊-အနု။]

တောစ၊ မူလအကြောင်း၏ အဖြစ်ကြောင့် ရင်းတည်း။ ဝေါ၊ ကူ။ ဥတု အာဟာရာ၊တို့သည်။တံသမုဋ္ဌာနာနံ၊ထိုဥတုသမုဋ္ဌာန်ရုပ်,အာဟာရသမုဋ္ဌာန် ရုပ်တို့အား။ (သဝိသေသေန ပစ္စယဘာဝေန ပစ္စယာ) န (ဟောန္တိ)။ ဣတိ၊ ကြောင့်။ စိတ္တကမ္မဇာနေဝ၊ စိတ္တဇဥပါဒါရုပ် ကမ္မဇဥပါဒါရုပ်တို့သည်သာ။ ဝိသုံ၊ သီးခြား။ ဝိသေသနံ၊ ဝိသေသနကို။ အရဟန္တိ၊ ထိုက်ကုန်၏။ ပန၊ ကား။ ဣတရာနိ၊ စိတ္တသမုဋ္ဌာန်ဥပါဒါရုပ်, ကမ္မသမုဋ္ဌာန် ဥပါဒါရုပ်တို့မှ တပါးကုန်သော အာဟာရသမုဋ္ဌာန် ဥပါဒါရုပ် ဥတုသမုဋ္ဌာန်ဥပါဒါရုပ် တို့ကို။ မဟာဘူတဝိသေသနေနေဝ[၁]၊ မဟာဘုတ်တို့ကို အထူးပြုသော ဥတု သမုဋ္ဌာန် အာဟာရသမုဋ္ဌာန် ဟူသော ပုဒ်ဖြင့်ပင်။ ဝိသေသိတာနိ၊ အထူး ပြုအပ်ကုန်ပြီ။ ဣဓ[၂]၊ ဤစိတ္တသမုဋ္ဌာန် ရူပံ ကဋတ္တာရူပံ ဥပါဒါရူပံဟူသော

၁။ မဟာဘူတဝိသေသနေနေဝ။ ။[စာအုပ်တို့၌ "မဟာဘူတဝိသေ သေနေဝ"ဟု ပါ၍ပျက်၏။] ပါဠိတော်၌ "ဥတုသမုဋ္ဌာနံ ကေ မဟာဘူတံ ပဋိစ္စ။ပေ။မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ"ဟုရှိ၏။ထိုပါဠိတော်ဝယ် မဟာဘုတ် တို့၏ ဝိသေသနသည် ဥတုသမုဋ္ဌာနံ အရ ဥတုတည်း။ အာဟာရသမုဋ္ဌာနံ၌ လည်း အာဟာရတည်း။ ထိုမဟာဘုတ်တို့၏ ဝိသေသန ဖြစ်သော ဥတု, အာဟာရဖြင့်ပင် ဥပါဒါရုပ်တို့ကိုလည်း အထူးပြုအပ်ပြီးဖြစ်သည် ဟူလို။ [မဟာဘူတ ဝိသေသနေနေဝ ဝိသေသိတာနီတိ အာဟာရသမုဋ္ဌာနံ ကေ မဟာဘူတံ ပဋိစ္စ၊ ဥတုသမုဋ္ဌာနံ ကေ မဟာဘူတံ ပဋိစ္စာတိ မဟာဘူတ ဝိသေသနေနေဝ ဇနကပစ္စယေန အာဟာရေန ဥတုနာစ ဝိသေသိတာနိ၊- အနု။]

၂။ ဣဓ။ပေ။မဟာဘူတာနိဝိယ။ ။"မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာ ရူပံ ဥပါဒါရူပံ"ဟူသော ပါဠိတော်၌ ဥပါဒါရူပံ အတွက် စိတ္တ သမုဋ္ဌာနံ ရူပံ ဟုရင်း, "ကဋတ္တာ ရူပံ"ဟုရင်း ဝိသေသနရှိ၏။ မဟာဘူတ အတွက် ဝိသေသနမရှိ။ ဥပါဒါရုပ်၏ ဝိသေသနဖြစ်သော စိတ္တသမုဋ္ဌာနံ ရူပံ, ကဋတ္တာရူပံ ၌ပါသောစိတ်,ကံတို့သည် "မဟာဘူတေ ပဋိစ္စ" ၌ မဟာဘူတ ၏ ဝိသေသနလည်း ဖြစ်နိုင်သကဲ့သို့တည်း။ [ဣမာတိ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာ ရူပံ ဥပါဒါရူပန္တိ ဣမသ္မိံ ဝစနေ၊ တေ ဟိ ဥပါဒါရူပါနံ စိတ္တကမ္မသမုဋ္ဌာ နဟာဝစနေန တံ နိဿယာနမ္ပိ (ထိုဥပါဒါရုပ်တို့၏ မှီရာဖြစ်သော မဟာဘုတ် တို့၏လည်း) တဗ္ဘာဝေါ (ထိုစိတ်,ကံဟူသော ဝိသေသနရှိသည်၏ အဖြစ်ကို) ပကာသိတောတိ၊-အနု။]

စကားရပ်၌။ ဥပါဒါရူပ ဝိသေသနေန၊ ဥပါဒါရုပ်၏ ဝိသေသနဖြစ်သော စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပ်ဟူသော ပုဒ်ဖြင့်။ မဟာဘူတာနိ၊ တို့ကို။ (ပိသေသိတာနိ)ဝိယ၊ တည်း။ ဟိ၊ မှန်။အညတရပိသေသနံ၊ အမှတ်မထား တပါးပါးသော ဝိသေသနသည်။ ဥဘယဝိသေသနံ၊ ၂-ပါးစုံ၏ ဝိသေသန သည်။ နဟောတိ၊ မဖြစ်သည်ကား။ န၊ မဟုတ်။ (ဟောတိယေဝ၊ ဖြစ်သည် သာ။) ဣတိ၊ ဤသို့ မှတ်အပ်၏။ [ကသ္မာထည့်၍ ဟိ(ယသ္မာ) ဟုလည်း ပေးပါ။]

၅၈။ အညမညပစ္စယေ၊ ပေ။ ခန္ဓာတိ၊ အညမညပစ္စယေ။ ပေ။ ခန္ဓာဟူ၍။ ဝါ၊ ဟူသော။ ခန္ဓဝတ္ထုနံ၊ ပဋိသန္ဓိက္ခဏေ ပဉ္စဝေါကာရပဋိသန္ဓိနာမက္ခန္ဓာ ဟဒယဝတ္ထုတို့၏။ (အဗျာကတပါဠိရဉ္စလာသော စကားရပ်ဖြစ်သောကြောင့် ပဉ္စဝေါကာရပဋိသန္ဓိနာမက္ခန္ဓာ ဟဒယဝတ္ထုကို ယူရသည်။) အညမည ပစ္စယတာဒဿနေန၊ အချင်းချင်း ကျေးဇူးပြုသည်၏ အဖြစ်ကိုပြခြင်းဖြင့်။

၁။ န ဟိ။ပေ။နဟောတိ။ ။"ဣတရာနိ ပန ။ပေ။ ဝိသေသိတာနိ" ဝါကျ၌ "အာဟာရသမုဋ္ဌာနံ ကော မဟာဘူတံ ပဋိစ္စ" စသည်ဖြင့် မဟာဘုတ် တည်းဟူသော တပါး၏ ဝိသေသနဖြစ်သော အာဟာရ, သို့မဟုတ် ဥတုသည် မဟာဘုတ်ကိုစွဲ၍ဖြစ်သော ဥပါဒါရုပ်၏ဝိသေသနလည်း ဖြစ်နိုင်, "ဣဓ။ပေ။ မဟာဘူတာနိပိယ" ဝါကျ၌ ဥပါဒါရုပ်၏ ဝိသေသနဖြစ်သော စိတ္တ, ကမ္မ သည် မဟာဘုတ်၏ ဝိသေသနလည်း ဖြစ်နိုင်၏။ ဤနည်းအားဖြင့် "အမှတ် မထား တပါးပါး၏ ဝိသေသနသည် ၂-ပါးစုံ၏ ဝိသေသနမဖြစ် မဟုတ်၊ ဖြစ်နိုင်သည်သာ"ဟူလို။ [အညတရဝိသေသနံ ဥဘယဝိသေသနံ ဟောတိ၊ ဥဘယေသံ (၂-ပါးစုံသော မဟာဘုတ်ရုပ် ဥပါဒါရုပ်တို့၏) အဝိနိဗ္ဘော ဂေန(အသီးအခြားခွဲ၍ မရခြင်းအားဖြင့်) ပဝတ္တနတော၊-အနု။[

၂။ အညမည။ပေ။ဒဿိတော ဟောတိ။ ။"ပဉ္စဝေါကာရေ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုတို့၏ အညမညပစ္စည်း အဖြစ်ကို ပြကြောင်းစကား" ဟူသည် "ခန္ဓေ ပဋိစ္စ ဝတ္ထု, ဝတ္ထုံ ပဋိစ္စ ခန္ဓာ"ဟူသော စကားပင်တည်း။ ယင်းစကား၌ "ခန္ဓေ ပဋိစ္စ"ဟု နာမ်ခန္ဓာ လေးပါးလုံးကို ပေါင်း၍ ပြထား သောကြောင့် ထိုနာမ်ခန္ဓာ လေးပါးတို့သည် ဟဒယဝတ္ထုအား ကျေးဇူး ပြုရာ၌ တပေါင်းတည်းကျေးဇူးပြုသည်၏ အဖြစ်ကို ပြအပ်ပြီးဖြစ်တော့၏။

ဝါ၊ ပြကြောင်းစကားဖြင့်။ (“ဒဿိတော ဟောတိ”၌စပ်) ပုဗ္ဗေ၊ ၌။ ဝိသုံ၊ သီးခြား။ (ခန္ဓာလေးပါးမပေါင်းဘဲ အသီးအခြား) ပစ္စယဘာဝေန၊ ဟဒယဝတ္ထု၏ ပစ္စည်းအဖြစ်ဖြင့်။ ဒဿိတာနံ၊ ပြအပ်ပြီးကုန်သော။ ခန္ဓာနံ၊ ပဉ္စဝေါကာရပဋိသန္ဓိနာမက္ခန္ဓာတို့၏။ (ဧကံ ခန္ဓံ ပဋိစ္စစသည်ဖြင့် အသီးအသီးခွဲခြား၍ ပြအပ်ပြီး ကုန်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့၏။) ကေဝလော၊ တပေါင်းတည်း။ (ဟဒယဝတ္ထုအား ကျေးဇူးပြုရာ၌ ခန္ဓာ ၄-ပါးလုံး တပေါင်းတည်း။) ပစ္စယဘာဝေါ၊ ကျေးဇူးပြုသည်၏ အဖြစ်သည်။ ဝါ၊ ကို။ (ဘဂဝတာ) ဒဿိတော ဟောတိ။ ဣတိ ဣမိနာ အဓိပ္ပါယေန၊ ဖြင့်။ စတုန္နမ္ပိ။ ပေ။ ဝုတ္တန္တိ၊ ဟူ၍။ (သင်္ဂဟကာရော) အာဟ။

ပုန၊ ထိုသို့ပင် ဤသို့သောအလိုဖြင့် ဆိုအပ်ပါသော်လည်း။ ခန္ဓေပဋိစ္စ ဝတ္ထုံတိ ဣဒံ၊ ဟူသော ဤစကားသည်။ စတုန္နမ္ပိ၊ လည်းဖြစ်ကုန်သော။

၁။ ပုဗ္ဗေ ဝိသုံ ဒဿိတာနံ။ ။“ပုဗ္ဗေ” အရ ဤအညမညပစ္စည်း၌ပင် ရှေ့စကားကိုယူပါ။ “ခန္ဓေ ပဋိစ္စ ဝတ္ထု” မရောက်မီရှေ့၌ “ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ, တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော” စသည်ဖြင့် ခန္ဓာ လေးပါး မတွဲဘဲ အသီးအသီးခွဲ၍ ကျေးဇူးပြုပုံကိုပြခဲ့၏။ ထိုသို့ပြခဲ့သည်ကို ရည်ရွယ်၍ “ပုဗ္ဗေ ဝိသုံ ပစ္စယဘာဝေန ဒဿိတာနံ”ဟု ဆိုသည်။ [“ပုဗ္ဗေတိ အညမညပစ္စယေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ဝတ္ထုံစာတိ ပဒေ”ဟု မဓုဋီကာဖွင့်ပြီးလျှင် “အနုဋီကာယံ ပန ပုဗ္ဗေတိ ဟေတုပစ္စယာဒီသူတိ ဝုတ္တံ၊ တံ ဝိစာရေတဗ္ဗံ၊ န ဟိ တတ္ထ ဝိသုံ ပစ္စယဘာဝေါ ဝုတ္တောတိ။]

၂။ ဣမိနာ အဓိပ္ပါယေန။ “ခန္ဓဝတ္ထူနံ အညမညပစ္စယတာဒဿနေန ခန္ဓာနံ ကေဝလော ပစ္စယဘာဝေါ ဟောတိ” ဟူသော အဋ္ဌကထာဆရာ၏ အလိုကို မနှစ်သက်သောကြောင့် “ဣမိနာ အဓိပ္ပါယေန”ဟု ဆိုသည်။ [တေနေဝ ဟိ တေသံ အတ္ထေ အတ္တနော (မိမိဟူသော ဋီကာဆရာ၏) အရုစိံ ဝိဘာဝေန္တော အာဟ ဣမိနာ အဓိပ္ပါယေနာဟာတိ-အနု။]

၃။ ခန္ဓေ ပဋိစ္စ ဝတ္ထုံတိ။ ပေ။ ဝုတ္တံ။ ။“ခန္ဓေ ပဋိစ္စ ဝတ္ထု”ဟူသော စကားသည် “လေးပါးလုံးသော နာမ်ခန္ဓာတို့၏ ဟဒယဝတ္ထုနှင့် အညမည ပစ္စည်းအဖြစ်ကို ပြသော စကားမဟုတ်လျှင် အဘယ်ကိုပြသော စကားပါ နည်း”ဟု မေးဘွယ်ရှိသောကြောင့် မိမိဋီကာဆရာ၏ အလိုကိုပြလိုရကား

ခန္ဓာနံ၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာတို့၏။ ကေတော၊ တည်း။ ပဋိစ္စတ္တ ဖရဏတာဒဿနံ၊ ပဋိစ္စ၏အနက်ကို ပြီးစေနိုင်သည်၏ အဖြစ်ကိုပြကြောင်း စကားတည်း။ဝတ္ထုံ ပဋိစ္စခန္ဓာတိ(ဣဒံ)၊ဟူသော ဤစကားသည်။ဝတ္ထုဿ၊ ဟဒယဝတ္ထု၏။ (ပဋိစ္စတ္တဖရဏတာဒဿနံ၊တည်း။) [ရှေးနိဿယ၌ "အတ္ထ" ကို "ကိစ္စ"ဟု အနက်ပေး၏။] စ၊ ဆက်။ ကေဝလံ၊ ဟေတုပစ္စည်းစသည် မဖက် သက်သက်။ ခန္ဓာနံ၊ တို့၏။ ဣမေဝ၊ ဤအညမည ပစ္စည်း၌သာ။ (ကေတော,ပဋိစ္စတ္တဖရဏတာဒဿနံ၊ သည်။)န (ဟောတိ)၊ မဟုတ်သေး။ ဟေတုပစ္စယာဒီသုပိ၊ တို့၌လည်း။ အယံမေဝ၊ ဤဆိုအပ်ပြီးသော အစီအရင် သည်ပင်။ နယော၊ တည်း။ ["ဟေတုပစ္စည်း စသည်တို့ ၌လည်း ဤကဲ့သို့ "ခန္ဓေ ပဋိစ္စဝတ္ထု"အရ ခန္ဓာတို့က တပေါင်းတည်း ပဋိစ္စ၏အနက်ကို ပြီးစေ နိုင်သည်၏အဖြစ်ကို ပြသည်။] တတ္ထ၊ ထိုဟေတုပစ္စည်း အစရှိသည်တို့၌။

"ခန္ဓေ ပဋိစ္စ ဝတ္ထုတိ ဣဒံ ပန" စသည်ကိုမိန့်။ ခန္ဓေ ပဋိစ္စ ဝတ္ထု ဟူသော ဤစကားသည် နာမ်ခန္ဓာ လေးပါးလုံး၏ တပေါင်းတည်း ပဋိစ္စအနက်ကို ပြီးစေနိုင်ပုံကို ပြကြောင်းစကားဖြစ်၏။ ဝတ္ထုံ ပဋိစ္စ ခန္ဓာ" ဟူသောစကား လည်း ဟဒယဝတ္ထု၏ ပဋိစ္စအနက်ကို ပြီးစေနိုင်ပုံကို ပြကြောင်းစကားပင် ဖြစ်သည်။ [စာအုပ်တို့၌ "ဒဿနတ္ထံ" ဟု ရှိသော်လည်း ရှေးနိဿယ၌ရင်း, အနုဋီကာ၌ရင်း ဒဿနံ ဟုသာရှိသည်။ ပဋိစ္စအနက်ဟူသည် နာမ်ခန္ဓာ ၄-ပါးလုံးနှင့် ဟဒယဝတ္ထု၏ တူသည်၏အဖြစ်ဖြင့် ရောက်ခြင်းအနက်တည်း။]

၁။ နကေဝလံ။ပေ။နယော ။ "ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ" ဟူသော စကားရပ်သည် ဤအညမညပစ္စည်း၌သာ ပါသည် မဟုတ်။ ဟေတုပစ္စည်း အစရှိသည်တို့၌လည်း ပါခဲ့၏။ ထိုပစ္စည်းတို့၌လည်း "စတုန္နမ္ပိ ခန္ဓာနံ ကေတော ပဋိစ္စတ္တဖရဏတာဒဿနံ"ဟူသော ဤအစီအရင်အတိုင်းပင် သိကြောင်းနည်း ဖြစ်သည်။

၂။ တတ္ထ ။ပေ။ ဒဿိတာယေဝ။ ။[တတ္ထာတိ ဟေတုပစ္စယာဒီသု၊- မှ။] "သဗ္ဗေသံ ခန္ဓာနံ ဝိသုံ ပဋိစ္စတ္တဖရဏတံ ဒဿေတွာ" ဟူရာ၌ "ဝိသုံ= သီးခြားဟူသည် ပစ္စည်းဘက်၌ ဝတ္ထုမပါဘဲ "ခန္ဓေ ပဋိစ္စ ဝတ္ထု"ဟူသော ပါဠိရပ်တည်း။ "ပုန ဝတ္ထုံ ပဋိစ္စ ခန္ဓာ" ဟူရာ၌ ပစ္စည်းဘက်၌ ခန္ဓာနှင့်မတွဲဘဲ "ဝတ္ထုံ ပဋိစ္စ ခန္ဓာ" ဟု ဝတ္ထု အတွက် သက်သက် ပဋိစ္စတ္တဖရဏတာကို ပြခြင်း တည်း။ ဤသို့ ခန္ဓာတို့ကိုရင်း, ဝတ္ထုကိုရင်း အသီးအသီး ပဋိစ္စတ္တဖရဏတာကို

သမ္ဗန္ဓံ၊ ကုန်သော။ ခန္ဓာနံ၊ ကို၏။ ဝိသုံ၊ သီးခြား။ ပဋိစ္စဋ္ဌပရမတ္ထံ၊ ပဋိစ္စ၏အနက်ကိုပြီးစေနိုင်သည်၏ အဖြစ်ကို။ ဒဿေတုံ၊ ၍။ ပုန၊ တဖန်။ ဝတ္ထုံ ပဋိစ္စခန္ဓာပိ၊ ဟူသောပါဠိဖြင့်။ ဝတ္ထုဿပိ၊ ၏လည်း။(ပဋိစ္စဋ္ဌပရမတ္ထ တာယ၊ ကို။)ဒဿိတာယ၊ ပြအပ်ပြီးသော်။ကော ခန္ဓေ ဝတ္ထုဉ္စ ပဋိစ္စ တယော ခန္ဓာတိ အာဒိနာ၊ အစရှိသော စကားရပ်ဖြင့်။ ခန္ဓဝတ္ထူနံ၊ တို၏လည်း။ (ပဋိစ္စဋ္ဌပရမတ္ထတာ၊ သည်။ ဝါ၊ ကို။)ဒဿိတာယေဝ၊ သည်သာ။ဟောတိ။ ဣတိ ဒဋ္ဌဗ္ဗာ။

ပန၊ ပရိဟာရ။ပေ။အံ့။ ကသ္မာ၊ကြောင့်။ ဧတ္ထ၊ ဤပဋိစ္စဝါရ အညမညပစ္စယနိဒ္ဒေသ၌။[နောက်၌"ပစ္စယဝါရေစ"ဟုလာမည်ဖြစ်သောကြောင့် ဤ၌ "ပဋိစ္စဝါရေ"ဟု မရှင်းပြအပ်သည်။]ကုသလံ ဓမ္မံ။ပေ။မဟာဘူတာတိ ဧဝ မာဒိ၊ အစရှိသောစကားကို။ (ဘဂဝတာ) န ဝုတ္တံ၊ နည်း။ [အာဒိဖြင့် "အကုသလံ ဓမ္မံ ပဋိစ္စ, အဗျာကတံ ဓမ္မံ ပဋိစ္စ" စသည်တို့ကို ယူပါ။] ယဒိဒံ (ဓမ္မဇာတံ)၊ အကြင်တရားသည်ပင်။ ပဋိစ္စဋ္ဌံ၊ ပဋိစ္စ၏အနက်ကို။ ဖရတိ၊ ပြီးစေ၏။ တဒေဝ(ဓမ္မဇာတေန)၊ ထို ပဋိစ္စ၏အနက်ကို ပြီးစေသောတရားသည်ပင်။ အညမညပစ္စယေန၊သည်။ န ဘဝိတဗ္ဗန္တု၊ မဖြစ်ရာသည်မဟုတ်ပါလော။ (ကေဟိပိယ၊နည်း) ဟေတုပစ္စယာ ဒိဟိဝိယ၊တို့ကဲ့သို့

ပါဠိတော်၌ တိုက်ရိုက်ပြအပ်ပြီးသော် (တိုက်ရိုက်ပြလိုက်သောအခါ) ပစ္စည်းဘက်၌ ခန္ဓာနှင့် ဝတ္ထုကိုပေါင်း၍ ပါဠိတော်၌ တိုက်ရိုက် ဟောတော်မမူအပ်သော်လည်း အနက်အဓိပ္ပါယ်အားဖြင့် ခန္ဓာနှင့်ဝတ္ထုကို ပစ္စည်းဘက်၌ပေါင်း၍ "ကော ခန္ဓေ ဝတ္ထုဉ္စ ပဋိစ္စ တယော ခန္ဓာ" စသည်ဖြင့် ခန္ဓာ ဝတ္ထု ၂-ပါးလုံးတွဲ၍ ပဋိစ္စဋ္ဌပရမတ္ထတာ ကို ပြအပ်ပြီး ဖြစ်တော့သည်သာ။

၁။ နနု ယဒိဒံ။ပေ။ဒိဟိဝိယ။ ။ပဋိစ္စအနက်ကို ပြီးစေသော တရားတိုင်းပင် အညမညပစ္စည်းမဖြစ်သည် မဟုတ်ပါလော။ ဥပမာ-ပဋိစ္စ အနက်ကိုပြီးစေသော တရားတိုင်းပင် ဟေတုပစ္စည်း စသည် မဖြစ်သကဲ့သို့တည်း။ ["ဟေတုပစ္စယာဒိဟိဝိယ" သည် မဖြစ်ခြင်းတူပုံကို ပြသောကြောင့် သဒိသူပမာ, သဒိသဥဒါဟရဏ်ဘည်း။ ဟေတုပစ္စယာဒိဟိဝိယာတိ သဒိသူဒါဟရဏံ-အနု။ ဤနေရာ၌ ဥပမာဟူသည် သဒ္ဒါကျမ်းများ၌ကဲ့သို့ ဥဒါဟရုဏ်ကုတ်ပြခြင်းတည်း။]

တည်း။ ဟိ ၊ချဲ့။ ယံ၊အကြင်ခန္ဓာတရားကို။ ဧကံ(ခန္ဓံ ပဋိစ္စာတိ စ)၊ ဟူ၍ရင်း။ တယော ခန္ဓေ ပဋိစ္စာတိ စ၊ ဟူ၍ရင်း။ ဒွေ ခန္ဓေ ပဋိစ္စာတိ စ၊ ဟူ၍ရင်း။ (ဘဂဝတာ) ဝုတ္တံ။ တေ၊ ထိုခန္ဓာတရားတို့သည်။ဟေတုပစ္စယဘူတာ ဧဝ၊ ဟေတုပစ္စည်း ဖြစ်၍ ဖြစ်သောတရားတို့ချည်းသာ။ န ဟောန္တိ၊ မဟုတ်ကုန်။ အာရမ္မဏပစ္စယာဒိသုပိ၊တို့၌လည်း။ သေ(သေသာ)၊ သည်။ နယော၊တည်း။

ပစ္စယဝါရေ စ[၂]၊ ၌လည်း။ အဗျာကတံ ဓမ္မံ ။ပေ။ အညမညပစ္စယာတိ၊ ဟူ၍။ (ဘဂဝတာ)ဝုတ္တံ။ ဝတ္ထု၊အဗျာကတဓမ္မဖြစ်သောဟဒယဝတ္ထုသည်။ ကုသလာနံ၊ ကုသိုလ်(ခန္ဓာ)တို့၏။ အညမညပစ္စယော၊သည်။ န ဟောတိ၊ မဟုတ်။ အထ စ ပန၊ ထိုသို့မဟုတ်ပါဘဲလျက်။ တံပစ္စယာ၊ ထိုဟဒယဝတ္ထု ဟူသောအကြောင်းကြောင့်။ ခန္ဓာနံ၊ ကုသိုလ်ခန္ဓာတို့၏။ အညမညပစ္စယာ၊

၁။ နဟိ။ပေ။ ဘူတာဝ ဟောန္တိ။ ။"ဟေတုပစ္စယာဒိဟိဝိယ"၏သဒိသ ဥဒါဟရဏဖြစ်ပုံကို ပြလိုသောကြောင့် "န ဟိ"စသည်ကို မိန့်သည်။ ဟေတုပစ္စည်း၌ "ဧကံ ခန္ဓံ ပဋိစ္စ" ဟုရင်း, "တယော ခန္ဓေ ပဋိစ္စ" ဟုရင်း, "ဒွေ ခန္ဓေ ပဋိစ္စ"ဟုရင်း ဟောတော်မူ၏။ ယင်းဟောတော်မူအပ်သမျှ ခန္ဓာတိုင်းပင် ဟေတုပစ္စည်း မဟုတ်။ သင်္ခါရက္ခန္ဓာဖြစ်သော ဟိတ်တို့သာ ဟေတုပစ္စည်း ဖြစ်ကြ၏။ ထိုသို့ဟေတုပစ္စည်း မဟုတ်ပါဘဲလျက် ၊ ဟေတုပစ္စည်း၌ သွင်း၍ ဟောတော်မူသကဲ့သို့ အညမညပစ္စည်းမဟုတ်သော တရားများကိုလည်း "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနာ မဟာဘူတာ" စသည်ဖြင့် အညမညပစ္စည်း၌ သွင်း၍ ဟောတော်မူလိုက်သည် မဟုတ်ပါလော ဟု စောဒနာလိုသည်။

၂။ ပစ္စယဝါရေစ။ပေ။ဝုတ္တာ။ ။"ကသ္မာ န ဝုတ္တံ" ဟု မိမိစောဒနာ ရခြင်း၏ အကြောင်းတမျိုးကို ပြလိုသောကြောင့် "ပစ္စယဝါရေစ" စသည်ကို မိန့်။ ပစ္စယဝါရ၌ အဗျာကတံ ဓမ္မံ ပစ္စယာ ။ပေ။ အညမညပစ္စယာ" ဟု ဟောတော်မူထား၏။ အဗျာကတဓမ္မဟူသည် ဟဒယဝတ္ထုတည်း။ ထိုဟဒယဝတ္ထုကို အကြောင်းပြု၍ ကုသိုလ်တရားဖြစ်သော်လည်း ထိုဟဒယဝတ္ထုနှင့် ကုသိုလ်တရားသည် အညမညပစ္စည်း မဟုတ်ပါ။ ထိုသို့မဟုတ်ပါဘဲလျက် ထိုဟဒယဝတ္ထုရုပ်ဟူသော အကြောင်းကြောင့် ကုသိုလ်တရားတို့၏ အညမညပစ္စည်းကြောင့် ဖြစ်ပုံကို ဟောတော်မူအပ်၏။

ကြောင့်။ ဥပ္ပတ္တိ၊ကို။ (အဂပတော) ဝုတ္တာ။ ပေ၊ ဤသို့ ဟောတော်မူအပ်သော်။ (ဟေတုပစ္စည်း မဟုတ်ပါသဲလျက် ဧကံ ခန္ဓံ ပဋိစ္စ, တယော ခန္ဓေ ပဋိစ္စ, ဒွေ ခန္ဓေ ပဋိစ္စ စသည်ဖြင့် ဟေတုပစ္စည်း၌ရင်း, အဗျာကတမှဖြစ်သော ဟဒယဝတ္ထု၏ ကုသိုလ်တရားတို့၏ အညမညပစ္စည်းမဟုတ်ပါသဲလျက် "အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ" ဟုပစ္စယဝါရ၌ရင်း ဟောတော်မူအပ်သော်။) ကုသလာ၊ကုန်သော။ ခန္ဓာ၊တို့သည်။ မဟာဘူတာနံ၊ တို့၏။ အညမညပစ္စယာ၊ တို့သည်။ ယဒိပိ န ဟောန္တိ၊ အကယ်၍မူလည်း မဟုတ်စေကုန်ဦးတော့။ တထာပိ၊ ထိုသို့ပင် မဟုတ်ပါကုန်သော်လည်း။ တေ၊ ထိုကုသိုလ်ခန္ဓာတို့ကို။ ပဋိစ္စ၊ ၍။ တေသံ၊ ထိုမဟာဘုတ်တို့၏။ ဥပ္ပတ္တိ၊ သည်။ ပါ၊ ကို။ ဝုတ္တာ ၊ ဟောတော်မူလိုက်သည်။ သိယာ၊ ဖြစ်ရာသည် မဟုတ်ပါလော။ ဣတိ၊ ထိုသို့ဖြစ်ပါလျက်။ (ကသ္မာ, န ဝုတ္တာ၊နည်း။ ဣတိ၊ ဤကား စောဒနာတည်း။) (တေ ပဋိစ္စ တေသံ ဥပ္ပတ္တိ၊ကို။) န ဝုတ္တာ၊

၁။ ဝေ ယဒိပိ။ပေ။ဝုတ္တာ သိယာတိ။ ။[စာအုပ်တို့၌ ဝုတ္တာနှင့် တွဲ၍ "ဝေ" ဟု ရှိသော်လည်း "ဝေတ္တိ ဝေ ဝုစ္စမာနေ သတိ ဝုတ္တာဝါတိ သမ္ဗန္ဓော" ဟု မူလဋီကာ၌ရှိသောကြောင့်ရင်း, ရှေးနိဿယ၌လည်း ဝေ ဟုပင်ရှိသောကြောင့် ရင်း "ဝေ" ပါဌ်သာ မှန်၏။] ဤပြခဲ့သောနည်းအားဖြင့် အညမညမဖြစ်စေကာမူ "ဧကံ ခန္ဓံ ပဋိစ္စ" စသည်ဖြင့် ဟိတ်ခန္ဓာမဟုတ်ပါသဲ ဟေတုပစ္စည်း၌ရင်း, "အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အညမညပစ္စယာ" ဟု ပစ္စယဝါရ၌ရင်း ဟောတော်မူခြင်းကြောင့် ကုသိုလ်ခန္ဓာတို့သည် မဟာဘုတ်တို့အား အညမည ပစ္စည်းမတပ်သော်လည်း ထိုကုသိုလ်ခန္ဓာတို့ကိုစွဲ၍ ထို မဟာဘုတ်တို့၏ ဖြစ်ပုံကို ဟောတော်မူလိုက်သည် ဖြစ်ရာ၏။ သို့ပါလျက် အဘယ့်ကြောင့် "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနာ မဟာဘူတာ" စသော စကားတော်ကို ဟောတော်မမူအပ်ပါသနည်း ဟူလို။ [သိယာတိ ၌ ဣတိ ကို ရှေးသို့လှည့်၍စပ်လျှင် "ကသ္မာ န ဝုတ္တာ" နှင့် စပ်ရသည်။ သို့မဟုတ် "ဣတိ-ဤကား စောဒနာတည်း" ဟုလည်း ပေးနိုင်၏။]

၂။ န ဝုတ္တာ။ပေ။ပစ္စယဘာဝါဘာဝတော။ ။စောဒက ပုဂ္ဂိုလ်၏ အကြောင်းပြကို ပြန်၍ချေပသော စကားတည်း။ "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနာ မဟာဘူတာ" ဟု မဟောလိုက်။ အဘယ့်ကြောင့်နည်း-ကုသိုလ်

ဟောတော်မမူတိုက်။ (ကသ္မာ)။ ခန္ဓသဟဇာတာနံ၊ ကုန်သော။ မဟာဘူတာနံ၊တို့၏။ (ဘာဝဉ္စပ်) ဝါ၊တို့က။(ပစ္စယဉ္စပ်) ခန္ဓာနံ၊တို့အား။ ပစ္စယဘာဝါဘာဝဟော၊ အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်သည်၏ အဖြစ်၏ မရှိခြင်းကြောင့်တည်း။

ဟိ၊ချဲ့။ အညမညသဒ္ဒေါ၊ သည်။ ဝါ၊အညမညသဒ္ဒါသည် ဟောအပ်သောအနက်သည်။ ဟေတာဒိသဒ္ဒေါ၊သည်။ ဝါ၊ ဟေတုအစရှိသောသဒ္ဒါသည်ဟောအပ်သောအနက်သည်။ နိရပေက္ခော၊အချင်းချင်းငဲ့ခြင်းမရှိသည်။(ဟောတိ)ဖြစ်၏၊ကဲ့သို့။(တထာ၊တူ။ (နိရပေက္ခော၊သည်။န (ဟောတိ)မဟုတ်။ ဝါ၊တနည်း။သဟဇာတာဒိသဒ္ဒေါ၊ သည်။ဝါ၊ သဟဇာတဟအစရှိသောသဒ္ဒါသည် ဟောအပ်သောအနက်သည်။ အညတရာပေက္ခော၊အမှတ်မယား တပါးပါးကို ငဲ့ခြင်းရှိသည်။(ဟောတိ)ဖြစ်၏၊ကဲ့သို့။ (တထာ၊

ခန္ဓာနှင့် တကွဖြစ်သော မဟာဘုတ်တို့က ကုသိုလ်ခန္ဓာတို့အားပြန်၍ ကျေးဇူးမပြုနိုင်ခြင်းကြောင့်တည်း။

၁။ အညမညသဒ္ဒေါ ဟိ ။ပေ။ တရာပေက္ခော။ ။"ပစ္စယဘာဝါဘာဝဟော" ဟူသောဟိတ်၏ အကျယ်ပြစကားတည်း။ ယဒိ ဝံ အညမညပစ္စယာပိ တေ တေသံ ဘဝေယျုံ (ထိုကုသိုလ်ခန္ဓာတို့သည် ထိုမဟာဘုတ်တို့၏ အညမညပစ္စည်းတို့သည်လည်း ဖြစ်ကုန်ရာ၏) ဣတိ ပရဿ အာသင်္ကံ (သူတပါး၏ယုံမှားခြင်းကို) နိရာသင်္ကံ ကရောန္တော (ယုံမှားမရှိအောင် ပြုလိုသည်ဖြစ်၍) အညမညသဒ္ဒေါဟိတိ အာဒိမာဟ၊-အနု။ အညမညသဒ္ဒါစသည်ဖြင့် သဒ္ဒါကိုပြထားသော်လည်း အနက်ကိုဆိုလိုသည်ဟု မှတ်ပါ။ သဒ္ဒသီသေနေတ္ထ အတ္ထော ဂုတ္တော၊-အနု။ ဟိတ်တရားသည် မိမိ၏ ပစ္စယုပ္ပန်တရားတို့နှင့် သူကပစ္စည်းဖြစ်လိုက်၊ ငါကပစ္စည်းဖြစ်လိုက်အားဖြင့် အပြန်အလှန်ငဲ့ခြင်းရှိသော တရားမဟုတ်ပါ။

၂။ သဟဇာတာဒိသဒ္ဒေါပိယ ဝါ အညတရာပေက္ခော။ ။သဟဇာတဖြစ်သော ခန္ဓာစသော တရားသည် ပစ္စယုပ္ပန်ဖြစ်သော ခန္ဓာ, စိတ္တဇရုပ်တို့တွင် ခန္ဓာဖြစ်သော ပစ္စယုပ္ပန်အချို့နှင့်သာ အပြန်အလှန်ငဲ့ခြင်းရှိ၏။ အညမညသဒ္ဒါသည် ဟောအပ်သော တရားသည် ထိုကဲ့သို့ တချို့နှင့်သာ အပြန်အလှန်ပါတ်ဟုငဲ့ခြင်းရှိသောတရားလည်း မ။

တူ။ အညတရပေက္ခာ၊ သည်။ န ဟောတိ၊မဟုတ်။)အထဝေါ[1]၊ အဟုတ်ကား။ ယထာဝုတ္တေတရေတရာပေက္ခာ၊ အကြင်အကြင်ဟောတော်မူအပ်သောတရားတို့တွင် တပါးတပါးကို ငဲ့ခြင်းရှိသည်။ (ဟောတိ)။

စ၊ဆက်။ ပစ္စယပစ္စယုပ္ပန္နာ[2]၊ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ကုန်သော။ (ပစ္စည်းဘက်၌လည်းပါကုန်, ပစ္စယုပ္ပန်ဘက်၌လည်းပါကုန်သော။) ခန္ဓာ၊နာမက္ခန္ဓာတို့သည်ရင်း။ မဟာဘူတာ၊ တို့သည်ရင်း။ ဣဓ၊ ဤ အညမည ပစ္စည်း၌။ ယထာဝုတ္တာ၊ အကြင်အကြင်ဟောအပ်သော တရားတို့သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ တေသုစ၊ ထိုနာမက္ခန္ဓာ, မဟာဘုတ်တို့ကင်လည်း။ မဟာဘူတာ၊ တို့သည်။ ခန္ဓာနံ၊ တို့၏။ ကောစိ၊ သော။ ပစ္စယော၊ သည်။ န (ဟောတိ)၊မဖြစ်။ စ၊ ဆက်။ ယဿ[3]၊အကြင်နာမက္ခန္ဓာဟူသော ပစ္စယုပ္ပန်တရား၏။ ဝါ၊ ဟဒယဝတ္ထုဟူသော ပစ္စယုပ္ပန်တရား၏။ သယံ၊ မိမိဟူသော

၁။ အထဝေါ။ပေ။တရာပေက္ခာ။ ။အညမညသဒ္ဒါသည် ဟောအပ်တိုင်းသော တရားအားလုံးသည်ပင် အပြန်အလှန် ငဲ့ခြင်းရှိသော တရားတည်း။ နာမ်ခန္ဓာလေးပါးတို့ အပြန်အလှန်ငဲ့ပုံကိုရင်း, မဟာဘုတ်လေးပါးတို့ အပြန်အလှန်ငဲ့ပုံကိုရင်း, ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့ အပြန်အလှန် ငဲ့ပုံကိုရင်း ကြည့်ပါ။ ပစ္စည်းဖြစ်သောတရားသည် ပစ္စယုပ္ပန်ဖြစ်လိုက်, ပစ္စယုပ္ပန်ဖြစ်သော တရားသည် ပစ္စည်းဖြစ်လိုက်အားဖြင့် အပြန်အလှန်ငဲ့ပုံကို ကျေရပါလိမ့်မည်။

၂။ ပစ္စယပစ္စယုပ္ပန္နာစ။ပေ၊ပစ္စယော။ ။ဇောဒကပုဂ္ဂိုလ်က ဟောစေလိုသည့်အတိုင်း "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနာ မဟာဘူတာ"ဟု ဟောတော်မူလိုက်လျှင် ခန္ဓာတို့ကပစ္စည်း မဟာဘုတ်တို့က ပစ္စယုပ္ပန်ဖြစ်ရကား ဤနေရာ၌ ယထာဝုတ္တာ တရားများဖြစ်ကြသည်။ ထိုတရားတို့တွင် မဟာဘုတ်တို့က ခန္ဓာတို့အား မည်သည့်ပစ္စည်းမျှမဖြစ်ကြ။ ခန္ဓာတို့ကသာ ပစ္စည်းဖြစ်ကြသည်။ ထို့ကြောင့် အညမညဆိုရလောက်အောင် ဣတရေတရာပေက္ခာများ မဟုတ်ကြ။ ထိုသို့မဟုတ်သောကြောင့် "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနာ မဟာဘူတာ" စသည်ဖြင့် ဟောတော်မမူပါ ဟူလို။

၃။ ယဿစ။ပေ။အရဟတိ။ ။"ယဿ သယံ ပစ္စယော"၌ ယဿ အရ ပစ္စယုပ္ပန်တရားကိုပြ၍ "သယံ ပစ္စယော" အရ ပစ္စည်းကိုပြသည်။ "တတော။ပေ။

နာမက္ခန္ဓာကိုယ်တိုင်။ပစ္စယော၊သည်။ (ဟောတိ)။တတော၊ ထိုနာမက္ခန္ဓာ ဟူသော ပစ္စယုပ္ပန်တရားကြောင့်။ ဝါ၊ ဟဒယဝတ္ထုဟူသော ပစ္စယုပ္ပန် ကြောင့်။(ဥပ္ပတ္တိမာနံ၌စပ်။) (အညမညပစ္စယေန၊ သော။) တေန၊ ထိုနာမ က္ခန္ဓာတရားသည်။ ဝါ၊ တနည်း။ အညမည ပစ္စယေန၊ သော။ တန္နိဿိ တေန၊ ထိုဟဒယဟူသောပစ္စည်းကိုမှီသော ပဋိသန္ဓေ နာမက္ခန္ဓာတရားသည်။ ဥပ္ပတ္တိမာနံ၊ ဖြစ်လသော်။အညမညပစ္စယာ၊ကြောင့်။ဥပ္ပတ္တိ၊ ၏။ ကုတော၊သို့။ ဝတ္တဗ္ဗတာ၊ ဆိုထိုက်သည်၏အဖြစ်ကို။ အရဟတိ၊ ထိုက်၏။ ယထာ၊ ဥဒါ ဟရဏ်ကား။ ခန္ဓေ၊ နာမက္ခန္ဓာတို့ကို။ ပဋိစ္စ၊ ၍။ ခန္ဓာ၊တို့သည်။ (ဥပ္ပဇ္ဇန္တိ ယထာ၊ ကဲ့သို့ရှင်း) ဝတ္ထုံ၊မှီရာဖြစ်သော ဟဒယဝတ္ထု၏။ပစ္စယာ၊ ကြောင့်။ ခန္ဓာ၊ မှီကုန်သော ပဋိသန္ဓေနာမက္ခန္ဓာတို့သည်။ (ဥပ္ပဇ္ဇန္တိ) ယထာ၊ ကဲ့သို့ ရှင်းတည်း။

ဥပ္ပတ္တိမာနံ”၌ တတော အရ ယဿ တုန်းက ပစ္စယုပ္ပန်ကို ပြန်၍ညွှန်းသည်။ ထိုပစ္စယုပ္ပန်ဖြစ်သော တရားသည် “တတော ဥပ္ပတ္တိမာနံ”ကို ထောက်၍ တတော အရ ပစ္စည်း ဖြစ်လာပြန်၏။ “တေန အညမညပစ္စယေန”ဖြင့် နာမက္ခန္ဓာ အချင်းချင်း အညမညပစ္စည်းဖြစ်ပုံကို ပြ၏။ “တန္နိဿိတေန ဝါ အညမည ပစ္စယေန”ဖြင့် ဝတ္ထုရုပ်ကိုမှီသော နာမက္ခန္ဓာတို့၏ ဝတ္ထုရုပ်နှင့် အညမည ပစ္စည်းဖြစ်ပုံကို ပြ၏။

၁။ ယထာခန္ဓ။ပေ။ခန္ဓာ။ ။ဝုတ္တမေဝတ္ထံ ဥဒါဟရဏေန ဝိဘာဝေတိ (“ယဿ စ သာယံ ပစ္စယော” စသည်ဖြင့် ဆိုအပ်ပြီးသော အနက်အဓိပ္ပါယ်ကိုပင် “ခန္ဓေ ပဋိစ္စ ခန္ဓာ” စသည်ဖြင့် ဥဒါဟရဏ် ထုတ်ပြသည်။ ထိုတွင် “ခန္ဓေ ပဋိစ္စ ခန္ဓာ”သည် “တေန အညမညပစ္စယေန ဥပ္ပတ္တိမာနံ”၏ ဥဒါဟရဏ် တည်း။ “ဝတ္ထုံ ပစ္စယာ ခန္ဓာ” ကား “တန္နိဿိတေန အညမညပစ္စယေန ဥပ္ပတ္တိမာနံ”၏ ဥဒါဟရဏ်တည်း။ “ခန္ဓေ ပဋိစ္စ ခန္ဓာ”၌ ပစ္စည်းဖြစ်သော ခန္ဓာသည်ပင် ပစ္စယုပ္ပန်လည်းဖြစ်၊ ပစ္စယုပ္ပန်ဖြစ်သော ခန္ဓာသည်ပင် ပစ္စည်း လည်း ဖြစ်သောကြောင့် အညမညပစ္စည်းဖြစ်သည်။ “ဝတ္ထုံ ပစ္စယာ ခန္ဓာ”၌ ဟဒယဝတ္ထုသည် ပဋိသန္ဓေနာမက္ခန္ဓာနှင့် ပစ္စည်းလည်းဖြစ်၊ ပစ္စယုပ္ပန်လည်း ဖြစ်သည်။ အညမညအကျဉ်းကို သတိပြုပါ။

တသ္မာ[1]၊ ကြောင့်။ (မဟာဘုတ် တို့က နာမက္ခန္ဓာတို့၏ တစုံတခုသော ပစ္စည်းမဟုတ်သည်၏အဖြစ်, မိမိဟူသောပစ္စည်းတရား၏ ပစ္စယုပ္ပန်တရား ကြောင့်ဖြစ်လသော်အညမညပစ္စည်းကြောင့်ဖြစ်၏ဟုဆိုတိုက်သည်၏ အဖြစ် ကြောင့်။) အတ္တနော၊ မိမိဟူသော မဟာဘုတ်၏။ (ကုန်စပ်) ဝါ၊ မဟာ ဘုတ်က။ (ပစ္စယဉ်စပ်) ပစ္စယဿ၊ ပစ္စည်းဖြစ်သော ကုသိုလ်စသော နာ- မက္ခန္ဓာ၏။ ပစ္စယတ္တာဘာဝတော၊ ပစ္စည်းအဖြစ်၏ မရှိခြင်းကြောင့်ရင်း။ (“ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ မဟာဘူတာ” ကို ရည်ရွယ်၍ ဆိုသည်။) အညမညသဒ္ဒဿ၊ ၏။ ဝါ၊ အညမညသဒ္ဒါသည် ဟောအပ်သော အနက်၏။ တဒဘာဝတ္တာဝါ၊ ထိုတပါးတပါးသော ပစ္စည်းပစ္စယုပ္ပန်တို့ဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့်ရင်း။ ခန္ဓာ၊ တို့ကို။ ပဋိစ္စ၊ မှီရင်း။ (ပဋိစ္စဝါရ အတွက် ဆိုသည်။) (ခန္ဓာ၊ တို့၏။) ပစ္စယာစ၊ အကြောင်းကြောင့်ရင်း။ (ပစ္စယဝါရအတွက်ဆိုသည်။) နှ အညမည ပစ္စယာစ၊ အညမည ပစ္စည်းမှ တပါးသော နိဿယအစရှိသော ပစ္စည်းကြောင့်ကား။ မဟာဘူတာနံ၊ တို့၏။ ဥပ္ပတ္တိ၊ ကို။ (ဘဂဝတာ) ဝုတ္တာ အညမညပစ္စယာစ ကြောင့်လည်း။ (မဟာဘူတာနံ၊ ဥပ္ပတ္တိ) (ဘဂဝတာ) နှ ဝုတ္တာ။

ပန[2]၊ ဆက်။ ခန္ဓာ၊ တို့သည်။ (ပစ္ဆာဇာတပစ္စယာ ဟောန္တိဣစ္စပ်) ဝတ္ထုံ၊ ဟဒယဝတ္ထုကို။ ပစ္စယာ၊ ပုရေဇာတပစ္စည်းဖြင့်။ ဥပတ္ထမ္ဘာနာ၊ ကုန်

၁။ တသ္မာ။ပေ။ဝုတ္တာ။ ။ဘသ္မာဖြင့် ဆိုအပ်ပြီးသော အနက်ကိုပင် အကြောင်းအဖြစ်ဖြင့် ညွှန်ပြသည်။ ဆိုအပ်ပြီးသည့်အတိုင်း “အပြန်အလှန် ပစ္စည်းပစ္စယုပ္ပန်ဖြစ်နိုင်မှ အညမညပစ္စည်း” ဟု ဟောတော်မူထိုက်သောကြောင့် ဟူလို။ ခန္ဓာနှင့် မဟာဘုတ်တို့တွင် ခန္ဓာတို့ကပစ္စည်းသာဖြစ်၍ မဟာဘုတ်တို့ ကလည်း ပစ္စယုပ္ပန်သာဖြစ်သည့်အတွက် “အတ္တနော ပစ္စယဿ ပစ္စယတ္တာဘာဝ တော” ဟုရင်း, အညမညသဒ္ဒါကလည်း “တဒဘာဝတ္တာစ၊ ထိုပစ္စည်း ပစ္စယုပ္ပန် တို့ အပြန်အလှန်ငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်ရင်း” ပဋိစ္စဝါရအတွက် “ခန္ဓေ ပဋိစ္စ” ဟုရင်း, ပစ္စယဝါရအတွက် “ခန္ဓေ ပစ္စယာစ” ဟုရင်း မဟာဘုတ်တို့၏ အညမညပစ္စည်းကြောင့် ဖြစ်ပုံကို ဟောတော်မမူအပ်။ ပစ္စယဝါရ၌လည်း အညမညပစ္စည်းကြောင့် မဟာဘုတ်တို့၏ ဖြစ်ပုံကို ဟောတော်မမူအပ်။

၂။ ခန္ဓာ ပန ဝတ္ထုံ။ပေ။ ဥပတ္ထမ္ဘိ။ ။နာမက္ခန္ဓာ တို့သည် ဝတ္ထုဟူသော အကြောင်းကြောင့် ဖြစ်ကုန်လသော် ဝတ္ထုအား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့်

လခဿော်။ ဝတ္ထုဿ၊၏။ ပစ္ဆာဇာတပစ္စယာ၊ တို့သည်။ ဟောန္တိ။ တန္နိဿိတေန၊ ထိုဟဒယဝတ္ထုကိုမှီသော။ အညမည ပစ္စယေနစ၊ အညမည ပစ္စည်းဖြစ်သော ခန္ဓာကြောင့်လည်း။ ဥပ္ပဇ္ဇန္တိ။ တသ္မာ၊ ကြောင့်။ (ထိုသို့ ဟဒယဝတ္ထုကို ပုရေဇာတပစ္စည်းပြု၍ဖြစ်ကုန်သော ခန္ဓာတို့၏ ဟဒယဝတ္ထု၏ ပစ္ဆာဇာတပစ္စည်း ဖြစ်ကုန်သည်၏အဖြစ်, ထိုဟဒယဝတ္ထုကိုမှီသော အညမည ပစ္စည်းဖြစ်သော ခန္ဓာကြောင့် ခန္ဓာတို့၏ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်။) ဝတ္ထုံ၊ကို။ ပစ္စယာ၊ ပုရေဇာတပစ္စည်းပြု၍။ ကုသလာဒီနံ၊ ကုန်သော။ ခန္ဓာနံ၊ တို့၏။ အညမည ပစ္စယာ၊ ကြောင့်။ ဥပ္ပတ္တိ၊ ကို။ (ဘာဂတော) ဝုတ္တာ ဣတိ၊ အပြီးတည်း။ [ဤနည်းအားဖြင့် "ပစ္စယဝါရ၌ ခန္ဓာနှင့်ဝတ္ထုတို့၏ အညမည ပစ္စည်းဖြစ်ပုံကို ဟောတော်မူပါသည်" ဟူလို။]

၅၉။ န သောဂဟိတာတိ၊ ဟူသော ပါဠ်၌။ နိဿယဘူတာနိ၊ မှီရာဖြစ်၍ဖြစ်ကုန်သော။ စက္ခာယတနာဒီနိ၊ စက္ခာယတန အစရှိသော တရားတို့ကို။ ပဋိစ္စာတိ၊ ဟူ၍။ (ဘဂဝတာ)။ နဝုတ္တံ။ ဣတိ (အယံ)၊ ကား။ အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏အလိုတည်း။ ပန၊ ထိုသို့ စက္ခာယတနအစရှိသောတရားတို့ကို ပဋိစ္စဟု ဟောတော်မမူအပ်ပါသော်လည်း။ ရူပါယတနာဒီနိ၊ တို့ကို။ အာရမ္မဏပစ္စယဘာဝေန၊ ဖြင့်။ (ဂဟိတာနိ) ဝိယ၊ ယူအပ်ကုန်သကဲ့သို့။ (တထာ၊ တူ။) စက္ခာယတနာဒီနိ၊ တို့ကို။ နိဿယပစ္စယဘာဝေန၊

ကျေးဇူးပြုကုန်၏။ ပဋိသန္ဓေအခါ၌ ခန္ဓာတို့က ထိုဝတ္ထုကို မှီရသည့်အတွက် အညမညပစ္စည်းကြောင့်လည်း ဖြစ်ကုန်၏။ ထို့ကြောင့် ဝတ္ထုကို အကြောင်းပြု၍ ကုသိုလ်စသောခန္ဓာတို့၏ အညမညပစ္စည်းကြောင့်ဖြစ်ပုံကို ပစ္စယဝါရ၌ ဟောတော်မူအပ်ပါသည်။

၁။ န ။ပေ။ နဂဟိတာနိ။ ။အာရမ္မဏပစ္စည်း အခါ၌ ရူပါယတန အစရှိသည်တို့ကို ပဋိစ္စဟုမဟောသော်လည်း အာရမ္မဏပစ္စည်းအဖြစ်ဖြင့် ယူအပ်သကဲ့သို့ စက္ခာယတနအစရှိသည်တို့ကိုလည်း နိဿယပစ္စည်းအဖြစ်ဖြင့် မယူအပ်မဟုတ် ယူအပ်ကုန်သည်သာ။ သဟဇာတပစ္စည်းကဲ့သို့ "ဝတ္ထုံ ပဋိစ္စ ခန္ဓာ" ဟု ဟောတော်မူလိုက်လျှင် ဟဒယဝတ္ထုရုပ်ကို သရုပ်အားဖြင့် ပြအပ်ပြီးဖြစ်၏။ "အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယပစ္စယာ" ဟူသော ဤပါဠ်၌ စက္ခုဝတ္ထု အစရှိသည်တို့လည်း ပါဝင်ပြီးဖြစ်တော့၏။

ဖြင့်။ န ဂဟိတာနိ၊ မယူအပ်ကုန်သည်ကား။ နှ၊ ပဟုတ်။ (ဂဟိတာနိဝေ၊ ကုန်သည်သာ။) ဣတိ၊ ဤသို့မှတ်အပ်၏။

၆၀။ ဣသု၊ ကုန်သော။ ဥပနိဿယေသု၊ အနန္တရူပနိဿယ, ပကတူပနိဿယပစ္စည်းတို့၌။ ဝတ္ထုဗ္ဗမေဝ၊ မရေဟုဆိုဘွယ်သည်ပင်။ နတ္ထိ။ ပန၊ ကား။ အာရမ္မဏူပနိဿယမ္ပိ၊ ကိုလည်း။ ယေ၊ အကြင် တရားတို့သည်။ လဘန္တိ။ တေသံ၊ ထိုအာရမ္မဏူပနိဿယပစ္စည်းရသော တရားတို့၏။ ဝါ၊ တို့နှင့်။ ဝသေန၊ အစွမ်းဖြင့်။ ဝါ၊ စပ်သဖြင့်။ အာရမ္မဏပစ္စယသဒိသာနိ၊ ဟူ၍။ ဧဝံ၊ သို့။ (သင်္ဂိတိကာရေဟိ)။ ဝုတ္တံ။ ဣတိ၊ ဤအနက်ကို။ ဒသ္သေတုံ၊ ငှာ။ တတ္ထ ကိဥ္စာပီတိ၊ ဟူ၍။ (သင်္ဂဟကာရော) အာဟ။ တတ္ထ၊ ထိုတတ္ထကိဥ္စာပိ ဟူသော စကားရပ်၌။ နသဗ္ဗေ။ ပေ။ လဘန္တီတိ၊ ဟူသောပါဠိသည်။ ပုရိမ ပါဌေသု၊ ရှေး၌ဖြစ်သော အဋ္ဌကထာပါဌ်တည်း။ ပန၊ ယိုသို့ ရှေးအဋ္ဌကထာပါဌ်ရှိပါသော်လည်း။ ကုသလာပိ^၁၊ ကုသိုလ် တရားတို့သည်လည်း။ (သာမညကတ္တား)။မဟဂ္ဂတာ၊ မဟဂ္ဂုတ်ကုသိုလ်တရားတို့သည်။ (ဝိသေသ ကတ္တား)။ ကေနစိ၊ ဖြင့်။ (အာရမ္မဏူပနိဿယံ၊ ကို၊ န လဘန္တိ။ ["မိမိ တို့က အာရမ္မဏူပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်မဖြစ်ကုန်" ဟူလို။] ကာမာ ဝစရာစ၊ ကာမာဝစရတရားတို့သည်လည်း။ ကဒါစိ၊ ၌။ န လဘန္တိ။ ဣတိ၊ ကြောင့်။ နသဗ္ဗေ ကုသလာကုသလာ ဗျာကတာတိ၊ ဟူ၍။ ပဋ္ဌာနေ၊ နောက် သရာတို့ ရွတ်ဆိုကြကုန်၏။[ယာဒုအဋ္ဌကထာ စာအုပ်ပျား၌ကား ဤအတိုင်း ပင်ပါဌ်ရှိသည်။]

၆၁။ အညတ္ထ၊ ပုရေဇာတပစ္စည်းမှ တပါး အခြားသော ပေးကုအစ ရှိသောပစ္စည်းတို့၌။ ပစ္စယံ၊ ပစ္စည်းတရားကို။ အနိဒ္ဒိသိတ္ဝာ၊ သရုပ်အား ဖြင့် တိုက်ရိုက် မညွှန်ပြမူ၍သာ။ ဒေသနာကို။ (ဘဂဝတာ) ကဘာယာတာ၊

၁။ ကုသလာပိ ။ပေ။ နလဘန္တိ။ ။ကုသလာပိ ပန မဟဂ္ဂတာဝိတိ ပိဿဒ္ဒေန အဗျာကတေ မဟဂ္ဂတေ အာကဍ္ဎတိ "ကုသလာပိ မဟဂ္ဂတာ အာရမ္မဏူပနိဿယံ နလဘန္တိ၊ ပဂေဝ အဗျာကတာ"တိ။ ကဒါစိနလဘန္တိ၊ ယဒါ ဂရုံ ကတွာ န ပစ္စဝေက္ခန္တိတိ အတ္ထော၊-အနု။["ကာမာဝစရဉာဏသမ္ပယုတ် စိတ်တို့သည် အလေးဂရုပြု၍ မဖြစ်ရာ တရံတခါ၌ အာရမ္မဏူပနိဿယပစ္စည်း ကို မရ။ အလေးဂရုပြု၍ဖြစ်ရာ တရံတခါ၌သာ ရသည် ဟူလို။

